# City MAGAZINE

Vol- 251, 2018

# ပန်းဥယျာဉ်နှင့် အားကစားကွင်းများ




City
MAGAZINE
Vol- 251, 2018
ပန်းဥယျာဉ်နှင့်
အားကစားကွင်းများ

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

City Magazine ၏ ပင်တိုင်ဆောင်းပါးရှင်ဖြစ်သော သိပ္ပံစာရေးဆရာ ကိုကိုအောင်သည် ၂၀၁၇ ခုနှစ် (၁၂ ကြိမ်မြောက်) ထွန်းဖောင်ဒေးရှင်း စာပေချီးမြှင့်ပွဲ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် "သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ" စာအုပ်ဖြင့် ဆုချီးမြှင့်ရန် ရွေးချယ်ခံရကြောင်း သိရှိရပါသဖြင့် ဆရာ သိပ္ပံစာရေးဆရာ ကိုကိုအောင်နှင့်ထပ်တူ အထူးပင် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် စာပေတာဝန်များကို ဆထက်တိုး၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်း၍ ဂုဏ်ပြုအပ်ပါသည်။

City Magazine အဖွဲ့သားများ

# City MAGAZINE

VOL - 251, 2018

အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
စောလှဦး

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
MOE-Z

စာစီစာရိုက်
မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ
သန့်စင်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆
Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်မြဲ(၀၀၅၈၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

ဖြန့်ချိရေး
ကျော်မင်းထိုက်၊ အောင်မျိုးသန့်
ဖုန်း - ၀၉၂၅၂၄၂၁၉၇၇၊ ၀၉-၄၂၁၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀

# City MAGAZINE

Vol : 251, 2018

# CONTENTS







4 EDITORIAL NOTE

## POEM

5 သဇင်ပွင့်ချိန် — မြင်းမူမောင်နိုင်မိုး
6 တွေးဆဆင့်ကမ်း — မောင်စိမ်းနောင်(လယ်ဝေး)
7 စည်း — မောင်လွမ်းနိုင်(စံပယ်ငုံ)
8 ဇရာအိုရဲ့ အလွမ်း — မင်းမြတ်သွေး(မောင်းမြင်)
22 အတွေးအမြင် — ဘုန်းမောင်ဝင်း(ပျာပုံ)
23 အစိုအလိုမရှိ — ဖိုးတုပ်ကလေး(သံတွဲ)
84 စဉ်းစားပေးပါ — သက်ဦးခင်
85 စစ်ကိုင်းတောင် — တင့်ထွန်း(ချောက်)
86 ပြည်ထောင်စုစိတ်ဓာတ် — မင်းချစ်ကွန်း(သံဖြူဇရပ်)
98 မေတ္တာကိုယ်စီ — မင်းမောင်နွယ်(မှန်ဌာနီ)

## CARTOON

9 သန်းနိုင် 10 ရန်ကြီးအောင် 11 မောင်မောင်ထွေး
12 မင်းထက်လူ 52 ဖြိုးလေး 53 ကျော်ကိုကို 54 စောဟန်
106 ဇက်တီ 135 ကိုရိုး 136 သူရမိုး

## COVER ESSAY

34 ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
(ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန) — ချမ်းမြေ့(ECO)

## RELIGION

13 မြန်မာပြည်မြောက်ပိုင်းတစ်ခွင် ဘုရားဖူးခရီးစဉ် — မောင်မြတ်မွန်(ဆူးလေ)

## EXPERIENCE ESSAY

91 ချစ်လျှင်သတိ — ဝေဝေမြင့်မိုရ်

## ARTICLE

17 အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့
၂၀၁၈ ခုနှစ် အလားအလာ — ဇော်ဟိန်း
46 မိဘနှင့် သားသမီးများ — ကိုဇော်
67 ဓာတ်မြေဩဇာကြောင့် အဆိပ်သင့်ရမှုများ — သိပ္ပံစာရေးဆရာကိုကိုအောင်

87 ပြည့်စုံမျှတ အစာအာဟာရ — မောင်မောင်သွင်(ပန်းခိုင်)
99 ရာဇဝင်ထဲက ရှင်စောပု — မိုးပန်းမွန်(ရာမည)
111 မြန်မာ့ပညာရေးအရွေ့ တခေတ်တခေါင်း — ကိုကိုလင်း(အမေ့အိမ်)
137 မကောင်းလျှင် လက်မောင်းသွေးကိုပင် ဖောက်ထုတ်တဲ့ ပုဂံဗိုလ်ချုပ် — ဗိုလ်ချုပ်မြေတင်တင်ဝင်း

## STRANGE

80 တူနီးရှားနိုင်ငံ၏ ရှေးဟောင်းမြို့တော် ကားသေ့ — ရဲမာန်ခ

## TRANSLATION

41 ချီကာဂိုမှ ချစ်ခြင်းမေတ္တာ — မောင်သီဟ

## PHOTO

94 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်

## CELEBRITY

115 *Celebrity and Showbiz* — ကိုသားကြီး

## SHORT STORY

24 စစ်မြေစခန်းကာလွမ်းပုံပြင် — သောင်းဝေဦး
55 နေညိုညို အမေအိုမျှော်နေရောမည် — နီသင်အောင်ကျော်မိုး
71 သဲသယမြူတိမ်လွှင့်ပြယ်ချိန် — မောင်မောင်မိုးအောင်([illegible])
107 ပုံးတီးသံ — ပန်းတနော်နှောင်လတ်
119 သစ်ကို ပြန်ဆုံချင်တယ် — သင်းအောင်သန်း
125 အကျနှင့်စုန်ရေ — ကျော်မြမိုး
129 အခုတော့ ပြောစရာဖြစ်ကျန်ရစ်ပြီ — မိုးကျော်စိုး(မကွေး)

## YOUTH

146 ထူးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)

## JOKE

45, 66, 90, 114, 124, 128, 134,



## HEALTH

103 သဲဓာတ်ချိုတဲ့ခြင်းအမှန်တရားနှင့် အယူအဆအလွဲများ — ဒေါက်တာခင်မာချို

## LONG STORY

150 ဖွိုင့်မခံ — ဆင်ဖြူကျွန်းအောင်သိန်း









City MAGAZINE



# သဇင်ပွင့်ချိန်

ပန်းသဇင် ရွှေတစ်ခက် ကိုဖြင့်
နမ်းချင်လျှင် အသရေတက်အောင်လို့
ရွှေလက်နှင့် ချူရမည် . . .။

သဇင်ပွင့် ကိုဖြင့်
ယှဉ်ဝံ့သူ ဘယ်ဆီမှာလဲ
မကြည်သာ ဣဿာ ပျိုးကြမဲ့
ငြိုးမပြန် မာန်မတဲ့ခဲ့ပါဘူး
ကံနဲ့သူ အလှမွဲပေလိမ့်
မြထဲမှာ ရွှေဆင်လို့
ရွှေသဇင် အခါသင့်
ပွင့်လိုက်ပါပြီ။

သဘောမျှ ရလျှင်ဖြင့်
လောကမှာ ပန်းတိုင်းပွင့်
ပွင့်တိုင်းလည်း မွှေးစေချင်
ကိုယ်စွမ်းလျှင် ကိုယ် ပိုင်လို့
ကိုယ့်မတ္တိုင် ကိုယ်သာဖြစ်တာမို့
မြနှစ် မြေဆီ နဲ့
ရေကြည်ကို ရအောင်သောက်ပါကွဲ့
ထမြောက်ဖို့ အားမာန်ချီ
ရာသီကို ခါမီချင်။
ကြော် . . .မိုးပြုတဲ့ ဒဏ်
မိုးစိုတဲ့ ဒဏ်
လောကမံ ရှောင်မလွှဲသာဘူး
အခက်အခဲ ဖြေသာရန်မတော့
စေတနာမှန် ကံတရား ပါကွဲ့
မျှ့ရှား တကြုကြုနဲ့
ပန်ချင်သူ ရွှေရောင်ဝင့်စေဖို့
ပန်ထိုက်သူ ရွှေရောင်တင့်စေဖို့
အမြင့် တစ်ခွင် ဝဋ္ဋာန်
မယှဉ်သာ အမှန်းမလွှင့်ကြပါနဲ့
သဇင်မှာ အပြုံးဆင့်လျက်ပါပဲ
(ကြော်) ဘုန်းနှင့်ကံနှင့်။ ။

**မြင်းမှူမောင်နိုင်မိုး**

# တွေးဆဆင့်ကမ်း

ခေတ်အသွင် ခေတ်အသွေးတွေနဲ့
အသစ်အဆင် အသစ်အသွေးကိုမှ
ရွေးလိုကြ ခုခါ။

ကြိုက်သမျှ အသွင်အပြင်
လိုက်ရမှ တမင်မင်နှင့်
နဂိုယဉ် ပုံပျက်လို့
နှစ်သက်သူငါ။

သို့မကပါ
တချို့မှာ ပုံတူထပ်မျှ
စကတ်တို လည်ရင်ဟိုက်နဲ့
မြင်မြင်သူ ဘဝင်ခိုက်အောင်
လိုက်မိကြ ရေစီးမှာ
အရှည်ခရီးဟာဖြင့် အန္တရာယ်လမ်း။

သတိယှဉ်ကွယ်
အသိရင်ဝယ် ဆင်ခြင်တွေးလို့ရယ်
အသွေးယဉ် အသွင်လှစေဖို့
ရိုးရိုးပင် ပြင်ဆင်ကြပါကွဲ့
မြန်မာ့-ရေမြေနဲ့
မြန်မာ့အမွေ တကယ်ဟပ်သည်မို့
ခင်တတ်လျှင် ခင်စရာပေါ့
မင်တတ်လျှင် မင်စရာပေါ့
အဟောင်းမှာ ခေတ်အသွင်စွက်ပြီး
အကောင်းရှာ စနစ်ယခင်မဖျက်ဘဲ
တိုးတက်အောင် ပြုပြင်ထိန်းပါမှ
မတိမ်းသူ အမွေခံကောင်းရယ်လို့
ကောင်းချီးညွှဲ ဩဘာပေးပါလိမ့်
(မေတ္တိရေ . . .)
တွေးဆဆင့်ကမ်း။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**





# စည်း

ဖေဖေရယ် ရေတစ်ပေါက်တဲ့
သားရေ ပြုံးပြုံးလေး ပေးကာသောက်
ကိုယ့်အိမ်မှာ ကိုယ့်စည်းထောက်
သူ့အိမ်မှာ သူ့စည်းထောက်။

ဖေဖေရယ် သရက်တစ်ခိုင်တဲ့
သားရေ ပြုံးပြုံးလေးပေးကာချိုင်
ကိုယ့်အိမ်မှာ ကိုယ့်စည်းကိုင်
သူ့အိမ်မှာ သူ့စည်းကိုင်။

ဖေဖေရယ် ပိတောက်တစ်ခက်တဲ့
သားရေ ပြုံးပြုံးလေးပေးချဆက်
ကိုယ့်အိမ်မှာ ကိုယ့်စည်းချက်
သူ့အိမ်မှာ သူ့စည်းချက်။

ဖေဖေရယ် ဇီဇဝါတစ်ပွင့်တဲ့
သားရေ ပြုံးပြုံးလေးပေးကာဆင့်
ကိုယ့်အိမ်မှာ ကိုယ့်စည်းနှင့်
သူ့အိမ်မှာ သူ့စည်းနှင့်။

ဖေဖေရယ် ခရေတစ်ဖန်းတဲ့
သားရေ ပြုံးပြုံးလေးပေးကာလှမ်း
ကိုယ့်အိမ်မှာ ကိုယ့်စည်းကမ်း
သူ့အိမ်မှာ သူ့စည်းကမ်း။

ဖေဖေရယ် တစ်ရေးတစ်မိုတ်တဲ့
သားရေ ပြုံးပြုံးလေးပေးကာသိပ်
ကိုယ့်အိမ်မှာ ကိုယ့်စည်းချိတ်
သူ့အိမ်မှာ သူ့စည်းချိတ်။

ဖေဖေရယ် ခြစည်းရိုးဖြူတ် အပင်ခုတ်
ပန်းဆုပ် ပန်းခင်း ခြေနှဲ့နင်းသတဲ့

မြေဆီမြေနှစ် ထွန်နှင့်ခြစ်
ဆူးရစ်နှင့်ပြန် မြေကြီးလှန်သတဲ့

သားရေ ကိုယ့်အိမ်မှာ ကိုယ့်စည်းနှင့်
  သူ့အိမ်မှာ သူ့စည်းနှင့်
  မလပ်စေနှင့် သတိမြှင့်
  ထွက်ပေါက်မဖွင့် စောင့်ကာလင့်
  ဆောင်စားကိုချင့် အားကိုဝင့်။ ။

မောင်လွှမ်းနိုင်(စံပယ်ငုံ)

# ဇရာအိုရဲ့ အလွမ်း

(၁)
လွမ်းတာပေါ့ အတိတ်နယ်။

ဇရာပျို ဘဝလေးဆီက
ရင်သွေးငယ်ငယ်။
မေတ္တာပျိုးမိ ဘဝရယ်
ရင်ခွင်အလယ်မှာ မျက်နှာအပ်။
မျိုးဆက်နွယ် အစဉ်ထိန်း
ငြိမ်းချမ်းစေတတ်။

(၂)
လွမ်းတာပေါ့ အတိတ်နယ်။

တီတီတာတာ ဆိုစကားနဲ့
ပျားသကာနယ်။
နှစ်ဦးသားရဲ့ အချစ်နွယ်
ပျော်ရွှင်ဖွယ်ရာ ခြေကိုလှမ်း။
ဆန္ဒအလို ဖြစ်ခွင့်ပေးတော့
စိတ်မှာအေးချမ်း။

(၃)
လွမ်းတာပေါ့ အတိတ်နယ်။

ရင်ခွင်ဆီ ခိုဝင်တိုး
ဆိုးနွဲ့ချိန်ဝယ်။
မျက်ရည်စမ်းလေး ကလယ်ကလယ်
အငိုတိတ်ကာရယ် သူအိပ်စက်။
ကိုယ့်ခေါင်းပေါ် နေရောင်မိုးပေမဲ့
နွှီးဖို့ခက်ခက်။

(၄)
လွမ်းတာပေါ့ အတိတ်နယ်။

ခြေလက်စုံ အားမာန်ကောင်းနဲ့
ကျောင်းနေအရွယ်။
အနာဂတ်အတွက် ရည်ရွယ်
ရင်သွေးငယ်ရဲ့ ဘဝအစ။
ကျောင်းပြန်ချိန် ဖော်တစ်သင်းနဲ့
လည်ချင်းဖက်ကြ။

(၅)
လွမ်းတာပေါ့ အတိတ်နယ်။

မျက်နှာချင်းဆိုင် ထမင်းဝိုင်း
ဟင်းတိုင်းက ချိုတယ်။
အသားဖတ်လေး သူတွက်ဖယ်
သူကွယ်ရာမှာ အရိုးကိုက်။
ပျော်စရာ စကားလုံးတွေနဲ့
အပြုံးလှိုက်လှိုက်။

(၆)
လွမ်းတာပေါ့ အတိတ်နယ်။

အိပ်ရာဝင်ချိန် ပုံပြင်ပြော
ရယ်မောချိန်ဝယ်။
သီချင်းလေးနဲ့ ချော့သိပ်တယ်
ဘဝပင်လယ် သူမသိ။
နံနက်ချိန် ရောင်နီပျိုးမှ
နိုးထပါဘိ။

(၇)
လွမ်းတာပေါ့ အတိတ်နယ်။

မိဘရင်ခွင် မေတ္တာကြိုး
ထပ်တိုးလို့ ဖွဲ့ရှာတယ်။
သောကမိုးလေး ရွာပြီကွယ်
အချစ်နယ်မှာ သူကျွံကျ။
သူကမှ သူပြုံ၊ ငိုဖို
ယုယုယယ။

(၈)
လွမ်းတာပေါ့ အတိတ်နယ်။

လှမမယ် ဟိုအဝေး
ဆွေး ဆွေးရတယ်။
သံယောဇဉ်ကြိုး အမြစ်တွယ်
ဖြတ်ဖို့မလွယ် ရစ်ရင်းရစ်။
မိအိုဖအို သူကျောခိုင်း
သမိုင်းကိုသစ်။

(၉)
လွမ်းတာပေါ့ အတိတ်နယ်။

ခုချိန်မှာ သူစကား
ကြားရဖို့ မလွယ်။
တစ်ခေါက်တစ်ခါ
အရောက်လာစမ်းပါကွဲ့ ရင်သွေးရယ်
အချစ်ပင်လယ်မှာ နစ်လေသလား။
အတိတ်ဟောင်းကိုဖြင့်
စိတ်ကောင်းယှဉ် ဘယ်လိုတွေးပေမဲ့
ဘယ်လိုဆွေး ဘယ်လိုဖြေမလဲ
ဆယ်နှစ်ရှိန် ပူလောင်ကျွမ်းသလို့ပ
လွမ်းမျက်ရည်များ။ ။

မင်းမြတ်သွေး(ဟောင်းမြင်)



# CITY CARTOON



# CITY CARTOON




ကာတွန်း ဝိုင်းကြီးကောင်..

# CITY CARTOON



# CITY CARTOON





ကျွန်ဗျာသယဇလုံတောင်တော်မြတ်နဲ့သဘာဝအလှ

မောင်မြတ်မွန်(ဆူးလေ)

# မြန်မာပြည်မြောက်ပိုင်းတစ်ခွင် ဘုရားဖူးခရီးစဉ်

မြန်မာပြည်မြောက်ပိုင်းတစ်ခွင်ဖြစ်တဲ့ ဗန်းမောက်မြို့နယ်က ကျွန်ဗျာသယဇလုံတောင် စေတီတော်မြတ်၊ မိုးညှင်းမြို့နယ်က အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားနဲ့ မြစ်ကြီးနားမြို့က ''ဘုရားသုံးဆူ''တို့အပြင် မေခ+မေလိခ မြစ်ဆုံတို့သို့ပါ ဘုရားဖူးခရီးစဉ်နဲ့ ရောက်ရှိခဲ့ရာတွင် တွေ့ထိလေ့လာခဲ့ရတဲ့ မြင်ကွင်းအဖြာဖြာကို စာပန်းချီခြယ်ကာ တင်ပြလိုက်ရပါပေတယ်။

## ခရီးစဉ်အစ၊ ရှစ်မိုင်သမားတော်ဆေးခန်းရှေ့က

၂၂-၁၂-၂၀၁၇(သောကြာနေ့) ည(၇း၃၀)အရောက်လာရန် ဘုရားဖူးယာဉ်ရဲ့ မှာကြားချက်အရ အချိန်တိကျစွာ ရောက်ရှိစောင့်ဆိုင်းခဲ့ပါတယ်။ ဘုရားဖူးယာဉ်ကြီး အမှန်တကယ်ရောက်လာတာက ည(၉း၃၀)ကျမှပဲဖြစ်ပါတယ်။



မေခ+မေလိခတို့ ပေါင်းစည်းရာ မြစ်ဆုံရောဝတီရဲ့သဘာဝအလှပသာဒ

ကျောက်ဖျာကြီးအောက်က ဝင်ပေါက်ကျဉ်းကျဉ်းလေးကနေ တောင်ထိပ်သို့ တက်ရောက်နိုင်ဖို့ရာ နှလုံးအားကောင်းဖို့နဲ့ ခြေသလုံး၊ ဒူးခေါင်းတွေ တောင့်တင်းဖို့လိုအပ်ပါတယ်။ ''ရခဲတဲ့ ဘုရားရတနာနဲ့ ရောက်ခဲတဲ့ ကမ္ဘာရ''ခရီးစဉ်ကို မြတ်ဘုရားအား ဦးထိပ်ထားပြီး သွားရောက်ဖူးမြော်ကြစေလိုပါတယ်။

အကြောင်းပြချက်က ရန်ကုန်မြို့တွင်းလမ်းတွေရဲ့ ပိတ်ဆို့မှုကြောင့်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မြို့ပြင်ဘက်လည်းရောက်ရော အဝေးပြေးလမ်းမကြီးတွေရဲ့ ချောမွေ့မှုကြောင့် ၁၁း၅ နိုင်သို့ ၂၃-၁၂-၂၀၁၇ ရက်နေ့ (၁၁း၃၀)မှာ ရောက်ရှိပြီး မန္တလေးမြို့သို့ နံနက်(၉း၃၀)မှာ ရောက်ရှိလာတဲ့အတွက် ''မဟာမုနိဘုရားကြီး''ကို ဦးရှည်ခိုက်ဝင်ဖူးပြီး ''ဇလုံတောင်''သို့ သွားခရီးစဉ်ကို ဆက်လက်စတင်ခဲ့ပါတော့တယ်။

## ကမ္ဘာ့ရှာသယဇလုံတောင်စေတီတော်ခရီးစဉ်

ရွှေရောင်တောက်ပလျှက်ရှိတဲ့ ကမ္ဘာ့ရှာသယဇလုံတောင် စေတီတော်မြတ်ဟာ တိုင်းရင်းသားမျိုးနွယ်စုများ ''ကချင်၊ ကနန်းနဲ့ တိုင်းလိုင်''လို့ခေါ်ကြတဲ့ ''ရှမ်းနီ''တို့ရဲ့ ဒေသဖြစ်တဲ့ ဖန်းမောက်မြို့နယ် အခန်းအဝိုင်းမှာ တည်ရှိနေပါတယ်။ ဇလုံတောင် သဘာဝထိန်းသိမ်းရေးနယ်မြေ ''၆၀,၃၆၅·၃ ဧက'' ဆိုင်းဘုတ်ကြီးကို ထင်ထင်ရှားရှား ဖတ်ရှုမှတ်သားခဲ့ရသလို တောတွင်းခရီးကြမ်းလမ်းကို ၄'x၄' ယာဉ်တွေစီးပြီး သွားရပါတယ်။ ''တစ်ကွေ့ကိုကျော်၊ တစ်တောင်ကို လျှိုကာ'' ဖောက်လုပ်ထားတဲ့ ယာဉ်နှစ်စီးရှောင်သာရုံလမ်းကို သွားရင်း တောတောင်ရစ်ပိုင်းနေမှုကြောင့် အအေးဓာတ်ကလည်း အနွေးထည်အထပ်ထပ် ဝတ်ထားပါမှ ''ခံသာရုံ''ပဲရှိပါတယ်။ သဘာဝအလျောက် လျှို မြောင်၊ ချိုင့်ဝှမ်းတွေမှာ ပေါက်ရောက်နေကြတဲ့ ကျွန်းပင်၊ ကညင်ပင်၊ တောက်ကြံပင်၊ သစ်ခွယ်ပင်ကြီးတွေ ထီးထီးမားမား တစ်အုပ်တစ်မကို တွေ့ရသလို၊ ဝါးပင်ရှည်ရှည်တွေကိုလည်း အုံ့အုံ့ဆိုင်းဆိုင်းတွေမြင်ခဲ့ရတဲ့ သဘာဝပတ်ဝန်းကျင်ဟာ ရင်ကိုအေးမြစေလှပါပေတယ်။ မယိုယွင်းသေးတဲ့ သဘာဝပတ်ဝန်းကျင်မှာ ထူးခြားတဲ့ပုံသဏ္ဌာန်နဲ့ တည်ရှိနေတဲ့ ''ကျောက်မတ္တာပ်'' သို့ ဦးစွာရောက်ရှိပါတယ်။ အနုတ္တသညာနှင့်အညီ မတ္တာပ်ကြီးအလား ဖြစ်တည်နေတဲ့ ''ကျောက်မတ္တာပ်''ပေါ်မှာ စေတီတော်တည်ထားလို့ တက်ရောက်ဖူးမြော်ရင်း ''ကမ္ဘာ့ရှာသယဇလုံတောင်တော်''ကိုပါ လှမ်းမျှော်ဖူးမြင်ရတယ်။

ကျောက်မတ္တာပ်ကနေ ဇလုံတောင်သို့ တောတွင်းလမ်းကြမ်း ခရီးကနေ လေးဘီးယက်ကားတွေနဲ့ ရှုံ့ညှိမှုက်တွေကိုကျော်ကာ ၄၅ မိနစ်ခန့် သွားရပါတယ်။ ကားဂိတ်ကနေ ယောက်ျားခြေနဲ့ ၁၅ မိနစ်ခန့်လျှောက်မှ ''ဇလုံတောင်ခြေ''သို့ ရောက်ပါမယ်။ ဇလုံတောင်ပေါ်မှာ တည်ထားကိုးကွယ်တဲ့ စေတီတော်တွေကို သွားဖူးဖို့ရာ ''ဒူးနိုင်''ရပါမယ်။ ကျောက်ဖျာကြီးအောက်က ဝင်ပေါက်ကျဉ်းကျဉ်းလေးကနေ တောင်ထိပ်သို့ တက်ရောက်နိုင်ဖို့ရာ နှလုံးအားကောင်းဖို့နဲ့ ခြေသလုံး၊ ဒူးခေါင်းတွေ တောင့်တင်းဖို့လိုအပ်ပါတယ်။ ''ရခဲတဲ့ ဘုရားရတနာနဲ့ ရောက်ခဲတဲ့ ကမ္ဘာရ''ခရီးစဉ်ကို မြတ်ဘုရားအား ဦးထိပ်ထားပြီး သွားရောက်ဖူးမြော်ကြစေလိုပါတယ်။

စိမ်းလန်းစိုပြေတဲ့ ဖန်းမောက်မြေကို ဇလုံတောင်သဘာဝထိန်းသိမ်းရေးနယ်မြေနဲ့ ဖန်းမောက်ကြိုးပြင် သစ်တောကြိုးဝိုင်းတွေက မြို့နယ်အခန်းအဝိုင်းတစ်ခုလုံးကို အစိမ်းရောင်နယ်မြေ Green Zone ဖြစ်အောင် တုဆစ်ပုံဖော်ပေးထားတယ်။ ကျွန်းသစ်ထုတ်လုပ်ခွင့်ကို (၁၀)နှစ်ပိတ်ထားတယ်လို့ တာဝန်ရှိသူတွေက ပြောနေကြပေမယ့် ဖန်းမောက်မြို့ထဲမှာ ကျွန်းသစ်တွေနဲ့ချည်း၊ ဆောက်လုပ်နေတဲ့ Teak Villa ကြီးကို မျက်မြင်တွေ့ရှိခဲ့ရတယ်။ ကျွန်းသစ်ဈေးနှုန်းကို မေးမြန်းကြည့်တော့ ''ဟိုတုန်းက ကျွန်းသစ်တစ်တန်ကို ၁ သိန်းလောက်ပဲရှိတယ်။ အခုတော့ ဟိုပေးရ ဒီပေးရနဲ့ဆိုတော့ ၃ သိန်းပေးရတယ်''လို့ ဒေသခံကပြောပါတယ်။ ''ဈေးကွက်စီးပွားရေးစနစ်''ကနေ အစစအရာရာ ဈေးတက်နေတဲ့ ''ဈေးတက်စီးပွားရေးစနစ်''ဆိုတော့ ပေးရမှာပေါ့ဗျာ၊ ရန်ကုန်မှာဆို ကျွန်းသစ်တစ်တန်ကို သိန်း ၃၀ လောက်ပေးမှ ဝယ်လို့ရတယ်ဗျ''လို့ စိတ်ခြေစကား ပါးခဲ့ရပါသေးတယ်။

## ကမ္ဘာ့ရှာသယဇလုံတောင်စေတီတော်မှသည် အင်းတော်ကြီး ဇီဝမျိုးစုံဘေးမဲ့တောသို့

ဖန်းမောက်ကနေ ရေတိမ်ဒေသ သဘာဝပတ်ဝန်းကျင်ဖြစ်တဲ့ အင်းတော်ကြီးရေလယ်မှာ တည်ထားကိုးကွယ်တဲ့ ''ရွှေမြူရေလယ်ဘုရား''အား ဖူးမြော်ရန် ခရီးဆက်ခဲ့ကြတယ်။ အင်းတော်ကြီး ဇီဝမျိုးစုံဘေးမဲ့တောလည်း ဖြစ်ပါပေတယ်။ ရွှေမြူရေလယ်ဘုရားကို ဘုရားပွဲတော်အခါ မွမ်းမံရွှေချနေတဲ့အတွက် (၉''x၉'') ရွှေပြားတစ်ချပ်ကို ကြက်ကြိုက်တုန်းမှာ သဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ပါတယ်။ ပုနီသယောကျ်ားစစ်စစ် ကောန်ဖြစ်တဲ့အတွက်လည်း အထက်ပစ္စယံသို့ တက်ခွင့်ရကာ၊ အင်းတော်ကြီးရေပြင်ကျယ်မှာ ကျင်လည်ကျက်စားနေတဲ့ ငှက်ပေါ်တစ်အုပ်တစ်မကိုပါ လှေလှာခွင့်ရခဲ့ပါတယ်။ အဲဒီ

# မြူနှင်းဝေနေတဲ့ အင်းတော်ကြီးရေပြင်ကျယ်နဲ့ စင်ရော်ငှက်ငယ်



နောက်မှာတော့ ရေလယ်ဘုရားရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ ရှမ်းနီ တိုင်းရင်းသားတို့ နေထိုင်ရာမှာ တည်ထားကိုးကွယ်တဲ့ "နီးဘုရားကြီး"ကို သွားရောက်ဖူးမြော်ကြပါတယ်။ အဲဒီရွာကလေးဟာ "အနေစုတ်တဲ့ ရွှေထုပ်တဲ့မြေပဲဝါ"မဟုတ်ဘဲ ကျောက်စိမ်းနဲ့ ပယင်းထွက်ရာမြေဖြစ်တဲ့ "ဖားကန့်"နဲ့ တစ်ဆက်တည်းဖြစ်နေလို့ ရွာသိမ်ရွာငယ်လေးမှာပင် "အိမ်ကြီးအိမ်ကောင်း"တွေကို တွေ့မြင်ခဲ့ရပါတယ်။ အင်းတော်ကြီးကထွက်တဲ့ငါးတွေကို ကြော်ရောင်းတဲ့ ငါးကြော်နဲ့ မုန့်လင်မယား(အကြီးစား)တွေကတော့ စားလို့ကောင်းလှပါဘိ။ သူတို့ဆီက မုန့်လင်မယားတွေက အကြီးကြီးပဲနော်လို့ ပြောလာတဲ့ ဘုရားဖူး မွေမိတ်ဆွေနဲ့ ရွာခံတွေကိုတော့ သူတို့က ကြီးမှယူကြလို့ မုန့်လင်မယားကြီးတာနေမှာပေါ့နော်၊ ရန်ကုန်မှာက ငယ်ငယ်ရွယ်ရွယ်နဲ့ယူကြလို့ မုန့်လင်မယားသေးတာ"နေမှာပေါ့လို့ ဟာသနှောပြီး ပြောပြတော့ အားလုံးတဝါးဝါးနဲ့ပေါ့။

ရွှေပြောင်ပြောင် တောင်ပေါ်ကဘုရားဖြစ်တဲ့ "မှဆိုးမဘုရား"ကို လှေပေါ်ကပဲ ဖူးမြော်ခဲ့ရသလို ရေအောက်မြုပ်နေတဲ့ "မုဆိုးမ ခြေရာ"ကိုလည်း မှန်းဆပြီးပဲကြည့်ခဲ့ရပါတယ်။ ရွာခြေတွေနားနီးတဲ့ ရေပြင်ကျယ်အတွင်းမှာ "ပိုက်ချပြီး ငါးဖမ်းတဲ့" ပိုက်တန်းတိုင်တွေကို တွေ့မြင်ခဲ့ရပါတယ်။ အလားတူ "တင်ကျီးတစ်ဝမ်း၊ ချိုင်းတစ်ဝမ်း"လို့ ရှေးလူကြီးသူမတို့ ထားခဲ့တဲ့စကားအတိုင်း တင်ကျီးငှက်တွေဟာ ဝမ်းစာရေးအတွက် ပိုက်တန်းအတွင်းမှာပဲ ရေအောက်က ငါးတွေကို ထိုးစိုက်ဆင်း ရေငုပ်ပြီး ပင်ပန်းစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြရရှာတယ်။ ချိုင်းကတော့ ရေပြင်ကတက်လာတဲ့ ငါးတွေကို "ကတ္တတ်ပေါက်ဝ"ကနေ စောင့်ပြီးဖမ်းစားရုံပဲလေ။ "ဇီဝမျိုးကွဲမျိုးစုံ သေားမဲ့ပေးထားတဲ့ နေရာဖြစ်ပေမယ့်" သနားစရာ ငါးသတ္တဝါတွေမှာ "တင်ကျီးကတစ်မျိုး၊ တံငါက တစ်ဖုံ"နဲ့ ဘေးဒုက္ခမကင်းသေးသလို ပလတ်စတစ်ကင်းစင်ရမယ့် ရေလယ်ဘုရားမှာပင် ပလတ်စတစ်တွေကို မဆင်မခြင်ပစ်ချထားကြတဲ့ ဘုရားဖူးများ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်ကြစေလိုပါတယ်။

## ဟိုပင်မှသည် မြစ်ကြီးနားမြစ်ဆုံဆီသို့

"တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ဗိုးလား" လင်္ကာစာသားအတိုင်း သဒ္ဓါထက်သန်လှတဲ့ ရှမ်းလူမျိုးတို့ ဆောက်လုပ်လှူဒါန်းထားတဲ့ "ဟိုပင်ဘုန်းကြီးကျောင်း"ဟာ ကျယ်ဝန်းခံ့ညားလှသလို စည်းကမ်းကောင်းလှတဲ့ ခန်းနေကိုယ်တော်ကြောင့် "ပလတ်စတစ်ကင်းစင်ကျောင်း"ဖြစ်နေတာကို တွေ့မြင်ခဲ့ရပါတယ်။ သန့်ရှင်းကျယ်ဝန်းတဲ့ ကျောင်းတော်ကြီးမှာ တစ်ညတာတည်းခို အိပ်စက်ပြီး ခရီးဆက်ကာ "ရွှေမဥ္ဇူရေလယ်"ဘုရားကနေ မြစ်ကြီးနားသို့ ဆက်လက်ထွက်ခွာခဲ့တယ်။ မြစ်ကြီးနားမြို့ ဘုရားကြီးကျောင်းတိုက်မှာ ရပ်နားတည်းခိုပြီး ကြည်ညိုဖွယ်ရာကောင်းလှတဲ့ "မတ်ရပ်ရုပ်ပွားတော်ကြီး"ကို ဖူးမြော်ခွင့်ရခဲ့ပေမယ့် လျှပ်စစ်မီးပျက်တာနဲ့တော့ ကြုံကြိုက်ခဲ့ရပါသေးတယ်။

၂၆–၁၂–၂၀၁၇ နံနက် (၀၆း၀၀)နာရီမှာ မြစ်ကြီးနားမြို့တွင်းက "စေတီတော်၊ ရုပ်တော်မှုဆင်းတုတော်နဲ့ လျောင်းတော်မူ ရုပ်ပွားတော်" ဘုရားသုံးဆူကို နံနက်ခင်းမှာ မင်္ဂလာရှိစွာ ဖူးမြော်ခွင့်ရခဲ့တယ်။ အဲဒီနောက်မှာ စီတာပူရပ်ရှိ "မနောကွင်းနဲ့ ကချင်ရိုးရာ အထိမ်းအမှတ်တွေကို ဝင်ကြေးတစ်ယောက် (၂၀၀)စီပေးပြီး ဝင်

''ရောဝတီကိုကယ်တင်ကြ''လို့ အော်ဟစ်ကြွေးကြော်နေကြရုံနဲ့တော့ မလုံလောက်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သဘာဝကျောက်တုံးငယ်လေးတွေနဲ့ လှပတင့်တယ်လှတဲ့ ကမ်းစပ်တစ်လျှောက်မှာ ဘီယာဘူးခွံ၊ ပုလင်းခွံနဲ့ ပလတ်စတစ်တွေကို တစ်ပုံတစ်ပင်တွေ့မြင်ခဲ့ရလို့ပါပဲ။ ရောဝတီကို ကယ်တင်လိုပါက ကိုယ်တိုင်ကစ စည်းကမ်းရှိကြရပါလိမ့်မယ်။

ရောက်လှေလာခဲ့ကြတယ်။ နံနက် (၈း၄၅)မှာ မြစ်ဆုံသို့ရောက်ပါတယ်။ မြစ်ဆုံသို့ လာရာလမ်းတစ်လျှောက်မှာ လမ်းတိုးချဲ့ပြင်ဆင်နေတာကို တွေ့မြင်ရသလို စိမ်းလန်းတဲ့ဝန်းကျင်းကို တွေ့မြင်ခဲ့ရပါတယ်။ မြစ်ဆုံကိုရောက်တဲ့အခါ ရန်ကုန်ကလာတဲ့ ဘုရားဖူး အမျိုးသား/အမျိုးသမီးတွေဟာ ကချင်ဝတ်စုံတွေ ငှားရမ်းဝတ်ဆင်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါတယ်။ တန်ဖိုးရေးမထားတဲ့ မြစ်ဆုံအလှကို နောက်ခံထားပြီး ကျောက်တုံးလေးတွေပေါ်တက်ကာ ပုံစံအမျိုးမျိုးနဲ့ ပျော်ရွှင်မြူးထူးစွာ ရိုက်ကြတာပေါ့။ စာရေးသူနဲ့ အဖွဲ့ကတော့ မေခ–မလီခတို့ပေါင်းဆုံပြီး ''ဧရာဝတီမြစ်ကြီး'' အမည်တွင်နေရာအထိ စက်လှေခ တစ်ယောက် (၁၀၀၀)ပေးစီးကာ ဒေသန္တရ ဗဟုသုတရယူခဲ့ကြပါတယ်။ မြစ်ဆုံရဲ့ ရေစီးသံနဲ့အတူ သဘာဝအလှတွေ မကွယ်ပျောက်သရွေ့ ဧရာဝတီမြစ်ကြီးဟာ ဆက်လက်စီးဆင်းနေမှာပဲ ဖြစ်ပါပေတယ်၊ ဒါကြောင့် မြစ်ဆုံရဲ့ သဘာဝနဲ့အလှအပကို ထိပါးစေမယ့် ဘယ်လိုအစီအမံမျိုးကိုမှ လက်သင့်မခံစေချင်ပါဘူး။ အလားတူ ''ရောဝတီကိုကယ်တင်ကြ''လို့ အော်ဟစ်ကြွေးကြော်နေကြရုံနဲ့တော့ မလုံလောက်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သဘာဝကျောက်တုံးငယ်လေးတွေနဲ့ လှပတင့်တယ်လှတဲ့ ကမ်းစပ်တစ်လျှောက်မှာ ဘီယာဘူးခွံ၊ ပုလင်းခွံနဲ့ ပလတ်စတစ်တွေကို တစ်ပုံတစ်ပင်တွေ့မြင်ခဲ့ရလို့ပါပဲ။ ရောဝတီကို ကယ်တင်လိုပါက ကိုယ်တိုင်ကစ စည်းကမ်းရှိကြရပါလိမ့်မယ်။

ယခင်က ရပ်ကွက်(၃)ရပ်ကွက်မျှသာရှိခဲ့တယ်လို့ သိခဲ့ရတဲ့ မြစ်ကြီးနားမြို့ဟာ အခုတော့ ခေတ်မီမြို့ကြီး ဖြစ်နေပါပြီ။ မြို့လယ်မှာ ရေမြောင်းကျယ်ကြီးတွေ တူးဖော်နေတာကိုပါ တွေ့ခဲ့ရပါတယ်။ ရန်ကုန်မှာလိုတော့ ခြင်ကိုက်တာမခံခဲ့ရပါ။ ဘာသာရေးလွတ်လပ်ခွင့် ပြယုဂ်အဖြစ် ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်တွေ အစီအရီတည်ရှိနေသလို အရွယ်အစားအမျိုးမျိုးရှိတဲ့ ခရစ်ယာန် Church တွေအပြင် မြို့လယ်ခေါင်ဈေးကြီးအနီးမှာတော့ Masjid ဂျာမေမဇလီကြီး ထီးထီးမားမားတည်ရှိနေတာကို တွေ့မြင်ခဲ့ရပါတယ်။ ထူးခြားသစ်လွင်စွာ တွေ့မြင်ခဲ့ရတာကတော့ ကချင်ပြည်နယ် လွှတ်တော်အဆောက်အအုံကြီးကို ဖြူဖြူဖွေးဖွေးနဲ့ အဝေးကပင် လှမ်းမြင်ခဲ့ရခြင်းပဲ ဖြစ်ပါပေတယ်။

ခရီးစဉ်အစတွင် တည်းခိုညအိပ်ခဲ့ရတဲ့ ထီးချိုင့်မြို့နယ်၊ နန့်သဲရွာ ထမင်းဆိုင်၌ အပြန်ခရီးအတွက် အားဖြည့်တဲ့အနေနဲ့ ၂၆–၁၂–၂၀၁၇ နေ့ ညဘက်တွင် ပြန်လည်ညအိပ်ပြီးနောက် ခရီးဆက်ခဲ့ရာ ၂၈–၁၂–၂၀၁၇ နေ့ နံနက် (၀၆း၁၅)နာရီတွင် သေးကင်းရန်ကွာ ချောမွေ့စွာဖြင့် အိမ်ဂေဟာသို့ ပြန်လည်ရောက်ရှိခဲ့ပါကြောင်း မှတ်တမ်းပြုလိုက်ရပါတယ်။

**မောင်မြတ်မွန်(ဆူးလေ)**





ဇော်ဟိန်း



# အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ ၂၀၁၈ ခုနှစ် အလားအလာ

၂၀၁၈ ခုနှစ်ဆန်းမှာ ၂၀၁၇ ခုနှစ်ရဲ့ မြန်မာ့စီးပွားရေးကိုပြန်ကြည့်ပြီး ဒီနှစ်ရဲ့ အလားအလာတွေ ကောင်း မကောင်း၊ တက်မလား၊ ကျမလား၊ တန့်နေမလားလို့ ပညာရှင်များက မှန်းဆကြပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) က ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းဟာ ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာတော့ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိမယ်လို့ တွက်ချက်ခန့်မှန်းပါတယ်။ ကမ္ဘာ့ဘဏ် (World Bank-WB) ကတော့ ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းဟာ ၂ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ်မှာ ၂ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၁၈ မှာတော့ ၂ ဒသမ ၇ မှသည် ၂ ဒသမ ၉ အထိ တက်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။



**တိုင်းပြည်ဘဏ္ဍာကို ခွဲဝေသုံးစွဲရာမှာ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုစေမယ့် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေကို ဦးစားပေးဖြည့်ဆည်းပေးရမယ်လို့ ဆိုချင်ပါတယ်။ အခြေခံအဆောက်အအုံဆိုရာမှာလည်း မြင်သာထင်သာရှိတဲ့ လမ်း၊ တံတား၊ လောင်စာ၊ လျှပ်စစ်မှာသာမကဘဲ...**

မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်းနဲ့ ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရော၊ ကမ္ဘာ့ဘဏ်ကပါ ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၄၊ ၂၀၁၈ ခုနှစ်မှာ ၆ ဒသမ ၇ ရာ ခိုင်နှုန်း စသည်ဖြင့် တွက်ချက်ဖော်ပြခဲ့ကြပါတယ်။ ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း (ဂျီဒီပီ)ကိုတော့ ၇ ရာခိုင်နှုန်းရှိမယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရလည်း ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၉၊ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၂၀၁၈ ခုနှစ်မှာ ၇ ရာခိုင်နှုန်း တိုးတက်လာမယ်လို့ မှန်းဆထားပါတယ်။ အာဆီယံ စီးပွားရေးတိုးတက်မှုနှုန်းကိုတော့ ၅ ရာခိုင်နှုန်းလောက်ပဲရှိနိုင်တယ်လို့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများက ခန့်မှန်းထားပါတယ်။ ကမ္ဘာ့စီးပွားရေးအပါအဝင် ဥရောပသမဂ္ဂ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း စတဲ့ ဒေသတွင်းစီးပွားရေးရပ်ဝန်းများနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု တွက်ချက်ခန့်မှန်းခြေအားလုံးဟာ စီးပွားကုန်သွယ်မှု၊ ပို့ကုန်သွင်းကုန်ပမာဏ၊ ပြည်တွင်းစားသုံးမှု စတဲ့ အခြေခံကိန်းဂဏန်းတွေအပေါ်မှာ တည်မှီနေတာသာ ဖြစ်ပါတယ်။ တိုင်းပြည်နိုင်ငံတစ်ခုရဲ့ စီးပွားရေးအညွှန်းကိန်းတွေ မြင့်မားရင် တိုင်းပြည်ရဲ့ ဘဏ္ဍာရန်ပုံငွေ တောင့်တင်းခိုင်မာမယ်၊ တစ်ဦးကျဝင်ငွေ တိုးတက်လာမယ်လို့ ယေဘုယျအားဖြင့် ပြောနိုင်ပေမယ့် တကယ်တမ်း အရေးကြီးတာက တိုင်းပြည်ဘဏ္ဍာကို ဘယ်လိုခွဲဝေသုံးစွဲသလဲဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အမျိုးသားဝင်ငွေ (National Income) လို့ခေါ်တဲ့ တိုင်းပြည်ဝင်ငွေကို ရေတိုရေရှည် စီမံကိန်းများအတွက် ခွဲဝေသုံးစွဲရာမှာ ပကတိလိုအပ်ချက်တွေကိုကြည့်ပြီး လျာထားသတ်မှတ်ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။



မြန်မာနိုင်ငံအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးပြီး လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီတဲ့ စီးပွားရေးပုံစံကို ဖော်ထုတ်သွားဖို့ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ရပ်မှာ ပါရှိပြီးဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရမယ်ဆိုတဲ့ အယူအဆဟာ သီအိုရီသဘောအရ မှန်သော်ငြားလည်း၊ မြန်မာနိုင်ငံရဲ့ အခြေအနေအရ ချက်ချင်းလက်ငင်း ဆောင်ရွက်ဖို့ မဖြစ်နိုင်တာ တွေ့ရပါတယ်။ စက်မှုနိုင်ငံ ထူထောင်ဖို့နေနေသာသာ စက်မှုလယ်ယာအဆင့်ကိုရောက်ဖို့ ခေတ်အဆက်ဆက် ကြေးကြော်ခဲ့ပေမယ့် ကနေ့အထိ ပီပီပြင်ပြင် မရှိသေးတာ အထင်အရှားဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ လောင်စာ စွမ်းအင်၊ လျှပ်စစ် အစရှိတဲ့ အခြေခံအဆောက်အအုံ မပြည့်စုံမှုဟာ ကုန်ထုတ်စီးပွားရေးလုပ်ငန်းအတွက် အဓိကအတား အဆီးတစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် တိုင်းပြည်ဘဏ္ဍာကို ခွဲဝေသုံးစွဲရာမှာ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုစေမယ့် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေကို ဦးစားပေးဖြည့်ဆည်းပေးရမယ်လို့ ဆိုချင်ပါတယ်။ အခြေခံအဆောက်အအုံဆိုရာမှာလည်း မြင်သာထင်သာရှိတဲ့ လမ်း၊ တံတား၊ လောင်စာ၊ လျှပ်စစ်မှာသာမကဘဲ နည်းပညာချို့တဲ့မှုကို ပယ်ဖျက်ပေးနိုင်တဲ့ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ရေးတွေပါ အကျုံးဝင်တယ်ဆိုတဲ့ အချက်ကိုလည်း သိရှိထားသင့်ပါတယ်။


ဒီကနေ့အထိ လယ်ယာစိုက်ပျိုးရေးကို အားထားနေရတဲ့ မြန်မာနိုင်ငံဟာ လယ်ယာကဏ္ဍကို မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။

**လယ်ယာ သားငါး ကုန်ထုတ်လုပ်ငန်းတွေ၊ စက်မှုကုန်ထုတ်လုပ်ငန်းတွေဟာလည်း ဒေသတွင်းဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးတာကို တွေ့ရပါတယ်။ အမှန်စင်စစ်အားဖြင့် ဒီလုပ်ငန်းတွေအားလုံးဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါတယ်။**

လယ်ယာကဏ္ဍဆိုတဲ့ စကားရပ်မှာ လယ်ယာ၊ သားငါး၊ သစ်တော စတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး အလုံးစုံပါဝင်ပြီးဖြစ်တဲ့အပြင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ နည်းပညာဖြည့်ဆည်းမှု၊ သုတေသနနဲ့ တီထွင်ဆန်းသစ်မှုတွေကလည်း တစ်နွယ်ငယ် တစ်စင်ပါ ဆိုသလို ထည့်သွင်းစဉ်းစားရမယ့်အချက်တွေ ဖြစ်လာပါတယ်။ လယ်ယာကဏ္ဍကို လေ့လာကြည့်တဲ့အခါ မိရိုးဖလာ လုပ်ငန်းအဆင့်ထက် ကျော်လွန်တိုးတက်တဲ့ အဆင့်ကို မရောက်သေးဘဲဖြစ်နေတာကို တွေ့မြင်နေရပါတယ်။ နွေစပါး၊ မိုးစပါး စိုက်ပျိုးမြေကော သန်း ၂၀ အပြင် သီးထပ်၊ သီးညှပ် လယ်ယာလုပ်ငန်းများဟာ ပုဆစ်အိမ် ပုဆစ်ကွက်လို မိသားစုတစ်ပိုင်တစ်နိုင်အဆင့် ဒီဇိုင်းများသာဖြစ်ပြီး ကောကျယ်၊ ကွင်းကျယ် တစ်ဆက်တစ်စပ် လယ်ယာမြေဆိုတာ အလွန်နည်းပါးပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်အောက်မှာတောင် ဘုံလယ်ယာမြေ သမဝါယမ လယ်ယာလုပ်ငန်းများဟာ မအောင်မမြင်ဖြစ်ခဲ့တဲ့အတွက် လက်ရှိ လယ်ယာမြေ ပိုင်ဆိုင်မှုနဲ့ လိုက်လျောညီထွေရှိတဲ့ စက်မှုလယ်ယာစနစ်ကို ဖန်တီးယူရမှာဖြစ်ပါတယ်။ သားငါးမွေးမြူရေးနဲ့ သစ်တောသယံဇာတပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းတွေကလည်း အလားတူအနေအထားမျိုးမှာပဲ ရှိနေသေးတယ်ဆိုတဲ့ အမြင်မျိုးကို မြင်နိုင်ဖို့လိုအပ်ပါတယ်။

လယ်ယာ သားငါး ကုန်ထုတ်လုပ်ငန်းတွေ၊ စက်မှုကုန်ထုတ်လုပ်ငန်းတွေဟာလည်း ဒေသတွင်းဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း မရှိသေးတာကို တွေ့ရပါတယ်။ အမှန်စင်စစ်အားဖြင့် ဒီလုပ်ငန်းတွေအားလုံးဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းတွေပါ ထည့်





သွင်းတွက်ချက်ရင် အားလုံးဟာ တိုင်းပြည်ရဲ့ ထုတ်လုပ်မှုကို အားဖြည့်ပေးနေတဲ့ စီးပွားရေး မောင်းနှင်အားတွေပဲ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်ဝယ်ရောင်း လုပ်ငန်းတွေကို အားမြှင့်ပေးဖို့ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာမှာ ထိရောက်တဲ့ ဖြည့်ဆည်းပေးမှု ဖြစ်ဖို့လိုပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများကို အားမြှင့်ပေးဖို့အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းပြီး ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ချေးငွေများထုတ်ပေးဖို့ ဆောင်ရွက်နေကြပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အနေနဲ့လည်း မတည်ရင်းနှီးငွေ၊ လည်ပတ်ရင်းနှီးငွေလိုအပ်ကြောင်း တင်ပြခဲ့ကြတဲ့အတွက် သတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ စီးပွားရေး လုပ်ငန်းတွေကို ကာလသတ် ၃ နှစ်မှ ၅နှစ်အတွင်း ၉ ရာခိုင်နှုန်းတိုးနဲ့ သန်း ၃၀၀ အထိ ချေးပေးမှာဖြစ်တဲ့အပြင် အပေါင်ပစ္စည်းမထားနိုင်ရင် သိန်း ၂၀၀ အထိ ချေးပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအစီအမံကို ၂၀၁၂ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ရာမှာ ၂၀၁၄–၁၅ ဘဏ္ဍာနှစ်အထိ ကျပ်ငွေ ၃၀ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုလျှင် အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ထုတ်ချေးခဲ့ပြီးဖြစ်ပေမယ့် အဲဒီလုပ်ငန်းတွေရဲ့ တိုးတက်မှုကို မတွေ့ရဘူးဖြစ်နေပါတယ်။ လုပ်ငန်းတွေအနေနဲ့ ချေးငွေပြန်ဆပ်ဖို့တောင် အခက်အခဲရှိနေကြောင်း ကြားသိရတဲ့အတွက် အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငွေကြေးအရင်းအနှီးဟာ လိုအပ်ချက်တစ်ရပ်ဖြစ်ပေမယ့် အခြားအဓိကကျတဲ့ အချက်တွေလည်း ရှိနေသေးတယ်ဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

ငွေကြေးအရင်းအနှီးနဲ့ ငွေကြေးမဟုတ်သော အရင်းအနှီးလိုအပ်ချက် (Financial and Non-Financial Requirements) ဆိုတာကို အလေးအနက်ထားဖို့ လိုအပ်ပါတယ်။ ငွေကြေးမဟုတ်သော အရင်းအနှီးဆိုတာဟာ၊ နည်းပညာ တတ်ကျွမ်းမှု၊ ကျွမ်းကျင်လုပ်သားရရှိမှု၊ ဈေးကွက်ဖော်ဆောင်နိုင်မှု၊ စက်ပစ္စည်းကိရိယာနဲ့ အခြေခံအဆောက်အအုံများ

အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
အစိုးရရဲ့ မူဝါဒကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းဦးစားပေးအလိုက်
ချေးငွေများ ထုတ်ချေးပေးခြင်းဟာ ကနဦးခြေလှမ်းမျှသာဖြစ်ပြီး နောက်ဆက်တွဲခြေလှမ်းများဖြစ်တဲ့
ငွေကြေးမဟုတ်သော အရင်းအနှီးများကို ဟန်ချက်ညီ ဖြည့်စွက်ပေးရမှာဖြစ်ပါတယ်။

လုပ်ငန်းရှင်များအနေနဲ့လည်း ချေးငွေရရှိရုံမျှမဟုတ်ပေ။ ချေးငွေနဲ့တကွ ပြန်လည်ပေးဆပ်ရမယ့် အတိုးအရင်းကို အလဟဿမဖြစ်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ကြဖို့လည်း အရေးကြီးပါတယ်။ ဒါဟာ အစိုးရအပါအဝင် အရပ်ဘက်အဖွဲ့အစည်းနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တို့ရဲ့

ပြည့်စုံလုံလောက်မှု စတာတွေပဲဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရရဲ့ မူဝါဒကို အကောင်အထည်ဖော်ရာမှာ လုပ်ငန်းဦးစားပေးအလိုက် ချေးငွေများ ထုတ်ချေးပေးခြင်းဟာ ကနဦးခြေလှမ်းမျှသာဖြစ်ပြီး နောက်ဆက်တွဲခြေလှမ်းများဖြစ်တဲ့ ငွေကြေးမဟုတ်သော အရင်းအနှီးများကို ဟန်ချက်ညီဖြည့်စွက်ပေးရမှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ကို လုပ်ငန်းအောင်စီများနဲ့ ပူးပေါင်းထူထောင်ဖို့ လိုအပ်ပါလိမ့်မယ်။ ယင်းအဖွဲ့ဟာ လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းတွေဖွင့်လှစ်ပေးရမယ့်အပြင် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကိုပါ ဖော်ဆောင်ပေးနိုင်စွမ်းရှိရပါမယ်။ လုပ်ငန်းလိုအပ်ချက်အရ စက်ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်ခြင်း အပါအဝင် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများမှာ အဆင်ပြေချောမွေ့အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမယ့်အပြင် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်း၊ အဆင့်မြင့်ဝန်ဆောင်မှု၊ ဒေသတွင်း ကုန်သွယ်မှုတို့အတွက် လိုအပ်တဲ့ ကြီးကြပ်မှုနဲ့ စံနှုန်းအကဲဖြတ်မှုတို့ကိုပါ



လုပ်ဆောင်ပေးဖို့ လိုအပ်ပါလိမ့်မယ်။

ဒီလိုလုပ်ဆောင်နိုင်ဖို့ဆိုရင် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူအဖွဲ့ဟာ အားကောင်းမောင်းသန် စွမ်းရည်ပြည့်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်မှ ရပါမယ်။ လုပ်ငန်းရှင်များအနေနဲ့လည်း ချေးငွေရရှိရုံမျှမဟုတ်ပေ။ ချေးငွေနဲ့တကွ ပြန်လည်ပေးဆပ်ရမယ့် အတိုးအရင်းကို အလဟဿမဖြစ်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ကြဖို့လည်း အရေးကြီးပါတယ်။ ဒါဟာ အစိုးရအပါအဝင် အရပ်ဘက်အဖွဲ့အစည်းနဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်တို့ရဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်လို့ တကယ်လုပ်ရင် အဟုတ်ဖြစ်နိုင်ပြီး ၂၀၁၈ ခုနှစ်မှာ တိုင်းပြည်စီးပွားရေး ဦးမော့လာနိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဇော်ဟိန်း**



# အတွေးအမြင်


စိတ်မှာစွဲကာ ဝါသနာကြောင့်
ကဗျာတွေရေး စာဖတ်တွေး၏
ရေးသည့်ကဗျာ ဖော်ပြပါသော်
ဝမ်းသာပီတိ ဂွမ်းဆီထိသို့
ကျွန်ုပ်၏နှလုံး ပီတိဖုံးလျှက်။

"ကိုယ့်ရဲ့ကဗျာ ဖတ်မိပါလား
ဘယ်မှာဘယ်လို ပြောပါ"ဆိုတော့
"ပိုလိုမရှိ ကောင်းပါဘိ"ဟု
သူ၏အမြင် ပွင့်လင်းထင်ရှာ
ကြင်သူသက်ထား သူပြောကြား၏။

ဆက်၍ပြောကြား သူ့စကားက
ရေးထားကဗျာ ဖတ်လိုက်ပါသည်
ကဗျာခေါင်းစဉ် အောက်တွင်ရေးသူ
ဘယ်သူဘယ်ဝါ ကြည့်လိုက်ပါ၏။

ကဗျာကာရန် စာသားမှန်ထက်
လက်ကျန်ငွေကြေး လကုန်ရေးသာ
မျှော်တွေးစိတ်မှာ ရှိနေပါကြောင်း
ထပ်လောင်းစကား ကျွန်ုပ်ကြားသော် . . .။ ။

ဘုန်းမောင်ဝင်း(ပျာပုံ)





# အပိုအလိုမရှိ

ညှိစော်နံနေတဲ့ အခန်းထဲ
အလင်းမွဲမွဲမှောင်
တံခါးဝက မိန်းဆွဲ
တစ်ခါ တစ်ခါ မီးဖွားလေးတွေပွင့်လို့။

မီးလုံးမှာ ဗို့အားနည်းပေမဲ့
မီးကြိုးမှာတော့ ရှော့ခ်ဖြစ်တဲ့အထိ ဗို့အားပြင်းတယ်။

လိုတဲ့နေရာမရှိ
ပိုတဲ့နေရာမှာ ပုံနေတာကို
ရိုးရာတစ်ခုလို ပူဇော်နေကြတော့တယ်။
အသေအချာ တွေးကြည့်တော့
အကုသိုလ်အမှိုက်ပုံကြီးတွေပဲ မြင်နေရတယ်။
သိမ်းမနိုင် ဆည်းမနိုင်ကြီးကိုဖြစ်လို့လေ . . .။ ။

ဖိုးတုပ်ကလေး(သံတွဲ)


City MAGAZINE
သောင်းဝေဦး

လက်ထပ်ဖို့အရေး လိုင်နဲ့ကျွန်တော် ဆွေးနွေးပြီးနောက် ဒီတစ်ကြိမ်လည်း ဖေးနဲ့ ရပြန်ပါပြီ။

စစ်သားဘဝနဲ့ လိုင့်ကို စောင့်ခဲ့ရသည်မှာ နှစ်အတန်ကြာပါပြီ။ လူချင်း တွေ့တိုင်းလည်း လက်ထပ်ဖို့အရေးကိုပင် ကျွန်တော်က အရေးတကြီး အဆိုပြုခဲ့၏။ အဆိုပြုတိုင်းလည်း လိုင်က–

''မဖြစ်သေးပါဘူး မောင်ရယ်၊ လိုင့်မိသားစုအကြောင်း မောင်မသိပါဘူး''

ဟု ပြောရင်း တွင်တွင်ငြင်းသည်။

နောက်ဆုံး လိုင့်ထံမှ စောင့်ရမည့် နှစ်အတိအကျကို ကျွန်တော်တောင်းဆိုသည်။ သူမ ဘွဲ့ရပြီးနောက် သုံးနှစ်စောင့်ပါတဲ့။ အမှန်ပင် သုံးနှစ်စောင့်ခဲ့ရပါသည်။ သူမပြောသည့် သုံးနှစ်ပြည့်သည်နှင့် ကျွန်တော် လိုင့်ကို တွေ့ဖြစ်သည်။ ဖာတိမ်ြို့ကလေးမှာ ကျောင်းဆရာမလုပ်နေရာမှ ရန်ကုန်တွင် ဘီအီးဒီ ပြန်တက်နေချိန် တိုက်ဆိုင်နေသဖြင့် လိုင့်ကို ကျွန်တော် ရန်ကုန်ပညာရေး တက္ကသိုလ်၌ သွားတွေ့ဖြစ်၏။

ရန်ကုန်အလာ မော်လမြိုင်မှာ တစ်ညတာ နားခဲ့ရသည်။ လိုင့်အတွက် အမှတ်တရ ဘာမှ ကျွန်တော်မဝယ်ဖြစ်ခဲ့။ ရှေ့တန်းက တိုက်ရိုက်လာခဲ့ခြင်းဖြစ်၍ အချိန်လုနေရသဖြင့် တခြားကိစ္စများ မစဉ်းစားနိုင်ခဲ့။ မော်လမြိုင်ရောက်မှ စဉ်းစားဖြစ်သည်။ လိုင်ကလည်း ခက်သည်။ ရည်းစားဘဝလေးငါးနှစ်မှာ ဘာပေးပေး လွယ်လွယ်ကူကူ မယူပါ။ ကျွန်တော် အရာရှိဖြစ်ခါစက တပ်မတော်အရာရှိသုံး Kit Section မှတည်းဆိုင်မှ ရှားရှားပါးပါး Parker 45 ဖောင်တိန် တစ်လက် ဝယ်ရခဲ့သည်။ မန်းတက္ကသိုလ် ကျောင်းသူကြီး လိုင့်ကို လူချင်းအတွေ့ ကျွန်တော်က–

''လိုင့်အတွက် အမှတ်တရ''ဟုပေးတော့

ဘာရယ်ကြောင့် မသိ၊ လိုင်က–

''ဟင့်အင်း၊ ဟင့်အင်း''ဟု တွင်တွင်ငြင်းသည်။ အားနာလို့လေလား၊ ကျွန်တော့်အလိုကို မလိုက်လျောချင်ဘာလား။ ဘာရယ်တော့ မသိပါ။ လူချင်းတွေ့တိုင်း ထိုကဲ့သို့ အမှတ်တရလေးများ လိုင့်အတွက် ကျွန်တော် ယူသွားလေ့ရှိပါသည်။ ပေးတိုင်း လိုင်က လွယ်လွယ်ကူကူ ယူလေ့မရှိပါ။ လိုင့်စိတ်ကို ကျွန်တော် နားမလည်နိုင်ပါ။ ရှိပါစေတော့။ ကျွန်တော်ကတော့ လူချင်းတွေ့တိုင်း လိုင့်ကို Sentimental Value အဖြစ် အမှတ်တရလေးတစ်ခုခုတော့ ပေးဖြစ်သည်သာ။ ယူတာ မယူတာကတော့ လိုင့်ကိစ္စ၊ လိုင့်သဘော။

ဒီတစ်ခေါက် လိုင့်အတွက် လေဆိပ် သွားခါနီး သတိရ၍ မော်လမြိုင်မြို့မဈေးကြီးထဲ ပိုဟိုဒီဒီ ကောင်းနိုးရာရာရှာရင်း

ရှိုင်က ဆရာမဘဝရောက်နေ၍
အလုတွင် အယဉ်ဆင့်ပြီး
အသွင်က ပိုတင့်နေ၏။ နှုတ်ပေါ်တွင်
ဆံစလေးများဝဲနေရာ
ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ်
ကျောင်းသားဘဝက လိုင့်ပါးနှင့်
နှုတ်ကလေးကို နမ်းပြီးပြန်ခဲ့တဲ့
နေ့တစ်ညကို...



နိုင်ငံခြားမှလာသည့် နံ့သာယပ်တောင်ကလေးများကို တွေ့မြင်မိသည်နှင့် တစ်ချောင်း ဝယ်လိုက်သည်။

လိုင်က အညာသူမို့ သနပ်ခါးကြိုက်သည်။ အခြား နံ့သာများဖြစ်သည့် နံ့သာဖြူ ကရမက် စသည့်နံ့သာအမျိုးမျိုးကိုလည်း လိုင်တို့ အညာသူများ ကြိုက်ကြသည်။

နံ့သာယပ်တောင်လေးဝယ်ပြီး ကျွန်တော် မော်လမြိုင်လေဆိပ်ကို ထွက်ခဲ့သည်။ ရှေ့တန်းကအပြန် တရခ ခေါ် အရှေ့တောင်တိုင်းမှာ တည်းသည်။ ရတခက လေယာဉ်လက်မှတ်လုပ်ပေးသည်။ လေဆိပ်ကို ကားဖြင့်ပို့ပေးသည်။ စစ်ဆင်ရေးက အရေးကြီးသဖြင့် ခွင့်ပါးရက်သာရခဲ့၏။ ကိစ္စပြီးလျှင် ရှေ့တန်းကိုပဲပြန်ရမည်။ ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး ထားဝယ်ဘက် ရောက်နေရာမှ စစ်ဆင်ရေးအခြေအနေကြောင့် မြောက်ဘက်သို့ ပြန်ချီတက်လာခဲ့ကြရသည်။ မော်လမြိုင်တောင်မှ မော်လမြိုင်၏ အရှေ့ဘက်ဒေသများသို့ ရွှေ့ပြောင်းနေကြရ၏။ လေဆိပ်ရောက်တော့ UBA လေယာဉ်ဖြင့် မော်လမြိုင်မှ ရန်ကုန်ကို ထွက်ခဲ့၏။ ရန်ကုန်ရောက်တော့ မင်္ဂလာဒုံလေဆိပ်မှ ပညာရေးတက္ကသိုလ်သို့ ကျွန်တော် တိုက်ရိုက်သွားခဲ့၏။ လိုင့်ကို အလွယ်တကူပင် အဆောင်မှာတွေ့ပါသည်။

လိုင်က ဆရာမဘဝရောက်နေ၍ အလှတွင် အယဉ်ဆင့်ပြီး အသွင်က ပိုတင့်နေ၏။ နှုတ်ပေါ်တွင် ဆံစလေးများဝဲနေရာ ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားဘဝက လိုင့်ပါးနှင့် နှုတ်ကလေးကို နမ်းပြီးပြန်ခဲ့တဲ့ နေ့တစ်ညကို သတိရနေမိသည်။

ယခုလည်း နွေဦးပေါက်မို့ ထိုနွေကို သတိတရဖြင့် လိုင့်အတွက် နံ့သာယပ်တောင် မောင့်လက်ဆောင်အဖြစ် ကျွန်တော် ဝယ်ခဲ့သည်။

''ကဲ– လိုင်၊ ဒီတစ်ခါတော့ ရှေ့တန်းကနေပြီး လိုင့်ဆီ မောင် တိုက်ရိုက်လာခဲ့တာ။ အမှတ်တရ ဘာမှမပါဘူး။ ဒါပေမဲ့ သနပ်ခါးကြိုက်တဲ့ လိုင့်အတွက် နံ့သာယပ်တောင်လေး မောင်ဝယ်ဖြစ်အောင် ဝယ်ခဲ့တယ်။ ဒါတော့ မငြင်းနဲ့ လိုင်၊ အမှတ်တရ ယူသွားလိုက်ပါနော်''

လွတ်လွတ်လပ်လပ် စကားပြောရ

အောင် အဆောင်ကထွက်မယ်လုပ်တော့ ကျွန်တော်က လှိုင့်ကို ယပ်တောင်လေး ပေးခဲ့သည်။ ယပ်တောင်လေးက လှသည်။ ပြီးတော့ အလွန်မွှေးသည်။ ဘာပစ္စည်းပေးပေး ယူလေ့ယူထမရှိသော လှိုင်က ဒီယပ်တောင်လေးကိုတော့ ဘာရယ်ကြောင့်မသိ၊ လိုလိုလားလား ယူထားလိုက်၏။

လှိုင် ယူလိုက်သဖြင့် ကျွန်တော် အရမ်းဝမ်းသာသွား၏။

''ကဲ သွားကြစို့''

မုဂ်လမ်းက ရေတမာပင်တွေကြား အတူလမ်းစလျှောက်စဉ်မှာပင် ကျွန်တော်က စကားစခြစ်သည်။

''ဘယ်လိုလဲ လှိုင်၊ လှိုင်ပြောထားတဲ့ သုံးနှစ်ဆိုတဲ့အချိန်စေ့ပြီ၊ လှိုင့်ကတိစကားအတိုင်း အချိန်စေ့လို့ စစ်ဆင်ရေးတာဝန်တွေကြားက မရမကခွင့်ယူပြီး လှိုင့်ဆီ မောင် အရောက်လာခဲ့တာ၊ လက်ထပ်ဖို့အတွက်တော့ မောင့်ဘက်က လိုတာတွေ အကုန်စီစဉ်ခဲ့ပြီးပြီ။ တပ်ရင်းမှူးကြီးဆီလည်း ခွင့်ပြုမိန့် ကြိုတောင်းထားပြီးပြီ၊ မောင်တို့ လက်ထပ်ကြပါစို့ လှိုင်ရယ်''

လှိုက်လှိုက်လှဲလှဲပြောလိုက်သည့် ကျွန်တော့် စကားကြားတော့ လှိုင်က ဝမ်းသာရမည့်အစား မျက်နှာညှိုသွား၏။

ပြီးမှ တိုးတိမ်သောအသံဖြင့်–

''လောလောဆယ် လှိုင် လက်မထပ်ပါရစေနဲ့အုံး မောင်ရယ်''

''ဟင် ဘာဖြစ်လို့လဲ လှိုင်''

ကျွန်တော် လှိုင့်ကို အတော်အံ့ဩမိသည်။ သူမကို ကျွန်တော် ကလေးသာသာ အရွယ်ကစပြီး ချစ်ခဲ့မိသည်။ သာမန်ချစ်တာမဟုတ်ပါ။ ရွဲရွဲမြဲမြဲ ချစ်ခဲ့ခြင်းဖြစ်သည်။ ယခုဆို ဆယ်နှစ် ဆယ်မိုးပင် ကျော်ခဲ့ပေပြီ။

''မောင့်ကို မချစ်တော့ဘူးလား၊ လှိုင့်ကို နှစ်ပေါင်းများစွာ သည်းခံစောင့်ခဲ့တာ မသနားဘူးလား။ ဘာလဲ မောင်က စစ်သားမို့လား၊ လှိုင့်ကို တင့်တောင်းတင့်တယ် မထားနိုင်ဘူးလို့ ထင်လို့လား။ မောင်က စုတ်စုတ်ပြတ်ပြတ် ဖြစ်နေလို့လား''

စစ်ဆင်ရေးက တိုက်ရိုက်လာခဲ့ရသဖြင့် ကျွန်တော့်မှာ ဘာကိုမှ လှပအောင် ပြင်ဆင်ချိန်မရခဲ့ပါ။ ဟောင်းနွမ်းနေသော ယူနီဖောင်းနှင့် ချွေးချောင်ဘားပင်လျှင် ရထားခရောက်မှ ငှားပြီးတပ်ခဲ့ရ၏။ ဆံပင်များက ရှည်လျားနေသည်။ မျက်နှာကလည်း နေလောင်ထား၏၊ သွားရ၊ လာရ၊ တိုက်ရ၊ ခိုက်ရ၊ ပစ်ရ၊ ခတ်ရ၊ အသက်လုရနှင့် အအိပ်ပျက်၊ အစားပျက်ကြောင့် လူကလည်း ပိန်ပါးပါး နွမ်းလျလျဖြစ်နေ၏။ မကြာမကြာ နှိပ်စက်တတ်သည့် ငှက်ဖျားကြောင့်လည်း နဂိုကမှ မလှရသည့်အထဲ နာလန်ထစ လူမမာပုံပင် ပေါက်နေ၏။

လှိုင်ကမူ ကျွန်တော်နှင့်ဆန့်ကျင်ဘက်၊ အင်းလျားလေနှင့် ကုံကော်တောအရိပ်အာဝါသအောက်၌ နေရသဖြင့် ဖြူဖွေးသန့်စင်၍ ကြည်လင်ဝင်းပနေသည်။ အရွယ်ကလည်း နှစ်ဆယ့်လေးငါးနှစ် အလှအပဆုံး အရွယ်မို့ အစစအရာရာ တင်းရင်းပြည့်စုံနေ၏။ ဆရာမဆိုသည့် ဂုဏ်အင်္ဂါကိုပါ ဖြည့်စွက်လိုက်ရာ လှိုင့်အလှမှာ ပြောစရာမရှိတော့ပါ။

မောင့်ကို မချစ်တော့ဘူးလား၊
လှိုင့်ကို နှစ်ပေါင်းများစွာ
သည်းခံစောင့်ခဲ့တာ မသနားဘူးလား၊
ဘာလဲ မောင်က စစ်သားမို့လား၊
လှိုင့်ကို တင့်တောင်းတင့်တယ်
မထားနိုင်ဘူးလို့. . .



သို့ရာတွင် ကျွန်တော့်ခံစားချက်နဲ့ ဖြန်းခနဲပြောလိုက်သော စကားကြောင့် လှိုင့်မျက်နှာ ကွက်ခနဲပျက်သွား၏။

''ဒီလို မခံနိုင်ပါနဲ့ မောင်ရယ်၊ မောင်တို့စစ်သားတွေ ပင်ပန်းတာ လှိုင်သိပါတယ်၊ လှိုင့် မောင်လေးတွေလည်း တပ်ထဲဝင်သွားကြပါပြီ၊ အိမ်မှာ ညီမလေးတွေချည်းပဲ ကျန်ခဲ့တယ် မောင်၊ လှိုင် သူတို့ကို စောင့်ရှောက်ပါရစေအုံး အဖေနဲ့ အမေကလည်း အသက်ကြီးပြီ မောင်၊ ကောင်းကောင်းလည်း နေကောင်းကြတာမဟုတ်ဘူး''

''ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမှာလဲ၊ မောင်က လှိုင့်ကို တစ်သက်လုံး အခုလိုပဲ စောင့်နေရတော့မှာလား၊ လှိုင့်ဆုံးဖြတ်ချက်က ဒါပဲလား၊ မပြင်တော့ဘူးလား၊ မောင့်ကို လှိုင် အခု လက်မထပ်နိုင်ဘူးလား၊ ပြောပါ လှိုင်၊ မောင် အဲဒါသိချင်တယ်''

လှိုင်က မျက်ရည်ဝဲလာသည်။

''အမေနဲ့ အဖေ့ကို သနားတယ် မောင်''

''ဒါဆို မောင်တို့ လက်ထပ်ပြီးရင် တပ်ထဲ ခေါ်သွားမယ်လေ၊ မဖြစ်ဘူးလား''

''သူတို့က လိုက်မှာမဟုတ်ဘူး မောင်၊ အညာသူ အညာသားတွေအကြောင်း မောင်လည်း သိရဲ့သားနဲ့''

''အဲဒါဆို မောင်က ဘာလုပ်ရမှာလဲ ပြော''

''စောင့်လက်စနဲ့ နှစ်နှစ်၊ သုံးနှစ် ဆက်စောင့်ပေးပါအုံး မောင်ရယ်''

''ဘာပြောတယ် လှိုင်၊ နောက်ထပ် နှစ်နှစ်၊ သုံးနှစ် စောင့်ရအုံးမယ် ဟုတ်လား၊ ဒီမယ် လှိုင်၊ ဒါ ကလေးကစားတာမှ မဟုတ်တာ လှိုင်ရယ်၊ မောင်က အမြဲ သွားကြေ ပါးရေနားရေတွန့်တဲ့အထိ လှိုင့်ကို စောင့်ရမှာလား၊ အကြာကြီးဆက်စောင့်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး လှိုင်''

''မောင်ပြောမယ် လှိုင်၊ လှိုင့်ကို မောင် ဆယ်နှစ်ဆယ်မိုးစောင့်ပြီး ချစ်ခဲ့ပါပြီ၊ ဒါပေမဲ့ မောင်ချစ်ခဲ့သလို လှိုင် မောင့်ကိုမချစ်ပါဘူး။ လှိုင့်မိသားစုလောက် မောင့်ကို ဦးစားမပေးနိုင်ဘူး မဟုတ်လား။ သိရပါပြီ လှိုင်၊ မောင် သိပါပြီ''

ကျွန်တော်ရဲ့ ခပ်မာမာစကားကြောင့် လှိုင့်ပါးပေါ်တွင်ကား မျက်ရည်ပေါက်ကြီးများက တလိမ့်လိမ့်စီးကျလာ၏၊ လှိုင် ငိုလေပြီတည်း။

''ကဲ– လှိုင့်ဆုံးဖြတ်ချက် မပြင်နိုင်ဘူးဆိုရင် မောင်သွားမယ် လှိုင်''

လှိုင် ငိုလည်း ဒီတစ်ခါတော့ ကျွန်တော် ယတိပြတ်ဆုံးဖြတ်လိုက်ပါပြီ။ ထို့ကြောင့် ရေတာမာပင်တန်းများကြားမှ ချာခနဲ

“

**ဒီတစ်ခေါက် ဖလူးစခန်းကို**

**သွားတိုက်ရ၏။ ဖလူးက**

**မြဝတီတောင်ဘက်မှာရှိသည်။ မြဝတီနှင့်**

**ဘာမျှမဝေး။ ဖလူးစခန်းမှနေပြီး**

**တစ်ဖက်နိုင်ငံမှ မိမိတို့နိုင်ငံသို့**

**အကောက်ခွန်မဲ့ပစ္စည်းများ**

**နေ့စဉ် အကြီးအကျယ်သွင်းသည်။**

”



ကျွန်တော် လှည့်ထွက်ခဲ့သည်။ စိတ်ခွေခွေနဲ့ ထိုနေ့က ကြည့်မြင်တိုင်မှ သူငယ်ချင်း ပထစီကိုကျော်ရင်တို့အိမ် သွားအိပ်ပြီး နောက်နေ့ မော်လမြိုင်ကို လေယာဉ်ဖြင့်ပျံပြန်ခဲ့ပါသည်။

ခြော် လုပ်ရက်ပါပေ့ လှိုင်ရယ်။

ရင်တွင်း၌ တနုံ့နုံ့ခံစားရင်း ရှေ့တန်းသို့ ကျွန်တော်ပြန်ရောက်ခဲ့၏။ ဒီတစ်ခါ ရှေ့တန်းကား ကရင်ပြည်နယ်၏ နာမည်ကျော် ဒေါနတောင်ကြီး၏ အရှေ့ခြမ်းဒေသ။

ဒေါနတောင်တန်းရောက်တော့ လှိုင့်ကို မလွမ်းအားပါ၊ အရေးကြီးစစ်ဆင်ရေးများက ကျွန်တော့်ကို စောင့်ကြိုနေကြသည်။

ရန်သူတို့က သောင်းရင်းမြစ်ကမ်း၌ စခန်းများစွဲထားပြီး ကျွန်တော်တို့တပ်မတော်ကို အံတုနေကြ၏။ မြောက်ဘက်အစွန်ဆုံး သံလွင်နှင့် သောင်းရင်းဆုံရာဒေသ မာနယ်ပလော မှသည် ဝါးခ၊ ဖလူး၊ မော်ဖိုးကော၊ မဲလ၊ မဲသဝေါ စသဖြင့် တသီတတန်းကြီး သူတို့စခန်းများရှိနေသည်။

ဒီတစ်ခေါက် ဖလူးစခန်းကို သွားတိုက်ရ၏။ ဖလူးက မြဝတီတောင်ဘက်မှာရှိသည်။ မြဝတီနှင့် ဘာမျှမဝေး။ ဖလူးစခန်းမှနေပြီး တစ်ဖက်နိုင်ငံမှ မိမိတို့နိုင်ငံသို့ အကောက်ခွန်မဲ့ပစ္စည်းများ နေ့စဉ်အကြီးအကျယ်သွင်းသည်။ တစ်ဖက်နိုင်ငံ၌ သောင်ရင်းမြစ်ကမ်းများရှိ ရန်သူစခန်းများသို့ အရောက်လာသည့် ကတ္တရာလမ်းများရှိလေသည်။ ထို့ကြောင့် ကျွန်တော်တို့ ရောက်သွားလျှင် ရန်သူများက တစ်ဖက်နိုင်ငံအတွင်း အလွယ်တကူ ပြေးဝင်ပျောက်ကွယ်သွားကြကုန်သည်။

နယ်စပ်ရှိ ရန်သူများသည် ရှေးယခင်က ယခုလောက် အင်ကြီးအားကြီးနှင့် လှုပ်ရှားနိုင်မှုမရှိခဲ့။ သို့ရာတွင် P.D.P ခေါ် ပြည်ပြေးများ ပေါ်ပေါက်လာပြီးနောက် သူတို့၏ အဆက်အသွယ်ဖြင့် နယ်စပ်ရှိ တိုင်းရင်းသား သူပုန်များ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ရကာ အင်ကြီးအားကြီးဖြစ်လာသည်။ မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံး ကော့သောင်းဒေသမှသည် မြောက်ဘက် ကယားပြည်နယ်စပ်အထိ သောင်ရင်းမြစ်နှင့် သံလွင်မြစ်ကမ်းများ၌ တပ်စခန်းများ အခိုင်အမာတည်ဆောက်ကာ လှုပ်ရှားလာ

ကြတော့၏။

သာမန် လှုပ်ရှားခွဲမကာပါ။ ပြည်တွင်းသို့ တစ်ဖက်နိုင်ငံမှ အကောက်ခွန်မဲ့ ကုန်စည်အမျိုးမျိုးကိုလည်း တင်သွင်းကြသည်။ ကျွန်တော်တို့နိုင်ငံဘက်မှာလည်း ဟိုကလိုချင်သည့် ကျွန်းသစ်ကဲ့သို့ သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ပစ္စည်းအမျိုးမျိုး၊ တစ်ဖက်နိုင်ငံ အသားစွပ်စက်ရုံများမှ အလိုရှိနေသော ကျွဲ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်များ၊ ကမ္ဘာလှည့်များအတွက် ရှေးဟောင်းပစ္စည်းများ၊ ရတနာကုန်သည်များအတွက် ဓာတ်သတ္တုနှင့် တွင်းထွက်ရတနာများ၊ အမျိုးစုံကို ဟိုဘက်ပို့ပေးကြသည်။

ထို့ကြောင့် တိုက်ပွဲက သာမန်စစ်ရေးသာ မဟုတ်တော့၊ စီးပွားရေး၊ လူမှုရေးများပါ ပါလာ၏။ ရန်သူတို့က သောင်ရင်းမြစ်ကမ်းက Refugee Camp ခေါ် ဒုက္ခသည်စခန်းများပါ ဖွင့်လာ၏။ ပြည်တွင်းရှိ ကျေးရွာများမှ ရွာသူ ရွာသားများအား အမျိုးမျိုးသော မက်လုံးပေးစည်းရုံး၍ ထိုစခန်းများသို့ ခေါ်ယူထားရှိကြသည်။ သူတို့အတွက် နိုင်ငံတကာပြဖို့ရုံမက အရန်အင်အားလည်း ဖြစ်အောင် စီမံထားခြင်းပါပေ။

ကျွန်တော်တို့ စစ်ကြောင်းများက သောင်ရင်းမြစ်အနောက်ဘက်ကမ်းများရှိ ရန်သူစခန်းများကို တိုက်ရုံသာမက စီးပွားရေးစစ်ပျက်နာနှင့် လူမှုရေးစစ်ပျက်နာမှ ထိုးစစ်ဆင်နေသည်များကိုပါ တိုက်ဖျက်ရပါသည်။ ဖလူးစခန်းသိမ်းတိုက်ပွဲမှာလည်း မျှော်လင့်သလောက် လွယ်လွယ်ကူကူနှင့် ပြီးမသွားပါ။ ရန်သူက ပြင်ပကမ္ဘာမှရရှိထားသည့် လက်နက်အသစ်အဆန်းများသုံး၍ ကျွန်တော်တို့ကို အပြင်းအထန်ခုခံ၏။ သူတို့တွင် ပို့နှင့်ဖိုက်ခေါ် စက်သေနတ်ကြီးများ၊ M 16 နှင့် AK 47 လို မောင်းပြန်ရိုင်ဖယ်အသစ်များ၊ RPG လို လောင်ချာများ၊ M 79 လို ခေါက်မော်တာများ၊ M 72 လို တစ်ချက်ပစ် လောင်ချာများ၊ ၆၀ မီလီမီတာ စိန်ပြောင်းငယ်များမှသည် ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများ၊ ၅၇ နှင့် ၇၅ နောက်ပွင့်နိုင်ဖယ်ကြီးများအထိ အမျိုးမျိုးသော လက်နက်ကြီးများကိုသုံး၍ အပြင်းအထန်ခုခံသည်။ မခုခံ၍လည်းမရ၊ ဤစခန်းက သူတို့အတွက် အဓိကကျသော နေ့စဉ် ဝင်ငွေ

> ❝
>
> **လှိုင့်ကို မောင်**
>
> **ဆယ်နှစ်ဆယ်မိုးစောင့်ပြီး**
>
> **ချစ်ခဲ့ပါပြီ၊ ဒါပေမဲ့**
>
> **မောင်ချစ်ခဲ့သလို**
>
> **လှိုင် မောင့်ကိုမချစ်ပါဘူး။**
>
> **လှိုင့်မိသားစုလောက်**
>
> **မောင့်ကို ဦးစားမပေးနိုင်ဘူး**
>
> **မဟုတ်လား၊ သိရပါပြီ လှိုင်...**
>
> ❞

အထွေးကောင်းသော အကောက်စခန်းကြီး ဖြစ်ခြင်းကြောင့် အသည်းအသန်ခုခံကြခြင်း ပါပေ။

ရအောင်တိုက်ရမည်ဟူသော အထက်ဌာနၡ် အမိန့်အရ ဖလူးစခန်းကို ရအောင် တိုက်ခဲ့ပါသည်။ ထို့ကြောင့် အထိအနိုက် အကျအဆုံးများလည်း ရှိခဲ့၏။ စခန်းရ၍ တာဝန်ကျေပြီးသည့်နောက် ကျန်တာဝန်ကို နယ်မြေခံတပ်အား တာဝန်လွှဲပေးခဲ့ရပြီး ကျွန်တော်တို့တစ်တွေကို အထက်ဌာနက ဓေါနတောင်တန်းကြီးပေါ်သို့ ပြန်လည်နေရာချထားသည်။ အနားပေးကာ အားမွေးနိုင်းသည်။ ဒါပြီးလျှင် ဘယ်ကိုတိုက်ရဦးမည် မသိပါ။ ဝမ်ခါကိုလား၊ မဲလာကိုလား၊ ဒါမှမဟုတ် မြောက်ဘက်အစွန်ဆုံးက နာမည်ကျော် မာနယ်ပလောကိုလား တစ်ခုခုဖြစ်ပါလိမ့်မည်။

ကဲ စစ်သားဆိုတာ အမိန့်နဲ့တာဝန်ကို ဦးထိပ်ပန်ဆင်ရတာပဲ၊ သွားဆိုလည်း သွား၊ တိုက်ဆိုလည်း တိုက်၊ နားဆိုလည်း နားပေါ့။

ဖလူးမှ မြဝတီဝင်ရောက်ပြီး မြဝတီမှ ဓေါနတောင်တန်းကို ကားလမ်းအတိုင်း ပြန်လည် ချီတက်ခဲ့ကြ၏။ လမ်းတစ်လျှောက်တွင် စိမ်းညို့နေသော ကျွန်းတောကြီးများကို ဖြတ်သန်းခဲ့ကြရာ အမိုးခံနေရသည့် ဤ မြန်မာ့ကျွန်းသစ်ရတနာများကို ဒါတို့ ကာကွယ်နေရပါလားဟု သဘောပေါက်မိပါသည်။

ဒါ မို့ပြည်၊ ဒါ နို့မြေ၊ ဒို့ပိုင်တဲ့မြေ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေဟုသာ စစ်သားပီပီခံယူလိုက်ပါသည်။

ဓေါနတောင်တန်းကြီးပေါ်ရောက်တော့ စစ်ကြောင်းတစ်ခုလုံးမြဲမြံပြီး နားကြရသည်။ တောင်ပေါ်၌ ဖွေးတွင်ပွင့်သော အင်ကြင်းပန်းများကို နေရာအနှံ့အပြားတွေ့ရ၏။ အခြားသော ပျဉ်းမလို၊ ကောင်းဝါလိုပန်းများလည်း၊ တွေ့ရ၏။ ပွင့်ခေါင် ပွင့်မင်း၊ ပွင့်စုံကျင်းပြီး ထုံသင်းကြိုင်လျှမ်း မြရောင်လွှမ်း၍ လွှမ်းစရာပင်ကောင်းနေပါသော၏။

ဓေါနပေါ်မှာ ရက်အနည်းငယ် နားခဲ့ပြီးပါပြီ။

ရာသီကလည်း တပေါင်းကျော်၍ တန်ခူးသို့ရောက်ခဲ့ပေပြီ။

ကြည့်လေရာတိုင်း၌ လေရူးလေမွှေနောက်လို့ ရွက်ခြောက်များက ကြွေနေကြ၏။ ကျွန်တော်တို့ အခြေပြုနေတဲ့ ဓေါနတောင်တန်းကြီးပေါ်မှာလည်း ရွက်ဟောင်းတွေက တခြောက်ခြောက်ကြွေကျနေကြပြီး ဥဩငှက်ကလေးတွေကလည်း ဟိုက ဒီက တွန်ကျူးနေကြပြီ။ အင်ကြင်းပန်းလို ဖွေးပွင့်ပန်းတွေကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်နေကြပြီ။ တောင်မီးတွေက မကြာခဏလောင်နေ၍ မီးခိုးငွေ့တွေကိုလည်း ဟိုတစ်ကွက် ဒီတစ်ကွက် မြင်နေရသည်။ ရာသီဥတုကလည်း ပူနေပြီ။ ရာသီက ပူနေပေမယ့် တိုက်ရ ခိုက်ရတဲ့အလုပ်က အေးပြီ၊ အခုလို အေးအေးဆေးဆေး အနားရမှ လှိုင်နဲ့ကိစ္စကို ကျွန်တော် ပြန်စဉ်းစားနိုင်တော့သည်။

လှိုင့်ကိုအမှန်ပင် ကျွန်တော် အသည်းနှင့်အောင် ချစ်ခဲ့ပါသည်။ ကလေးဘဝကတည်းကစပြီး ချစ်ခဲ့ရတဲ့ ငယ်ချစ်ဦးပါ။

"ဆယ်ကျော်သက်က ကျွမ်းချစ်သဖြင့်ကြီးသူမှာပဲ" ဆိုတဲ့ စကားအတိုင်း ဆယ်ကျော်သက်ကတည်းက ချစ်ခဲ့ရသူပါ။ လှိုင်ကို တန်ဖိုးလည်း အလွန်ထားခဲ့ပါသည်။ ထို့ကြောင့်လည်း လူချင်းအကြိမ်ကြိမ်တွေ့ပြီးတာတောင် လှိုင့်အပျိုစင်ဘဝကို ညစ်နွမ်းမည့်အပြုအမူများ ကျွန်တော် တစ်ရံတစ်ဆစ်မှ မလုပ်ခဲ့မိပါ။ ကာယကံရှင် လှိုင်အသိဆုံး။

ဖြစ်ပါလိမ့်မည်။

ကျွန်တော်ကသာ လှိုင့်ဘဝကို နားလည်အောင်ကြိုးစားပြီး လှိုင့်ကို တန်ဖိုးထားခဲ့သော်လည်း လှိုင်ကတော့ ကျွန်တော့်ကို နားလည်ပုံမရခဲ့ပါ။

ကျွန်တော်က တစ်ကောင်ကြွက်၊ ငယ်စဉ်ကတည်းက မိဘနဲ့ကွဲပြီး အဖေမဲ့၊ အမေမဲ့ဘဝနဲ့ နေခဲ့ရသူ။ လှိုင့်လို မိစုံ ဖစုံ ညီအစ်ကိုမောင်နှမတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေခဲ့ရသူ မဟုတ်ပါ။ အိမ်နီးချင်းဆိုတော့ လှိုင်တို့မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့နေကြတာကို ကျွန်တော် အမြဲမြင်တွေ့နေပြီး အမှန်အားကျမိသည်။

လှိုင်နဲ့ သမီးရည်းစားဖြစ်တော့-

"လှိုင်တို့မိသားစုကို သိပ်သဘောကျတယ်၊ သိုက်သိုက်ဝန်းဝန်း။ ပျော်ပျော်ရွှင်ရွှင်နဲ့ ညီအစ်ကိုမောင်နှမတွေလည်း အများကြီး။ မောင်တို့ လက်ထပ်ပြီးရင် မောင့်အတွက် လှိုင့်မေမေလို ကလေးတွေ အများကြီး မွေးပေးနော်"

လို့ ကျွန်တော်က ခံစားချက်နှင့် ရိုးရိုးသားသား လှိုင့်ကိုပြောမိသည်။

ကျွန်တော်က တစ်ကောင်ကြွက်၊
ငယ်စဉ်ကတည်းက မိဘနဲ့ကွဲပြီး
အဖေမဲ့၊ အမေမဲ့ဘဝနဲ့ နေခဲ့ရသူ။
လှိုင့်လို မိစုံ ဖစုံ
ညီအစ်ကိုမောင်နှမတွေနဲ့
သိုက်သိုက်ဝန်းဝန်းနေခဲ့ရသူ မဟုတ်ပါ။
အိမ်နီးချင်းဆိုတော့ လှိုင်တို့မိသားစု
သိုက်သိုက်ဝန်းဝန်းနဲ့နေကြတာကို
ကျွန်တော် အမြဲမြင်တွေ့နေပြီး. . .

"အို မောင်ကလည်း၊ ဘာတွေပြောနေတာလဲ၊ ရှက်စရာကြီး"

လှိုင်က မျက်နှာရဲခနဲဖြစ်သွားပြီး ရှက်ကိုးရှက်ကန်းနှင့် ကျွန်တော့်ကိုပြန်ပြောၢ၏။

ဪ လှိုင် ရှက်သွားပြီပဲ။

အမှန်လည်း ကျွန်တော့်ခံစားချက်ကို ပြောလိုက်ခြင်းဖြစ်၏။ တစ်ကောင်ကြွက်ဘဝမှ ဆယ်တန်းအောင်၍ ရန်ကုန်သွား၊ ကျောင်းဆက်နေပြန်တော့လည်း တစ်ဦးတစ်ယောက်တည်း ပင်ပင်ပန်းပန်း ရုန်းကန်ရသည်။ တပ်ထဲရောက်ပြန်တော့လည်း တောထဲတောင်ထဲ သွားလာနေရသည်။ တပ်ရင်းပြန်ရောက်လို့ ရိပ်သာမှာနေရတော့လည်း တစ်ယောက်တည်းပါပဲ။ အလွန်အထီးကျန်ဆန်သောဘဝကို ကျွန်တော် ဖြတ်ကျော်ခဲ့ရတာကြာပြီ။

ဒါကြောင့် လှိုင့်ကို လက်ထပ်ပြီး မိသားစုဘဝ၌ ကျွန်တော်နေလိုခြင်းဖြစ်ပါ၏။ Family Life ဆိုတာ ကျွန်တော့်ဘဝမှာ ဘယ်တုန်းကမှ မရှိခဲ့ပါ။ ထို့ကြောင့် လှိုင်နဲ့ အတူနေနိုင်အောင် ကျွန်တော်အစွမ်းကုန် ကြိုးစားခဲ့ပါသည်။

အိမ်ထောင်သည်ဘဝကို စိတ်ကူးယဉ်ရင်း တွဲ့ရအောင် ကျွန်တော် အထူးအား ထုတ်ခဲ့သည်။

တက္ကသိုလ်နောက်ဆုံးနှစ် နွေတစ်ညတွင် ဇာတိအညာမြို့ကလေး၌ လှိုင်နှင့် ကျွန်တော် နှစ်ယောက်တည်း တွေ့ကြပုံကို ပြန်လည်အောက်မေ့ သတိရမိပြန်၏။

✦ ✦ ✦ ✦ ✦



> မြို့က ကလေးတွေလည်း သနားစရာကောင်းပါတယ်၊ မောင် စာသင်ရတဲ့ ဒေါ်ပုံ သာကေတက ကလေးတွေက နွမ်းပါးကြတယ် လှိုင်ရဲ့ သဘော်ကျင်းအလုပ်သမား သားသမီးတွေများတယ်၊ ဒါကြောင့်...



ထိုအခေါက် အညာပြန်က အလွန်အိပ်မက်ဆန်သည်။ လှိုင့်ကို ကျွန်တော် ချက်ချင်းမတွေ့နိုင်ခဲ့။ နှစ်ရက်၊ သုံးရက် စောင့်ပြီးမှ တွေ့ရ၏။ ပထမညမှာ လှိုင် နေမကောင်း၍ စကားတစ်လုံး နှစ်လုံးသာ ပြောပြီး ပြန်ခဲ့ရ၏။

ဒုတိယညမှ စကားကောင်းကောင်း ပြောရသည်။ အညာရဲ့ လွမ်းမောဖွယ် နွေ တစ်ည။ ထိုနွေတစ်ညမှာ လှိုင်နှင့် ကျွန်တော် အချိန်ကြာကြာတွေ့ဖြစ်ကြရာ လှိုင်က အရှက်ကြီးသူမို့ သူတို့အိမ်ရှေ့က တန်းလျားကလေးမှာထိုင်ရင်း ဇာပုဝါတစ်ကမ်း စကားပြောရ၏။

လှိုင်က ဒီနွေညမှ မနေ့ကလိုမဟုတ်ဘဲ လှလှပပပြင်ဆင်ထားသည်။ ဆံပင်ကို Beehive ပုံသွင်းပြီး နောက်တွင် ကျစ်ဆံမြီး နှစ်ခွ ကျစ်ထားသည်။ သူမ၏ ဝိုင်းစက်သော မျက်နှာနှင့်လိုက်ဖက်လှ၏။ လက်တို အဝါရောင်အင်္ကျီအောက်မှ လက်မောင်းအိုးများမှာ ပြည့်တင်းနေ၏။ ဆင်စွယ်လို အောက်သို့ပြေလျောသွားသည်၊ မျက်နှာတွင်တော့ အညာသူတို့ထုံးစံအတိုင်း ရွှေဘို သနပ်ခါး ခပ်သင်းသင်းကို လိမ်းထား၏။ အညာနေကပူတော့ သနပ်ခါးနံ့ခပ်သင်းသင်းကို ကျွန်တော်ရနေ၏။ လုံချည်ကတော့ ချည်ချောလုံချည်ထင်၏။ အညာသူ အညာသားများအတွက်ကား ဒီလိုနွေကာလမှာ ချည်ချောလုံချည်က ချွေးစုပ်၍ ဝတ်ရတာ အေး၏။ ဘယ်လိုပဲဖြစ်ဖြစ် လှိုင့်ကို ဒီညတွေ့ရတာ မနေ့ညကထက်ပိုပြီး ကြည်သာရွှင်ပျ၏။ Beehive ဆံပင်ပေါ်တွင် နှင်းဆီဖြူတစ်ပွင့် ပန်ထားသည်။ အချစ်ရဲ့ ပြယုဂ်သက်သေများလား မဆိုနိုင်ပါ။ လှိုင့် အိမ်ရှေ့က မယ်ဇလီပင်အုပ်လေးအောက်မှာ တစ်ယောက်တည်း ဟိုညကလို လှိုင့်မေမေ ထွက်မလာတော့ပါ။ အဖေကတော့ ဘယ်တော့မှ လာရှိုးထုံးစံမရှိ။ သူ့အလုပ်ကလည်း မကြာခဏ နယ်ထွက်နေရ၍ အိမ်မှာ မရှိတတ်။ ယခုလည်း တောဆင်းနေပုံရ၏။ ကျွန်တော်ပြန်ရောက်တိုင်း မတွေ့တာများပါသည်။

''မောင်၊ မနေ့က လှိုင် နေမကောင်းလို့ ကောင်းကောင်းစကားမပြောနိုင်တာ ခွင့်လွှတ်ပါ''

''ရပါတယ်''

မနေ့က လှိုင်နဲ့စကားကောင်းကောင်း မပြောဖြစ်ခဲ့။ အရေးထဲ သူ့အမေပါ ဘေးက ရှိနေခဲ့၏။

ဒီညတော့ နှစ်ယောက်တည်း အေးအေးဆေးဆေး တွေ့ချင်ကြောင်း လှိုင့်ထံ စာကလေးတစ်စောင်ကြိုရေးပြီး အိမ်ဘေးက ကလေးကို သွားအပေးခိုင်းထား၏။

ထို့ကြောင့် လှိုင်နဲ့ နှစ်ယောက်တည်း တွေ့ရခြင်းဖြစ်မည်ထင်၏။

''ရန်ကုန်မှာ အတော်ပင်ပန်းတယ် ထင်တယ်၊ မောင် ပိန်သွားတယ်နော်''

''အင်း– ပင်ပန်းတယ်၊ ပိန်တာကတော့ နေ့လည်း ကျောင်းတက်၊ ညလည်း ကျောင်းတက်နဲ့ သိပ်မသက်သာဘူး။ နားချိန်၊ အိပ်ချိန်နည်းတယ်၊ ကျောင်းဆရာဖြစ်တော့လည်း ကလေးတွေသံယောဇဉ်နဲ့ အလုပ်ကြိုးစားရတော့တာပဲ၊ ဒါကြောင့် လှိုင်နဲ့ ဒီနွေတွေ့ပြီး နက်ဖြန်ပြန်တော့မယ်၊ ဟိုမှာလည်း ကျောင်းအလုပ်တွေက အများကြီး၊ ဘာပဲဖြစ်ဖြစ် ဒါတွေပြီးဆုံးသွားမှ လှိုင်နဲ့ နီးရမှာလေ၊ မောင် ကြိုးစားရမှာပေါ့''

ကျွန်တော်က လှိုင်နှင့်တွေ့ပြီး ရန်ကုန်အပြန်ပြန်ရန် စီစဉ်ထား၏။

''လှိုင်လည်း အခုနွေမှာ လုပ်အားပေးတာ စာသင်တဲ့အတွေ့အကြုံရတာပေါ့၊ မောင်ပြောတာ ဟုတ်ပါတယ်၊ တောက ကလေးတွေက သနားစရာပဲ''

''မြို့က ကလေးတွေလည်း သနားစရာကောင်းပါတယ်၊ မောင် စာသင်ရတဲ့ဒေါ်ပုံ သာကေတက ကလေးတွေက စွမ်းပါးကြတယ် လှိုင်ရဲ့ သဘောဘကျင်းအလုပ်သမား သားသမီးတွေများတယ်၊ ဒါကြောင့် ပင်ပန်းချင် ပင်ပန်းပါစေဆိုပြီး စေတနာထားရတော့တာပေါ့''

''ကျောင်းဆရာလုပ်မှ ဆရာတွေရဲ့ အာပေဝတီကာဒုက္ခကို သိရတော့တယ်၊ ဒါကြောင့်လည်း ဆရာကြီး ဦးမောင်မောင်က မင်းတို့တက္ကသိုလ်ကထွက်ရင် ကျောင်းဆရာမလုပ်ကြနဲ့လို့မှာတာ အခုမှ သဘောပေါက်တယ်''

ဆရာမ လုပ်အားပေးပြန်လာသဖြင့် လှိုင်နှင့် ကျွန်တော်သည် ကျောင်းဆရာအတွေ့အကြုံများကို ရှည်လျားစွာ ပြောဖြစ်ကြ၏။ ထို့ကြောင့် သီဂီရ ရသပါသည့် အနုအလှနှင့် သမုဒယစကားကို မပြောဖြစ်သေး။ ညက နည်းနည်းဝိုနက်လာ၏။ လပါထွက်လာသည်။ မယ်ဇလီနှင့် တမာပင်ပျိုများကြားမှ လေပြေက တစ်ချက်ဝှေ့လိုက်၏၊ လရောင်ပြိုးပြိုးပြက်ပြက်ကြားမှ လှိုင်၏ မျက်နှာမှာ ကြည်လင်ဝင်းပနေ၏။ ကျွန်တော်သည် မျက်နှာချင်းဆိုင်ခုံတန်းမှ ပြောင်းရွှေ့၍ လှိုင့်အနီးသို့ထိုင်လိုက်၏။ ထို့နောက် တိုးတိတ်ညင်သာစွာဖြင့်–

''လှိုင့်ကို မောင်သိပ်ချစ်တယ်''

လှိုင်ကြားသာရုံ ပြောလိုက်၏။

''လှိုင် သိပါတယ်''

''သိရင်ပြီးတာပါပဲလေ''

စကားဆုံးသည်နှင့် လှိုင်ရဲ့လက်ကလေးအား အသာကိုင်လိုက်ရာ–

''မေမေ ထွက်လာနေအုံးမယ်''

လှိုင်က အသာအယာ ရုန်းထွက်လိုက်ပြီးနောက် စကားလမ်းကြောင်းပြောင်းလိုက်၏။

''မောင် ဟိုမှာ ပင်ပန်းတယ်ဆို၊ ကျောင်းအားရက်မှာ အပန်းပြေအောင် ဘာလုပ်လဲဟင်''

''တနင်္ဂနွေတစ်ရက်ပဲ ကျောင်းအားတယ်၊ စနေမှာ Tutorial တို့ Practical တို့ရှိတယ်၊ အားတဲ့နေ့တွေမှာတော့ အပန်းဖြေ ရုပ်ရှင်ပဲကြည့်တယ်လေ''

''ဘာကားတွေကြည့်လဲ''

''နိုင်ငံခြားကားတွေ ကြည့်ဖြစ်တာများတယ်၊ ဒီလာခါနီးတုန်းက မကြည့်ဖူးကာတွန်းကားလေးတစ်ကား သွားကြည့်တာ မမျှော်လင့်ဘဲ မျက်ရည်လည်သွားတယ်''

''ဟုတ်လား၊ ဘာဖြစ်လို့လဲ မောင်၊ ဘာကားမို့လဲ''

''အင်း– ကားက ဂျပန်မျောက်ကားလေးပါ၊ အချစ်၊ အလွမ်း၊ ရွှန်းတားခန်းလေးနဲ့ နာမည်က Alakhazam The Great တဲ့၊ ပြောရမယ်ဆို အရှည်ကြီးပဲ''

''ရှည်လည်း ပြောပါမောင်ရဲ့၊ ဇာတ်သုတာပေါ့''

ဒီအကြောင်းကို ကျွန်တော်ကလည်း ပြောချင်ချင်။

''ကဲ– ဒါဆို နားထောင်၊ ဒီမျောက်ကားလေးက ၁၉၆၄ ခုနှစ် ကမ္ဘာ့ကာတွန်းကားပြိုင်ပွဲမှာ ပထမရတဲ့ကား၊ ဇာတ်လမ်းကတော့ ရှေးလွန်လေပြီးသောအခါက သိပ်ကြောက်တတ်တဲ့ မျောက်ကလေးတစ်ကောင်ဟာ သိပ်လှတဲ့ မျောက်မလေးတစ်ကောင်ကို တအားချစ်နေတယ်၊ ဒါပေမဲ့ သူရဲဘောကြောင်လို့ မျောက်မလေးက သူ့ကို ပြန်မချစ်ဘူး၊ မျောက်ကလေးနာမည်က အလာခါဇမ်၊ မျောက်မလေးနာမည်က တီဒီတဲ့၊ တစ်ရက်ကျတော့ သူတို့မျောက်တိုင်းပြည်မှာ သူရဲကောင်းရွေးပွဲလုပ်တယ်၊ အဲဒီမှာ သူရဲကောင်းအဖြစ် အရွေးခံရရင် ဂုဏ်ပြုခံရမယ်၊ The Great ဘွဲ့ပေးမယ်၊ သူရဲကောင်းဆိုတဲ့သူက ဘာလုပ်ရမလဲဆိုတော့ အသူတရာနက်တဲ့ ချောက်ကြီးထဲ ခုန်ချပြရမယ်၊ အောက်မှာ ရေတွေနဲ့ တကယ်တော့ အသေခိုင်းတာပါပဲ၊ ပြိုင်ပွဲမှာ အလွန်ကြောက်တတ်တဲ့ အလာခါဇမ်က သူချစ်နေတဲ့ မျောက်မလေးကြောင့် ဝင်ပြိုင်သတဲ့၊ The Great ဘွဲ့ရရင် မျောက်မလေးက ပြန်ချစ်မယ်ထင်ပါရဲ့၊ အားလုံးက ပိုင်းဟားကြတာပေါ့၊ ဒီကြောက် မျောက်ကလေးဟာ ဘာလာလုပ်တာလဲပေါ့၊ ဒါနဲ့ ပြိုင်ပွဲစရော၊ ပြိုင်ပွဲဝင် သူရဲကောင်းမျောက်တွေအားလုံး အသူတရာနက်တဲ့ ချောက်ကြီးလည်းတွေ့ရော သေမယ်မှန်းသိတော့ ဘယ်သူမှ ခုန်မချရဲဘဲ နောက်တွန့်သွားကြတယ်၊ အလာခါဇမ်အလှည့်ရောက်တော့သူလည်းကြောက်နဲ့ ကြောက်ရွံ့နဲ့ ချောက်ကြီးကိုကြည့်လိုက်၊ ပရိသတ်ထဲရောက်နေတဲ့ သူချစ်နေတဲ့ မျောက်မလေးကို လှမ်းကြည့်လိုက်နဲ့ နောက်

**သူရဲကောင်းဆိုတဲ့သူက**

**ဘာလုပ်ရမလဲဆိုတော့**

**အသူတရာနက်တဲ့ ချောက်ကြီးထဲ**

**ခုန်ချပြရမယ်၊ အောက်မှာ**

**ရေတွေနဲ့ တကယ်တော့**

**အသေခိုင်းတာပါပဲ၊**



ဆုံးတော့ မရှိမရဲနဲ့ သူကြည့်နေတဲ့ မျောက်မလေး မျက်နှာကိုမြင်တာနဲ့ မျောက်မလေးကို ချစ်တဲ့စိတ်နဲ့၊ ဟယ်– မထူးပါဘူးဆိုပြီး မျက်စိနှစ်လုံးကို လက်ဝါးနှစ်ဖက်နဲ့ပိတ်ပြီး ချောက်ထဲ လွှားခနဲခုန်ချလိုက်တော့တာပါပဲ၊ ပရိသတ်ကြီးလည်း ဟာခနဲဖြစ်သွားတာပေါ့"

"မျောက်ကလေး သေရောလား မောင်"

"မသေဘူးဗျ၊ တကယ်တော့ ဒီမျောက်ကလေးဟာ ဇမ္ဗူပြင်တွေထဲက ဟာနုမန်ပါပဲ၊ ဂျပန်မဟာယာနတွေရဲ့ဇာတ်ကို ဂျပန်ကပဲ ရုပ်ရှင်ထုတ်ထားတာလေ၊ ချောက်ထဲရောက်တော့ ရေအောက်မှာ တိုင်းပြည်တစ်ခုကို သူရောက်သွားပြီး၊ အဲဒီက နတ်ဘုရားအကူအညီနဲ့ တန်ခိုးရှိတဲ့ မျောက်ကလေးဖြစ်သွားရော၊ တန်ခိုးရှင်ဘဝနဲ့ သူဟာ မြေလျှိုးမိုးပျံနိုင်တယ်၊ ကောင်းကင်က တိမ်ညွန့်တောင် တက်စားနိုင်တယ်၊ သတ္တိရှိရှိနဲ့ အဆင့်မြင့်သွားတော့ မျောက်မလေးကလည်း ချစ်သွားရှာတာပေါ့လေ၊ မျောက်ကလေးက ဘာနဲ့တူသလဲဆိုတော့ စာကြိုးစားလို့ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်သွားမှ သူ့ရည်းစားက ပြန်အချစ်ခံရတဲ့ ဒီမြို့ကကောင်လေးလိုပေါ့"

"ဟင် – အရေးထဲမှာ မောင်က လုပ်ပြီ၊ ဆက်ပြောပါမောင်ရဲ့"

ချစ်ဦးသူက လှပဖွာတစ်ချက်ပြုံးရင်း ပြော၏။

"ဆက်ပြောမယ်၊ အဲ– အစွမ်းအစရှိလာတော့ သူကဆိုးလာတယ်၊ နတ်ပြည်က နတ်ဥယျာဉ်မှာရှိတဲ့ ရွှေပန်းသီးတွေခိုးစားတယ်၊ အသီးစားရုံမကဘူး အပင်တွေပါ ဖျက်ဆီးတယ်၊ ဘယ်သူမှ သူ့ကို မတားနိုင်ဘူး၊ နောက်ဆုံးတော့ နတ်ချုပ်ကြီးက ဘုရားကိုသွားတိုင်တယ်၊ ဒါနဲ့ မျောက်ကလေးနဲ့ ဘုရားတွေ့ကြရော၊ မျောက်ကလေးဟာ မာနအလွန်ကြီးနေပြီ၊ သူ့လို မြင်းမိုရ်တောင်ကိုတောင် တုံးမှတ်လို့ ခုန်နိုင်သူကို ဘာကြောင့် စစ်လား၊ ဆေးလား လုပ်ရသလဲပေါ့၊ စစ်တဲ့သူက ဘယ်သူလဲ၊ ဘာကိစ္စလဲပေါ့၊ အဲဒီအခါမှာ ဘုရားက မျောက်ကလေးအစွမ်းအစကို မေးတယ်၊ မြင်းမိုရ်တောင်ကို ခုန်ကျော်နိုင်တယ်ဆိုပဲ၊ ကဲ–ဒါဆိုရင် မင်းနဲ့ငါပြိုင်မယ်၊ ဒီတောင်ကြီး



ငါးလုံးကို မင်းလွတ်အောင်ခုန်၊ လွတ်အောင် ပြေး၊ ပြေးနိုင် ခုန်နိုင်ရင် မင်း ငါ့ကိုနိုင်ပြီလို့ ဘုရားကဆိုတော့ မျောက်ကလေးက ဒါလေးများဆိုပြီး ပြေးတော့တာပဲ၊ ဒါပေမဲ့ ပြေးပြီးတိုင်း ဒီနေရာ ပြန်ရောက်ရောက်နေတယ်၊ တကယ်တော့ တောင်မဟုတ်ပါဘူး၊ ဘုရားလက် ငါးချောင်းပါ၊ နောက်ဆုံးတော့ မျောက်ကလေးရှုံးသွားရှာတယ်၊ ဒဏ်ခတ်တဲ့အနေနဲ့ တောတွေ တောင်တွေကြားက ဂူကြီးတစ်လုံးမှာ ပိတ်လှောင်ပြီး အစာငတ်ရေငတ်ခံရတယ်၊ နှင်းတောင်တွေကြားထဲပေါ့၊ အဲဒီမှာ သူ မာနမကျသေးဘူး၊ အံကြိတ်ပြီး ဒီဒဏ်ကို သူခံတယ်၊ အကျဉ်းကျတဲ့ဒဏ်ကို သူခံနိုင်ပေမယ့် ငတ်တဲ့ဒဏ်ကို သူမခံနိုင်ဘူး"

"အဲဒီတော့ ဘာဖြစ်သွားလဲ မောင်"

"အင်း – ဒါတော့ သူချစ်သူ မျောက်မလေး သိသွားတော့ ဟိုမေး ဒီမေး ဟိုရှာဒီရှာနဲ့ လိုက်ရှာတယ်၊ ဆောင်းဝင်စာလာတွေ့တာပေါ့ကွာ၊ ဂူဝက သံတိုင်တွေကြားမှာ တွေ့ကြတော့ မျောက်မလေးက ငိုရှာတာပေါ့၊ ပြီးတော့ တောထဲက သူရှာဖွေတော်လာတဲ့ ပန်းသီးလေးသုံးလုံး ပေးသွားတယ်၊ အလာခါဇမ်က မာနခပ်ကြီးကြီးမို့ အဲဒီတောပန်းသီးကို မစားဘူး၊ အရင်က ရွှေပန်းသီးစားလာတာ မဟုတ်လား၊ ဒါကို မျောက်မလေးက စိတ်မကောင်းရှာဘူး၊ မျောက်မလေးပြန်သွားမှ ဆာလွန်းလို့ မဝံ့မရဲနဲ့ တောပန်းသီးကိုယူစားတယ်၊ သိပ်ငတ်နေပြီလေ၊ အဲဒီလို နေ့တိုင်းလာတွေ့လို့ သုံးရက်မြောက်ကျတော့ နှင်းမုန်တိုင်းကြီး တအားကျနေတယ်၊ မျောက်မလေးက ဂူနားရောက်တော့ နှင်းတွေက ဒူးဆစ်လောက် ဖုံးနေပြီ၊ ဒါကို အလာခါဇမ်က မြင်တော့ သူချစ်သူ မျောက်မလေး နှင်းတောထဲမှာ သေသွားနိုင်တယ်ဆိုတာသိလို့ မလာဖို့ အော်ပြီးတားတယ်၊ မလာနဲ့ မလာနဲ့ ပြန်ပြန်ဆိုပြီး တားတာပေါ့၊ မျောက်မလေးကလည်း အတင်းလာတယ်၊ လာလိုက်လဲလိုက်၊ လာလိုက် လဲလိုက်နဲ့ နောက်ဆုံး ဂူနဲ့ မလှမ်းမကမ်းရောက်တော့ နှင်းတောထဲမှာ လုံးဝလဲသွားပြီး ပြန်မထနိုင်တော့ဘူး။

ဒီမှာ အလောင်းခါးမြဲလည်း ချုံ့မွဲချုံ့ခဲ့တော့သော ပေါ့''

''မျောက်မလေး ခေသရောလား မောင်''

''ဟင့်အင်း မသေပါဘူး''

''ဘယ်လို လွတ်လာသလဲ''

''သူမတွေ့ကို လေးစားလို့ မောဇီသတ္တဝါလို့ခေါ်တဲ့ နတ်ဘုရားမက လာကယ်သွားတယ်၊ သူမတွေ့ကြောင့် အလောင်းမြဲကိုပါ အကျဉ်းချထားရာက လွတ်မယ့်နည်းလမ်း ပေးလိုက်တယ်၊ ဘယ်လိုလုပ်၊ ဘယ်လိုလုပ်ပေါ့လေ၊ ဒီဇာတ်ကားလေးကိုကြည့်ရင်း ကိုယ့်စိတ်ထဲမှာ Feeling အဖြစ်ဆုံးကတော့ နင်းမှုန်တိုင်းကြီးထဲက မျောက်မလေးက သူချစ်သူကို လာလာတွေ့တဲ့အခန်းတွေပါပဲ၊ လူမဟုတ်တဲ့ ကာတွန်းရုပ်ကလေးတွေပေမယ့် သဘာဝကျလွန်းလို့ ကောင်းလွန်းလို့ မျက်ရည်လည်ပြီး ပတ်ဝန်းကျင်ကိုတောင် မေ့နေတယ်၊ အချစ်ရဲ့အင်အားက တကယ်အစွမ်းထက်တာကလား။ အားလုံးကို ကျော်လွှားနိုင်တယ်ဆိုတာ ကိုယ်ဒီမှာ ယုံသွားတယ်၊ ဒါလောက်ပါပဲလေ၊ ပြောရင်ဆုံးမှာမဟုတ်ဘူး။ အာကာကို လွှာပုံပြပြီး မေယုကို စုတ်တံချီရမယ်ထင်တယ်၊ မောင်လည်း လှိုင့်ကိုချစ်လွန်းလို့ မိုင်ငါးရာကျော်က မရမကပြန်လာတယ်၊ လှိုင့်ကိုတွေ့ဖို့ သုံးလေးငါးရက် စောင့်ရတယ်၊ သွားရလာရတာ ကြိုးစားရတာ မောတယ်လှိုင်ရယ်၊ ဒါပေမဲ့ မောင် ကျေနပ်ပါတယ်''

ဤနေရာအရောက်တွင် ကျွန်တော်က စကားကို အဆုံးသတ်လိုက်၏။ လကအတော်တောင်မြင့်နေပြီ။ ပြန်ဖို့သင့်ပြီထင်၏။ လှိုင့်မျက်နှာကိုကြည့်မိရာ မျက်ဝန်းအစုံတွင် မျက်ရည်များ ဝေ့နေသည်ကို အမှတ်မထင် မြင်လိုက်မိသည်။

''ကဲ – လှိုင်၊ ညနက်ပြီ၊ မောင်ပြန်မယ်နော်''

''ဒီညအတွက် အမှတ်တရ လှိုင့်ခေါင်းက ပန်းလေး ပေးလိုက်နော်''

ကျွန်တော်က ထိုင်ရာမှအသာထပြီး လှိုင့်ခေါင်းက နှင်းဆီဖြူဖြူအား ဖြုတ်ယူလိုက်သည်။ ပြီးတော့ အသာငုံ့ပြီး တစ်ခါမှမနမ်းဖူးသေးသည့် လှိုင့်ပါးပြင်နှင့် နဖူးကို ပထမဆုံးအကြိမ် ညင်သာစွာနမ်းလိုက်မိသည်။ သူမထံမှ မျက်ရည်စများ ကျွန်တော့်ပါးသို့ ကူးစက်စိုစွတ်သွား၏။ နဖူးတွင်မူ ဆံစလေးများက အနည်းငယ်ဖြာကျနေပြီး ချွေးကလေးများပင် စို့နေသည်။

''ဒို''

ဒီအချိန်မှ လကလည်း အလိုက်သိစွာ သစ်ပင်ရိပ်ကြားသို့ တိုးဝင်သွား၏။ ကျွန်တော် ထလာတော့ လှိုင့်ခမျာ မယ်ဇလီပင်အုပ်ကလေးအောက်တွင် တစ်ယောက်တည်း မျက်ရည်စများနှင့် ငြိမ်သက်စွာကျန်ရစ်ခဲ့၏။ ဒီညအတွက်တော့ ဒီလောက်ပါပဲလေ။

လှိုင်နဲ့ ကျွန်တော့်အတွက် မမေ့နိုင်သော အညာရဲ့ ဆွေတစ်ညပေါ့။

✦ ✦ ✦ ✦ ✦

ထိုဆွေတစ်ညကို ပြန်လည်အောက်မေ့တသ သတိရရင်း လှိုင့်ကို လွမ်းမိပါသည်။ လှိုင်နဲ့ကျွန်တော် ဒီတစ်သက်မှာ ပြန်မှဆုံပါတော့မလား။ ဝေးကြပြီထင်ပါရဲ့။ ဒေါနတောင်တန်းကြီးပေါ်တွင်ကား ဆွေလေပြည်က သုတ်ဖြူးတိုက်ခတ်နေ၏။

တန်ခူးလ၏ ဆန်းစသော်တာက အနောက်ဘက်က တောတန်းတွင် မေးတင်နေပြီ။ ကြောသိ ဝင်တော့မည်ထင်၏။

လထွက်ခါစကာတည်းက အတွေးနယ်ချဲ့ကာ တစ်ယောက်တည်းတွေးရင်း ငေးရင်း ကျွန်တော်ထိုင်နေမိသည်။ စစ်သည်များကတော့ ကင်းစောင့်သူစောင့်၊ အိပ်သူအိပ်နှင့် တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ဒါပေမဲ့ ရုံးအဖွဲ့က ရေဒီယိုသံသဲ့သဲ့ကိုတော့ ကြားနေရပါသေးသည်။ ကျွန်တော့်အကြောင်း သိကြ၍ ဘယ်သူကမှ အိပ်ရာဝင်ရန် လာမပြောကြ။ ဒါပေမဲ့ ကျွန်တော်က အိပ်ရာဝင်သင့်ပြီထင်၍ ထရန်ပြင်လိုက်၏။ ဒီနေရာမှာထိုင်နေတာ ကြာခဲ့ပြီပဲ၊ တော်လောက်ပါပြီ။

အိပ်မည်ဆိုပါမှ စောစောကကြားနေရသည့် ရေဒီယိုသံသဲ့သဲ့မှ ကျွန်တော်များစွာ နှစ်သက်ခဲ့သည့် သီချင်းတစ်ပုဒ်က လာနေသည်။ မောင်သိန်းဆွေရဲ့ ''နှံ့သာယပ်တောင် မောင့်လက်ဆောင်''

**''မိန်ရာသီ x x x လတန်ခူး x x လေရူးမွေ့နှောက် x x x ရွက်ခြောက်တွေက ကြွေပြီကွယ် x x x နေသူရိန် x x ပူရှိန်ပြင်း x x x ပန်းတစ်သင်းတို့ x x ပွင့်ကြွေကြသည် x x x နုလိုရာသီဝယ်''**

**''ကိုယ်ချစ်ရသူအတွက်ရယ် x x ယုယမြတ်နိုး တန်းဖိုးထားကာရယ် x x မောင့်လက်ဆောင်မွှန် x x x ချစ်သူအတွက်ပါ x x x စေတနာတွေကြွယ်''**

**''ရာသီကြက်ဆောင်၊ x x x တပေါင်းဆွေလ x x x အခါမှာကွယ် x မြည့ာထုံသင်း x x x အင်ကြင်းသရဖီ x x x ပွင့်ကြွေပြီကွယ် x x x နေခြည်ဖြာထိုး ညိုးကြသလိုပါကွယ် x x x ကိုယ့်ချစ်သူအလှ x x x ဆွေညပွဲပွဲဝယ် x x x ဆံကေသာ မြည့ာဦးမယ် x x x လှူးကာလွန့်ကာ x x x ချွေးကလေးများ စီးဆင်းလာရင်ကွယ် x x x နှံ့သာယပ်တောင် x x x လက်ဆောင်ပါးမယ် x x ညှင်းလေလေးသွေးသလို အေးရန်ပါကွယ်''**

''ဒီတစ်ခေါက် လှိုင်နဲ့တွေ့တော့ ဒီသီချင်းထဲကလို လှိုင့်အတွက် နှံ့သာယပ်တောင်လေးကို လက်ဆောင်ပါးခဲ့ပါပြီ။ မောင်တို့ဒေသ ဆွေညပွဲမှာ လှိုင့်ခေါင်းက ဆံစလေးတွေကြားမယ် ချွေးကလေးများ စီးလာရင် မောင့်နှံ့သာယပ်တောင်လေးနဲ့ ချွေးသိမ်ပါလေ လှိုင်၊ မောင့်ကို သတိရလွန်းလို့ လှိုင် မျက်ရည်ကျခဲ့ရင်လည်း ဒီယပ်တောင်လေးကို မောင့်ရဲ့ လက်ဖဝါးလို့ သဘောထားပြီး ဒီယပ်တောင်လေးနဲ့ပဲ မျက်ရည်ခြောက်အောင် လုပ်ပါလေ လှိုင်။ လှိုင်နဲ့ မောင်ကတော့ ဒီဘဝမှာ ဒီမျှသာပဲလို့ မောင်အပြီးမှတ်ယူလိုက်ပါပြီ။ မောင်နဲ့ လှိုင်တို့ရဲ့ ဆယ်နှစ်ဆယ်မိုး ချစ်ခဲ့ကြတာကိုလည်း ပုံပြင်လို့သာ သဘောထားလိုက်ပါတော့။ မောင်တို့ရဲ့ လွမ်းပုံပြင်ကလည်း ဒီမှာပဲ နိဂုံးချုပ်ပါပြီ လှိုင်၊ မောင့်ကို ခွင့်လွှတ်ပါလေ လှိုင်''

ကျွန်တော်က မောင်သိန်းဆွေရဲ့ သီချင်းကိုနားထောင်ရင်း လှိုင့်ကို မှန်းဆလွမ်းတရင်း တစ်ကိုယ်တည်း ရေရွတ်လိုက်မိပါသည်။

ထိုအချိန်တွင်မူ ဒေါနတောင်တန်းကြီးပေါ်က ဆွေညရဲ့ ငွေလက အနောက်ဘက်တောတန်းသို့ ဝင်ရောက်ကာ လုံးဝပျောက်ကွယ်သွားခဲ့ပါပြီတည်း။

**သောင်းဇော်ဦး**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိတဲ့ ပြည်သူများနဲ့ လုပ်ငန်းရှင်များ၊ အိမ်ပိုင်၊ မြေပိုင်ရှင်များအတွက် ရန်ကုန်မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများအကြောင်းကို သိရှိ မှတ်သား၊ လေ့လာနိုင်ရန်နဲ့ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန်တို့အတွက် ဒီကဏ္ဍလေးကို ဖွင့်လှစ်လိုက်ပါတယ်။

## ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန

ချမ်းမြေ့(ECO)



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေ မြို့တော်သားများ၏ မွေးဖွားသည့်နေ့မှစ၍ သေဆုံးသည့်တိုင်အောင် နေ့စဉ်လူမှုဘဝ ဖြတ်သန်းမှုများကို ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မြို့တော်သူ၊ မြို့တော်သားများ၊ လုပ်သားပြည်သူများ အပန်းဖြေအနားယူရန်နှင့် ကျန်းမာကြံ့ခိုင်သောသူများဖြစ်စေရန် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနကို ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။



## ဌာန၏ သမိုင်းအကျဉ်း

၁၉၂၂ ခုနှစ် ရန်ကုန်မြူနီစီပယ်အဖွဲ့ အက်ဥပဒေ အခန်း(၃)၊ ပုဒ်မ(၂၅) (၂၈)တွင် ပြဋ္ဌာန်းထားသော အလုပ်ဝတ္တရားများနှင့် အခွင့်အာဏာများတွင် ''မြို့တော်တိုင်းသည် မြို့တော်အင်္ဂါနှင့် ညီညွတ်သော လုပ်သားပြည်သူများနှင့် ကာယဉာဏအလုပ်သမားများ အပန်းဖြေအနားယူရန်အတွက် အများပြည်သူတို့ဆိုင်ရာ ပန်းဥယျာဉ်နှင့် ပန်းခြံများ၊ ကစားသည့်နေရာများနှင့် မြေကွက်လပ်များကို ထားရှိရမည်''ဟု ဖော်ပြထားပါသည်။

ပြဋ္ဌာန်းထားသော အလုပ်ဝတ္တရားများနှင့် အခွင့်အာဏာများကို မြို့တော်အင်ဂျင်နီယာချုပ်(လမ်းနှင့်အဆောက်အဦး)ဌာနအောက်ရှိ ပန်းဥယျာဉ်ဌာနခွဲက လိုက်နာကျင့်သုံး ဆောင်ရွက်ခဲ့ပါသည်။

ယင်းလုပ်ငန်းတာဝန်ဝတ္တရားများအရ ပန်းဥယျာဉ်ဌာနခွဲကို ပန်းဥယျာဉ်ဌာန (Park and Garden Department) ဟူ၍လည်း ခေါ်ဝေါ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရက ဥက္ကလာပ(တောင်/မြောက်)၊ သာကေတ၊ သုဝဏ္ဏမြို့သစ်များနှင့် ကံဘဲ့၊ သက်နန်းကျွန်း၊ အင်းစိန်၊ သမိုင်း၊ ကမာရွတ်စသည့် မြို့မကောင်စီဒေသများအပါအဝင် ရန်ကုန်မြူနီစီပယ်နယ်နိမိတ်ကို (၁–၂–၁၉၆၄) ခုနှစ်မှစ၍ တိုးချဲ့ခဲ့ပါသည်။







မြို့တော်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်သွားသောကြောင့် ပန်းဥယျာဉ်ဌာန၏ လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်လာနိုင်စေရန် ပန်းဥယျာဉ်ဌာနခွဲကို ပန်းဥယျာဉ်ဌာနဟူ၍ ခေါ်ဝေါ်ခဲ့ပြီး ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့တွင် အင်ဂျင်နီယာဌာန (လမ်းနှင့် အဆောက်အဦး)မှ ခွဲထုတ်ကာ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ရုံများဌာနနှစ်ခုပူးပေါင်း၍ (၁-၁-၁၉၆၇) ခုနှစ်မှစ၍ ဆောင်ရွက်စေရန် သီးခြားတာဝန်ပေးအပ်ခဲ့ပါသည်။

အမှုဆောင်အရာရှိချုပ် ဦးစံသာလက်ထက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနအသီးသီးသည် မြို့တော်အဂါရပ်နှင့်ညီညွတ်သော တိုးချဲ့ခဲ့သော မြို့နယ်များအပါအဝင် ၁၉၂၂ ခုနှစ် ရန်ကုန်မြို့နီစီပယ်အဖွဲ့ အက်ဥပဒေအရ ပြဋ္ဌာန်းထားသော အလုပ်ဝတ္တရားနှင့် အခွင့်အာဏာများကို ကျင့်သုံးလျက်လက်ရှိဌာနများ၏ ဖွဲ့စည်းပုံပြင်ဆင်ရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဌာနများ၏ လုပ်ငန်းနှင့် ဝန်ထမ်းတိုးတက်ကောင်းမွန်သက်သာချောင်ချိရှိ ရှိလာစေရန် အဖွဲ့၏ဝင်ငွေများ မှန်ကန်စွာတိုးတက်ကောက်ခံရရှိစေရန် မြို့နေလူထု အကျိုးပြုလုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဌာနများ၏ ဖွဲ့စည်းပုံများကို ပြန်လည်ညှိနှိုင်းရေးဆွဲခဲ့ပါသည်။

ပန်းဥယျာဉ်ဌာနခွဲအား ဌာနကြီးတစ်ခုအဖြစ် ဖွဲ့စည်းပုံအသစ်ကို ရေးဆွဲတင်ပြခဲ့ရာ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံသစ်ကို အတည်ပြုပေးခဲ့သဖြင့် **၁၉၄၈ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန** ဟူ၍ သီးခြားဌာနကြီးတစ်ခုဖြစ်ပေါ်လာပါသည်။ ၁၉၈၄ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ မိမိဌာန၏ ဘဏ္ဍာရေးရငွေ သုံးငွေတို့ဖြင့် သီးခြားရပ်တည်ခဲ့သည်မှာ ယနေ့ထိဖြစ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် မြို့တော်နေ မြို့တော်သူ မြို့တော်သားများ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် အပန်းဖြေအနားယူနေရာများအား ရှုချင်စဖွယ် သာယာလှပအောင် ဆောင်ရွက်ခြင်း၊ အများပြည်သူ အန္တရာယ်ဖြစ်စေမည့် သစ်ပင်အို အခက်အကိုင်များအား ဖယ်ရှားပေးခြင်း၊ မြို့တော်သူ မြို့တော်သားများအတွက် လိုအပ်သော အားကစားပစ္စည်းများကို အများပြည်သူအသုံးပြုနိုင်အောင် တည်ဆောက်ပေးခြင်းတို့ကို ဌာနဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ စနစ်တကျခွဲဝေကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတွင် အရာထမ်း (၄၈)ဦး၊ အမှုထမ်း(၂၁၇)ဦး၊ နေ့စား (၂၁)ဦး၊ ပုံသေ (၃၃)ဦး၊



WA (၁၉၉၇) ဦး၊ စုစုပေါင်း (၁၈၇၆) ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြို့တော်အတွင်းရှိ စည်ပင်သာယာပိုင်ပန်းခြံ၊ ပန်းဥယျာဉ်နှင့် ကလေးအားကစားကွင်းများကို ပြုစုထိန်းသိမ်း၊ မွမ်းမံပြုပြင်ပေးခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ပေးခြင်း။

(ခ) စည်ပင်သာယာပိုင်ပန်းခြံ၊ ပန်းဥယျာဉ်အသီးသီးတွင် ရှုချင်စဖွယ် ပန်းအလှများ၊ ရာသီပန်းများ စိုက်ပျိုးပေးခြင်း၊ ကလေးအားကစားကွင်းများ ဖန်တီးပေးခြင်း၊ ကစားစရာပစ္စည်းများ တီထွင်တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း။

(ဂ) အန္တရာယ်ဖြစ်စေမည့် သစ်ပင်အိုများနှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်လှဲဖယ်ရှားခြင်း၊ လိုအပ်သည့်နေရာများကို ဖြည့်စွက်စိုက်ပျိုးခြင်း။

(ဃ) လမ်းဆုံအဝိုင်းကြီးများ၊ ကြိုဂံကျွန်းများနှင့် လမ်းလယ်ကျွန်းတို့တွင် စိမ်းလန်းစိုပြည်သော သစ်ပင်များ၊ မြက်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း။

(င) ရာသီအလိုက် သစ်ပင်ပန်းပင်များနှင့် ရာသီပန်းများကို ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် မျိုးပွားပေးခြင်း။

(စ) မြို့တော်အတွင်း ရှုခင်းသာနေရာများ ဖန်တီးပေးခြင်း၊ လိုအပ်သည့်နေရာများတွင် စိမ်းလန်းစိုပြည်သော မြက်ခင်းများ၊ လမ်းအလယ်ပန်းခုံများ၊ ပန်းအလှများနှင့် ရာသီပန်းများ ပြုစုပျိုးထောင်ပေးခြင်း၊ ထိန်းသိမ်းခြင်း။

(ဆ) ပန်းဥယျာဉ်နှင့် ပန်းခြံများအတွင်း လိုအပ်သော အဆောက်အအုံများ တည်ဆောက်ပေးခြင်း။

(ဇ) မိမိဌာနအတွက် လိုအပ်သော စက်ပစ္စည်းများ၊ လုပ်ငန်းသုံး စက်ပစ္စည်းများကို ဝယ်ယူခြင်း၊ မှာယူဖြည့်တင်း၍ ပန်းခြံအသီးသီးသို့ စနစ်တကျသုံးစွဲနိုင်ရန် ဖြန့်ဝေပေးခြင်း။

(ဈ) စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ယာဉ်၊ ယန္တရားများ ဝယ်ယူဖြည့်တင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်သုံးဆီတို့အား စီမံခန့်ခွဲခြင်း။

(ည) မြို့တော်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေရန် စိုက်ပျိုးနိုင်သော မြေအလွတ်နေရာများ၌ အရိပ်ရပင်များ၊ သစ်တောပင်များ၊ တစ်အုပ်တစ်မ စိုက်ပျိုးထိန်းသိမ်းခြင်း။

(ဋ) ပန်းခြံဥယျာဉ်ကြီးများမှ ဝင်ငွေရရှိသော လုပ်ငန်းများကို ဖော်ထုတ်ခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဌ) ဌာနရှိ အရာထမ်း၊ အမှုထမ်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းတာဝန်များကို အဆင့်သတ်မှတ်ပေးခြင်း။

(ဍ) မြို့တော်နယ်နိမိတ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း။

(ဎ) အဓိပ်ရေပန်း၊ ပန်းပင်များ၊ မျိုးထောင်ထုတ်လုပ်မှု လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

(ဏ) ကော်မတီနယ်နိမိတ်အတွင်းရှိ မလိုအပ်သောအပင်များ၊ အမြင်မတင့်တယ်သောအပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း။

**ဌာန၏ လုပ်ငန်းအဖွဲ့များနှင့် ဇရိယာ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ လုပ်ငန်းဇရိယာအနေဖြင့် မြို့နယ် (၃၃)မြို့နယ်ရှိ ပန်းခြံ (၆၁)ခြံ၊ အားကစားကွင်း (၁၃၁)ကွင်းအပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဇရိယာအားလုံးတွင် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) **ဌာန(ရုံးချုပ်)ရုံးလုပ်ငန်းအဖွဲ့။** ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားတောင်ဘက်၊ ဦးဥတ္တမပန်းခြံဝင်းအတွင်း ရုံးစိုက်ပြီး၊ ဌာန၏လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) **ခရိုင်(၄)ခရိုင် မြေပြင်လုပ်ငန်းအဖွဲ့။** ခရိုင်ရုံးများဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်ပါသည်-

(၁) အရှေ့ပိုင်းခရိုင် (တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာ ပန်းခြံဝင်း)

(၂) အနောက်ပိုင်းခရိုင် (ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံဝင်း)

(၃) တောင်ပိုင်းခရိုင် (မင်္ဂလာတောင်ညွန့်မြို့နယ်၊ နိုလ်ချုပ်ပန်းခြံဝင်း)

(၄) မြောက်ပိုင်းခရိုင် (မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ပန်းခြံဝင်း)

(ဂ) **သစ်ခုတ်အဖွဲ့။** ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံအတွင်း ရုံးစိုက်၍ အန္တရာယ်ရှိအပင်များ၊ မီးကြိုး/ယာဉ်သွားလမ်းမလွတ်ကင်းသည့် အပင်များ၊ ရေစီးရေလာ မလွတ်ကင်းသည့် အပင်များ၊ အစိုးရပိုင်ဝင်း၊ သာသနာပိုင်ဝင်း၊ ပုဂ္ဂလိကခြံမြေများအတွင်းရှိ အန္တရာယ်ရှိအပင်များ၊ လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်သည့်အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။

(ဃ) **သစ်ပင်ပုံသွင်းဖြတ်ညှိအဖွဲ့။** ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံအတွင်း ရုံးစိုက်၍ မြို့နယ်များအတွင်း အဓိကလမ်းမကြီးများအား ဦးစားပေးလျက် အဓိပ်ရပင်များ ပုံသွင်းခြင်း၊ ဖြတ်ညှိခြင်း၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ/ယာ အဓိပ်ရပင်များ ရာသီအလိုက် အချိန်ပိုင်းခြားသတ်မှတ်၍ ပုံသွင်း၊ ဖြတ်ညှိခြင်း၊ ပြည်သူများ၏ တင်ပြချက်အရလည်းကောင်း၊ နိုင်ငံတော် ပွဲလမ်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း လိုအပ်သည့်နေရာများတွင် အပင်များအား ပုံသွင်းဖြတ်ညှိခြင်းများ ဆောင်ရွက်ပါသည်။

(င) **ရုံးချုပ်အထွေထွေအဖွဲ့။** အဓိကအားဖြင့် လွှတ်တော်ဝင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေးနှင့် အစိုးရဌာနပိုင် ဆေးရုံ ကျောင်း၊ သာသနိကဝင်းများ၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။

(စ) **ပြည်သူ့ရင်ပြင်နှင့် နကွတ်တာရာပြခန်း။** ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း အများပြည်သူအပန်းဖြေနိုင်ရေး၊ နိုင်ငံတော်အဆင့် ပွဲတော်များနှင့် ဘာသာရေးပွဲတော်များအတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် နကွတ်တာရာပြခန်းကို အများပြည်သူအတွက် လေ့လာနိုင်ရန် ထိန်းသိမ်းပြသဆောင်ရွက်ပါသည်။

(ဆ) **လော်ကားစိုက်ခင်း။** ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အဓိပ်ရပင်များ မျိုးထောင်ခြင်း၊ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပလျက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဇ) **မြကျွန်းသာဥယျာဉ်နှင့် အင်းလျားကန်ပေါင်များ။** မရမ်းကုန်းမြို့နယ် မြကျွန်းသာဥယျာဉ်တွင် ပြည်သူများအပန်းဖြေစေရေးနှင့် အင်းလျားကန်ပေါင်(ကမ္ဘာအေး)၊ (ပြည်လမ်း)တို့တွင် ရာသီမရွေး စိမ်းလန်းစိုပြည်သာယာလှပစေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

(ဈ) **အားကစားကွင်းများ။** ပြည်သူများ၏ လိုအပ်ချက်အရလည်းကောင်း၊ **ကော်မတီ၏ (၁) ရပ်ကွက်လျှင် အနည်းဆုံး အားကစားကွင်း(၁)ကွင်း စီမံချက်** အရလည်းကောင်း ဘဏ္ဍာငွေရရှိမှုနှင့် မြေနေရာပိုင်ဆိုင်မှု၊ အကျယ်အဝန်းများပေါ် မူတည်လျက် အများပြည်သူအတွက် အားကစားကွင်းများ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**လက်ရှိဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ**

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတွင် **ပန်းခြံပေါင်း (၆၁)ခြံ၊ အားကစားကွင်းပေါင်း (၁၁၈) ကွင်း၊** တို့ တည်ဆောက်





ထိန်းသိမ်းလျက်ရှိပြီး ဝန်ဆောင်မှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း။
(၂) အရိပ်ရပင်များ ပျိုးထောင်ပြုစုခြင်း။
(၃) သစ်ပင်များ ပုံသွင်းဖြတ်ညှိခြင်း။
(၄) အန္တရာယ်ရှိ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း။
(၅) အများပြည်သူအကျိုးငှာ အစိုးရပိုင် ပြည်သူပိုင် အဆောက်အအုံနှင့် သာသနိကဝင်းများအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း။
(၆) ပွင့်လင်းရာသီ ရေအခက်အခဲရှိသောနေရာများအတွက် ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဖြူးပေးခြင်း။

**အခကောက်ခံခြင်းလုပ်ငန်းများ**

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ကွပ်ကဲမှုအောက်ရှိ ပန်းခြံများ၊ အားကစားကွင်းများတွင် မြေနေရာငှားရမ်းစာချုပ်ဖြင့် ဆောင်ရွက်သော ဆိုင်/လုပ်ငန်းများ(နှစ်ရှည်)အား (၁)နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆို၍ ခေတ်ကာလနှင့်အညီ ငှားရမ်းခများ တိုးမြှင့်ကောက်ခံခြင်း၊ သစ်ပင်ခုတ်ခြင်းအတွက် အခများကောက်ခံခြင်း၊ ဌာနမှ ထိန်းသိမ်းထားရှိသော မြက်ခင်း၊ ပန်းပင်များ၊ ပန်းအိုးများ ပျက်စီးစေခြင်း ဖြစ်ပေါ်ခဲ့ပါက လျော်ကြေးငွေများ (ဒဏ်ကြေး ၅ ဆ) တပ်ရိုက်ကောက်ခံခြင်း၊ ပန်းခြံမြေအတွင်း စီးပွားရေးလုပ်ငန်း ကြော်ငြာခြင်းအတွက် မြေနေရာအသုံးပြုခြင်း၊ ရုပ်ရှင်ဗွီဒီယို ရိုက်ကူးခြင်းများအတွက် အခကြေးငွေ ကောက်ခံခြင်းများကို သတ်မှတ်နှုန်းထားများနှင့်အညီ စနစ်တကျ ကောက်ခံပေးသွင်းဆောင်ရွက်လျက် ရှိပါသည်။

**မြေနေရာငှားရမ်းအသုံးပြုခွင့် လျှောက်ထားခြင်း** (လိုအပ်သော အချက်အလက်များ)

(၁) လျှောက်ထားသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(၂) ဆောင်ရွက်လိုသည့် ပန်းခြံ၊ အားကစားကွင်း
(၃) ဆောင်ရွက်မည့် ရက်/နေ့/အချိန်
(၄) အသုံးပြုလိုသည့် အကျယ်အဝန်း
(၅) ပါဝင်မည့် ပစ္စည်း/လူဦးရေ
(၆) သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့ ထောက်ခံချက် (အသင်းအဖွဲ့ ဟောပြောပွဲ၊ အခမ်းအနား၊ ဈေးပွဲတော်၊ တရားပွဲများ၊ ဂုဏ်ပြုပွဲများ၊ ပျော်ပွဲရွှင်ပွဲများအတွက် လိုအပ်ပါသည်။)


**သစ်ပင်ခုတ်လှဲဖြတ်ညှိခွင့်လျှောက်ထားခြင်း** (လိုအပ်သောအချက်အလက်များ)

(၁) လျှောက်ထားသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(၂) ခုတ်လှဲလိုသည့် သစ်ပင်တည်နေရာ၊ အမျိုးအစား၊ အရေအတွက်၊
(၃) ပတ်ဝန်းကျင်ထောက်ခံချက်
(၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်
(၅) ဓာတ်ပုံမှတ်တမ်း
(၆) သက်ဆိုင်ရာဌာန ထောက်ခံချက်(မိမိခြံဝင်းအတွင်း အဆောက်အအုံဆောက်ရန်အတွက်ဖြစ်ပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ အဆောက်အအုံ ဆောက်လုပ်ခွင့်(သို့မဟုတ်) ခုတ်လှဲလိုခြင်းအတွက် အခြား သက်သေအကြောင်းပြချက်(ခွင့်ပြုချက်) ပူးတွဲတင်ပြရန် လိုအပ်ပါသည်။)



ကောက်ခံလျက်ရှိသော အခအမျိုးအစားနှင့် အခွန်

(က) အပင်များ ခုတ်လှဲရှင်းလင်းခ
(ခ) ပန်းပင်၊ ပန်းအိုး၊ ပျိုးပင်များရောင်းခ
(ဂ) လှူဝင်ခ/ ယာဉ်ဝင်ခ
အာဇာနည်ဗိမာန်
(ဃ) ရုပ်ရှင်/ဗီဒီယိုရိုက်ခ
(င) ယာဉ်/ယန္တရားများငှားရမ်းခ
(စ) အထွေထွေဝင်ငွေ(ငှားရမ်းခ)
(ဆ) အထွေထွေဝင်ငွေ
(ခွင့်ပြုချက်မဲ့ သစ်ပင်ခုတ်ခြင်းအတွက်ဒဏ်ကြေး)



(ဇ) ဆိုင်းဘုတ်ခွန်များ

| စဉ် | အမျိုးအစား | အကျယ်အဝန်း | သတ်မှတ်နှုန်း(ကျပ်) |
|---|---|---|---|
| (က) | စည်ပင်မြေကွက် | ၁ စ/ပေ | ၃၀၀၀ |
| | (ဆိုင်းဘုတ်ခွန်နှုန်းထား+စည်ပင်မြေငှားရမ်းခနှုန်းထားဖြင့် ခွင့်ပြုကောက်ခံပါသည်) | | |
| (ခ) | စည်ပင်မြေနိုက်ဆိုင်းဘုတ် | ၁ စ/ပေ | ၁၀၀၀၀ (၅၀ စ/ပေအထက်) |
| (ဂ) | စည်ပင်မြေနိုက်ဆိုင်းဘုတ် | ၁ စ/ပေ | ၅၀၀၀ (၅၀ စ/ပေ အောက်) |
| (ဃ) | LED ဆိုင်းဘုတ် | ၁ စ/ပေ | ၂၅၀၀၀ (၂၀ စ/ပေ အထက်) |
| (င) | LED ဆိုင်းဘုတ် | ၁ စ/ပေ | ၁၀၀၀၀ (၂၀ စ/ပေ အောက်) |
| (စ) | ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ် | ၁ စ/ပေ | ၁၀၀၀၀ (၃၀၀ စ/ပေ အထက်) |
| (ဆ) | ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ် | ၁ စ/ပေ | ၅၀၀၀ (၃၀၀ စ/ပေ အောက်) |
| (ဇ) | နံရံကပ်ဆိုင်းဘုတ် | ၁ စ/ပေ | ၁၀၀၀၀ (၃၀၀ စ/ပေ အထက်) |
| (ဈ) | နံရံကပ်ဆိုင်းဘုတ် | ၁ စ/ပေ | ၅၀၀၀ (၃၀၀ စ/ပေ အောက်) |
| (ည) | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သောလုပ်ငန်းဆိုင်းဘုတ် | ၁ စ/ပေ | ၂၃၀၀၀ (၁၅ စ/ပေ အထက်) |
| (ဋ) | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သောလုပ်ငန်းဆိုင်းဘုတ် | ၁ စ/ပေ | ၁၃၀၀၀ (၁၅ စ/ပေ အောက်) |

**ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအကြောင်း ထပ်မံသိရှိလိုသော အချက်အလက်များရှိပါက–**

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန (ရုံးချုပ်)၊ ဦးဥတ္တမပန်းခြံ၊ ရွှေတိဂုံဘုရားတောင်ဘက်၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁–၃၇၁၀၀၃၊ ၀၁–၃၇၁၀၀၅ ဖြစ်ပါသည်။

**ချမ်းမြေ့(ECO)**



အဖေ ဆေးရုံကဆင်းတော့ အရင်လို အလုပ်သုံးလေးမျိုး မလုပ်နိုင်တော့ဘူး။ ပင်မအလုပ်တစ်ခုတည်းကိုပဲ လုပ်တော့တယ်။ ဒီတော့လည်း အိမ်အတွက်အသုံးစရိတ်ကလိုလာပြီ။ ဒါကြောင့် ကျွန်တော် ဘိုင်စကယ်လေးကိုရောင်းလိုက်ရတယ်

ကျွန်တော် ကိုးနှစ်သားလောက်တုန်းကပေါ့။ ပိုက်ဆံလိုချင်တာနဲ့ မစ္စတာ မီစယ်လီကို တောင်းဆိုခဲ့တယ်။ မစ္စတာမီစယ်လီဆိုတာ အမေရိကန် ဟာရယ်သတင်းစာကိုယ်စားလှယ်။ ချီကာဂိုမှာ ကျွန်တော်နဲ့ အိမ်နီးချင်း။ ကျွန်တော် ကျောင်းဆင်းချိန် သတင်းစာ လိုက်ပို့လို့ရမလားပေါ့။ ဒီတော့ သူက ကျွန်တော့်မှာ ဘိုင်စကယ်ရှိရင် အလုပ်ပေးမယ်တဲ့။

အဲဒီအချိန်တုန်းက ကျွန်တော့်အဖေက အလုပ် သုံး၊ လေးခုလုပ်နေတဲ့အချိန်၊ နေ့ခင်းမှာ နီယွန်ဆိုင်းဘုတ်လုပ်ငန်း။ ညနေပိုင်းမှာ ပန်းတွေလိုက်ပို့တယ်။ ညရှစ်နာရီကျော်တော့ တက္ကစီမောင်းတယ်။ အဲ့ဒါ ညသန်းခေါင်အထိပဲ။ စနေ၊ တနင်္ဂနွေမှာ အသမခံစာချုပ်တွေကို တစ်အိမ်တက်ဆင်း လျှောက်ရောင်းတယ်။ အဖေက ကျွန်တော့်ကို တစ်ပတ်ရစ် ဘိုင်စကယ်တစ်စီး ဝယ်ပေးတယ်။ အဲဒီနောက် အဖေ ဆေးရုံတက်ရတာနဲ့ ကျွန်တော့်ကို စက်ဘီးစီး သင်မပေးနိုင်ခဲ့ဘူး။

မစ္စတာ မီစယ်လီကလည်း ကျွန်တော် စက်ဘီးရတာနဲ့ သတင်းစာပို့တဲ့အလုပ်ကို ပေးတယ်။ စက်ဘီးစီးတတ်၊ မစီးတတ် မမေးတော့ဘူး။

ပထမတော့ စက်ဘီးလက်ကိုင်မှာ သတင်းစာထည့်ထားတဲ့ အိတ်ကိုချိတ်ပြီး စက်ဘီးကိုတွန်းသွားတယ်။ နည်းနည်းတော့ ကြောင်တယ်။ နောက်တော့လည်း စက်ဘီးကို အိမ်မှာထားခဲ့ပြီး အမေ့ရဲ့ ဈေးဝယ်ထွက်တဲ့ အခါသုံးတဲ့ တွန်းလှည်းလေးကို တောင်းပြီး အလုပ်ဖြစ်ခဲ့တယ်။

အိမ်ပေါက်စေ့ သတင်းစာပို့ရတဲ့ အလုပ်က တကယ်တော့ မလွယ်လှဘူး။ အိမ်ထဲကို ရှောရှောရှူရှူ ရောက်မသွားရင် အခက်။ ကျွန်တော်က တွန်းလှည်းလေးကို လမ်းဘေးမှာထားပြီး သတင်းစာကို ချိန်သားကိုက် ပစ်ပေးရတယ်။ အလွဲအချော်ရှိခဲ့ရင်လည်း ပြန်ကောက်ယူပြီး ပြန်ပစ်ပေးတယ်။ ပြီးပြီးရော မလုပ်ဘူး။

တနင်္ဂနွေနေ့များမှာတော့ သတင်းစာက ပိုထူတယ်။ တွန်းလှည်းကို တွန်းဆွဲရတာ ပိုခက်တယ်။ ဒါပေမဲ့ ကျွန်တော်က သတင်းစာကို အိမ်တွင်းရောက်အောင်ပဲ ပို့ခဲ့ရတယ်။ မိုးရွာတဲ့နေ့တွေမှာတော့ အဖေ့ မိုးကာအကျႌနဲ့ သတင်းစာတွေကို ထုပ်ပိုးပြီး ရေမစိုအောင်နဲ့ သတင်းစာကို အမိုးအကာ တွင်းရောက်အောင် ပို့နိုင်ခဲ့တယ်။



တွန်းလှည်းနဲ့ သတင်းစာပို့တဲ့လုပ်ငန်းက စက်ဘီးနဲ့ပို့ရတာထက် ပိုကြာတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်မပျက်ဘူး။ အိမ်နီးချင်းတွေကို လူကုန်တွေ့ရတယ်။ သူတို့တစ်တွေက လက်လုပ်လက်စားတွေများတယ်။ လူကတော့ လူစုံပဲ။ အီတာလျံ၊ ဂျာမန်၊ ပိုလန်အနွယ်အဆက်တွေပါတယ်။ သွားရင်း လာရင်းနဲ့လည်း လမ်းမှာတွေ့တဲ့ ခွေးလေး ကြောင်လေးတွေကိုလည်း ငေးကြည့်တဲ့အခါ ငေးကြည့်မိတယ်။

အဖေ ဆေးရုံကဆင်းတော့ အရင်လို

အလုပ် သုံးလေးမျိုး မလုပ်နိုင်တော့ဘူး။ ပင်မအလုပ်တစ်ခုတည်းကိုပဲ လုပ်တော့တယ်။ ဒီတော့လည်း အိမ်အတွက် အသုံးစရိတ်က လိုလာပြီ။ ဒါကြောင့် ကျွန်တော် ဘိုင်စကယ်လေးကို ရောင်းလိုက်ရတယ်။ စက်ဘီးဝယ်ထားပြီး အစီးမသင်ရသေးခင် စက်ဘီးကို ရောင်းလိုက်ရပေမဲ့ ကျွန်တော်က မနှမြောခဲ့ပါဘူး။

ကျွန်တော် စက်ဘီးမရှိတော့တာကို မစ္စတာမီစယ်လီသိပေမဲ့ ဘာမှမပြောဘူး။ အေးလေ သူကလည်း ကျွန်တော်တို့လို လူငယ်လေးတွေကို သတင်းစာပို့တဲ့ကိစ္စအလွဲ အချော်ဖြစ်ရင်သာ ဆူတာငေါက်တာ၊ ကျန် တဲ့အချိန် စကားပြောခဲတယ်။

**အိမ်ထဲမှာက ကျွန်တော့်ဆီက သတင်းစာဝယ်နေကျ**

**ဖောက်သည်အားလုံး ရောက်နေပါလား။**

**အလယ်မှာ စက်ဘီးအသစ်လေးတစ်စီးထောင်လို့ . . .**

နှစ်လအတွင်းမှာ ကျွန်တော်တာဝန်ယူထားတဲ့ သတင်းစာဖောက်သည် ၃၆ ဦးက နေ ၅၉ ဦးထိ တိုးပွားလာတယ်။ ဖောက်သည်ဟောင်းတွေကတစ်ဆင့် အသိပေးတာရှိသလို၊ ကျွန်တော် သတင်းစာပို့ရင်း လမ်းမှာတွေ့လို့ မှာခဲ့တာတွေလည်း ရှိတယ်။



ကျွန်တော်က သတင်းစာတစ်စောင်ကို တစ်ပဲနီရတယ်။ တနင်္ဂနွေနေ့တွေမှာတော့ ငါးဆင့်ရတယ်။ ကြာသပတေးနေ့ ညနေပိုင်း သတင်းစာဖိုး လိုက်ကောက်ရတယ်။ အဲဒီမှာ ဖောက်သည်တွေက ၅ ဆင့်၊ ၁၀ ဆင့် စသဖြင့် အပိုဆောင်းပေးတတ်ကြတယ်။ ကျွန်တော့်အဖို့ မစ္စတာမီစယ်လီဆီက လစာရသလို ဖောက်သည်တွေဆီက မုန့်ဖိုးရနေတော့ အဖေ့ဘက်က ဝင်ငွေနည်းနေတဲ့အချိန် ကျွန်တော့်ဆီက အမေ့စျေးဖိုး ခုနိုင်ခဲ့တယ်။

၁၉၅၁ ခုနှစ်၊ ခရစ္စမတ်ကာလမတိုင်မီ တစ်ခုသော ကြာသပတေးနေ့မှာပေါ့ဗျာ– ကျွန်တော်က သတင်းစာဖိုးကောက်ဖို့ ပထမဆုံး ဖောက်သည်အိမ်က ခေါင်းလောင်းလေးကို တီးလိုက်တယ်။ အိမ်မှာ မီးတွေလင်းနေပေမယ့် ဘယ်သူမှ တံခါးလာဖွင့်မပေးဘူး။ ကျွန်တော် နောက်တစ်အိမ်ကို သွားတယ်။ ထိုအတူပဲ တစ်အိမ်ပြီးတစ်အိမ် ကျွန်တော် ခေါင်းလောင်းဆွဲတယ်။ ဘယ်သူမှ အိမ်မှာမရှိခဲ့ကြဘူး။

ကျွန်တော် အတော်စိတ်ပူသွားတယ်။ ဒီနေ့ ကောက်လို့ရမှ မနက်ဖြန် သောကြာနေ့မှာ သတင်းစာဖိုးပေးနိုင်မှာလေ။ ခရစ္စမတ်ကလည်း အတော်လေးနီးကပ်နေပြီဖြစ်လို့ လူတွေအားလုံး ဈေးဝယ်ထွက်လိမ့်မယ်လို့လည်း ကျွန်တော် မတွေးမိဘူး။ ဒီလိုနဲ့ ဂေါ်ဒွန်ရဲ့ အိမ်ကိုရောက်တော့ သီချင်းသံတွေ၊ ဂီတအသံတွေကြားခဲ့ရတယ်။ ကျွန်တော် ခေါင်းလောင်းတီးလိုက်တော့ ချက်ချင်းဆိုသလိုပဲ တံခါးဖွင့်ပေးပြီး မစ္စတာဂေါ်ဒွန် ထွက်လာတယ်။ ပြီးတော့ ကျွန်တော့်ကို အိမ်ထဲဆွဲသွင်းလိုက်တယ်။



''မနက်ဖြန် ၁၀ နာရီလောက်
မင်းစက်ဘီးယူလာခဲ့၊
ဘယ်လိုစီးရတယ်ဆိုတာ
ငါသင်ပေးမယ်''လို့ သူက
ခရီးရောက်မဆိုက်
ပြောပါတယ်။

အလို– အိမ်ထဲမှာက ကျွန်တော့်ဆီက သတင်းစာဝယ်နေကျ ဖောက်သည်အားလုံး ရောက်နေပါလား။ အလယ်မှာ စက်ဘီး အသစ်လေးတစ်စီးထောင်လို့၊ အနီရောင်လေး လှလိုက်တာဗျာ။ ကလင်–ကလင်လေးလည်း ပါတယ်။ မီးလုံးလေးလည်း ပါတယ်။ ရောင်စုံ စာအိတ်လေးတွေက ချိတ်လို့၊ လက်ကိုင်မှာ ကင်းဗတ်အိတ်တစ်လုံး ပါသေးတယ်။

''ဒါ–မင်းအတွက်၊ ငါတို့စုဝယ်ပေးတာ''လို့ မစ္စတာဂေါ်ဒွန်ကပြောပါတယ်။

ရောင်စုံစာအိတ်တွေမှာလည်း ခရစ္စမတ်ကတ်လေးတွေ ချိတ်ထားတယ်။ စာအိတ်ထဲမှာက တစ်ပတ်စာ သတင်းစာဖိုး ထည့်ပေးထားတယ်။ သတင်းစာဖိုး ကျသင့်ငွေတင် မကပါဘူးဗျာ။ အပိုဆောင်း မုန့်ဖိုးပါ ထည့်ပေးသေးတယ်။ ကျွန်တော်တော့ အံ့ကိုသြရော၊ ဘာပြောလို့ ဘာဆိုရမှန်းတောင် မသိတော့ဘူး။

တခဏကြာတော့ ကြီးတော်ကြီးတစ်ယောက်က အားလုံးငြိမ်ငြိမ်နေကြဖို့ပြောပြီး ကျွန်တော့်ကို အခန်းရဲ့အလယ်ကို ခေါ်သွားတယ်။ ''ဒီကလေးဟာ ကျွန်မတို့ကြုံခဲ့သမျှ သတင်းစာပို့သမားထဲမှာ အကောင်းဆုံးပဲ၊ တစ်ခါမှ သတင်းစာမလာတာတို့၊ နောက်ကျတာတို့ မရှိခဲ့ဘူး။ ပြီးတော့ သတင်းစာ ရေလည်းမစိုဘူး''လို့ပြောတယ်။ ပြီးတော့ ဆက်ပြောတာက ''ဒီကလေးဟာ ဘယ်လောက် မိုးရွာရွာ၊ နှင်းကျကျ တွန်းလှည်းလေးနဲ့ သွားနေတာ မြင်နေရတာပဲ၊ ဒီတော့ ဒီကလေးမှာ ဘိုင်စကယ်တစ်စီး ရှိသင့်တယ်လို့ ကျွန်မတို့စဉ်းစားမိတယ်'' ဆိုပဲ။

ကျွန်တော် ပြန်ပြောနိုင်တာက ''အားလုံးကို ကျေးဇူးတင်ပါတယ်''ဆိုတာကိုပဲ အကြိမ်ကြိမ်ပြောမိပါတယ်။

အိမ်ကိုပြန်ရောက်လို့ ရေတွက်ကြည့်တော့ သူတို့တစ်တွေ အပိုပေးလိုက်တဲ့ မုန့်ဖိုးက ဒေါ်လာ ၁၀၀ တောင် ကျော်ပါလား။ အဲဒီ ခရစ္စမတ်ကာလကတော့ ကျွန်တော်တို့ မိသားစုအတွက် အထူးမမေ့နိုင်တဲ့ ဟော်လီး ဒေးပေါ့ဗျာ။

သတင်းစာ ဖောက်သည်တွေက မစ္စတာ မီစယ်လီကို အကြောင်းကြားထားပုံရတယ်။ အကြောင်းကတော့ ကျွန်တော် နောက်တစ်နေ့ သူ့အိမ်ရောက်တာနဲ့ မစ္စတာ မီစယ်လီက အိမ်အပြင်ထွက်ပြီး စောင့်နေတယ်။ ''မနက်ဖြန် ၁၀ နာရီလောက် မင်းစက်ဘီးယူလာခဲ့၊ ဘယ်လိုစီးရတယ်ဆိုတာ ငါသင်ပေးမယ်''လို့ သူက ခရီးရောက်မဆိုက်ပြောပါတယ်။

ဒီလိုနဲ့ စက်ဘီးစီးသင်လာတာ အတော်လေး စီးတတ်တာနဲ့ မစ္စတာမီစယ်လီက သတင်းစာပို့ဖို့ နောက်တစ်ကြောင်း



ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ရင်
အခု ကျွန်တော်ရခဲ့တဲ့ ခရစ္စမတ်လက်ဆောင်မျိုး ရနိုင်တယ်ဆိုတာပဲ။
တစ်ဦးက စေတနာထားရင် တစ်ဖက်က...

ဆွဲပေးပါတယ်။ ဒီ ဒုတိယတစ်ကြောင်းမှာလည်း ဖောက်သည် ၄၂ ဦးရပါတယ်။ စက်ဘီးအသစ်လေးနဲ့ လမ်းကြောင်းနှစ်ခုလုံးကို သတင်းစာပို့တာ အရင်တွန်းလှည်းလေးနဲ့ လမ်းကြောင်းတစ်ခုတည်းကို ပို့တာထက် အချိန်ပိုတိုတယ်။

တစ်ခုတော့ရှိတယ်။ မိုးရွာတဲ့အခါ စက်ဘီးမစီးတော့ဘူး။ အရင်တွန်းလှည်းလေးကိုပဲပြန်ယူပြီး မိုးမစိုအောင် သတင်းစာကိုထုပ်ပိုးပြီး သယ်ရပို့ရတယ်။ အဲဒီအခါမျိုးမှာ သတင်းစာရေမစိုအောင် သတိထားပြီးတော့ သတင်းစာကို ပစ်ပေးရတယ်။

အလယ်တန်းကျောင်းပြီးတော့ ကျွန်တော် စစ်တပ်ထဲဝင်ခဲ့တယ်။ ကျွန်တော့် စက်ဘီးအသစ်လေးကို အငယ်ကောင် တက်ဒ်ကို ပေးပစ်လိုက်တယ်။

ချီကာဂိုက သတင်းစာယူတဲ့ ဖောက်သည်တွေကို ကျွန်တော် အမြဲပဲသတိရနေမိတယ်။ အင်မတန်အဖိုးတန်တဲ့ သင်ခန်းစာကို ရလိုက်တယ်။ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ရင် အခု ကျွန်တော်ရခဲ့တဲ့ ခရစ္စမတ်လက်ဆောင်မျိုး ရနိုင်တယ်ဆိုတာပဲ၊ တစ်ဦးက စေတနာထားရင် တစ်ဖက်က မေတ္တာပြန်တာပဲလေ။ ။

**မောင်သီဟ**

Ref: Reader's Digest April,1996

## ဥပဒေအတိုင်း အခွန်စည်းကြပ်



နယူးဂျာစီ(New Jersey) မှာ နေထိုင်တဲ့ လူတစ်ယောက် ဆိတ်တစ်ကောင် ဝယ်မွေးထားတယ်။ သူ့အိမ်ဘေးကလူက ဒေသဆိုင်ရာ အခွန်ဝန်ထမ်း။ သူ့အိမ်ရှေ့မှာ ဆိတ်ကို တွေ့တွေ့နေရလို့ ဆိတ်ကို စိတ်ညစ်နေတယ်။

ဒါနဲ့ တစ်နေ့၊ ဆိတ်ကို ၄ ဒေါ်လာ အခွန်စည်းကြပ်လိုက်တယ်။ ဆိတ်ပိုင်ရှင်က မကျေနပ်ဘူး။ ဘယ်ဥပဒေနဲ့ စည်းကြပ်တာလဲဆိုပြီး ဥပဒေကြောင်းအရ လာရှင်းပြဖို့ တောင်းဆိုတယ်။

''နယူးဂျာစီအစိုးရရဲ့ ဥပဒေအရ စည်းကြပ်တာ''လို့ အခွန်ကောက်တဲ့လူက ပြောတယ်။

''ဟုတ်ပါပြီ၊ အဲဒီဥပဒေက ဘယ်လိုဆိုတာနဲ့ပြောပါဦး''

ဟောဒီ ဥပဒေစာအုပ်မှာ-

''အများပြည်သူအသုံးပြုတဲ့ လမ်းပေါ်ကို ကျူးထားတဲ့ ပစ္စည်းမှန်သမျှ အခွန်ဆောင်ရမည်။ ခြေနှစ်ချောင်းအတွက် နှစ်ဒေါ်လာနှုန်း''လို့ အခွန်စည်းကြပ်သူက ခပ်ပြတ်ပြတ်ပြောလိုက်ပါတယ်။

**မောင်သီဟ**

City MAGAZINE



# မိဘ နှင့် သားသမီးများ

❒ ကိုဇေ

ကံကြုံလို့ ရေစက်ဆုံကြသည်မှာ ဘဝကံကြမ္မာရဲ့ ရေစီးကြောင်းလေးတစ်ခု… ကံစီမံရာကိုလိုက်ပြီး…ဖြစ်တည်ပျက်နေဆဲ။

၁၅၀၀ ကီလေသာတဏှာပါတဲ့အချစ်၊ ၅၂၈ ဖြူစင်သန့်ရှင်းတဲ့ ချစ်မေတ္တာ စေတနာသံယောဇဉ်တွေသည်လည်း ဖြစ်တည်ပျက်နေဆဲ။

လူ့ဘဝမှာ ခဏတာလို့ဆိုကြသော်လည်း ဘဝသံသရာဝဲဩဃမှ မလွတ်ကင်းနိုင်သရွေ့တော့ လောကီဘုံမှာ အဖန်တလဲလဲ ဖြစ်တည်ပျက်နေဆဲ။

အနိစ္စ ဒုက္ခ အနတ္တတွေနဲ့ ဘယ်အရာမှမတည်မြဲတဲ့ လူ့လောကကြီးထဲသို့ မိဘတွေက ကျွန်တော်တို့စိတ်နှင့် ခန္ဓာကိုယ်ဖြစ်တည်လာရအောင် မွေးဖွားပေးခဲ့ပါသည်။ ထို့အတူပဲ မိဘနှင့်သားသမီးတို့ရဲ့ မိသားစုဘဝတွေကလည်း ဖြစ်တည်ပျက်နေဆဲ။

ဤရွှေဉာဏ်မှု ဖြစ်တည်ပျက်စဉ်တွေကို ဖြစ်ရပ်မှန်ကိုအခြေခံပြီး အရှိအတိုင်းပဲဆန်းစစ်လေ့လာ၊ စဉ်းစားဆင်ခြင်ကြည့်လိုက်မိပါသည်။

❒ ❒ ❒



ကျွန်တော့်ဘဝ သိတတ်စအရွယ်မှ စပြီး ပစ္စုပ္ပန်အခြေအထိ ဖြစ်တည်ပျက်စဉ်တွေ တစ်နံတစ်လျားကို ပြန်လှည့်ကြည့်လိုက်မိမယ်ဆိုရင်...။

ဂျပန်ခေတ်တွင် ဂျပန်တွေရဲ့ရန်ကို ကြောက်လို့ နှစ်ဖက်သော မိဘများက သဘောတူ ပေးစားခဲ့တာကြောင့် အိမ်ထောင်ရေးဆိုတာ ဘာမှ ဂဃနဏမသိသေးဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ကျွန်တော့်မိဘတွေ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရပါသည်။

ညီအစ်ကိုမောင်နှမ ခုနစ်ဦးရှိသည့်အနက် ကျွန်တော်သည် ငါးယောက်မြောက်သားဖြစ်ခဲ့ပါသည်။ ငါးနှစ်သားအရွယ်တွင် မုံရွာမြို့မှ ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းရှိ ပုဂံလမ်းအိမ်သို့ ကျွန်တော်တို့မိသားစုကြီး ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ဖခင်သည် တက္ကသိုလ်နည်းပြဆရာတစ်ဦး ဖြစ်သည်နှင့်အညီ စာအုပ်စာပေသူ့အပေါင်းအသင်းမိတ်ဆွေတွေမှာ လက်ချောင်းပြည့်အောင် မရှိခဲ့ပါ။ အိမ်မှာ ဝင်ထွက်သွားလာ စားသောက်ပြောဆို ဆက်ဆံနေသည်က အမေ့ဘက်မှ ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေသာ ဖြစ်ပါသည်။ စီးပွားရေးဆိုတာ စာအုပ်ထဲမှာ ရေးထားတာပဲရှိပါသည်။ လုပ်ဖို့ စိတ်မဝင်စားသကဲ့သို့ လုပ်လည်း မလုပ်တတ်ပါ။ အရက်၊ ကွမ်းယာ၊ ဆေးလိပ်တို့ကို မသောက်စားတတ်သလို လောင်းကစားလည်း မလုပ်တတ်ပါ။ ဖခင်ရဲ့ မွေးရာပါဇာတိအကျင့်စရိုက်မှာ သူ့အလို မကျတိုင်း ထစ်ခနဲဆို ဒေါသရှေ့ထား၊ တွေ့ကရာနဲ့ ရိုက်တတ်၊ ပစ်ပေါက်တတ်ပါသည်။

လင်သားရဲ့ ရမယ်ရှာ
ဆူပူကြိမ်းမောင်း
ရိုက်နှက်နှိပ်စက်တာခံပြီး
မျက်ရည်နဲ့မျက်ခွက် ဖြစ်ခဲ့ရ၊
ပျော်ရွှင်ကြည်နူးမှု မရှိခဲ့ရပေမယ့်
သားသမီးတွေ အပေါ်ထားရှိခဲ့တဲ့
မိခင်ရဲ့ချစ်မေတ္တာ
စေတနာသံယောဇဉ်တွေကြောင့်

ဒီလိုအချိန်မှာ ဒေါသစိတ်မွှန်ကာ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေတွေလို မမြင်တော့၊ တခြားသူတွေကိုလည်း အကောင်းမမြင်တတ်သလို အယုံအကြည်မရှိတဲ့ တစ်ဖက်စွန်းရောက် တယူသန်လို့ ဆိုရပေမည်။

မိသားစုရဲ့ စားဝတ်နေရေးကိုလည်း မပူပန်တတ်ပါ။ ပူပန်စရာမလို၊ လိုလေသေးမရှိရလေအောင် စီးပွားရေးတောင့်တင်းနိုင်မာတဲ့ ယောက္ခမ(အမေရဲ့မိဘ)တို့မှ ဖြည့်ဆည်းပေးထားလေသည်။ ဖခင်ရဲ့ လစာဝင်ငွေက သူ့အတွက် အသားတင်၊ သူကြိုက်နှစ်သက်သော စာအုပ်များဝယ်ယူကာ အိမ်စာကြည့်တိုက်ဟု တံဆိပ်တဲ့ထုကာ သိမ်းထားသည်။ အပြင်မှာ အပျော်အပါးလိုက်စား သုံးဖြုန်းကုန်ခနတတ်ပါသည်။

မိခင်ရဲ့ အိမ်ထောင်ရေးဘဝမှာ လင်ယူသားမွေးကာ နိစ္စဓူဝ အိမ်ထောင်မှုတာဝန်ရကိစ္စ အလုပ်များကို အိမ်အကူများနှင့်အတူ အချိန်ကုန်ခဲ့ရပါသည်။ သားသမီးတွေရဲ့ ဘာလုပ်ချင်တယ်ဆိုတာ ဖခင်ကိုမပြောရဲသမျှ ဒီမှာ လာတိုင်တည်ပြီး နှိုသက်ခံစိုတာကိုလည်း ခံရ၊ ဒီကြားထဲ လင်သားရဲ့



ရမယ်ရှာ ဆုပ္ပကြိမ်းမောင်း ရိုက်နှက်နှိပ်စက်တာခံပြီး မျက်ရည်နဲ့မျက်ခွက် ဖြစ်ခဲ့ရ၊ ပျော်ရွှင်ကြည်နူးမှု မရှိခဲ့ရပေမယ့် သားသမီးတွေအပေါ် ထားရှိခဲ့တဲ့ မိခင်ရဲ့ချစ်မေတ္တာစေတနာသံယောဇဉ်တွေကြောင့် ဒီမိသားစုမပြိုကွဲရလေအောင် ကျိတ်မှိတ်အောင့်အည်းသည်းခံကာ ဝတ္တရားမပျက်ကွက်အောင် လုပ်ကိုင်ပေးနေခဲ့သည်မှာ အမေရဲ့ ဘဝတစ်လျှောက် ဝဋ်ကြွေးကြီးတစ်ခုလိုပါပဲ။

ဒီလို မိသားစုနောင်ရေးကို ကြိုတင်သိမြင်၊ နောင်အနာဂတ်မှာ စားဝတ်နေရေးကို စိုးရိမ်ပူပန်စွာဖြင့် ကျွန်တော့်အဖိုးအဖွား (အမေရဲ့မိဘ)တို့မှ ကိုယ်ပိုင်မြေ၊ အိမ်နှင့်ကားစီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ပေးခဲ့သော်လည်း တက္ကသိုလ်ရဲ့ နည်းပြဆရာနှင့်မအပ်စပ်၊ မတော်တယ်၊ မလိုက်ဖက်၊ ရှက်စရာလို့ အကြောင်းပြပြီး စီးပွားရေးမလုပ်ချင်၊ မလုပ်တတ်ခဲ့တာကို ဇီတိုအာဏာနဲ့ ပယ်ဖျက်ပစ်လိုက်ပါသည်။ ဆိုလိုရင်းမှာ မိသားစုရဲ့နောင်ရေးကို မစဉ်းစားသကဲ့သို့ စားဝတ်နေရေး နောင်အနာဂတ်ကိုလည်း မပူပန်ပါ။ သူတစ်ပါးလုပ်ပေးတာကိုလည်း အောက်ကျတယ်လို့ ထင်မြင်ယူဆသကဲ့သို့ သူတစ်ပါးကိုလည်း မယုံကြည်တတ်သူမှာ တစ်ကိုယ်ကောင်းဆန်ခြင်းဖြစ်တဲ့ မိမိအဆင်

စီးပွားရေး ဝင်ငွေမရှာတတ်သော

ဖခင်၊ စီးပွားရှာဖွေခွင့်

မပေးထားသော

မိခင်တို့မှာလည်း

မရှိဝမ်းစာဆိုပြီး မိခင်ရဲ့

မိဘတွေ ဆင်ယင်ပေးထားသော

အဖိုးတန် စိန်၊ ရွှေ

ကျောက်မျက်ရတနာတွေကို

အရည်ဖျော်ပစ်လိုက်တာ...

ပြေနေရင်ပြီးရောဆိုသူပင် ဖြစ်ပါသည်။

ခေတ်စနစ်နှင့် နှစ်တွေပြောင်းလဲလာခဲ့သည်။ ဖခင်သည်လည်း အလုပ်ရာထူးတက်ကာ မော်ကွန်းထိန်းအဖြစ်နဲ့ မင်္ဂလာဒုံဘက်သို့ မိသားစုကြီး ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ ထိုကဲ့သို့ သင်ကြားရေးမှ အုပ်ချုပ်ရေးသို့ ပြောင်းရွှေ့လုပ်ကိုင်ရချိန်မှာလည်း စာအုပ်ကြီးထဲကအတိုင်း ဏ်သည့်မလွဲ အုပ်ချုပ်လိုက်သောအခါ ရုံးလုပ်ငန်းသည့် မချောမွေ့တော့ပါ။ သူ့အလုပ်မှာ စိတ်တိုင်းမကျတာကို အိမ်ကမိသားစုထံသယ်ဆောင်လာပြီး ထစ်ခနဲဆို ဗြုန်းဗြိမ်းသံနေတာကြောင့် မိသားစု စိတ်မချမ်းသာရပါ။ သူလုပ်ကိုင်ဆက်ဆံနေရသော ပတ်ဝန်းကျင်ကလည်း သူ့ရှေ့တွင် မပြောခဲ့ကြသော်လည်း ကွယ်ရာမှာတော့ အတင်းပြောကာနာမည်ဆိုးကြီးဖြစ်နေပြီ။ မလွှဲမရှောင်သာ လုပ်ငန်းဆိုင်ရာအရ ဆက်ဆံနေကြရသော်လည်း ရွံကြောက်မုန်းတီးနေကြလေသည်။

ခေတ်စနစ်တွေနှင့်အညီ မိသားစုရဲ့စားဝတ်နေရေး ကုန်ကျစရိတ် ပိုကြီးမားလာလေသည်။ အဘိုးအဘွားလည်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ ယခင်ကလိုစီးပွားရေးကို မလုပ်နိုင်၊ မရှာဖွေနိုင်တော့ပါ။ ထို့ကြောင့် လုံလောက်အောင် ထောက်ပံ့ပေးနိုင်ခြင်းလည်း မရှိတော့ပါ။

စီးပွားရေး ဝင်ငွေမရှာတတ်သော ဖခင်၊ စီးပွားရှာဖွေခွင့် မပေးထားသော မိခင်တို့မှာလည်း မရှိဝမ်းစာဆိုပြီး မိခင်ရဲ့မိဘတွေ ဆင်ယင်ပေးထားသော အဖိုးတန်စိန်၊ ရွှေ၊ ကျောက်မျက်ရတနာတွေကို အရည်ဖျော်ပစ်လိုက်တာ၊ အရည်ပျော်အငွေ့ပျံကုန်ပြီး ဤကဲ့သို့သော မိသားစု



အခြေအနေမှာ ကျွန်တော့်အစ်ကို အစ်မတွေသည် ဘွဲ့ရပြီးအလုပ်ဝင်ရသည်နှင့် တစ်ပြိုင်နက်တည်း အိမ်ထောင်ပြုကာ လွတ်ရာလွတ်ကြောင်း အိမ်မှထွက်ပေါက်ရှာသွားကြပါသည်။ ဒီနေရာမှာ ဖခင်ရဲ့ပါဒက ရှင်းပါတယ်။ ကိုယ်ကတဲ့ဖာတ်ကို ကိုယ့်ဘာသာနိုင်အောင် ဆက်ကကြရန်သာ ဖြစ်ပါသည်။ ဖခင်သည် အဆိုမပြုသလို မထောက်ခံပါ။ ဘာသိဘာသာ ကြားနေလက်ရှောင်နေပြီ။

ထိုကဲ့သို့ ဖြစ်တည်မှုက်နေချိန်မှာ ကျွန်တော်သည် အခြေခံပညာရေး အထက်တန်းအစိုးရစစ်စာမေးပွဲကို 'ခ' စာရင်းနှင့် အောင်သည့်အတွက် ငြိမ်သည်ဝရှုမရှောင် တံမြက်စည်းနှင့်ရိုက်နှက်ကာ အိမ်မှနှင်ချခံလိုက်ရသောအဖြစ်က ကျွန်တော့်ဘဝရဲ့ တစ်ဆစ်ချိုးပြောင်းလဲသွားတဲ့ကံကြမ္မာရေစီးကြောင်းလေးတစ်ခုပါပဲ။

❒ ❒ ❒

မိဘရိပ်အောက်မှ ထွက်ခဲ့ရပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာရပ်တည်ချိန်မှာတော့ စားဝတ်နေရေးအတွက် လက်တွေ့ ဘဝလမ်းအစက ကြမ်းတမ်းလို့ မှန်တိုင်းထန်ခဲ့လေပြီ။

မျိုးရိုးမရှိပါဘဲ မြင်းဆရာ၊ ကြားဆရာ

---

**မိဘရိပ်အောက်မှ ထွက်ခဲ့ရပြီး**
**ကိုယ့်ခြေထောက်ပေါ်**
**ကိုယ့်ဘာသာရပ်တည်ချိန်**
**မှာတော့**
**စားဝတ်နေရေးအတွက်**
**လက်တွေ့ ဘဝလမ်းအစက**
**ကြမ်းတမ်းလို့**
**မုန်တိုင်းထန်ခဲ့လေပြီ။**

---

တွေနဲ့ ပါသနာစီအေရ နေဖို့ စားဖို့အတွက် သူငယ်ချင်းရဲ့တီးဝိုင်းမှာ ဒရမ်တီးတဲ့ ဒရမ်မာ လုပ်ခဲ့ပြီး။ တစ်ဖက်မှာလည်း ကြော်ငြာပိုစတာ၊ ရုပ်ပြကာတွန်းရေးဆွဲကာ ရှန်းကန်လှုပ်ရှား လုပ်ကိုင်ရပ်တည်နေခဲ့ရပါသည်။

ဒီလိုနဲ့ တစ်နှစ်ကျော်ကာလ ကုန်လွန်သွားချိန်မှာ နယ်မှ အဘိုးအဘွားတို့ သိသွားကာ ကျွန်တော့်ကို သူတို့နှင့်လာနေရန် ခေါ်လေသည်။ အဘိုးအဘွားတို့ရှိရာ နယ်သို့ ကျွန်တော်သွားကာ၊ သူတို့ရဲ့ စီးပွားရေးလုပ်ငန်း ကူညီလုပ်ကိုင်ပေးရင်း နေခဲ့သည်။ အဘိုးအဘွားတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ အခြေခံပညာရေး အထက်တန်းအစိုးရ စာမေးပွဲကြီးကို ကြိုးစားဝင်ရောက်ဖြေဆိုခဲ့ပါသည်။

❒ ❒ ❒

ကျွန်တော့်ဘဝကံကြမ္မာ တစ်ဆစ်ချိုးထပ်မံပြောင်းလဲလို့ သွားခဲ့ပြန်ပါပြီ။

ရန်ကုန်စက်မှုတက္ကသိုလ် တတိယနှစ်၊ လျှပ်စစ်(စွမ်းအင်)အင်ဂျင်နီယာကျောင်းသားအဖြစ် တက်ရောက်ခဲ့တဲ့ဘဝ။

ကမ္ဘာ့ရေပြင်တလွှား သင်္ဘောကုန်းပတ် အလုပ်သင်အရာရှိအဖြစ်နဲ့ စတင်တက်ရောက် လုပ်ကိုင်ခဲ့ရာမှ ကပ္ပိတန်ကြီးဖြစ်လာခဲ့ရသော ရေပျော်ငါးလိုဘဝ။

ရေအဆုံး ကုန်းတစ်ဝက်လုပ်ရသော ကမ်းလွန်ရေနံရှာဖွေတူးဖော်တည်ဆောက်ရေး ကုမ္ပဏီကြီးတွင် ရေကြောင်းအရာရှိဖားတစ်ပိုင်း ငါးတစ်ပိုင်းလိုဘဝ။

ကျွန်တော့်ကို အင်ဂျင်နီယာဖြစ်စေလိုသော မြင်ချင်တဲ့ အဘိုးအဘွားတို့ရဲ့ စိတ်ဆန္ဒကိုဖြည့်ဆည်းပေးတဲ့အနေနဲ့ တက္ကသိုလ်



ပြန်ထက်ခဲ့သော ကျောင်းသားဘဝ။

Mechatronic အင်ဂျင်နီယာအဖြစ်နဲ့ စင်ကာပူနိုင်ငံရဲ့ အစိုးရသင်္ဘောကျင်းနှင့် ဖာဆောက်အဖွဲ့ကြီးများ၊ တည်ဆောက်ရေး ကုမ္ပဏီကြီးတွင် လုပ်ကိုင်ဆောင်ရွက်ရင်း ကျွန်တော့်ဘဝ ဖြတ်သန်းလာခဲ့နိုင်ပါသည်။ စားဝတ်နေရေး လူနေမှုအဆင့်အတန်း မြင့်မားစေတဲ့ ဝီစွာ ကျွန်တော်နေထိုင်စား သောက်နိုင်ခဲ့ပါသည်။

❐ ❐ ❐



ငယ်ရွယ်စဥ်တုန်းက ကျွန်တော်သည် ငယ်စိတ်မာန်မာနတွေနဲ့ ကျွန်တော် ဆုံးဖြတ် လုပ်ဆောင်ချက်၊ ပြုမူနေထိုင်ပြောဆိုခြင်း များသည် အကောင်းဆက် အဆိုးအပြစ်များ သာ ဖြစ်ခဲ့ပါသည်။ နောင်းနောင်တတွေ လည်း ရခဲ့မိပါသည်။

ယနေ့ ကျွန်တော့်အသက်အရွယ်နှင့် အညီ ဖြတ်သန်းလာခဲ့သော ဘဝအတွေ့ အကြုံများနှင့်ယှဥ်ကာ စဥ်းစားဆင်ခြင် ဆုံး ဖြတ်လုပ်ကိုင်ဆောင်ရွက်နေထိုင်စားသောက် ခဲ့ခြင်း။ အကောင်းအဆိုး ဝေဖန်သုံးသပ် တတ်ခဲ့ခြင်းသည် ကျွန်တော့်မိဘက ကျွန် တော့်အား သားအဖြစ် မွေးဖွားပေးခဲ့ခြင်း အစပြုကာ၊ ဤကဲ့သို့ လူ့လောကထဲမှာ လူလားမြောက်လို့ ဝင်ဆန့်လာသော အကျိုး တရားကြောင့် အကြောင်းတရား ဖြစ်တည် မှုက်မှုတွေက ကံစီမံရာသို့ ···။

❐ ❐ ❐

ပစ္စုပ္ပန်အခြေတွင် မိမိရဲ့ အတတ်နည်း ပညာကို အသုံးပြုကာ အလုပ်တာဝန်နှင့် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင် လုပ်ကိုင်ရင်း မိသားစုစားဝတ်နေရေး အတွက် လုပ်ကိုင်ဆောင်ရွက်နေရပါသည်။ အခြားတစ်ဖက်မှ မိဘ၊ ညီအစ်ကိုမောင်နှမ တွေရဲ့ ဆုံစည်းတွေ့ဆုံမှုတွေကလည်း ဘာ သိဘာသာ သူ့စိမ်းမြိုင်မြိုင်ဖြစ်နေကြပါသည်။

အဆိုးဆုံးက ကျွန်တော်သည် ရေမြေ ခြား နိုင်ငံရပ်ခြားမှာနေ၊ ဒီမိသားစုတာရှင်း မဝင်တဲ့ သိုးမည်းတစ်ကောင်ကဲ့သို့ ဖြစ်နေ သော်လည်း မိခင်သည် ရောဂါဝေဒနာခံစား နေရတယ်လို့ သတင်းကြားလိုက်ရ ချက်ချင်း ပဲ အလုပ်မှခွင့်ယူပြီး အမိမြေသို့ပြန်လာခဲ့ သည်။ နိုင်ငံခြားသို့ခေါ်ပြီး မိခင်အား ဆေးကုပေးရန်ဖြစ်သည်။ ဝေးမြေမှရောက် လာသော ကျွန်တော့်ရင်ဝ တွန်းကန်လိုက် သကဲ့သို့ မိခင်ရဲ့ အသည်းခြောက်ပြီးကြွေတဲ့ ရောဂါအဆင့်က ကျွမ်းနေပြီ။ မိမိလည်း တတ်နိုင်စွမ်းအားရှိသရွေ့ ပံ့ပေးလိုက်ကာ မိခင်ဆန္ဒရှိသလို လုပ်ဆောင်ခစလို့ ပေးဆပ် နိုင်သည်မှတပါး၊ အခြားသော တတ်နိုင်စွမ်း အား မဲ့ခဲ့ရပြီ။ ဆရာဝန်ကြီးတွေဖြစ်တဲ့ အစ်မကြီး၊ အစ်ကိုကြီးတွေကိုလည်း အပြစ် မမြင်လိုတော့ပါ။

**ဝေးမြေမှရောက်လာသော ကျွန်တော့်ရင်ဝ တွန်းကန်လိုက် သကဲ့သို့ မိခင်ရဲ့ အသည်းခြောက်ပြီးကြွေတဲ့ ရောဂါအဆင့်က ကျွမ်းနေပြီ။ မိမိလည်း တတ်နိုင်စွမ်းအားရှိသရွေ့ ပံ့ပေးလိုက်ကာ မိခင်ဆန္ဒရှိသလို**

❐ ❐ ❐

ကျွန်တော့်မိခင် ကွယ်လွန်ဝဠ်ကျွတ် လွတ်သွားပြီးနောက် ပင်စင်စားနေသော ဖခင်သည် သူ့စိတ်နဲ့ သူ့ကိုယ်၊ သူ့မူဝါဒကို လက်ကိုင်စွဲမြဲထားရှိနေမြဲ။

ဟိုယခင်က ဖခင်သည် သားသမီး တွေရဲ့ အိမ်ထောင်ရေးကို ပါဝင်စွက်ဖက်မှု မရှိသကဲ့သို့ အဆိုမပြု၊ မထောက်ခံ၊ ကြား နေခဲ့သော်လည်း ပစ္စုပ္ပန်အခြေမှာ သားသမီး တွေရဲ့အိမ်မှာ သူ စိတ်ဆန္ဒရှိသည့်အချိန်မှ ပြီး စားသောက်နေထိုင်ကာ၊ မနေချင် တော့ဘဲ စွန့်ခွာသွားချိန်အထိတိုင်အောင် သားသမီးတွေကလည်း မငြီးငြင်၊ တတ်နိုင် စွမ်းဆောင်ပေးနိုင်သမျှ ကျေးမွေးပြုစုစောင့် ရှောက် ထောက်ပံ့ပေးခဲ့ပါသည်။ မိဘရဲ့ ဂုဏ်ကျေးဇူးအား သိရှိနေမြဲ အသိအမှတ် ပြုနေဆဲပါ။ ဖခင်ဆုံးသွားသည်အထိ။

❐ ❐ ❐

ရှေးရာဇဝင်သမိုင်းကြောင်းတွင် ဖြစ် တည်မှုက်စဥ်တစ်ခုမှာ ဖခင်က သားသမီး အပေါ် မကောင်းခဲ့ရင် ကျွန်စစ်သားမင်းကြီး

နှင့် သားတော်ရာဇကုမာရကို ပုံနှိပ်ခဲ့ကြသည်။ ဖခင်ရဲ့အပေါ် သားသမီးက မကောင်းခဲ့ရင်လည်း သားတော်ရာဇကုမာရနှင့် ဖခင်ကျွန်စစ်သားမင်းကြီး ညှန်းဆိုပြခဲ့ကြလေသည်။

လူအတော်များများ သိခဲ့ကြသော မိဘရဲ့ စတ္တရားများမှာ ''မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်မြားခြင်းလျှင် ဝတ်ငါးအင်''ပင် ဖြစ်ပါသည်။

မိဘဆိုသည်မှာ တစ်ချိန်တစ်ခါက သားသမီးတွေဖြစ်ခဲ့ဖူးကြပါသည်။ ထို့ကြောင့် ဖြစ်တည်ပျက်စဉ်ကို ကိုယ်ချင်းစာပြီး ခံစားကြည့်တတ်ကြရန် လိုအပ်ပါသည်။

သားသမီးတွေကလည်း တစ်နေ့တစ်ချိန်မှာ မိဘဖြစ်လာကြမှာပါ။ မိဘဝတ္တရားကိုလည်း ကျေပွန်အောင် ထမ်းဆောင်ပေးသွားကြဖို့ လိုအပ်ပါသည်။

ကိုယ့်သားသမီးတွေအပေါ် မိဘမှာ ဝတ္တရားတွေရှိသကဲ့သို့ သားသမီးတွေကလည်း ကိုယ့်မိဘတွေရဲ့ ချစ်မေတ္တာ စေတနာ သံယောဇဉ်တွေဖြင့် လူလားမြောက်လာသည်အထိ ကျွေးမွေးပြုစုပျိုးထောင် စောင့်ရှောက်လာခဲ့သော မိဘတွေရဲ့ ဂုဏ်ကျေးဇူးကို တန်ဖိုးမဖြတ်ဘဲ၊ မိမိတတ်နိုင်စွမ်းအားရှိသရွေ့ နားလည်ပေးဆပ်ခြင်းသည်ကား၊ သားသမီးတွေရဲ့ ဝတ္တရားပင် ဖြစ်ပါတော့သည်။

မိဘတွေက သားသမီးကို ဆုံးမသည့်အခါ ရိုက်နှက်နာကျင်သွားအောင် လုပ်လိုက်မှ နောင်ကြဉ် ပြုပြင်လုပ်ကိုင် ပြောဆိုသွားမှာပဲလို့ တစ်ထစ်ချ မမှတ်စေချင်ပါ။ သားသမီးကိုယ်တိုင် အသိစိတ်နှင့် ပြုပြင်ပြောင်းလဲ လုပ်ကိုင်ပြောဆိုတတ်လာအောင် နားလည်သဘောပေါက်လာစေဖို့ လမ်းညွှန်ပြသပြောဆိုသည့် နည်းလမ်း၊ ကောင်းအကြံမကောင်းမှုလို့ ဝေဖန်ဆုံးဖြတ်တတ်စေမယ့် အသိစိတ်၊ စဉ်းစားချင့်ချိန်တတ်တဲ့ အသိဉာဏ်ကို မြှင့်တင်သင်ကြားပေးသင့်ပါသည်။

မိဘသည် မိမိသားသမီးတွေကို မိမိဖြစ်စေချင်တာတစ်ခုတည်းကိုပဲ ဖွတ်တရွတ်အတင်းအကြပ် ပုံစံမသွတ်သွင်းစေလိုပါ။ သားသမီးတွေရဲ့ စိတ်အားထက်သန်ရာ ဝါသနာပါ၊ စိတ်ပါဝင်စားတာတွေကို မိဘကလည်း လေ့လာကြည့်ပါ။ ဖြစ်ချင်တာဘာလဲ မေးမြန်းဝိုင်းပင်ပါ။ သားသမီးပြောပြတာကို စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးပါ။ ပြီးတော့မှ လမ်းကြောင်းပြကာ အကျိုးဖြစ်ထွန်းလာအောင် တတ်နိုင်စွမ်းရှိသရွေ့ ကူညီပေးမအားပေးပါ။

မိဘနှင့် သားသမီးတို့ရဲ့ မိသားစု စားဝတ်နေရေး ပြေလည်စေရန် မိဘများသည် ဝင်ငွေရသော အလုပ်ဌာန၊ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ကြရပါသည်။ ဒီနေရာတွင် ဝင်ငွေရသောအလုပ်နှင့် မိသားစုစားဝတ်နေထိုင်သော အိမ်တို့သည် အခန်းကဏ္ဍတစ်ခုစီ ရှိနေပါစေ၊ အလုပ်မှ မပြေလည်သော ပြဿနာအား၊ မိသားစုအိမ်သို့ သယ်ဆောင်ယူလာရန် မလိုအပ်သကဲ့သို့ အိမ်မှပြဿနာကိုလည်း အလုပ်ဌာနသို့ ယူဆောင်သွားရန် မလိုအပ်ပါ။ သို့မှသာ အိမ်နှင့်အလုပ်တို့သည် သီးခြားစီ နောက်ဆက်တင်းစရာမရှိဘဲ ကိုယ်စိတ်နှလုံး ထိခိုက်နောင့်ယှက်မှု ကင်းဝေးမည်။

မိဘနှင့် သားသမီးတို့တွင် ချစ်မေတ္တာ စေတနာ သံယောဇဉ်တွေ အပြန်အလှန်ရှိနေခြင်းကို ထင်မြင်လွဲမှားမှုနဲ့ မပျက်ပြယ်သွားစေရအောင်၊ မိဘနှင့် သားသမီးတို့ကြားတွင် ကြင်နာသိနားလည်မှု၊ ယုံကြည်မှု၊ လေးစားချစ်ခင် သည်းခံခွင့်လွှတ်တတ်မှုတွေကို တည်မြဲနေအောင် ထိန်းသိမ်းထားရှိ မြဲနေရမှာဖြစ်ပါသည်။

မိဘနှင့် သားသမီးတို့ရဲ့ မိသားစုတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည်တို့ ပြည့်စုံမှသာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ပျော်ရွှင်ကြည်နူး ချမ်းမြေ့ဖွယ်ရာ လောကီလူ့ဘဝ ရေစီးကြောင်းတစ်ခု ဖြစ်လာမှာ ဧကန်မုချ ဖြစ်ပါတော့သည်။

ကိုဇော်





# CITY CARTOON




# CITY CARTOON



# CITY CARTOON





**တချို့ အမေအိုတွေက ဒီလို ငွေအလှူခံပြီးတော့ သားသမီးတွေကို**
**အခုချိန်ထိ လုပ်ကျွေးနေရတုန်းကွ၊ မိဘကိုပစ်ပယ်ထားတဲ့**
**အဲဒီလို သားသမီးတွေလည်း ရှိသေးတာ အံ့ပါရဲ့ကွာ**

နေညိုလေပြီ။

သို့သော်၊ နေတော့ မဝင်သေး။

ဆည်းဆာ၏အရိပ်ငွေ့တို့ကြောင့် ရန်ကုန်မြစ်က ဆေးစွန်းနေသော မှန်တစ်ချပ်ပမာ။ ကြည်လင်ပြတ်သားသောမှန်တော့ မဟုတ်ပေ။ တံငါလှေတစ်စီး ပိုက်ရှုတ်နေတာကို ဘာရယ်မဟုတ် ငေးမိသလို အိပ်တန်း မတက်နိုင်သေးသော ငှက်အချို့ကိုလည်း ငေးနေမိပြန်သည်။

ရင်ထဲမှာတော့ အတွေးများစွာတို့က မြစ်ရေလို နောက်ကျိလျက် မငြိမ်မသက်။

"နုနယ်ရှပ်ဆင်း ပျိုမြစ်ခြင်းက အိုမင်းနောက်ဆုံး ရှိချေသည်၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံး ရှိချေသည်တဲ့ကွာ၊ ပြီးတော့ တွေကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာတဲ့၊ အဲ– ပြီးတော့ ကံဆုံးတာ။ ကံကုန်သွားဆိုလား ရှိသေးတယ်၊ မင်းတို့နှစ်ယောက်က ကံကုန်လို့ခွဲရတယ်လို့ပဲ မှတ်ပါကွာ"

ကျော်ကြီးက ကွမ်းဝါးသံကြီးနှင့် ပြောလာ၏။ ကျော်ကြီးကို ဘာမှပြန်မပြောဘဲ ဆေးလျက်စ အတွေးအမြင်တို့ဖြင့်ပင် သက်ပြင်း ချိုးချမိသည်။

"မင်းကသာ အရက်နာကျအောင် လွမ်းနေတာ၊ မင်းရဲ့ ယုကတော့ ဟိုကောင့် ရင်ခွင်မှာပျော်ပြီး တစ်လောကလုံးကို မေ့နေလောက်ပြီကွ"

မိုးညိုရင်ထဲမှာ ကျဉ်ခနဲ။ ရက်စက်လိုက်တာ ယုရယ်ဟုလည်း ရင်ထဲမှပြောမိသည်။ ဖြေတွေးကြည့်တော့ ပညာမတတ်သူလို တောသားတစ်ယောက်ကို ရန်ကုန်သူ အပျိုချောလေးက ထားရစ်ခဲ့သည်မှာမဆန်း။ သို့သော် ကျန်ခဲ့သူမှာတော့ အလွမ်းနာတွေ တနင့်တပိုးနှင့် အနေခက်ရလေသည်။

"မိုးညို မင်းအရက်တွေသောက်နေတာ မင်းအမေသာသိရင်တော့ ရင်ကျိုးလိမ့်မယ်"

အမေ–အမေတဲ့လား။ အမေ့ကို သတိရလာပြန်သည်။ အမေထားနေသည့်ရွာမှ သူငယ်ချင်းတွေနှင့်အတူ ရန်ကုန်တက်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ အလုပ်ကြမ်းသမားအဖြစ် ဝင်လုပ်ခဲ့၏။ အလုပ်အဆင်မပြေသဖြင့် သူငယ်ချင်းတွေပြန်သွားပေမယ့် မိုးညိုကတော့ မပြန်။ သွင်းကုန်ထုတ်ကုန် လုပ်ငန်းတစ်ခုမှာ ကုန်ပစ္စည်းလိုက်ပို့ပေးရသောအလုပ်ကို ဝင်လုပ်ခဲ့သည်။ ထိုမှာ ယုယုနှင့်ဆုံခဲ့ပြီး အမေနှင့်ရွာကိုလွမ်းဖို့ မေ့လျော့နေခဲ့သည်ပင်။

မေ့လျော့နေခဲ့သော အမေ့ကို ပြန်ပြီး သတိတရ တမ်းတမ်းတတဖြစ်စေခဲ့သည်က မှန်းလွဲပိုင်းလောက်ကမှ ဖြစ်သည်။ အလွမ်းနာနှင့် အရက်နာရောပြီးကျနေသောသူကို သူငယ်ချင်းကျော်ကြီးက ဘုရားသွားရန် လာခေါ်၏။

"ဟေ့ကောင် ငေါင်မနေစမ်း ဗိုလ်တထောင်ဘုရား၊ သွားဖူးရအောင်"

"မင်းဟာမင်းပဲ သွားပါ၊ ငါမလိုက်တော့ဘူးကွာ"

"လိုက်ခဲ့စမ်းပါကွာ၊ မင်းကို ဘီယာဆိုင် ခေါ်တာမဟုတ်ဘူး၊ ဘုရားကိုခေါ်တာ၊ ကဲပါ လာစမ်းပါကွာ"

ကျော်ကြီးက မရမက အတင်းဆွဲခေါ်သည်။ နောက်ဆုံးတော့ ကျော်ကြီး၏ အတင်းဆွဲခေါ်မှုဖြင့် ဘုရားဖူးဖြစ်ခဲ့သည်။ သို့တိုင် စိတ်နှင့်ကိုယ်က မကပ်။ ဘုရားရိပ် ရောက်ပေမယ့်မအေးချမ်းနိုင်သောအသည်းကွဲသမား၏ဒုက္ခက မသေးလှပါလား။

"ခဏနေဦးကွာ၊ ငါ အလှူငွေ သွားထည့်လိုက်ဦးမယ်"

ဆံတော်တိုက်ထဲမှ ထွက်လာပြီး ရင်ပြင် စနေထောင့်အရောက်တွင် ကျော်ကြီးက အလှူငွေသွားထည့်၏။ ဘာရယ်မဟုတ် လှမ်းကြည့်မိပြီး မိုးညိုအံ့ဩသွား၏။

ယောဂီဝတ်စုံတွေနှင့်အမေအိုနှစ်ယောက် ပါလား။ ရှေ့မှာလည်း ယောဂီသဘက် ကလေးတွေခင်းလို့။ ဘုရားဖူးအချို့က ငွေအကြွေတွေကို သဘက်ကလေးအပေါ် ချပေးသွားကြသည်။ နိုင်ငံခြားသားတွေက သူတို့ကို ဓာတ်ပုံတွေရိုက်နေ၏။

ဒါ–ဒါဆို ဒီအမေအိုတွေက…။

မိုးညို ဆက်မတွေးရဲတော့။ သက်ပြင်းချရင်း အကြည့်ကိုလွှဲဖယ်မိလျက်သား ဖြစ်သွားသည်။

"ငါ ဒီကိုရောက်တိုင်း အဲဒီအမေအိုတွေကို ငွေလှူတယ်၊ အရမ်းသနားဖို့ ကောင်းတယ်ကွာ"

"သူတို့မှာ သားသမီးတွေ မရှိကြဘူးလား"

"အင်း…တချို့လည်း မရှိကြဘူး၊ တချို့လည်း ရှိကြတယ်၊ ဘဝမျိုးစုံ ဒုက္ခမျိုးစုံပေါ့ကွာ"

"ဘယ်လိုမျိုးစုံတာလဲ ကျော်ကြီး"

"ဘယ်လိုလဲဆိုတော့ အချို့ အမေအိုတွေက မိုကိုးရာမဲ့ဆိုပါတော့၊ အချို့ အမေအိုတွေကတော့ သားသမီးတွေရှိလျက်နဲ့ ပစ်ပယ်ခံထားရတာကွ၊ ဒါကလည်း အကြောင်းအမျိုးမျိုးရှိတာပေါ့ကွာ၊ အဲဒီထဲမှာ တချို့ အမေအိုတွေက ဒီလို ငွေအလှူခံပြီးတော့ သားသမီးတွေကို အခုချိန်ထိ လုပ်ကျွေးနေရတုန်းကွ၊ မိဘကိုပစ်ပယ်ထားတဲ့ အဲဒီလို သားသမီးတွေလည်း ရှိသေးတာ အံ့ပါရဲ့ကွာ"

မိုးညို အလိုလိုနေရင်းရှက်လာမိသည်။ ကျော်ကြီးကိုပင် ရဲရဲမကြည့်မိတော့။ သူကိုယ်တိုင်က အမေ့ကိုပစ်ပယ်ထားခဲ့သူပလေ။ အမေမှာ အိမ်နှင့်ယာနှင့်၊ အစ်မကြီးတို့လည်း ရှိနေသောကြောင့် သူ စိတ်ချလက်ချ ရန်ကုန်မှာပျော်နေခြင်းလည်းဖြစ်သည်။

"နေညိုပြီ ပြန်ကြရအောင်၊ ငါ ဒီည အဆောင်ပြန်မအိပ်ဘူးနော်၊ ဆရာချစ်ကို ပြောခဲ့တယ်"

ကျော်ကြီးက ထိုင်ရာမှထရင်းပြောသ်။

''မင်းက ဘယ်သွားမလို့လဲ''

''အလုံက ဦးလေးအိမ်သွားမလို့၊ အမေထည့်ပေးလိုက်တဲ့ စားစရာတွေနဲ့ စာ သွားယူမှာ''

အမေ့ဆီက စာတဲ့။ သူ့မှာတော့ အမေ့စာတပ်ပုံလေးတောင်မှ အလွမ်းပြေ မပါလာပါလား။

''မြေးလေးတို့ ငှက်ကလေးတွေကို အစာကျွေးသွားကြပါအုံးလားကွယ်၊ မြေးလေးတို့လည်း ကုသိုလ်ရ၊ ငှက်ကလေးတွေလည်း ဗိုက်ဝ၊ အဖိုးလည်း ပိုက်ဆံရတာပေါ့ ကဲ–ဝယ်ကျွေးလိုက်ကြပါဦးကွာ၊ မြေးလေးတို့ ကျွေးမယ်အောက်မေ့လို့ အုပ်လိုက်ကြီး ဆင်းလာပြီကွ၊ တွေ့လား–တွေ့လား''

ဘုရားမုခ်ဦးမှအထွက် ကားလမ်းအရောက်တွင် အဖိုးအိုတစ်ဦးက ငှက်စာထုပ်ကလေးတွေ လိုက်ရောင်းနေတာမြင်လိုက်ရသည်။ အဖိုးအို၏အသက်မှာ ရှစ်ဆယ်ကျော်ခန့်ရှိပေလိမ့်မည်။ ''ဘာဝနာပွားရမည့်အရွယ်မှာတောင် ဝမ်းရေးအတွက် ရုန်းကန်နေရရှာပါလား''ဟုတွေးရင်း အဘိုးအိုကို မိုးညို တွေတွေကလေး ငေးကြည့်မိသွားသည်။ ငေးကြည့်ရင်း အမေ့ကိုသတိရသွားသည်။

''အမေတစ်ယောက်လည်း ယာခင်းတစ်ဖက်၊ လယ်တစ်ဖက်နဲ့ ဥပုသ်တောင်မှ မှန်မှန်စောင့်နိုင်ရဲ့လား မသိပါဘူး''

✧ ✧ ✧ ✧ ✧

''အချိန်ပိုဆင်းရမယ်ဆိုရင် ကျွန်တော့်ကို ခေါ်ပါနော်ဆရာ၊ ကျွန်တော် ငွေစုချင်လို့ပါ''

''ဟေ–ကြားသားမိုးကြိုးပါလား။ ဘာလဲ မင်းက မိန်းမယူတော့မလို့လား''

''မဟုတ်ပါဘူးဆရာ၊ အမေ့ကို ပြန်ကန်တော့ချင်လို့ပါ''

ဆရာချစ်က မိုးညိုကို ဖျပ်ခနဲမော့ကြည့်၏။ ထို့နောက် သဘောကျစွာခေါင်းညိတ်သည်။

''သာဓုခေါ်တယ်ကွာ၊ မင်းက သားဆိုး တစ်ယောက်မဟုတ်ဘူးဆိုတာ ငါသိပါတယ်၊ မိဘကျေးဇူးသိတတ်သူတွေက ဘယ်တော့မှ မဆင်းရဲဘူးကွ၊ ဆင်းရဲလည်းဆေး ပဲ၊ ငါလည်း အမေချစ်တဲ့ သားတစ်ယောက်ပဲ၊ ဒါပေမဲ့ မင်းတို့သိတဲ့အတိုင်း ငါ့မိသားစုက ကလေးတွေကများ၊ စီးပွားရေးက အဆင်မပြေတော့ အမေ့ကိုကောင်းကောင်း မွန်မွန် မထားနိုင်ဘူးကွာ၊ အဲဒါကြောင့် မင်းတို့ လူမျိုလူလွတ်ဖြစ်တုန်းမှာ မိဘကို အားပါးတရ လုပ်ကျွေးကြစမ်းပါကွာ၊ ငါတို့ကတော့ စိတ်ပဲရှိတယ်''

ဆရာကပြောရင်း သူ့ဘဝကိုသူ အားမလို အားမရသည့်ပုံစံဖြင့် သက်ပြင်းချ၏။ ဆရာချစ်က သူ့အမေကို အရမ်းချစ်ကြောင်း မိုးညိုတို့အားလုံး သိကြသည်။

''ကဲ–ငါတို့ ရှစ်မိုင်ဘက်ကို ကုန်သွားပို့စရာရှိတယ်၊ ကဲ–ကဲ သွားရအောင် လာ''

သူတို့အဖွဲ့ ရှစ်မိုင်ဘက်ကို ကုန်ပစ္စည်းတွေ သွားပို့ကြသည်။ ကုန်ပစ္စည်းတွေက ဒိုင်နာကား တစ်စီးစာအပြည့်။ မိုးညိုတို့တစ်တွေ ချွေးတွေရွှဲရွှဲစိုသွားကြ၏။ ဆရာချစ်က ''ငါ့ကောင်တွေကို လက်ဖက်ရည်တိုက်မယ်''ဟုဆိုကာ ရှစ်မိုင်မီးပွိုင့်နားမှ လက်ဖက်ရည်ဆိုင်ကို ကားမောင်းနိုင်းသည်။

''ကျော်ကြီး ငါ့အတွက် ကျစိမ့်မှာထားနော်၊ ဆရာ့အတွက် ကွမ်းယာဝယ်လိုက်အုံးမယ်''

ပြောပြီး မိုးညို ကားပေါ်မှခုန်ဆင်းလိုက်ရာ အနားရောက်လာသော အမေအိုတစ်ယောက်နှင့် တိုက်မိမလိုဖြစ်သွား၏။

''အဖွား ကန်တော့နော်···ကန်တော့၊ ကျွန်တော် မမြင်လိုက်လို့ပါ''

''ရပါတယ် မြေးလေးရယ်၊ ရပါတယ်၊ ဟိုလေ အဖွားကို ထမင်းဖိုးလေး နိုင်သလောက် လှူခဲ့ပါနော်''

မိုးညို ရင်ထဲမှာ နင့်ခနဲ။ အမေအိုမှာ နေပူပူအောက်တွင် ဆောင်းစရာ ဘာမျှမပါ။ ချွေးတို့က အမေအို မျက်နှာမှာ မြင်မကောင်း။ မျက်နှာကလေးကလည်း နေအပူကြောင့်လား။ ဘဝအပူကြောင့်လား တော့ မသိ။ ညှိုးရော်နွမ်းနေ၏။ အရွယ်က



တော့ အခမ့ထက်ကြီးလှမှ သုံးနှစ်ကျော်၊ လေးနှစ်ခန့်။ မိုးညိုမှာ သက်ပြင်းခိုးချရင်း ငါးရာတန်တစ်ရွက်ကို အမေ့အိုလက်ထဲသို့ ရှိုရှိုသေသေ လှူလိုက်သည်။ အမေအိုက ဆုတွေ တစ်သီကြီးပေးသည်။

''ဟင်···အမေ၊ အမေ···ဒါ-ဒါ ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ''

''ဟင်···သား။ အမေက ဟို-ဟို-ဟိုလေ···''

အမေအိုမှာ ဘာပြောရမှန်းမသိအောင် ဖြစ်နေသလို မိုးညိုတို့မှာလည်း အံ့ဩသွားမင်သက်သွားကြ၏။ ဆရာက အမေအို လက်ထဲက ငွေအကြွေတွေကို ဆွဲလုပြီး လွှင့်ပစ်လိုက်၏။ အမေအို၏ ပခုံးသေးသေးလေး၊ နှစ်ဖက်ကိုလည်း တအားလှုပ်ခါရမ်းရင်း မေး၏။ ကားဂိတ်နားမှာမို့ လူတွေက ဝိုင်းအုံကြည့်နေကြသည်။

''ဆရာ···ဆရာ သွားရအောင်နော်၊ လူတွေဝိုင်းကြည့်နေကြတယ်၊ မိုးညို ဆရာတို့ကို ကားပေါ်တင်၊ မြန်မြန်လုပ်၊ သွားမယ်''

ကားဆရာကပြောရင်း ကားပေါ်ပြေးတက်ကာ စက်နှိုး၏။ မိုးညိုတို့က ဆရာတို့သားအမိကို ကားနောက်ခန်းသို့ ကပျာကယာ ဆွဲတင်ကြသည်။ ကားဆရာက ချက်ချင်း ကားမောင်းထွက်ခဲ့သည်။ ကားပေါ်မှာတော့ ဆရာက မေးကြောကြီးတွေ ဖောင်းကြွနေအောင် အံကြိတ်ကာ ခေါင်းတခါခါ၊ လည်တခါခါ၊ အမေအိုမှာတော့ ဆရာချစ်သက်ကို ဖမ်းဆုပ်လျက်မှ ငိုရင်းရှင်းပြနေရှာသည်။

''သားကို သိက္ခာကျအောင်၊ အရှက်ရအောင် အမေလုပ်တာမဟုတ်ပါဘူး သားရယ်၊ သားရဲ့ ဒုက္ခတွေကို မကြည့်ရက်လို့ အမေ ဒီအလုပ်တွေကို မလုပ်ချင်ဘဲ လုပ်မိတာပါ''

''အမေ့ကို ဘယ်သူကနိုင်းလို့လဲ၊ ကျွန်တော်ကရော အမေ့ကို အငတ်ထားနေလို့လား။ ပြောလေ၊ ကျွန်တော်က အမေ့ကို အငတ်ထားနေလို့ တောင်းစားနေရတာလား''

''အမေ ထမင်းငတ်နေရင်တောင် ဒီအလုပ်တွေ မလုပ်စားပါဘူးသားရယ်၊ အမေ လုပ်မိတာ သားကြောင့်ပါ၊ သားတစ်ယောက်တည်း အိမ်ထောင့်တာဝန်တွေကို မနိုင်ဝန်ထမ်းနေရတာ မကြည့်ရက်ဘူး။ ငါဟာ အမေတစ်ယောက်လုပ်ပြီး တစ်ယောက်တည်းရှိတဲ့သားကိုတောင် အဆင်ပြေအောင် မထားပေးနိုင်ဘူးလို့ တွေးမိတိုင်းရင်နာတယ်၊ စိတ်ထိခိုက်တယ်၊ ဒါကြောင့် အမေလေ ဒီအလုပ်တွေကို သားတို့အဆင်ပြေပါစေတော့ရယ်ဆိုပြီး မလုပ်ချင်ဘဲ သားမသိအောင် ခိုးလုပ်ခဲ့မိတာပါ သားရယ်''

''တော်ပါတော့ အမေရာ တော်ပါတော့၊ ဆက်မပြောပါနဲ့တော့၊ ဟီး···ဟီး''

ဆရာက သူ့အမေကိုဖက်ကာ ငိုပါတော့သည်၊ အမေအိုကလည်း ဆရာ့ကို ဖက်ကာ ငိုလေသည်။ မိုးညိုတို့မှာလည်း ဆရာတို့သားအမိကိုကြည့်ကာ စိတ်ထိခိုက်လွန်း၍ မျက်ရည်ကျမိလေသည်။

ကုမ္ပဏီကိုအရောက်မှာပင် မိုးညို အလုပ်ထွက်စာတင်လိုက်သည်။ ထို့နောက် မီရာကားဖြင့် အမေ့ဆီပြန်ခဲ့သည်။

✧ ✧ ✧ ✧ ✧

''ဟာကွာ···အပြန်လိုပါတယ်ဆိုမှ ဆိုင်ကယ်က ဘီးပေါက်ရတယ်လို့ဗျာ''

''အေးဗျာ။ သေချင်တော့တာပဲ၊ ရွာရောက်မှပဲ ဖာလို့ရမယ်၊ တော်တော်ဒုက္ခပေးတဲ့ ဘီး''



မိုးညိုရော ဆိုင်ကယ်ကယ်ရီသမားပါ စိတ်ညစ်သွား၏။ ဘီးပေါက်တာကလည်း ရွာနှင့် အဆက်ပြတ်သောနေရာမှာ။ ဆိုင်ကယ်ဆရာက ဆိုင်ကယ်စက်နှိုးပြီး တွန်းသွားသည်။ မိုးညိုက ကျောပိုးအိတ်လွယ်ပြီး စိတ်ပျက်လက်ပျက် နောက်မှလိုက်လျှောက်သည်။ ပဲခူးရိုးမကြီးဆီ လှမ်းကြည့်တော့ နေလုံးကြီးက တောင်တန်းတွေပေါ်မှာ မေးတင်စပြုနေပြီ။

နေညိုပြီ၊

အမေအို ငါ့ကိုမျှော်နေရှာမယ်။

''အမေအို ငါ့ကို မျှော်နေတော့မည်''

အတွေးကြောင့် အပြေးသွားချင်စိတ်တို့ ရှန်းကြွလာ၏။ ကားဂိတ်မှ သူ့ငယ်ချင်းနိုင်မော်ဆီကို ဖုန်းလှမ်းဆက်ပြီး သူပြန်လာပြီဟု သွားပြောခိုင်းထားသည်။ ထို့ကြောင့် ရွာထိပ်မှ အမေထွက်မျှော်နေမှာ သေချာသည်။

စိတ်မရှည်တော့။ ခရီးသွားဆိုင်ကယ်တစ်စီးကို မိုးညိုတားပြီး အကူအညီတောင်းလိုက်သည်။

''ကျွန်တော် အရေးကြီးလို့ပါ၊ လိုက်လို့ရရင် လိုက်ပါရစေဗျာ၊ ကယ်ရီခပေးပါ့မယ်''

''ရပါတယ်၊ လာ-လာ တက်''

ခရီးသွားဆိုင်ကယ်ဖြင့် အကြုံလိုက်ခဲ့သည်။ ရွာဦးစေတီတော်ကို မတ်တတ်ရပ်မှ လက်အုပ်ချီကန်တော့လိုက်ပေမယ့် မျက်လုံးတွေက ညောင်ပင်ကြီးဘက်ဆီမှာ။

''အမေ''

တိုးတိုးလေး၊ ခေါ်မြည်တမ်းရင်း အမေ့ကိုမျှော်ရှာမိ၏။ အမေ့ကိုမှ မတွေ့ရ။ ညောင်ပင်အောက်မှာ လာရောက်စွန့်ပစ်ထားသော နတ်ရုပ်အချို့နှင့် ဦးခေါင်းပြတ်၊ ခြေပြတ်နေသော ဘုရားဆင်းတုတော်ငယ်အချို့ကိုသာ မြင်ရလေသည်။

ရွာထိပ်မှာ အမေ့ကိုမတွေ့တော့ ရင်မှာ စိုးထိတ်ရ၏။

အမေနေမှကောင်းရဲ့လား။ သို့မဟုတ် မနိုင်မော်ကပင် သွားပြောရန် မေ့နေတာလား။

''အမေရေ···၊ ဦးမိုး ပြန်လာပြီ၊ ဦးမိုး ပြန်လာပြီ''

အစ်မကြီး၏ သမီးအကြီးဆုံးက ဓအော်ပြောရင်း ပြေးကြိုသည်။ အစ်မကြီးလည်း အပြေးရောက်လာသည်။ အခုချိန်ထိ အမေ့ကို အရိပ်အရောင်တောင်မှ မမြင်ရသေး။

## အခုချိန်ထိ အမေ့ကို အရိပ်အရောင်တောင်မှ မမြင်ရသေး။
## အမေ့အိမ်ကလည်း တံခါးကြီးပိတ်လျက်။
## ခြံထဲမှာလည်း ရွက်ခြောက်တွေ ပြန့်ကျဲနေလေသည်။

အမေ့အိမ်ကလည်း တံခါးကြီးပိတ်လျက်။ ခြံထဲမှာလည်း ရွက်ခြောက်တွေ ပြန့်ကျဲနေလေသည်။

“အစ်မကြီး၊ အမေရောဟင်၊ အမေရော”

မိုးညို အငမ်းမရမေးမိသည်။

“နင့်အစ်မ ဖိုးသက် မီးဖွားလို့ တောင်ပေါ်သွားတယ်၊ တစ်နေ့ညနေကမှ သွားတာ”

ရင်မှာ လှစ်ဟာပြန်၏။ တွေ့ချင်၍ ပြန်လာပါသည်ဆိုမှ အမေက တောင်ပေါ်ရောက်နေသတဲ့။ တောင်ပေါ်ဆိုတာက သစ်ထုတ်လုပ်ရေးစခန်းအနီးမှာရှိသော ရွာသစ်ကလေးကိုဆိုလိုမှန်း နားလည်လိုက်၏။ မီးသွေးဖုတ်၊ သစ်ခုတ်၊ ဝါးခုတ်သမားတွေ ယာယီနေကြရင်းက ရွာဖြစ်မှန်းမသိ ဖြစ်လာခဲ့သည့် ရွာကလေးပင်။

“အဲဒါဆို ကျွန်တော် အမေ့နောက် လိုက်သွားဦးမယ် အစ်မကြီး”

“ဟဲ့…မိုးပဲချုပ်နေပြီ၊ မနက်မှ သွားတော့”

“ချစ်ချစ်များ၊ အမေ့ကိုတွေ့ချင်လှပြီဗျ”

“အောင်မလေးတော်…အံ့ပါရဲ့၊ သုံးနှစ်သုံးမိုး ပစ်ထားပြီးတော့များ အခုမှ လာသည်းပြုမနေနဲ့၊ မနက်မှသွား၊ ဒီလမ်းက မှောင်ရင် သွားလို့မကောင်းဘူး။ မြွေပါးကင်းပါးလည်း စိတ်မချရဘူး”

“ဟုတ်တယ် ငါတို့ရဲ့ ရွာကိုရောက်နေပြီပဲ၊ မနက်ကျမှ အေးအေးဆေးဆေး သွားတော့၊ ဟိုတစ်ရက်က မိုးရွာထားတော့ လမ်းလည်းမကောင်းဘူး။ ပြောရင်း မိုးမွှားလေးတွေတောင် ကျလာပြီကွ”

ဦးလေးကပါ ဝင်ပြောလာ၍ မိုးညို အခက်တွေ့သွား၏။ အမေ့ထံ မိုးကနှောင့်ရသည်ဟု မကျေမနပ်ဖြစ်သွား၏။ အိမ်နီးချင်းများ၊ သူငယ်ချင်းများနှင့် မြတ်လေးညိုတို့ပါ ရောက်လာကြပြီး သတင်းမေးကြ၊ နှုတ်ဆက်ကြဖြင့် အမေ့ဆီလိုက်သွားမည့် အရေး လက်လျှော့လိုက်ရသည်။ အစ်မကြီးတို့ သားအမိက သူအဖော်ရအောင်ဟုဆိုကာ အိမ်မှာလာအိပ်ကြသည်။ မောင်နှမ နှစ်ယောက် စကားတွေပြောရင်း ညဉ့်နက်မှ အိပ်ကြသည်။ ခရီးပန်းလာ၍ပဲလား၊ မိုးကလေး တဖွဲဖွဲကြောင့်လားမသိ၊ ခေါင်းချလိုက်သည်နှင့် မိုးညို အိပ်ပျော်သွားသည်။

“မိတစ်ဆုပ်၊ မိတစ်ဆုပ် တံခါးဖွင့်ပါဦးဟဲ့၊ မိတစ်ဆုပ်”

ညနှစ်နာရီကျော်ခန့်တွင် အစ်မကြီး၏ အမည်ကို ခေါ်သံကြောင့် မိုးညိုတို့ နိုးသွားကြသည်။

“ဘယ်သူလဲဟင်၊ ဘယ်သူလဲ”

အစ်မကြီးက မေးရင်း မီးခွက်ထထွန်း၏။

“ငါပါဟဲ့၊ ညည်းတို့အမေ၊ တံခါးအမြန်ဖွင့်စမ်းပါအေ၊ ချမ်းလွန်းလို့ တုန်နေပြီ”

အမေ…အမေပါလား။ မိုးညိုတို့ အိပ်နေရာမှ ကုန်းထသည်။

“အမေကလည်း၊ ညကြီးသန်းခေါင် မိုးထဲလေထဲ ပြန်လာရတယ်လို့၊ ဘယ်သူတွေ ပါသေးလဲ”

“ဘယ်သူမှမပါဘူး။ ငါ့သားလေး ပြန်လာပြီဆို၊ တောတက်သွားတဲ့ ခင်ထွန်းတို့က လှမ်းအော်သွားတာ”

“အဲဒါဆိုလည်း မနက်ကျမှ ထလာရောပေါ့အမေရာ၊ မိုးနဲ့လေနဲ့၊ အဖော်မပါ ဘာမပါနဲ့၊ ဓာတ်မီးလည်းမပါဘူး။ ဟယ်–အမေ…အမေ့ခြေမကြီးကလည်း ဟက်တက်ကွဲလို့ပါလား။ သွေးတွေကလည်း မနည်းပါလား အမေရယ်”

“အေးတော်…သားကိုတွေ့ချင်စောနဲ့ လာလိုက်တာ ဘယ်အချိန် ခလုတ်တိုက်မိမှန်းတောင် မသိတော့ပါဘူးအေ”

“အမေ”

မိုးညို အမေ့ကို တအားပြေးဖက်ထားလိုက်မိသည်။ မျက်ရည်တွေကလည်း ပါးပြင်ပေါ်သို့ အလိုလိုစီးကျလာလေသည်။

◇ ◇ ◇ ◇ ◇

“ငါ့သားလေးက ရန်ကုန်ကို မပြန်တော့ဘူး။ ငါနဲ့ပဲနေတော့မယ်တဲ့ သိလား မြတ်လေးညို”

မိုးညို ရန်ကုန်ပြန်မသွားတော့ဘူးဆို၍ အမေ့မှာပျော်၍မဆုံးတော့။ အိမ်အလည်လာသူတွေကို ပြောရတာ မမောနိုင်မပန်းနိုင်။ မြတ်လေးညိုက “ဟုတ်လို့လား အမေမြရယ်၊ တော်ကြာ ရန်ကုန်သူကိုလွမ်းပြီး ထပြန်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်”ဟု စသည်။ အမေက အလိုမကျစွာ မျက်စောင်းခဲပြ၏။ မိုးညိုအစ်မကြီးကလည်း အမေ့ကို ဝင်ပြီးကျီစယ်ပြန်သည်။

“ဟုတ်တယ် အမေရေ့ သိပ်ပြီး ဒိုးကျူးမနေနဲ့အုံး။ မြတ်လေးညိုပြောသလို ရန်ကုန်သူကိုလွမ်းလို့ဆိုပြီး ထပြန်သွားမှ အခက်။ အခုတောင်ကြည့်ပါလား၊ ရန်ကုန်သူကို လွမ်းလို့လားမသိပါဘူး။ ငိုင်တိုင်တိုင်နဲ့”

“ဟာ…မဟုတ်ရပါဘူး အစ်မကြီးရာ၊ ဘာတွေလျှောက်ပြောနေတာလဲ”

“အောင်မာ…လွမ်းရင်လွမ်းတယ်ပေါ့၊ ငါမသိတာမှတ်လို့ နင် ရန်ကုန်သူချောချောလေးနဲ့ ကြိုက်နေတဲ့သတင်းကို ငါကြားသားပဲ”

မြတ်လေးညိုကပါ ဝင်ပြောတော့ အမေ့မျက်နှာ ညှိုးကျသွား၏။ မိုးညိုက မြတ်လေးညိုကို ကြပ်ကြပ်သတိထားဟု အံကြိတ်ပြ၊ လက်သီးရွယ်ပြလိုက်သည်။

“မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ့သားလေးကို ရန်ကုန်ကိုပြန်မလွှတ်နိုင်ဘူး။ ငါ့သားလေး ရွာမြဲသွားအောင် အိမ်ထောင်ချပေးလိုက်ရင်

မကောင်းဘူးလား မိတ်ဆုဝိ''

''ကောင်းတယ်အမေ ကောင်းတယ်၊ ဒါနဲ့ အမေက ဘယ်သူ့ကို မျက်စေ့ကျနေလို့လဲ''

''ဟဲ့ ဘယ်သူရှိရမလဲ မြတ်လေးညိုနဲ့ပေါ့''

''ဟာ…အမေမြကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ တကယ်ပဲ''

မြတ်လေးညို ရှက်ကိုးရှက်ကန်း ထပြေးသွားသည်။ အမေတို့က သဘောကျစွာ ရယ်ကြသည်။ သူကတော့ မရယ်မိ၊ ရင်ခုန်ပြီးတော့သာ ကျန်နေခဲ့သည်။

ထိုနောက် များမကြာမီကာလမှာပင် အမေတို့က မြတ်လေးညိုနှင့် အိမ်ထောင်ချပေးချင်ကြောင်း၊ လူကြီးချင်းစကားပြောကြ၊ သူငယ်ချင်းများကလည်း ဝိုင်းပြီးစကြ၊ နောက်ကြ၊ အောင်သွယ်လုပ်ကြသဖြင့် မိုးညိုနှင့် မြတ်လေးညိုတို့ ချစ်သူများဖြစ်သွားကြသည်။

တစ်ချိန်ကွယ် တစ်ခါမှတတ်သူမဟုတ်ပေမယ့် ရင်အပူငွေ့တွေက သက်သာခဲ့သည်က အမှန်။ ယခုကို မလွမ်းဘူးလားဆိုတော့ မငုံ့မရဲလွမ်းမိလေသည်။ သို့သော် အလွမ်းတွေကို အမေ့ယာခင်းထဲမှာ ပျိုးပင်တွေနှင့်အတူ မြှုပ်နှံလိုက်သည်။ အမေ့ လယ်ထဲမှာ နွားချေးတွေနှင့်ရောပြီး မြေသြဇာကျွေးလိုက်သည်။ အသည်းကွဲနေသော သားတစ်ယောက်အဖြစ် အမေ့ကို မမြင်စေလိုပြီ။

အမေ့ကိုလည်း လယ်ထဲယာထဲ လုံးဝမဆင်းနိုင်တော့၊ သူကိုယ်တိုင် အပင်ပန်းခံပြီး လယ်ယာလုပ်ငန်းတွေကို ကြိုးစားလုပ်ကိုင်သည်။ လယ်သူမကြီးအမေက ယာထဲလိုက်မည်တကဲကဲလုပ်သဖြင့် မနည်းတားရသည်။ မိုးညို ယာထဲမှအပြန် နောက်ကျတတ်သောနေ့များတွင် ရွာထိပ်မှ အမေထွက်ထွက်ကြိုနေတတ်တာကိုလည်း ကြည်နူးသော်လည်း တားမိ၏။ မကြိုပါနှင့်ဟု ပြောသော်လည်း အမေကမရပေ။ ကြိုမြဲကြိုလျက်သာ။ ထို့ကြောင့်ပင် အိမ်အပြန်နောက်မကျမိအောင် ကြိုးစားပြန်ရလေသည်။

တစ်နေ့၊ ထိုတစ်နေ့ကတော့ မိုးညိုကို နှောင်တတော်ဖြင့် ကြေကွဲစေသောနေ့ ဖြစ်စေခဲ့သည်။

ယာထဲမှပြန်မည့်အလုပ်မှာ သူငယ်ချင်းတွေက တစ်ဘက်ရွာမှ သူငယ်ချင်းမင်္ဂလာဆောင်ကို လိုက်ခဲ့ရန် အတင်းလာခေါ်သွားကြသည်။ ဟိုရောက်တော့ သတို့သား သူငယ်ချင်းက ပြုစုသဖြင့် စားကြသောက်ကြဖြင့် အချိန်နှောင်းသွား၏။ ထိုအချိန်တွင် အမေ့မှာ မိုးညိုပြန်မလာသဖြင့် စိတ်ပူကာနေမထိ၊ ထိုင်မရဖြစ်နေရှာသည်။ မိုးစုံးစုံးချုပ်သည်အထိ ရွာထိပ်မှထွက်မျှော်နေသဖြင့် မြတ်လေးညိုတို့က အမေ့ကိုချော့မော့ပြီး အိမ်ပြန်ခေါ်လာရသည်။ ထမင်းချော့ကျွေးသော်လည်းမစား။ သားကိုပဲ တမျှော်တည်းမျှော်နေရှာသည်။ ယာထဲလိုက်သွားသောသားမက်ဖြစ်သူ ပြန်ရောက်လာတော့ အမေမြမှာ ပို၍မနေသာတော့ပြီ။ သားမက်ဖြစ်သူက မိုးညိုကို ယာထဲမှာ မတွေ့ဘူးဟု သတင်းပေးလိုက်သောကြောင့် ဖြစ်သည်။ မြတ်လေးညိုက သူကြားလာသော သတင်းတစ်ခုကို ပြောပြ၏။

''ကျွန်မကြားတာကတော့ ဟိုဘက်ရွာက မိုးညိုတို့သူငယ်ချင်းမင်္ဂလာဆောင်ကို စော်ကြီးတို့ ကုလားတို့ သွားကြတယ်တဲ့၊ သူတို့နဲ့များ လိုက်သွားသလားမှမသိဘူး''

''အို…ဒုက္ခပါပဲဟယ်၊ အဲဒီရွာက ဓရိုက်ကြမ်းပါဘိသနဲ့ လူမိုက်တွေလည်း ပေါမှပေါ၊ မဖြစ်ပါဘူးအေ၊ ငါလိုက်သွားမှ ဖြစ်မှာပါ''

အမေမြ စိတ်ပူပြီးထလိုက်သွားမည်တကဲကဲလုပ်နေသဖြင့် မြတ်လေးညိုတို့ မနည်းတားယူရသည်။ သားမက်နှင့် မောင်ဖြစ်သူက သူတို့လိုက်ခေါ်ပေးပါမည်ဟု အချိုသပ်ပြောမှ အမေမြ စိတ်လျှော့သည်။ သို့သော် ကြာရှည်စွာ စိတ်မဖြောင့်တော့သဖြင့် အမေမြတစ်ယောက်တည်းထွက်သွားသည်။ ဘယ်သူမှ မသိလိုက်ကြ။ သိလိုက်ချိန်မှာ အမေက ရွာပြင်တောစပ်နားကို ရောက်နေပြီ။ မြတ်လေးညို၊ အစ်မကြီးနှင့် ဦးလေးဖြစ်သူတို့ အနောက်မှ အပြေးလိုက်သွားကြရသည်။

''အမေနဲ့တော့ သိပ်ခက်တာပဲ၊ အချိန်တန်တော့ ပြန်လာမှာပေါ့လို့၊ ပြီးတော့ မပြောမဆိုနဲ့ ထွက်သွားတယ်၊ ကျန်းမာရေးက သိပ်ကောင်းတာလည်း မဟုတ်ဘဲနဲ့''

''ငါက အမေဟဲ့၊ နင်တို့လို သွေးမအေးနိုင်ပေါင်တော်၊ ငါ့သား ပြန်မရောက်မချင်း စိတ်အေးမှာမဟုတ်ဘူး၊ အဲဒီရွာက မူးတွေက တစ်ရွာသားဆို ရန်သိပ်မှုချင်ကြတာအေ့''

အမေမြက ပြောရင်း အရှယ်နှင့်မလိုက်အောင် ရှေ့ဆုံးမှသွားသည်။ ထိုအခိုက် ရှေ့မှ စကားတွေ အော်ကြီးဟစ်ကျယ်ပြောပြီး ပြန်လာသော မိုးညိုတို့အုပ်စုနှင့် သွားဆုံသည်။ မိုးညိုတို့အားလုံး မူးပြီး လေးကျွက်သိုင်း နှင်းလာကြသည်။

''သား…သားလေး ပြန်လာပြီ၊ ငါ့သားလေး ပြန်လာပြီ''

အမေက မိုးညိုလက်ကို ဆွဲရမ်းသာ ပြေးဆွဲ၏။ မိုးညိုမှာ သူနိုးလူမိသလို လန့်ဖျတ်ပြီး၊ ပြောမိပြောရာ ပြောမိသွားသည်။

''ဟာဗျာ၊ ဘာလို့လိုက်လာတာလဲ အမေရာ၊ ပြန်လာမှာပေါ့လို့''

မိုးညိုက အမေ့ကိုအတွေ့မှာ ကရုဏာဒေါသော သီးပြော၏။ ချက်ချင်းလည်း ကိုယ်ဟန်ကို အားတင်းထိန်း၏။

''စိတ်ပူပြီး နင့်နောက်လိုက်လာတဲ့ အမေကို ဒါသလိုပြောရသလား၊ ငမိုက်ရဲ၊

**အမေ့မှာ မိုးညိုပြန်မလာသဖြင့် စိတ်ပူကာ နေမထိ၊ ထိုင်မရဖြစ်နေရှာသည်။**
**မိုးစုံးစုံးချုပ်သည်အထိ ရွာထိပ်မှထွက်မျှော်နေသဖြင့် မြတ်လေးညိုတို့က အမေ့ကိုချော့မော့ပြီး**
**အိမ်ပြန်ခေါ်လာရသည်။ ထမင်းချော့ကျွေးသော်လည်းမစား။ သားကိုပဲ...**

**အခုချိန်ထိ အမေ့ကို အရိပ်အရောင်တောင်မှ မမြင်ရသေး။**

**အမေ့အိမ်ကလည်း တံခါးကြီးပိတ်လျက်။**

**ခြံထဲမှာလည်း ရွက်ခြောက်တွေ ပြန့်ကျဲနေလေသည်။**

နင်ပြန်မလာလို့ အမေမှာ စိတ်ပူပြီးသေတော့မယ်ဟဲ့ သိလား"

အစ်မကြီးက စိတ်တိုပြီးဝင်ပြော၏။ မြတ်လေးညိုကလည်း မပြောမဆိုဘဲ သွားရကောင်းလားဟု အပြစ်တင်သည်။ အမေကတော့ ဘာမျှအပြစ်မတင်ပေ။ သားကိုတွေ့လိုက်ရသဖြင့် စိတ်အေးသွားပုံဖြင့် တပြုံးပြုံး။ သူ့ အရက်သောက်ထားတာကိုလည်း ဘာမျှမပြော။ မသိဟန်ဆောင်ထားသည်။

အပြန်လမ်းမှာတော့ အမေ့အနားကို မိုးညိုမကပ်။ သူအရက်သောက်ထားတာ အမေသိသွားမှာ စိုးသောကြောင့်ဖြစ်သည်။ မြတ်လေးညိုကတော့ မိုးညို ဝိုက်ခေါက်တွေ၊ လက်မောင်းတွေကို ဆွဲဆိတ်၊ ဆွဲလိမ်ပြီး အရက်သောက်ခဲ့ရပါမလား။ အမေမျှော်နေမှန်းသိလျက် မပြောမဆိုသွားရကောင်းလားဟု တစ်လမ်းလုံးဆူပူ၍ မဆုံးတော့ချေ။

✧ ✧ ✧ ✧ ✧

နောင်တစ်ပတ်ဖြင့် အမေ့ကို ပြုစုလုပ်ကျွေးပါမည်ဆိုမှ အမေမှာ ကျန်းမာရေးက ဖောက်လာ၏။

အမေ့မှာ ရင်တွေကြပ်ပြီး မောမော နေသည့်ဝေဒနာအပြင် ပေါင်နှင့်လက်မောင်းတို့တွင် သက်တန့်လိုလို၊ မှင်လိုလို လက္ခဏာတွေပေါ်လာသည်။ တိုင်းရင်းဆေး၊ စိဝဆေးတို့ဖြင့်ကုသော်လည်း မသက်သာ။ သက်တန့်ရုတ်နေကြ အမေ့ကျောက်မိုးကြိုးသွားလေးကလည်း မစွမ်းနိုင်သာလေပြီ။ ဦးချစ်ငွေ၏ မှင်ပျောက်ဂါထာတွေလည်း အစွမ်းမဲ့ရသလို ရွာကျောင်းဆရာတော် ဦးကေသဝ၏ သိမ်ငုတ်အစွမ်းကလည်း တန်ခိုးမဲ့ခဲ့ရလေပြီ။

ထို့ကြောင့် မိုးညိုက အစ်မကြီးတို့နှင့် တိုင်ပင်ကာ ပဲခူးမြို့ပေါ်မှ ပုဂ္ဂလိကဆေးရုံတွင် အမေ့ရောဂါကို သွားကုကြသည်။

ဆရာဝန်ကြီးက အမေ့ရောဂါကို စမ်းသပ်ပြီးနောက် မိုးညိုတို့မောင်နှမကို သီးခြားခေါ်တွေ့သည်။

"ခင်ဗျားတို့အမေရဲ့ ရောဂါလက္ခဏာက ရင်သားကင်ဆာဖြစ်ဖို့များတယ်၊ ကိုးဆယ် ရာခိုင်နှုန်း သေချာတယ်၊ ခင်ဗျားတို့ သိထားရအောင် ခေါ်ပြောတာပါ"

ဆရာဝန်ကြီး၏စကားကြောင့် မိုးညိုတို့ မောင်နှမမှာ ငယ်ထိပ်ကို မြွေအပေါက် ခံလိုက်ရသလို မျက်လုံးများပြာဝေသွားကြသည်။ ဆရာဝန်ကြီး ဘာတွေဆက်ပြောနေမှန်းပင် မသိတော့။ ရင်ထဲမှာတော့ တင်းပြီးကြပ်နေသည်။ အစ်မကြီးကတော့ ဆရာဝန်ကြီးရှေ့မှာပင် ငိုနေလေပြီ။ သူလည်း ငိုလိုက်ချင်ပါသည်။ သို့သော် ငို၍မဖြစ်။ အမေ အသက်ရှည်ရှည် နေနိုင်ရေးအတွက် အရင်ဆုံး အစ်မကြီးကို နားလည်အောင် အားပေးစကား ပြောပြရပေဦးမည်။

"အစ်မကြီးကိုယ်တိုင်က ဒီလိုဖြစ်နေရင် အမေဆိုရင် ပိုဆိုးမှာပေါ့၊ ငိုချင်ရင် ဒီမှာပဲ အဝငိုဗျာ၊ အမေ့ရှေ့မှာတော့ ငိုဖို့ မပြောနဲ့ မျက်ရည်တောင်မဝဲစေနဲ့နော်၊ သူ့မှာ ကင်ဆာရောဂါရှိနေပြီလို့ သိသွားရင် အမေ စိတ်ဓာတ်ကျပြီး အသေစောမှာဗျ ကျွန်တော်က အမေ့ကို လုပ်ကျွေးဖို့ပြန်လာတာ အမေသေလို့ မရသေးဘူး။ ငိုချင်-ငို၊ အားရအောင်ငို၊ ပြီးရင် ဘာမှမဖြစ်သလို နေရမယ်နော် အစ်မ။ ပြီးတော့ အမေ့ရောဂါအကြောင်းကို ဘယ်သူမှမသိစေနဲ့ အိုဗျာ- အစ်မယောကျ်ားတောင် အသိမပေးနဲ့၊ ဘယ်သူ ဘာပဲမေးမေး အမေ့ရောဂါက အဆုတ်ရောဂါလို့သာပြောဗျာ"

အစ်မကြီးနားလည်အောင် မိုးညိုမှာ မနည်းပြောယူကာ အားပေးလိုက်ရသည်။ သူကိုယ်တိုင် အမေ့ရှေ့မှာ ဘာမှမဖြစ်သလို အားတင်းပြီးနေရသည်။ ရင်ထဲမှာတော့ တင်းကြပ်ရလွန်းပါ၏။ အစ်မကြီး၏ အရိပ်အကဲကို ကြည့်ရတာလည်း အမော၊ အစ်မကြီးဖြစ်သူ အမှတ်တမဲ့ ဟုမြွေမယိုင်သွားရင်ဖြင့် ခက်ရချည်သေးရဲ့ဟု မိုးညိုမှာ ရင်တမမ။

သို့သော် မိုးညိုအကြံနှင့် ဆုံးဖြတ်ချက် အောင်မြင်သည်ဟု ဆိုရပေမည်။ အမေအပါအဝင် အားလုံးက အမေ့ရောဂါကို အဆုတ်ရောဂါဟုပင် ယုံသွားကြသည်။ သို့သော် အမေမှာ သူ့အခြေအနေ သူသိနေသည်လား မသိ၊ မိုးညိုနှင့် မြတ်လေးညိုတို့ မင်္ဂလာပွဲကို အမြန်ဆုံးလုပ်ချင်သည်ဟု ပြောလာ၏။

ထိုကာလမှာပင် ကျော်ကြီး ရွာသို့ ရောက်လာသည်။ ယုယုနှင့် မိန်းကလေး တစ်ယောက်လည်း ပါလာလေသည်။ ကျော်ကြီးနှင့်သိနေသော ရွာထိပ်မှ တင်စိုးတို့အိမ်တွင် သူတို့တွေ့ကြသည်။

ယုယုက သူ့အမှားတွေကို တောင်းပန်သည်။ မိုးညို ဘာလုပ်ရမည်နည်း။ အခုချိန်မှာ အမေ့ကျန်းမာရေးကလွဲ၍ သူ့ခေါင်းထဲမှာ ဘာမျှမရှိတော့။ ထို့ကြောင့် သူ မြတ်လေးညိုနှင့် လက်ထပ်ရတော့မည်။ ဖိတ်စာတွေပင် အပ်ထားပြီးပြီဟု ပိုပိုသာသာ ပြောပြလိုက်သည်။ ယုယု ငိုပြီးပြန်သွားတော့ သူ့ရင်မှာ ဆို့နင့်လျက် ကျန်နေခဲ့သည်။ ယုယု လက်တွေကို လိုက်ဖမ်းဆွဲပြီး တင်းကြပ်စွာ ဖက်ထားလိုက်ချင်စိတ်တွေ အားတင်းကာ ကြိုးစားဖြေသိမ့်လိုက်ရသည်။

ဒီတစ်ခါတော့ တစ်သက်တာအတွက် တကယ်ပဲ ဝေးကြရပြီ ယုရယ်…။

✧ ✧ ✧ ✧ ✧

"ဘာ…ဘာပြောတယ်၊ မြတ်လေးညိုနဲ့ မင်္ဂလာပွဲကို နောက်ဆုတ်ပေးပါ ဟုတ်လား သား"

အမေက အံ့သြကာ နားမလည်သံဖြင့် မေး၏။ မိုးညိုမှာ အမေ့မျက်နှာကို ရဲရဲ

> **အမေ့ရောဂါကလည်း တစ်နေ့တခြား ပိုပိုဆိုးလာနေ၏။ အချိန်တိုလေးအတွင်းမှာပင် သိသိသာသာအရွယ်ကျသွားသည်။ အမေ့ရင်သားက ရဲရဲနီကာ မာခဲပြီးယောင်နေသည်။ ခြေထိပ် လက်ထိပ်တွေက အထိမခံနိုင်လောက်အောင်ပင် နာနေသည်။**

မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ အမေက သူ့ပုံးတွေကို ဖွဖွလေးလှမ်းကိုင်လာသည်။

"ဘာဖြစ်လို့လဲ သားရယ်၊ လူကြီးချင်း စကားပြောပြီးလို့ နေ့ကောင်းရက်သာတောင်မှ ရွှေထားပြီးပြီလေ၊ ဘာလဲ ရန်ကုန်က သားကောင်မလေး လိုက်လာလို့သား"

မိုးညို ဘာမှမပြော။ ရှင်းပြရန် ခွန်အား မဲ့ရသည်လေ။

"အမေ အကုန်ကြားပြီးပြီသား။ သားက မြတ်လေးညိုနဲ့လက်ထပ်ရတော့မယ့်အကြောင်း သားရဲ့ကောင်မလေးကို ပြောလိုက်လို့ ကောင်မလေး ငိုပြီးပြန်သွားတယ်တဲ့၊ ဒါနဲ့များတောင် ဘာလို့ မင်္ဂလာပွဲကို ဖျက်ချင်ရတာလဲ၊ သား ကောင်မလေးကြောင့်လား"

"မဟုတ်ပါဘူး အမေရာ၊ ကျွန်တော့်ဘဝထဲမှာ သူမရှိတော့ပါဘူး။ ကျွန်တော် ဘယ်သူ့ကိုမှ မယူချင်သေးဘူး အမေ၊ အမေ့ကို အားရအောင် လုပ်ကျွေးချင်သေးတယ်၊ ဒါကြောင့်ပါ"

အမေက သူ့ကို အကဲခတ်ကြည့်ရင်း သက်ပြင်းချ၏။ ထို့နောက် "စဉ်းစားပါအုံး သားရယ်၊ မြတ်လေးညိုကို သွားမပြောလိုက်ပါနဲ့အုံးနော်"ဟု ပြောသည်။ သူ ကြိတ်ပြီး သက်ပြင်းချမိသည်။ အမေ့ထက်အရင် မြတ်လေးညိုကို မိုးညို ဖွင့်ပြောခဲ့ပြီးဖြစ်သည်။

မြတ်လေးညိုက ပထမတော့ မယုံ။ နောက်နေတာပဲဟုပင် ထင်ခဲ့သည်။ နောက်မှ ယုံသွား၏ ထို့နောက် ရှက်ဒေါသတို့ဖြင့် ပေါက်ကွဲသွား၏။

"ရန်ကုန်က နင့်ရည်းစားလိုက်လာလို့ မင်္ဂလာပွဲကို နင်ဖျက်လိုက်တာမဟုတ်လား။ နင်မပြတ်ရင် ဘာလို့ မင်္ဂလာပွဲကို လက်ခံခဲ့ဘာလဲ၊ ဘာလို့ ငါ့ကိုချစ်တယ်လို့ပြောတာလဲ၊ နင်-နင် သိပ်မိုက်ရိုင်းတယ်၊ ငါ့အရှက်ရအောင်လည်း စော်ကားတယ်။ နင့်ကို ငါ ရွံတယ် မိုးညို၊ နင်နဲ့ငါ ဒီနေ့ကစပြီး ငယ်သူငယ်ချင်းလည်း မဟုတ်တော့ဘူး။ ငါ့သေရင်တောင် ငါ့မသာကို လိုက်မပို့နဲ့"

မြတ်လေးညို၏ နောက်ဆုံးစကားက သူ့ရင်ကို အပ်အစင်းပေါင်းများစွာနှင့် ထိုးစိုက်သွားသည်သို့ရှိ၏။ မြတ်လေးညိုကို ရှင်းပြချင်ပေမယ့် သူမကြိုးစားမိတော့။ "ငါပဲ ရင်အကွဲခံလိုက်တော့မယ်၊ ငါပဲ အရှက်မဲ့သူ၊ သစ္စာမဲ့သူအဖြစ် ခံယူလိုက်တော့မယ်"ဆိုသည့် စကားတွေသာ သူ့ရင်ထဲမှာ ပဲ့တင်ထပ် ကျန်နေခဲ့သည်။

အမေ့ရောဂါကလည်း တစ်နေ့တခြား ပိုပိုဆိုးလာနေ၏။ အချိန်တိုလေးအတွင်းမှာပင် သိသိသာသာအရွယ်ကျသွားသည်။ အမေ့ရင်သားက ရဲရဲနီကာ မာခဲပြီးယောင်နေသည်။ ခြေထိပ် လက်ထိပ်တွေက အထိမခံနိုင်လောက်အောင်ပင် နာနေသည်။ အရင်က အနှင်းအနှိပ်ခံရတာကြိုက်သော အမေမှာ အခုတော့ အတို့အထိကိုပင် သိပ်ပြီး မခံနိုင်ရှာတော့ပြီ။

နယ်လှည့်ဆေးကုသရေးအဖွဲ့ ရွာကို လာမည်။ ရောက်လာရင် အမေ့ကို ဦးစားပေးဖြင့် ကုသနိုင်းရမည်ဟု ဦးလေးကပြောတော့ မိုးညိုရင်ထဲ ထိတ်သွား၏။ ဆရာဝန်တွေက အမေ့ရောဂါကို ပြောလိုက်မှဖြင့် ခုတွေ့။ ဆေးအဖွဲ့တွေ လာခဲ့သောနေ့တွင် အမေ့ကို သူကိုယ်တိုင် ဆေးအဖွဲ့ထံ လိုက်ပို့ပေးရန် ကြိုးစားပေမယ့် မအောင်မြင်။ အမေက လယ်ထဲသာ အတင်းသွားနိုင်းသည်။ "မင်းအစ်မတွေရော မြတ်လေးညိုရောရှိတယ်"ဟု အမေကဆိုသည်။ မိုးညို စိတ်မပါပါဘဲ လယ်ထဲထွက်ခဲ့သည်။ အစ်မကြီးကို ကြိတ်ပြီး မှာစရာရှိတာတွေ မှာခဲ့ရ၏။ စိတ်ကမပြောင့်။ အရေးထဲ ပျိုးခင်းက ပိုးတွေကျနေပြန်ပါသည်။

လယ်ထဲမှ ပြန်ရောက်ရောက်ချင်း အမေ့အနိုပ်အကဲကို အရင်ဆုံးအကဲခတ်ရ၏။ အမေ့ပုံစံက ထူးခြားမှုမရှိ။ အစ်မကြီးကိုမေးတော့ အဆင်ပြေသည်။ ဆရာဝန်ကို ကြိုပြီးပြောထား၍ အမေမသိဟုဆိုမှ စိတ်အေးနိုင်ရှာသည်။ အမေ့ကိုတော့ သွေးတိုးစမ်း မေးမိသည်။

"ဆရာဝန်က အမေ့ကို ဘာပြောလိုက်သေးလဲ အမေ"

"ဆေးရုံတက်လိုက်ပါလို့တော့ ပြောတာပဲ၊ အမေက မတက်ချင်ပါဘူးလို့ ပြောလိုက်တယ်"

"ဘာဖြစ်လို့လဲ အမေရဲ့၊ ဆရာဝန်တွေက အမေ့ရောဂါကို ပျောက်စေချင်လို့ တက်နိုင်းတာနေမှာပေါ့၊ မနက်ဖြန် သွားမလား။ တင်စိုးရဲ့ ထော်လာဂျီကို လှမ်းပြောထားလိုက်မယ်လေ"

"ဟုတ်သားပဲ၊ ဆေးရုံတက်လိုက်ရင် အမေ့ရောဂါက ကောင်းသွားမှာအမေရဲ့"

အမေ ဘာမှမပြောဘဲ အိမ်အပြင်ကို ငေးနေ၏။ ခဏနေမှ အသံတိုးတိုးလေးနှင့် ပြောသည်။

"ဟန်မဆောင်တတ်ဘဲနဲ့ ဟန်ဆောင် မနေပါနဲ့တော့အေ၊ ပင်ပန်းပါတယ်"

"ဟာ···အမေကလဲ၊ ကျွန်မတို့က ဘာဟန်ဆောင်နေလို့လဲ"

"နင်တို့က ငါမွေးထားတဲ့ သားသမီးတွေပါအေ၊ ညည်းတို့မောင်နှမနှစ်ယောက် ပဲ့ခူးက ဆရာဝန်ကြီးရုံးခန်းက ထွက်လာကတည်းက မှုပျက်နေတာ အမေရိပ်မိတာပေါ့၊ ညည်းမျက်လုံးတွေ အစ်နေတာလည်း သိတယ်၊ ပြီးတော့ ငါ့သားလေးက ဘာအကြောင်းပြချက်မှမရှိဘဲ မြတ်လေးညိုနဲ့ မင်္ဂလာပွဲကို သူ့သဘောနဲ့သူ ဖျက်လိုက်တာလေ"

"အမေကလဲ ဘာမှမဆိုင်ဘူး။ အိမ်ထောင် မပြုချင်သေးလို့ တမင်ဖျက်လိုက်

တာပါ''

''ဟန်ဆောင်နေတာတွေ ရပ်လိုက်ပါတော့ သားရယ်၊ အမေ နေ့လယ်က ဆရာဝန်ကြီးကို အမေ့ဆေးစာရွက်တွေပြပြီး ကျွန်မရောဂါကို အမှန်အတိုင်းပြောပါလို့ တောင်းပန်လို့ အမေ့ရောဂါကို အမေသိခဲ့ပါပြီ။ ဟန်ဆောင်မနေကြပါနဲ့တော့ကွယ်''

မိုးညိုတို့ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ အစ်မကြီးကတော့ အငိုခံနဲ့ တစ်ချက်ရှိုက်ပြီး ထိုင်ရာမှထပြေးသွားသည်။ အစ်မသက်ကတော့ နားမလည်သည့်ပုံစံဖြင့် မျက်လုံးကလေးအဝိုင်းသားနှင့် ကြည့်နေရှာသည်၊ အမေ့ရှေ့မှာ ကြာရှည်စွာနေနိုင်သည့် ခွန်အားကင်းမဲ့လာ၍ မိုးညိုလည်း အိမ်အောက်သို့ ဆင်းခဲ့သည်။ လှေခါးတွင် ရပ်နားတောင်နေသော မြတ်လေးညိုက သူ့နောက်ကို လိုက်လာသည်။

''မိုးညိုရယ်၊ နင် အစကတည်းက ငါ့ကို ဒီအကြောင်းတွေ မှင့်ပြောပါတော့လား။ နင် သိပ်ပြီး တစ်ကိုယ်ကောင်းဆန်တယ်၊ ပြီးတော့ နင်တစ်ယောက်တည်းကြိတ်ပြီး ခံစားတယ်၊ ငါကျတော့ မခံရတော့ဘူးလား။ အမေမြကာ ငါသိပ်ချစ်တဲ့ ငါ့ရဲ့ ဒုတိယအမေပါဟ၊ ငါ-ငါလည်း သိသင့်တာပေါ့လို့ နင်-နင် သိပ်တစ်ကိုယ်ကောင်းဆန်တာပဲဟာ''

မြတ်လေးညိုက ပြောပြီး မိုးညို ရင်ဘတ်ကြီးကို တဘုန်းဘုန်းထုရိုက်၏။ ထို့နောက် မိုးညိုရင်ခွင်မှာ မျက်နှာအပ်ကာ ငိုလေသည်။

✧ ✧ ✧ ✧ ✧

''ဆရာတော် သံဃာတော်များနဲ့ ရဟန်းလောင်းများ သိမ်တက်တော့မည်ဖြစ်ပါ၍ သိမ်ဆင်းလောင်းလှူမည့်သူများ မာလာသိမ်တော်သို့ ကြွရောက်လှူဒါန်းနိုင်ပါကြောင်း၊ နှိုးဆော်အပ်ပါတယ်ခင်ဗျာ''

နိဗ္ဗာန်ဆော်ကြီး ဦးချစ်မွန်း၏ ကြေညာသံက ပဲ့တင်ထပ်သွားပြီး၊ သိမ်ဆင်းလောင်းလှူကြမည့်သူများ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ အမေမြကတော့ သားရဟန်းလောင်းနောက်မှာ အရိပ်လိုလိုက်ပါရင်း၊ သားရဟန်းကို ဖူး၍မဝအောင်ဖြစ်ရ၏။ အခုလည်း သိမ်အဝင်နားမှာ လက်အုပ်ကလေးတချီချီနှင့် သိမ်ထဲကိုလှမ်းကြည့်နေ၏။

မျက်နှာကလည်း ရောဂါသည်ဟုပင် မထင်ရလောက်အောင် ရွှင်ပျလန်းဆန်းနေလေသည်။

တကယ်တော့ မိုးညို ဒုလ္လဘရဟန်းဝတ်ရန် အမေမြမှာ မနည်းစည်းရုံးခဲ့ရသည်။ မိုးညိုကလည်း မဝတ်ချင်ပါဘူးဟူသော 'ဘူး' ချည်း ခံနေခဲ့သည်။

''သားက တစ်ခါမှ ပဉ္စင်းမခံရသေးဘူး။ ရဟန်းဝတ်လိုက်ပါလား သားလေး''

''ဟာ- မဝတ်ချင်ပါဘူးဗျာ၊ ကျွန်တော့်အသက်က အခုမှ ငယ်ငယ်ကလေးရှိသေးတာ''

''ခုနစ်ရက်တော့ဖြစ်ဖြစ် ဝတ်လိုက်ပါလား သားရယ်၊ အမေမသေခင်ကလေးမှာ သားကို ရဟန်းဝတ်ရုံမြင်ချင်လို့ပါ၊ သားရဟန်းကို အမေကန်တော့ချင်လို့ပါကွယ်၊ ဝတ်လိုက်နော် သား''



''မဝတ်ချင်ပါဘူး အမေရာ၊ အနေအထိုင် ကျဉ်းကျပ်ပါတယ်၊ ပြီးတော့ သင်္ကန်းဝတ်ကြီးနဲ့ဆိုရင် အမေ့ကို နီးနီးကပ်ကပ် ဘယ်လိုပြုစုမလဲ၊ မဖြစ်ပါဘူးဗျာ''

''သင်္ကန်းဝတ်နဲ့ ပြုစုလုပ်ကျွေးတာက ပိုပြီးကုသိုလ်ထူးတာပေါ့ သားရဲ့၊ သား ရွတ်ဖတ် သရဇ္ဈာယ်တဲ့ ပရိတ်တို့၊ ပဋ္ဌာန်းတို့ကိုလည်း အမေက နားချင်သေးတာသားရဲ့''

''ကျွန်တော်က မေတ္တသုတ်တောင် ကောင်းကောင်းရတာမဟုတ်တာ အမေလဲ သိသားနဲ့ဗျာ''

''ဆရာတော်ကြီးဆီက သင်ယူပေါ့ သားရယ်၊ အလွတ်မရလည်း စာအုပ်ကြည့်ပြီး ရွတ်ပေါ့''

''ကဲပါ ငါ့တူရာ၊ မင်းအမေ ဒီလောက် ဆန္ဒပြင်းပြနေတာ ခုနစ်ရက်ဖြစ်ဖြစ် ဝတ်လိုက်ပါကွာ၊ မိဘကို တရားနဲ့ ကျေးဇူးဆပ်တာ အမြတ်ဆုံးကွ ငါ့တူရ''

''ဟုတ်သားပဲ မောင်လေးရာ၊ အမေ့ဆန္ဒပြည့်သွားအောင် ဝတ်လိုက်နော်''

ဦးလေးနှင့် အစ်မတွေကပါ ဝိုင်းတိုက်တွန်းလာတော့ သူမှာ ငြင်းရန်ခွန်အားမရှိတော့၊ အမေကလည်း သတိရတိုင်း ရဟန်းဝတ်ရန်သာ တဖွဖွပြောနေသည်လေ။

''သမီးလေး မြတ်လေးညိုကလည်း သား ရဟန်းဝတ်မှာကို ခွင့်ပြုတယ်မဟုတ်လား''

အမေက မြတ်လေးညိုကို စကားလှမ်းတောင်းသည်။ သူလှမ်းကြည့်တော့ မြတ်လေးညိုက ဝတ်လိုက်ပါဟု မေးဆတ်ပြသည်။ သူ ဘာများတတ်နိုင်ဦးမည်နည်း။ နောက်ဆုံးတော့ အမေ့ဆန္ဒကို လိုက်လျောခဲ့ရသည်။ သို့သော် ချက်ချင်းတော့ မဝတ်သေး၊ မိဘနှစ်ပါး၏အမည်ဖြင့် သစ်သားတစ်ပါးကျောင်းဆောင်လေး ဆောက်လုပ်လှူဒါန်းချင်ကြောင်း၊ သူနှင့်အတူ အမေ့မြေးတွေကိုပါ ရှင်ပြုပေးချင်ကြောင်း၊ သို့အတွက် လယ်တစ်ကွက်ကို ရောင်းချလိုက်မည်ဖြစ်ကြောင်း၊ ဦးလေးနှင့် အစ်မနှစ်ယောက်ကို တိုင်ပင်လိုက်သည်။ အားလုံးက သဘောတူသဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ကြသည်။ လယ်ကိုတော့ ဦးလေးကပင် ဝယ်ထားလိုက်သည်။

အခုတော့ ရှင်ပြု/ရဟန်းခံနှင့် ကျောင်းရေစက်ချ အလှူတော်ကြီး အထမြောက်

အောင်မြင်ခဲ့လေပြီ။ အမေ့ဆန္ဒအတိုင်း ရဟန်း (၇)ရက်ဝတ်မည်ဟု မိုးညိုတင်ခုံဖြတ်ချက်က အမေ့ကြည်နူးဝမ်းသာမှုကို မြင်ရသောအခါ ထပ်တူကြည်နူးရပြန်ပါသည်။ အမေ အသက်ရှည်မည်ဆိုပါက သူ ဘာပဲလုပ်ရလုပ်ရ လုပ်ပစ်လိုက်မည်ဟုလည်း ဆုံးဖြတ်ချက်ချလိုက်သည်။

✧ ✧ ✧ ✧ ✧

**''သဗ္ဗေသံ သင်္ခါရာနံ အာဟာရ၊ တမှာဝုဋ္ဌာသိ ဌာနသော။**

**တေန သစ္စ ဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။''**

''ပါးကိုဖျက် ပါးမြက်၊ ရှင်ကိုဖျက် ဖေက်''ဟု ဦးဇင်းမိုးညို ကြားဖူး၏။ အခု သူ့အလှည့်ကျမှ ဖေက်နေရာမှာ မောရှိုက်ဟု ပြောင်းရမလိုဖြစ်နေသည်။ ရှေ့မှ မင်္ဂလာ



သုတ်၊ မေတ္တသုတ်တို့ကို ခဏလေးနှင့် အရကျက်မှတ်နိုင်ခဲ့သလောက် မောရှိုက်သုတ်နှင့်ကျမှ အခက်ကြုံရလေပြီကော။

ဒါကလည်း အမေ့ကြောင့်လား မသိတော့။ အမေ့ရောဂါက တစ်နေ့ထွေ့ တစ်နေ့ခွေ ဖြစ်လာနေပြီ။ အမေက မောရှိုက်သုတ်ကို နားချင်လိုက်တာဟု ဆိုလာသဖြင့် စာအုပ်ကြည့်ပြီး ရွတ်ပေးခဲ့သည်။ အမေ့ရှေ့မှာ အလွတ်ဆိုနိုင်အောင် မောရှိုက်သုတ်ကို အရကျက်ခဲ့သည်မှာလည်း သုံးရက်ရှိပြီ။ အခုထိ အလွတ်မရသေး။ စိတ်က စာထဲမှာ မရှိ၊ အမေ့ဆီမှာသာ။ အမေ့ရောဂါက တစ်နေ့တခြား တိုးလာသဖြင့် ရပ်ဝေးမှ ဆွေမျိုးများပင် သတင်းမေးရောက်လာကြပြီလေ။

အခုလည်း အမေ့အခြေအနေက မကောင်း။ အမေ့ကိုကြည့်ပြီး ပရိတ်ရွတ်ရသည်မှာ အားမဖြစ်။ အသံကလည်း အားအင်မဲ့ရပြီ။ ပြန်လာပြီး စာသာကျက်နေသည့်တိုင် စိတ်က အမေ့ဆီမှာ။ မနက်က အမေ အမောဖောက်နေတာကြည့်ပြီး သူမှာ ဂူခြေ ပျက်ရသည်အထိ ဖြစ်ခဲ့ရသည်။ တွေးလေလေ အမေ့အတွက် စိတ်မအေးရလေမို့ ဘယ်လိုမှ နေ၍မရတော့။ ထို့ကြောင့် ကျောင်းထိုင်ဆရာတော်ကို ဦးဇင်းမိုးညို လျှောက်ထားခွင့်ပန်လိုက်သည်။

''တပည့်တော်ကို လူထွက်ခွင့်ပြုပါ ဘုရား''

''ဒကာမကြီးက ခွင့်ပြုလိုက်လို့လား ဦးဇင်း''

ဦးဇင်းမိုးညို မဖြေမိ။ ဆရာတော်က သက်ပြင်းချပြီး မိန့်ကြားတော်မူသည်။

''ဦးဇင်းရဲ့ မယ်တော်ကြီးက အချိန်မရှိတော့ဘူး။ ဒီအချိန်မှာ သူ့သားကို ရဟန်းဝတ်နဲ့ပဲ မြင်ချင်နေရှာတာ၊ ဘုန်းကြီးဆန္ဒကလည်း ဦးဇင်းမယ်တော်ကြီးနဲ့အတူတူတူပါပဲ၊ ဒါပေမဲ့ ထွက်ချင်တဲ့စိတ်ပြင်းပြနေရင်လည်း မယ်တော်ကြီးကို အရင်ဆုံးခွင့်ပန်ကြည့်ပါအုံးလေ''

ဆရာတော်ဆီမှ ခွင့်ပြုချက်ရသည်နှင့် အိမ်သို့ မပြေရုံတမည် ကြွသွားသည်။ အိမ်မှာတော့ ရပ်နီးရပ်ဝေးမှ ဆွေမျိုးတွေနှင့် စည်ကားနေသည်။ ဦးဇင်းကြွလာသည်ဟု ဆို၍ အမေ့မှာ မှိန်းနေရာက အတင်းကုန်းထကာ ရှိခိုးသည်။ မထပါနဲ့၊ ပြန်ပြီးလှဲနေပါဟုပြောတာလည်း မရ။ ''အဂါရဝဖြစ်ပါတယ်ဘုရား''ဟုဆိုကာ ပုဆစ်တုပ်ထိုင်လျက် လက်အုပ်ကလေးချီထား၏။

''ဦးဇင်း လူထွက်တော့မယ် ဒကာမကြီး။ အဲဒါ လာခွင့်တောင်းတာပါ''

ငိုထားသော အမေ့မျက်နှာ မှောသွား၏။

''ထွက်တော့မလို့လား ဘုရား၊ တပည့်တော်ကတော့ မထွက်စေချင်ဘူးဘုရား။ ထွက်ချင်လည်း တပည့်တော်အလောင်း မြေကျပြီးမှ ထွက်ပါနော်၊ တပည့်တော် အရှင်ဘုရားကို နောက်ဆုံးအချိန်ထိဖူးသွားချင်လို့ပါ ဘုရား''

ဦးဇင်းမိုးညိုရင်ထဲ နင့်ခနဲဖြစ်ပြီး ဆို့တက်သွား၏။ မျက်ရည်တို့ပင် ဝဲလာသလိုရှိ၏။

''ဖြစ်နိုင်မယ်ဆိုရင် အရှင်ဘုရားကို တပည့်တော်က တစ်သက်လုံး ရဟန်းဘဝနဲ့ပဲ မြင်သွားချင်တာပါဘုရား၊ တပည့်တော်က အရှင်ဘုရားကို သာသနာ့အမွေ ပေးခဲ့ချင်လို့ပါ၊ အရှင်ဘုရားကို တပည့်တော် လူဝတ်ကြောင်ဘဝနဲ့ စိတ်မချဘူးဘုရား၊ တပည့်တော် စိတ်ချလက်ချသွားနိုင်အောင် အရှင်ဘုရား ကူညီပေးပါနော်၊ လူမထွက်ပါနဲ့ ဘုရား''

အမေ့မှာ မောလွန်း၍ အသံတွေတုန်ကာ လေသံမျှသာ ထွက်နိုင်တော့သည်။ သည်စကားတွေကိုပင် အားတင်းပြီးပြောနေရှာ၏။ ဦးဇင်းက ထပ်ပြီးတောင်းဆိုရန် ပြင်လိုက်ပေမယ့် မယ်တော်ကြီးကိုကြည့်ပြီး ပြောမထွက်။ အမေက ခဏနားပြီး မြတ်လေးညိုကို အနားလာခဲ့ရန် လက်ယက်ခေါ်သည်။

''သမီး မြတ်လေးညို၊ အမေ့သားလေးက တစ်သက်လုံးရဟန်းဝတ်မယ်ဆိုရင် သမီးလေးက ခွင့်ပြုပေးပါနော်၊ ခွင့်ပြုမယ် မဟုတ်လားဟင် သမီး''

မြတ်လေးညိုက မျက်ရည်ဝဲနေရာမှ ခေါင်းညိတ်ပြ၏။ မြတ်လေးညို ခေါင်းအညိတ်တွင် မျက်ဝန်းမှာ တွဲခိုနေသော မျက်ရည်ဥတို့ ပေါင်ပေါ်ကျသွားတာ ဦးဇင်းမိုးညို မြင်လိုက်ရသည်။ အကြည့်ကို လူအများဘက်သို့ လွှဲမယ်လိုက်တော့ အစ်မသက်က တစ်ဖက်လှည့်ကာ ကြိတ်ငိုနေသည်။ အချို့မိန်းမသားတွေက မျက်ရည်တွေ စိုသုတ်နေ

ကြသည်။ အစ်မကြီးကတော့ ဘယ်ချောင်မှာ သွားငိုနေပြီလဲ မသိ။

ဦးဇင်းမိုးညို သက်ပြင်းခိုးချရင်း ကျောင်းသို့ပြန်ကြွခဲ့သည်။

သို့သော် ကျောင်းရောက်၍မှ နှစ်နာရီမပြည့်သေး၊ ယောက်ဖဖြစ်သူ အပြေးအလွှား ရောက်လာ၏။ ''အမေ့အခြေအနေ မကောင်းဘူးဘုရား။ ညတောင်မှ ကူးပါ့မလားမသိဘူး''တဲ့။ ချက်ချင်း ဆရာတော်ကြီးထံပြေးပြီး အိမ်ပြန်ရန်ခွင့်ပန်လိုက်သည်။ ဆရာတော်ကြီးက ခဏစောင့်ရန်ပြောပြီး သံဃာတော်များအား သက်နိုးရုံခိုင်းသည်။ ထို့နောက် ဆရာတော်ကြီးဦးဆောင်လျက် အမေ့အိမ်သို့ ကြွခဲ့ကြသည်။ ဦးဇင်းမိုးညိုမှာ ''အမေ''ဟုခေါ်လျက် အပြေးသာ သွားလိုက်ချင်နေမိတော့သည်။

◊ ◊ ◊ ◊ ◊

**''မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။**

**ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။''**

ဦးဇင်းမိုးညိုမှာ မေတ္တသုတ်တော်ကို ရွတ်သာရွတ်နေရသည်၊ စိတ်နှင့်လူကမကပ်။ မျက်လွှာချလျက်မှ အမေ့ကိုသာ ကြည့်နေမိခြင်းကြောင့် ရွတ်ဖတ်သံက တစ်ခါခါတိမ်ဝင်ပြီး ပျောက်ပျောက်သွား၏။ အမေ့မှာ အိပ်ရာထဲမှ မထနိုင်တော့၊ ဝေဒနာကို ကြိတ်မှိတ်ခံစားရင်းက လက်အုပ်ကလေးသာ ချီနိုင်တော့၏။ ဤသည်မှင် ဝေဒနာဆောင့်တိုးသည့်အခါ ရင်ဘတ်ကြီးကော့တက်သွားပြီး ချီထားသည့်လက်အုပ်ကလေး ပြေလျော့သွားတတ်သည်။ ထိုအခါ ဦးဇင်းမိုးညိုမှာ ပရိတ်ရွတ်တာတွေ ရပ်ရပ်သွား၏။

သို့သော် အမေက ချက်ချင်းပင် သတိကပ်ပြီး လက်အုပ်ကလေးကို ပြန်ချီ၏။ ဦးဇင်းမိုးညိုမှာ ဆရာတော်တို့နှင့်အတူ သံယောင်လိုက်ရွတ်ဆိုနေပေမယ့် မျက်ဝန်းတွေကတော့ အမေ့ဆီမှ မခွာ။ အမေက ငြိမ်ငြိမ် ပရိတ်တရားကို နာနေ၏။ စောစောကလောက် အမေ့မှာ ဝေဒနာမပြင်းထန်တော့ဘူးဟု ဦးဇင်းမိုးညို တွေးနေဒိုက်မှာပင် ချီထားသည့် အမေ့လက်အုပ်ကလေးမှာ ပြေလျော့ကျသွားသည်။

လက်အုပ်ကလေး ဘယ်အချိန်များ ပြန်ချီလာမလဲဟု ဦးဇင်းမိုးညို စိတ်လှုပ်ရှားစွာ စောကြည့်ရင်း မျှော်လင့်နေမိသည်။ သို့သော် လက်အုပ်ကလေး ပြန်မဖြစ်လာတော့သလို အမေလည်း ငြိမ်သက်သွားလေပြီ။ ဦးဇင်းမိုးညိုရင်ထဲ ဘယ်လိုဖြစ်သွားမှန်း ကိုယ်တိုင် မသိလိုက်နိုင်ချေ။

**''ယံ ခုန္ဒိမိတ္တံ အဝမင်္ဂလဥ္စ၊ ယောစာ မနာပေါ သကုဏဿ သဒ္ဒေါ၊**

**ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊**

**သံဃာနုဘာဝေန ဝိနာသ မေန္တု။''**

''သာဓု သာဓု သာဓု''

ဦးဇင်းမိုးညို၏ အစ်မကြီးမှာ သာဓုပင် ဆုံးအောင်မခေါ်နိုင်ရှာ၊ ထိုင်ရာမှထပြေးကာ အိမ်အပြင်ဘက်တွင် ငိုပါတော့သည်။ အမေ့မြေးတွေက ''အမေကြီး''ဟုတကာ ငိုကြသည်။ အမျိုးသမီးအချို့ ကြိတ်ငိုကြသည်။ ထို ငိုသံတွေ၊ ရှိုက်သံတွေက ဦးဇင်းမိုးညို၏ရင်ကို ကြေကွဲမှုတွေနှင့်အတူ ပြိုလဲသွားမတတ်ဖြစ်ရသည်။ ရဟန်းဝတ်နှင့်သာ မဟုတ်ခဲ့ပါလျှင် အမေ့ကိုပြေးဖက်ကာ သူ ငိုနေမိပြီ။

အခုပင်လျှင် ဗုဒ္ဓခြေဆယ်ထားသည့်ကြားမှ ငိုချလိုက်မိမှာစိုး၍ ခေါင်းကြီးငုံ့ကာ ဒါးကြီးကျန်းထားရ၏။ သို့သော် ကျောကုန်းကြီးက ကြေကွဲမှုဖြင့် တဆတ်ဆတ်တုန်ခါနေလေသည်။ ထိုကျောကုန်းပေါ်သို့ လက်တစ်ဖက်က ညင်သာစွာကျရောက်လာသည်။

''ငိုချင်ရင် ငိုချလိုက်ပါဘုရား။ စိတ်တင်းပြီး မနေပါနဲ့၊ ရဟန်းသံဃာမို့ မငိုရဘူးလို့ ပညတ်ချက်မရှိပါဘူး။ သံဃာ့ဂုဏ်တော်ကို ငဲ့ကွက်စောင့်ထိန်းပြီးတော့သာ နေကြရတာပါဘုရား။ တကယ်တော့ ကိုယ်ချစ်ခင်မြတ်နိုးရတဲ့သူတွေ၊ ကိုယ်လေးစား အားကိုးရတဲ့သူတွေနဲ့ ကွေကွင်းရတဲ့အခါမျိုးမှာ အရှင်ဘုရားတို့၊ တပည့်တော်တို့လို ပုထုဇဉ်ရဟန်းတွေကို မဆိုထားနဲ့ အရိယာသူတော်စင်တွေတောင်မှ ကြေကွဲခံစားကြရပါတယ်၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ အချိန်မှာ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးတို့လို သောတာပန်အရိယာသံဃာတွေတောင်မှ ငိုကြွေးခဲ့ကြရပါတယ်ဘုရား။ ဒါကြောင့် ငိုချင်ရင် ငိုလိုက်ပါဘုရား''

ဆရာတော်ကြီးက တည်ငြိမ်အေးချမ်းသောအသံဖြင့် ဩဝါဒပေးတော်မူသည်။ ဦးဇင်းမိုးညိုက မျက်ရည်များဖြင့် ဆရာတော်ကြီးကို မော့ကြည့်ပြီး လေးမြတ်စွာရှိခိုးလိုက်သည်။

''တပည့်တော် အမေ့ကို နောက်ဆုံးအနေနဲ့ ရှိခိုးချင်ပါတယ်၊ ရှိခိုးလို့ရပါ့သလားဘုရား''

''စိတ်ထိန်းပါဘုရား။ ရဟန်းသာမဏေဆိုတာ ဓိဘကို ပြုစုလုပ်ကျွေးလို့ရပေမယ့် ရှိခိုးလို့မရပါဘူး ဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ပညတ်တော်မူခဲ့တယ်၊ ဝါတော် ခြောက်ဆယ်ရနေတဲ့ ဘိက္ခုနီမပင် ဖြစ်လင့်ကစား၊ ယနေ့မှဝတ်တဲ့ ရဟန်း၊ သာမဏေကို ရှိခိုးရမယ်တဲ့၊ ရဟန်း သာမဏေဆိုတာ လူတွေ၊ ဘိက္ခုနီတွေ၊ သီလရှင်တွေထက် မြတ်လို့ မရှိခိုးကောင်းပါဘူးဘုရား''

ဦးဇင်းမိုးညိုသည် ဆရာတော်ကြီးအား



ဒုတိယအကြိမ် ရှိသေလေးမြတ်စွာ ရှိခိုးလိုက်၏။ ထို့နောက် မယ်တော်ကြီး၏ ရင်ကလာပ်ကိုငေးပြီး တွေတွေကြီးစိုက်ကြည့်နေ၏။ ငိုချင်သည်။ သို့သော် ငို၍မရ။ ရင်ထဲမှာ တင်းကျပ်ဆို့နှင့်ပြီးတော့သာ ခံစားနေရသည်။ အသက်မှရှိသေးရဲ့လားဟု ထင်ရလောက်အောင်ပင် ဦးဇင်းမိုးညိုသည် မယ်တော်ကြီးကိုသာ တွေတွေကြီးငေးပြီး စိုက်ကြည့်နေသည်။ သို့သော် မျက်ရည်တွေကတော့ ပါးပြင်ပေါ်သို့ အလိုလိုစီးကျနေလေသည်။

✧ ✧ ✧ ✧ ✧

"ဩော် တောင်စွယ်မှာ နေတောင်မှ ကွယ်တော့မှာပါလား"

တရားဖြုတ်ပြီး တဲကျောင်းကလေးမှ ထွက်လာသော ဦးပဏ္ဍိ(သို့မဟုတ်) ဦးဇင်းမိုးညိုသည် အနောက်ရိုးမကြီးကိုကြည့်လျက် နှုတ်မှရေရွတ်မိသွားသည်။ သတိထားပေမယ့်လည်း နေဝင်ချိန်ကိုတော့ ကြည့်မိသည်မှာ အကျင့်တစ်ခုလိုဖြစ်နေပြန်သည်။

ပုစွန်ဆီရောင်တွေ လွှမ်းခြုံထားသော နေညိုချိန်ကိုကြည့်မိတိုင်းလည်း မယ်တော်ကြီးကို သတိတရမြင်ယောင်မိတတ်၏။ "နေညိုရင် အမေ့အိုကို လွမ်းစိတ်က ဖျောက်ဖျက်၍မရ။ အမေသာ ရှိနေရင်ဆိုသည့် အတွေးတွေလည်း ဝင်ဝင်လာတတ်သည်။

"အရှင်ဘုရားကို လူဝတ်ကြောင်ဘဝနဲ့ တပည့်တော် စိတ်မချဘူးဘုရား။ တပည့်တော် စိတ်ချလက်ချသွားနိုင်အောင် အရှင်ဘုရား ကူညီပေးပါနော်၊ လူမထွက်ပါနဲ့ဘုရား"

လူထွက်ရန် စိတ်ကူးပေါ်လာတိုင်း အမေ့စကားတွေက နားထဲမှမထွက်။ မယ်တော်ကြီးက ငါ့ကို သာသနာ့ဘောင်မှာ စိတ်ချလက်ချထားခဲ့ပြီးမှ ထွက်သွားတာပါလား။ အမြတ်ဆုံးသော သာသနာ့အမွေကို ပေးခဲ့တာပါလားဟု ကျေးဇူးတော်ကို ဆင်ခြင်မိခဲ့သည်။ ထို့ကြောင့် လူမထွက်တော့ဘူး။ အမေ့ဆန္ဒအတိုင်းပဲ တစ်သက်လုံးနေသွားတော့မည်ဟု ယတိပြတ်ဆုံးဖြတ်ခဲ့၏။ အခုဆို ရဟန်းဝါပင်လျှင် ဆယ်ဝါရခဲ့လေပြီ။

အမေ့ကျေးဇူးကို တရားနှင့်ကျေးဇူးဆပ်သည်ဟု ရပ်ရွာမှာ နာမည်ကောင်းတစ်ခု ကျန်ခဲ့သည်။ သို့သော် အမေ့ကို အနီးကပ် ကာလရှည်စွာ ပြုလုပ်ကျွေးချင်သည့် သူ့ရည်မှန်းချက်တွေကတော့ အထမမြောက်၊ ပန်းတိုင်မရောက်ခဲ့ပါချေ။ အမေ့ကျေးဇူးကို သိမြင်ပြီး ကျေးဇူးဆပ်ပြုစုလုပ်ကျွေးမည်ဆိုသည့် အချိန်ကျမှ အမေက မရှိတော့လေပြီ။ ထို့ကြောင့်ပင်–

"ပါရမီ မရင့်သန်၊ အကျင့်မသန်သေးလို့ နိဗ္ဗာန်ရွှေပြည်ကို စံမဝင်ရသေးမီစပ်ကြားကာလ ဘဝတိုင်းမှာ မိဘကျေးဇူးကို သိမြင်နားလည်ပြီး ပြုစုလုပ်ကျွေးခွင့်ရသောသားတစ်ယောက်ဖြစ်ရပါလို၏ဘုရား"ဟု ဘုရားရှင်အား ရည်မှန်းရှိခိုးကာ ဆုတောင်းမိလေသည်။ ထို့နောက် အမေ့ကို ရည်မှန်းလျက် မေတ္တာပို့အမျှဝေလိုက်သည်။

ဟိုး ပဲခူးရိုးမကြီးဆီမှာတော့ နေညိုနေလေပြီ။

**နေညိုပြီ**

**အမေအို ငါ့ကိုမျှော်နေရှာ့မည်။**

**အခုတော့––**

**နေညိုပြီ အမေအို မျှော်ရှာ့ပေါ့ အတွေးခပ်ရေးရေးနဲ့ အရိပ်မဲ့**

**ဩော်––**

**အမေအိုက ခရီးဝေး ထွက်သွားလေပြီကော။**

**နီသင်အောင်ကျော်မိုး**

## ကောင်လေး တော်တော်ဆိုးတယ်



မိန်းကလေးငယ်လေးက စာဖိုးဆောင်ထဲကို အပြေးဝင်သွားပြီး အမေ့ရင်ခွင်ထဲတိုးဝင်ကာ ရှိုက်ငိုနေပါတယ်။

"သမီးလေး ဘာဖြစ်ခဲ့လို့လဲ"လို့ အမေက ချော့ပြီးမေးတယ်၊

"မေမေ၊ သမီးအရုပ်လေးကို ဟိုကောင်လေး မိုက်ကယ် (Michael) က ချိုးဖျက်လိုက်တယ်"

"အို–ဟုတ်လား၊ တယ်ဆိုးတဲ့ကောင်လေးပဲ"

"တော်တော်မကောင်းတဲ့ကောင် ဟုတ်တယ်မေမေ၊ သမီးက သူ့ကို အဲဒီအရုပ်နဲ့ သူ့ခေါင်းကို ထုလိုက်တာ"လို့ မပီကလာနဲ့ ပြန်ပြောပါတယ်။

**မောင်သီဟ**




# ဓာတ်မြေသြဇာကြောင့် အဆိပ်သင့်ရမှုများ

❒ သိပ္ပံစာရေးဆရာကိုကိုအောင် ❒

၁၉၀၀ ပြည့်နှစ်က သန်း ၁၆၀၀ မျှသာ ရှိခဲ့သော ကမ္ဘာ့လူဦးရေသည် မှန်မှန်ကြီး တိုးလာနေခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် သန်း ၈၀ နှုန်းဖြင့် လျင်မြန်စွာ တိုးပွားလာခဲ့သည်။ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော် ရှိနေပြီဖြစ်သော မျက်မှောက်ကာလတွင် စက်မှုလုပ်ငန်းများက အပြိုင်အဆိုင်တိုးတက်ထွန်းကားလျက်ရှိနေသလို၊ စား။ ဝတ်၊ နေရေးဟူသော လူ့လောက အရေးသုံးပါးအနက် အခြေခံအကျဆုံးဖြစ်သည့် အစားအစာဖူလုံစွာ ရရှိရေးအတွက်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက် ရှိနေကြသည်။

ကမ္ဘာ့လူဦးရေ အဆမတန် တိုးပွားလာနေခြင်းသည် ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကိန်းဂဏန်းများကို ပို၍ကြီးထွားလာစေသည်။ တိုးပွားလာသော လူဦးရေနှင့်အညီ စိုက်ပျိုးမြေများကို ချဲ့ထွင်ကြသော်လည်း အလှမ်းကွာဝေးလွန်းလှသော စိုက်ခင်းများတွင် ပြုစုပျိုးထောင် စိုက်ပျိုးရသော စရိတ်စကများက ကြီးလေးသည့်အတွက် စိုက်ပျိုးလက်စ မြေဧရိယာအတွင်း၌ပင် ကောက်ပဲသီးနှံများ အထွက်တိုးအောင် နည်းမျိုးစုံဖြင့် ကြိုးဆလာကြသည်။

ဤသို့အားဖြင့် ကောက်ပဲသီးနှံ အထွက်နှုန်းကို တိုးပွားစေသည့် ဓာတ်မြေသြဇာများသည် စိုက်ပျိုးတောင်သူတို့၏ အားကိုးအားထားပြုစရာ ဖြစ်လာခဲ့တော့သည်။ စပါး၊ ဂျုံ၊ ပဲ၊ နှမ်း၊ ပြောင်း စသော ရာသီသီးနှံများကိုစိုက်ပျိုးရန် စဉ်းစားသည့်အခါ ဓာတ်မြေသြဇာ သုံးစွဲရေးကိုသာ ရှေ့တန်းတင်လာကြသည်။ ကောက်ပဲသီးနှံ စိုက်ခင်းများတွင် ဓာတ်မြေသြဇာ သုံးစွဲမှု ကာလကြာမြင့်လာသည့်အခါ မြေဆီလွှာကို ထိခိုက်မှုများ သိသိသာသာဖြစ်ပေါ်လာသည်။

ကောက်ပဲသီးနှံများ ရှင်သန်ကြီးထွားဖွံ့ဖြိုးစေရေးအတွက် ဒြပ်စင် ၁၆ မျိုး လိုအပ်သည်။ ထိုဒြပ်စင်များမှာ ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စ်ပရပ်စ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်၊ ဆာလ်ဖာ၊ ဘိုရွန်၊ ကလိုရင်း၊ ကော့ပါး၊ အိုင်းယွန်း၊ ဇင့်၊ မင်းဂနီးစ်နှင့် မိုလီဒီနမ်တို့ ဖြစ်ကြသည်။

အဆိုပါ ဒြပ်စင် ၁၆ မျိုးအနက် ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့ကို လေထုထဲက အရန်သင့် စုပ်ယူရရှိကြသည်။ ကျန်ဒြပ်စင်များကိုမူ မြေကြီးထဲက စုပ်ယူရရှိရန် လိုအပ်သည်။

မြေကြီးထဲမှတစ်ဆင့် ရရှိနိုင်သော ဒြပ်စင်များအနက် နိုက်ထရိုဂျင်သည် ကောက်ပဲသီးနှံများ၏ အပင်ပိုင်းဆိုင်ရာ ကြီးထွားမှုကို ပံ့ပိုးဖြည့်ဆည်းပေးပြီး ဖော့စ်ဖရပ်စ်က မူ ကောက်ပဲသီးနှံများ၏ လိင်ပိုင်းဆိုင်ရာ ကြီးထွားမှုကို အဓိကအားဖြင့် ပံ့ပိုးဖြည့်ဆည်းပေးသည်။ ထိုအချက်ကို သိရှိထားကြသော ဓာတ်မြေဩဇာထုတ်လုပ်သူများသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်စ်တို့ ထူးကဲစွာ ဖြည့်စွက်ထားသော ဓာတ်မြေဩဇာများကို ထုတ်လုပ်ရောင်းချလျက်ရှိနေကြသည်။

ထိုသို့သော ဓာတ်မြေဩဇာများကို သုံးစွဲစိုက်ပျိုးမှု နှစ်ကာလကြာရှည်လာသည့် အခါ ယင်းစိုက်ပျိုးမြေသည် နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်စ်တို့သာ ကြွယ်ဝနေပြီး ကျန်ဒြပ်စင်များ တဖြည်းဖြည်းနှင့် ချို့တဲ့ဆုံးရှုံးလာတော့သည်။ ထိုအခြေအနေသည် ကောက်ပဲသီးနှံ အထွက်နှုန်းကို ကျဆင်းသွားစေရုံမျှမက၊ ထွက်ရှိလာသော ကောက်ပဲသီးနှံ၏ အရည်အသွေးကိုပါ ဆိုးဆိုးရွားရွားထိခိုက်စေသည်။

ကောက်ပဲသီးနှံ မျိုးစိတ်များသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနေကြသလို၊ မြေကြီးထဲက စုပ်ယူစားသုံးကြရသော ဒြပ်စင်များ၏ အချိုးအဆသည်လည်း မျိုးစိတ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ အပင်မျိုးစိတ် တစ်ခုတည်း၌ပင်လျှင် ကြီးထွားဖွံ့ဖြိုးမှု မတူညီပါက မြေကြီးထဲက ဒြပ်စင်များကို စုပ်ယူသည့်ပမာဏနှင့် အချိုးအဆတို့ကလည်း အမျိုးမျိုးကွဲပြားခြားနားကြသည်။

ဤသို့သော သဘောသဘာဝများကြောင့် ချို့တဲ့ဆုံးရှုံးသွားသော ဒြပ်စင်အားလုံးကို ပြန်လည်ဖြည့်တင်းမပေးဘဲ၊ နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်စ်တို့ကိုသာ ထပ်ကာတလဲလဲ ဖြည့်ဆည်းပေးနေခြင်းသည်လည်းကောင်း၊ ကျန်ဒြပ်စင်များကို ဖြည့်ဆည်းပေးရာ၌လည်း ဆုံးရှုံးမှုပမာဏအလိုက် အချိုးညီညီ ဖြည့်ဆည်းမပေးနိုင်ခြင်းသည်လည်းကောင်း မြေဆီလွှာကို ထိခိုက်ပျက်စီးစေသော အကြောင်းတရားများ ဖြစ်လာရတော့သည်။ တစ်နည်းဆိုရသော် ရှိသင့်သော ဒြပ်စင်များ မရှိတော့ခြင်းနှင့် ဓာတ်မြေဩဇာများကြောင့် အဆမတန် ပိုလျှံလွန်ကဲလာသော ဒြပ်စင်များသည် မြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များကို ကမောက်ကမဖြစ်သွားစေခြင်းပင် ဖြစ်သည်။

ထို့ပြင် ဓာတ်မြေဩဇာများကို စီမံထုတ်လုပ်ရာ၌ ပါဝင်ရောနှောလာလေ့ရှိသည့် ခဲနှင့် ကက်ဒမီယမ်ကဲ့သို့သော ဒြပ်စင်များကြောင့် မြေဆီလွှာနှင့်တကွ သဘာဝပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည်။ ဓာတ်မြေဩဇာများကို အဖန်တလဲလဲ ထပ်ဆင့်သုံးစွဲလာသည့်အခါ ကောက်ပဲသီးနှံများသည် ဒြပ်စင်များကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာ စုပ်ယူထားကြရပြီး၊ အပင်ထဲ၌ ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် သိုလှောင်ထိန်းသိမ်းထားကြရသည်။

ထိုအခါ အပင်များသည် သိသိသာသာ အရည်ရွှမ်းလာပြီး အမိုင်နိုအက်ဆစ်နှင့် သကြားဓာတ်များလည်း ပိုမိုများပြားလာကြသည်။ အမိုင်နိုအက်ဆစ်နှင့် သကြားဓာတ်ကို နှစ်ခြိုက်ကြသော အပင်ဖျက်ပိုးမွှားများလည်း အဆမတန်ပေါက်ပွားလာကာ အုပ်စုလိုက် အပင်များကို ဖျက်ဆီးကြနိုင်ကြတော့သည်။ ဤသို့အားဖြင့် ဓာတ်မြေဩဇာကိုသုံး၍ စိုက်ပျိုးထားသော အပင်များသည် ဖွံ့ဖြိုးကြီးထွားသန်မာကြသည့်တိုင်၊ အပင်ဖျက် အင်းဆက်ပိုးမွှားများ၏ အုပ်စုလိုက်ဖျက်ဆီးခံရခြင်းမှ လွတ်ကင်းစေရန်အတွက် ပိုးသတ်ဆေးကို အများအပြားသုံးစွဲကြရတော့သည်။

ကောက်ပဲသီးနှံစိုက်ခင်းများတွင် သုံးစွဲနေကြသော ပိုးသတ်ဆေးများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ပိုးသတ်ဆေးအဆိပ်သင့်သူ သုံးသန်းနှင့် အဆိပ်သင့်မှုကြောင့် သေဆုံးရသူ ၂၂၀၀၀၀ အထိ ရှိနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သုတေသနပြု တွေ့ရှိရသည်။ ပိုးသတ်ဆေးသည် ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်ခြင်း၊ ကင်ဆာဖြစ်ပွားခြင်း၊ သားမြို့မှုကိုဖြစ်စေပြီး မျိုးပွားမှုကို ထိခိုက်ခြင်းများ ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

ထို့ပြင် ကောက်ပဲသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးများကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြခြင်းကြောင့် ပိုးသတ်ဆေး



ဓာတ်ကြွင်းများသည် ကမ္ဘာ့မြေလွှာအတွင်းသို့ စိမ့်ဝင်ရောက်ရှိကာ မြေအောက်ရေများအတွင်း၌ ပျော်ဝင်လျက်ရှိနေကြသည်။ မြေအောက် ရေများကို တူးဖော်ရယူပြီး ဓေတ်မီနည်းစနစ်များသုံးကာ သောက်ရေသန့်များအဖြစ် ထုတ်လုပ်ရောင်းချလျက် ရှိနေကြသော်လည်း သောက်ရေသန့်အများစုတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်လျက်ရှိနေကြောင်းကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ပိုးသတ်ဆေးဓာတ်ကြွင်းများ ပျော်ဝင်နေသော ရေသည် ကျောက်ကပ်၏ ခံနိုင်ရည်စနစ်နှင့် ဟော်မုန်းစနစ်ကြောတို့ကို ပြင်းထန်စွာ ထိခိုက်စေသည့်အပြင် ကင်ဆာရောဂါများလည်း ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က ထုတ်ဖော်ကြေညာထားကြသည်။

ဓာတ်မြေဩဇာများကြောင့် သဘာဝမြေဆီလွှာ၏ ဇီဝဓာတုဖြစ်စဉ်များ ကမောက်ကမဖြစ်ကာ မြေဆီလွှာပျက်စီးသွားရသလို၊ ဆက်စပ် ဆိုးကျိုးများအဖြစ်လည်း စိုက်ပျိုးထွက်ရှိလာသော ကောက်ပဲသီးနှံများတွင် ပိုးသတ်ဆေးများ ကပ်ငြိကျရောက်နေမှုကြောင့် စားသုံးသူများကို ပိုးသတ်ဆေးအဆိပ်သင့်စေခြင်းနှင့် သောက်သုံးရေများတွင် ပါရှိလာသော ပိုးသတ်ဆေး ဓာတ်ကြွင်းများကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ကြရခြင်းတို့ကို ဖြစ်ပေါ်စေသည်။

ဓာတ်မြေဩဇာအားကိုးဖြင့် စိုက်ပျိုးသော ကောက်ပဲသီးနှံများ၏ သဘာဝအရသီးနှံဖျက်ပိုး အများအပြားကျရောက်မှုကို ကာကွယ်တိုက်ဖျက်ရန် ပိုးသတ်ဆေးအမြောက်အမြားကို သုံးစွဲကြရသောကြောင့် ပိုးသတ်ဆေးအဆိပ်သင့်မှုနှင့် ပိုးသတ်ဆေးဓာတ်ကြွင်း အဆိပ်သင့်မှုတို့ကို ဖြစ်ပေါ်စေသလို၊ ဓာတ်မြေဩဇာကြောင့် တိုက်ရိုက်ဖြစ်ပွားရသော အဆိပ်သင့်မှုမျိုးကလည်း နေရာအနှံ့တွင် ဖြစ်ပေါ်လျက်ရှိနေသည်။

စိုက်ခင်းများတွင် အသုံးပြုသော ဓာတ်မြေဩဇာအများအပြားသည် မြေလွှာအောက် အနက်ပိုင်းအထိ စိမ့်ဝင်စီးဆင်းသွားပြီး ဓာတ်မြေဩဇာတွင် ပါဝင်နေသည့် အဆိပ်သင့်စေသော ဓာတုဒြပ်စင်များက မြေအောက်ရေများထဲ၌ ပျော်ဝင်ကာ ကမ္ဘာ့မြေလွှာအောက်ရှိ ရေထုကြီးကိုပါ ညစ်ညမ်း



ပျက်စီးစေလျက်ရှိသည်။

ဓာတ်မြေဩဇာထဲတွင် ရာခိုင်နှုန်းအများဆုံးပါဝင်နေသော နိုက်ထရိုဂျင်ဒြပ်စင်များသည် မြေလွှာအောက်သို့ စိမ့်ဝင်ရောက်ရှိပြီး နိုက်ထရိတ်များအဖြစ် မြေအောက်ရေထဲ၌ ပျော်ဝင်လျက်ရှိနေသည်။ နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ရေတစ်လီတာတွင် ၁၀ မီလီဂရမ်အထိ ဖြစ်လာခဲ့လျှင် ကျန်းမာရေးကိုထိခိုက်စေသော မြေအောက်ရေ အဆိပ်သင့်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အကယ်၍ မြေအောက်ရေ တစ်လီတာတွင် နိုက်ထရိတ်ပျော်ဝင်မှုနှုန်းသည် ၂၅ မီလီဂရမ်အထိ မြင့်တက်လာမည်ဆိုပါက သွေးကို အဆိပ်သင့်စေနိုင်သော အဆင့်ထိတိုင် ရောက်ရှိလာပြီဖြစ်သည်။ ထိုရေမျိုးကို အသက် ၂ နှစ်အောက် ကလေးငယ်များ သောက်သုံးမိပါက သွေးအဆိပ်သင့်ရောဂါကို ဖြစ်ပွားစေနိုင်သည်။ Blue Baby Syndrone ဟူ၍ လူသိများသော အဆိုပါရောဂါသည် ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော အဆိပ်သင့်ရောဂါဆိုးတစ်မျိုးဖြစ်သည်။

**ဓာတ်မြေဩဇာများကြောင့်**
**သဘာဝမြေဆီလွှာ၏**
**ဇီဝဓာတုဖြစ်စဉ်များ**
**ကမောက်ကမဖြစ်ကာ**
**မြေဆီလွှာပျက်စီးသွားရသလို၊**
**ဆက်စပ်ဆိုးကျိုးများအဖြစ်လည်း**
**စိုက်ပျိုးထွက်ရှိလာသော**
**ကောက်ပဲသီးနှံများတွင်**
**ပိုးသတ်ဆေးများ**
**ကပ်ငြိကျရောက်နေမှုကြောင့်**
**စားသုံးသူများကို . . .**

နိုက်ထရိုဂျင်နှင့် ဖော့စ်ဖရပ်စ်တို့ လွန်ကဲစွာပါဝင်နေသော ဓာတ်မြေဩဇာများသည် ကောက်ပဲသီးနှံစိုက်ခင်းများမှတစ်ဆင့် မြစ်ချောင်း၊ အင်းအိုင်များထဲသို့လည်း စီးဝင်လျက်ရှိနေကြသည်။ ထိုသို့ စီးဝင်မှုကြောင့် ရေညှိ၊ ရေမှော်ပင်များသည် ကနဦးတွင် တစ်မုဟုတ်ချင်း အဆမတန်ပွားများလာသည်။

အရေအတွက် များပြားလွန်းလှသော ရေညှိ၊ ရေမှော်ပင်များသည် သက်တမ်းကုန်၍ အစုလိုက်အပြုံလိုက် သေဆုံးသွားကြသည့်အခါ ရေများလည်း ပုပ်သိုးကုန်ကြတော့သည်။ ယင်းသို့သော ပုပ်သိုးခြင်းဖြစ်စဉ်အတွက် ရေထဲမှ အောက်ဆီဂျင်ပမာဏအများအပြားကို သုံးစွဲလိုက်ကြရသည်။ အောက်ဆီဂျင်ကုန်ခမ်းသွားသော ရေထဲတွင် ရောဂါပိုးမွှားများနှင့် ဘက်တီးရီးယားတို့မှလွဲ၍ ကျန်သက်ရှိများအားလုံးလည်း သေဆုံးကုန်ကြတော့သည်။

ပုပ်သိုးနေသော ရေနောက်များကြောင့် နေအလင်းရောင်သည်လည်း ရေအောက်သို့ ဖောက်ထွင်းဝင်ရောက်ခြင်းမပြုနိုင်တော့ပေ။ နေရောင်ဖြင့် အလင်းဖွဲ့၍ အစာချက်ရသော ရေမှော်ပင်များသည်လည်း တစ်စတစ်စ လျော့နည်းသေဆုံးသွားကြရသည်။ ရေညှိ၊ ရေမှော်ပင်များ မရှိတော့ခြင်းသည် အောက်ဆီဂျင်ကို ထုတ်



လုပ်ပေးနိုင်သော ရေအောက်အရင်းအမြစ်များ ပျက်သုဉ်းသွားခြင်းပင် ဖြစ်သည်။ ဤသို့အားဖြင့် ဓာတ်မြေသြဇာ သုံးစွဲနေကြခြင်း၏ ဆက်စပ်ဆိုးကျိုးအဖြစ် ရေထုညစ်ညမ်းမှုကြီးလည်း အကြီးအကျယ်ဖြစ်ပေါ်လာရတော့သည်။

ကမ္ဘာအရပ်ရပ်ရှိ ကောက်ပဲသီးနှံစိုက်ခင်းများတွင် ဓာတ်မြေသြဇာများကို ပမာဏအများအပြား သုံးစွဲနေကြသည့်အတွက် အဆိုပါ ဓာတ်မြေသြဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ မက်ထရစ်တန် သန်းပေါင်းများစွာတို့သည်လည်း လေထုထဲသို့ ရောက်ရှိနေရသည်။ မီသိန်းဓာတ်ငွေ့များသည် ဖန်လုံအိမ်အာနိသင်ကို မြင့်တက်စေပြီး၊ ကမ္ဘာကြီးကိုလည်း ပိုမိုပူနွေးစေလျက်ရှိသည်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များထဲ၌ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးအောင် စွမ်းဆောင်မှု (Global Warming Potentials) တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် ၂၁ ဆ ပိုမို စွမ်းရည်ရှိသည့်အားလျော်စွာ၊ ဓာတ်မြေသြဇာများကြောင့် ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသ အခြေအနေများ ကစဉ့်ကလျား ဖြစ်စေမှုတို့အတွက် အဓိကကျသော လက်သည်တရားခံကြီးပင်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ဓာတ်မြေသြဇာများကြောင့် ရေညှိ၊ ရေမှော်ပင်များကို ပြန့်ပွားသွားစေသည်ဖြစ်ရာ၊ အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လုပ်ပေးနေသော သဘာဝအရင်းအမြစ်များကို ဖျက်ဆီးနေသည့် တရားခံလည်းဖြစ်သည်။ မြစ်ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာအောက်ရှိ ရေညှိ၊ ရေမှော်ပင်များသည် နေရောင်ခြည်ဖြင့် အလင်းဖွဲ့ အစာချက်သည့် ရှင်သန်ရပ်တည်မှု ဇီဝယန္တရားကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူနေရင်း၊ တစ်ချိန်တည်းမှာပင် အောက်ဆီဂျင်ဓာတ်ငွေ့များကိုလည်း ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ဤမြေကမ္ဘာကြီးအတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ရေညှိ၊ ရေမှော်ပင်များက ထုတ်လွှတ်ပေးနေကြခြင်းဖြစ်ရာ၊ ဆိုးကျိုးဖြစ်စေသည့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပြီး ကောင်းကျိုးပြုစေသည့် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးနေသော သဘာဝအရင်းအမြစ်များကို ဓာတ်မြေသြဇာများက ပြန့်ပွားသွားအောင် လုပ်ဆောင်လျက်ရှိနေကြသည်။

ဓာတ်မြေသြဇာများသည် မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများကို လျင်မြန်စွာ ချေဖျက်ပြည့်သွားစေသောကြောင့် မြေဆီလွှာအတွင်း၌ အာဟာရဓာတ်လိုအပ်မှုကို ကြီးထွားလာစေသည်။ မြေဆီလွှာအတွင်း အာဟာရလိုအပ်မှု ကြီးထွားလာခြင်းသည် ထပ်မံစိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက် ဓာတ်မြေသြဇာများကို အသုံးပြုရန် အကြောင်းဖန်လာပြန်တော့သည်။ ဤသို့အားဖြင့် ဓာတ်မြေသြဇာ သုံးစွဲနေကျ စိုက်ပျိုးမြေများသည် ဓာတ်မြေသြဇာကိုပင် ထပ်ကာတလဲလဲသုံးစွဲရန် အကြောင်းဖြစ်ပေါ်လျက်၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဓာတ်မြေသြဇာတို့၏ ပတ်သက်မှု သံသရာစက်ဝန်းသည် အဆက်မပြတ် လည်ပတ်နေတော့သည်။

ထိုသံသရာစက်ဝန်းကြီး အဆက်မပြတ် လည်ပတ်နေမှုကြောင့် လူသားတို့နှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးသည် ဓာတ်မြေသြဇာကြောင့် အဆိပ်သင့်ခြင်းဟူသော အိပ်မက်ဆိုးကြီးကို ဆက်၍ဆက်ခါ မက်နေကြရဦးမည်သာ ဖြစ်ပေတော့သည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**


City MAGAZINE
SHORT STORY

"ဆရာလေး၊ ဆရာလေး ထပါအုံး"

"ဘယ်သူလဲ"

"ကျွန်မတို့ပါ၊ ခဏထပါအုံး"

အချိန်မတော် အိပ်ရာမှ အနိုးခံရသော်လည်း လာရောက်နိုးသူ၏အသံကို ကျက်မိနေသဖြင့် ကျွန်တော် အိမ်တံခါးဖွင့်ပေးလိုက်သည်။ ညဉ့်နက်အချိန်ဖြစ်သော်လည်း လရောင်ဖြင့် လင်းနေသည်။ လှေခါးရင်းတွင် ကျွန်တော်တို့ကျွန်းမှ မူလတန်းကျောင်းအုပ်ဆရာမကြီးနှင့် သူ့သားငယ်တို့ကို တွေ့လိုက်ရသည်။

"အချိန်မတော်၊ ဘာကိစ္စရှိလို့လဲ ဆရာမကြီး"

"အိမ်အောက်က ဘဲတစ်ကောင် ပျောက်သွားပြန်ပြီ"

"အခုပျောက်သွားတာလား"

"ဟုတ်တယ် ဆရာလေး"

"ပျောက်ပုံကိုပြောပါအုံး"

"သန်းခေါင်လောက်မှာ အိမ်အောက်က ကြက်သံ၊ ဘဲသံတွေကြားရတယ်၊ ပြီးတော့ လှုပ်ရှားသံတွေလည်း ကြားရတယ်၊ ကျွန်မကြောက်လို့ အိမ်အောက်မဆင်းဝံ့ဘူး။ အသံတွေတိတ်သွားတော့မှ သားကိုနိုးပြီး အောက်ဆင်းကြည့်ဖြစ်တာ၊ သားကလည်း တော်တော်နဲ့ နိုးလို့မရဘူး။ ခြံထဲ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်တော့ ဘဲတစ်ကောင် လျော့သွားတာသိရတယ်၊ လာခိုးတဲ့သူကိုတော့ အစအနတောင် မတွေ့ရတော့ဘူး။ ဆရာလေး ခဏလိုက်ကြည့်ပါလား"

"အင်း…လိုက်ခဲ့ပါ့မယ်"

ပြောပြောဆိုဆို ကျွန်တော်က အိပ်ရာနံဘေးတွင် အသင့်ထောင်ထားသော ဓားရှည်နှင့် လက်နှိပ်ဓာတ်မီးတို့ကိုယူကာ ဆရာမကြီးနှင့်အတူ လိုက်သွားခဲ့သည်။ ဆရာမကြီးနေအိမ်နှင့် ကျွန်တော့်နေအိမ်မှာ သိပ်မဝေးလှပါ။ ဆရာမကြီး၏နေအိမ်မှာ ကုန်းတစ်ခု၏ ဆင်ခြေလျှောတွင် တည်ရှိပြီး အနီးအနားတွင် အခြားလူနေအိမ်များ မရှိပေ။ ဆရာမကြီးအိမ်ရှေ့ ခပ်လှမ်းလှမ်းတွင် လှိုဏ်ကြီးတစ်ခုရှိသည်၊ ထိုလှိုဏ်မှာ ဒီရေတက်လျှင် ရေပြည့်နေပြီး ဒီရေကျသွားလျှင် တောင်ကျချောင်းပြောင်း တသွင်သွင်စီးဆင်းနေသည်။ ဆရာမကြီးမှာ မွေးမြူရေးကို ဝါသနာပါသဖြင့် မိမိသဘောအလျောက် ဤနေရာကို ရွေးချယ်နေထိုင်ခြင်းဖြစ်သည်။ ဒေသထုံးစံအတိုင်း ခြေတံရှည်အိမ်ဖြစ်ပြီး အိမ်အောက်တွင် ခြံခတ်ကာ ကြက်၊ ဘဲများ မွေးမြူထားသည်။ ဓာတ်ခဲလေးတောင့်ထိုး လက်နှိပ်ဓာတ်မီး၊ အလင်းရောင်ဖြင့် ခြံကို အထင်းသားမြင်နေရသည်။

"ဘဲတစ်ကောင် ပျောက်သွားတာ သေချာတယ်နော် ဆရာမကြီး"

"သိပ်သေချာပါတယ်၊ ညနေဘက် ခြံထဲပြန်သွင်းတုန်းက ကျွန်မကိုယ်တိုင် ရေထားတာ"

"ခုလို ခဏခဏပျောက်နေတော့ ဘယ်ကောင်းပါ့မလဲ၊ ခိုးတဲ့သူမိအောင် ကျွန်တော့်တာဝန်ထားပါ၊ ဆရာမကြီးက ဘယ်သူ့ကို ထင်နေလို့လဲ"

"ကျွန်မတော့ ရွာထိပ်က ချစ်တိုးတို့ ငမယားလက်ချက်လို့ထင်တာပဲ၊ လက်ပူးလက်ကြပ် မမိတော့ မပြောရဲဘူး။ ချစ်တိုးက မိုက်တီမိုက်ကန်းနဲ့"

"ဆရာမကြီးတို့ အိပ်ကြပါတော့၊ မနက်ကျတော့ ကျွန်တော်စုံစမ်းကြည့်ပါအုံးမယ်"

အိမ်ပြန်ရောက်ပြီးသော်လည်း ကျွန်တော် အိပ်၍မရတော့ပါ၊ လရောင်အောက်တွင် ဝါးကျွန်းတစ်ကျွန်းလုံး အိပ်မောကျလျက်ရှိသည်။ ပင်လယ်ထက်မှ လေပြေလေနုအေးများက တိုးဝှေ့တိုက်ခတ်နေသည်။ နွေရာသီမို့ ပင်လယ်ပြင်မှာ ငြိမ်သက်တိတ်ဆိတ်နေသည်။ ကျွန်တော့်အိမ်မှာ ကမ်းခြေနှင့်နီး၍ လှိုင်းရိုက်သံများကိုကြားနေရသည်။

ယခုတလော ကျောင်းအုပ်ဆရာမကြီး မွေးထားသော ကြက်၊ ဘဲများ မကြာခဏ ပျောက်ဆုံးနေသည်။ လက်သည်လည်း ဖော်မရပါ။ ဆရာမကြီးကို တစ်ကျွန်းလုံးက လေးစားကြသည်။ ယခုကိစ္စကို သိထားကြသော ရွာလူကြီးနှင့် အချို့လူကြီးများလည်း မကျေမနပ်ဖြစ်နေသည်။ တရားခံကို သိလိုကြသည်။ ဤကိစ္စ ဖြေရှင်းပေးရန် ကျွန်တော့်ထံသို့သာ တာဝန်များကျရောက်လာပါတော့သည်။ ကျွန်တော်မှာ မူလတန်းပြဆရာတစ်ဖြင့် ဤဝါးကျွန်းတွင် အနေကြာခဲ့ပြီဖြစ်သည်၊ စားသောက်ရေးနှင့် နေထိုင်ရေးကို ကျွန်းရှိလူကြီးများက တာဝန်ယူထားသည်။ ကျွန်တော့်လစာ အသားတင်စုဆောင်းမိသည်။ ကုန်ကျစရာလည်း တွေ့တွေ့ထူးထူးမရှိလှပါ။ တစ်ကိုယ်တည်းသမား လူပျိုလူလွတ်ဖြစ်၍ နေပျော်ခဲ့သည်။ ကျွန်တော်သာ ခြေနေသော်လည်း ကျောင်းအုပ်များက ကျွန်းတွင်မမြဲပါ။ မကြာခဏ ပြောင်းသွားကြသည်၊ ယခု ဆရာမကြီးမှာ ပထမဆုံးသော အမျိုးသမီးကျောင်းအုပ်ဖြစ်သည်။ ယခင်အချိန်များက အမျိုးသား ကျောင်းအုပ်များသာ လာရောက်တာဝန်ထမ်းဆောင်လေ့ရှိသည်။ ဝါးကျွန်းမှာ လွန်ခဲ့သည့် လေးငါးနှစ်အတွင်း အထူးစည်ကားလာသည်။ ဝါးကျွန်းတွင် တည်းခိုဆောင်၊ ဟိုတယ်များပင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်၊ အသစ်ပြောင်းရွှေ့ရောက်ရှိလာသော ကျောင်းအုပ်မှာ အမျိုးသမီးဖြစ်၍ တစ်ကျွန်းလုံးက အရေးပေးလေးစားစွာ ဆက်ဆံကြသည်။

ဤဒေသမှာ ပင်လယ်ပြင်ဝန်းရံထားသော ဒေသဖြစ်၍ မိုးရာသီဆိုလျှင် ရာသီဥတုကြမ်းလှသည်၊ မြို့နှင့် အဆက်အသွယ်ပြတ်နေတတ်သည်။ ဒေသအခေါ် မြို့ဆိုသည်မှာ ကော့သောင်းမြို့ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်းနှင့် အနီးဆုံးမြို့မှာ ကော့သောင်းမြို့ဖြစ်သည်။ အနီးဆုံးဆိုသော်

သန်းခေါင်လောက်မှာ
အိမ်အောက်က ကြက်သံ၊
ဘဲသံတွေကြားရတယ်၊
ပြီးတော့
လှုပ်ရှားသံတွေလည်း
ကြားရတယ်၊
ကျွန်မကြောက်လို့
အိမ်အောက်မဆင်းဝံ့ဘူး။
အသံတွေတိတ်သွားတော့မှ

လည်း၊ ဖိုင်ခြောက်ဆယ်ကျော်ကျွာဝေး၍ ကျွန်းမှ စက်တပ်လှေဖြင့် တစ်နေ့သာသာ ခရီးဖြစ်သည်။ ဝါးကျွန်းသည် ကော့သောင်းမြို့နယ် လက်အောက်ခံဖြစ်ပြီး ပတ်ဝန်းကျင်ရှိ ကျွန်းများအနက် လူဦးရေအများဆုံးသော ကျွန်းဖြစ်သည်။ လူမျိုးစုံနေထိုင်လျက်ရှိသကဲ့သို့ စရိုက်မျိုးစုံလည်း တွေ့ရသည်။ ရေလုပ်ငန်း၊ သစ်လုပ်ငန်း၊ ကြိမ်လုပ်ငန်းတို့ဖြင့် သန်ရာသန်ရာ လုပ်ကိုင်နေထိုင်ကြသည်။ မြိတ်၊ ထားဝယ်၊ တနင်္သာရီ၊ မော်လမြိုင်နှင့် ကော့သောင်းမြို့များမှ လာရောက်အခြေချ နေထိုင်သူအများဆုံးဖြစ်သည်။ ကျွန်းကြီး အနောက်ဘက်တွင် ဆလုံလူမျိုးများ နေထိုင်ကြသည်။ အနောက်မြောက်ဘက်ယွန်းယွန်းတွင် ''လန်ပီ''ကျွန်းကြီးရှိသလို အနောက်ဘက်တွင် ဆင်ကျွန်းရှိသည်။ ဆင်ကျွန်းတွင် ပုစွန်လုပ်ကွက်များရှိသည်။ မြောက်ဘက်တွင် အောင်ဘာကြီးကျွန်းရှိသည်။ အောင်ဘာကြီးကျွန်းတွင် မီးသွေးလုပ်ငန်း၊ ပုစွန်လုပ်ငန်းများရှိသည်။ ပတ်ဝန်းကျင်ကျွန်းများမှ ပုစွန်၊ ငါး၊ မီးသွေး၊ ကြိမ်များ၊ တင်ဆောင်သယ်ယူလာသော လှေများ၊ ဝါးကျွန်းတွင် တစ်ထောက်ရပ်နား လေ့ရှိသည်။ ဝါးကျွန်းမှတစ်ဆင့် ကော့သောင်း၊ မြိတ်မြို့များရှိ အဝယ်ဒိုင်များသို့ သွားရောက်ပေးသွင်းရောင်းချကြသည်။ ထို့ကြောင့်ပင် ငွေရှင်ကြေးရှင် သူဌေးများ၏ အဝယ်တော်မျက်နှာလွှဲများ၊ ရာသီအလိုက် ဝါးကျွန်းတွင် ခြေချနေတတ်သည်။ ဝါးကျွန်းတွင် လူစုံသလို စရိုက်လည်းကြမ်းသည်။ အစားအသောက်စရိတ်လည်း ကြီးသည်။ ထိုအကြောင်းများကြောင့်ပင် ကျောင်းဆရာများကို အစိုးရလစာအပြင် ဒေသခံလူကြီးများက အပိုထောက်ပံ့ကြေးများ ပေးထားသေးသည်။ သို့တိုင်အောင် ကျောင်းအုပ်များ မမြဲကြပါ။ နှစ်စေ့သည်နှင့် ပြောင်းရွှေ့သွားကြတော့သည်။ ကျွန်တော်သာ ကျွန်းသံယောဇဉ်၊ ဒေသသံယောဇဉ်၊ ကလေးများသံယောဇဉ်တို့ဖြင့် ကျွန်းတွင် အနေမြဲနေသည်။

ကျောင်းအုပ်မှာ မိန်းမသားဖြစ်သဖြင့် ကျောင်းကိစ္စအဝဝကို ကျွန်တော်သာဆောင်ရွက်ရလေ့ရှိသည်။ ရပ်ရေး ရွာရေး၊ သာရေး နာရေး၊ လူမှုရေးကိစ္စများတွင်လည်း ကျွန်တော် ပါဝင်မြဲဖြစ်သည်။ 'ဆရာလေး' 'ဆရာလေး'နှင့် မျက်နှာသာပေးခြင်းခံရသည်။ အရွယ်ငယ်သော်လည်း လေးစားမှုခံရသည်။ သည့်အကြောင်းများကြောင့်ပင် ဝါးကျွန်းပေါ်တွင် ကျွန်တော်အနေမြဲနေခြင်းဖြစ်သည်။

ယခုလည်း ကျောင်းအုပ်ဆရာမကြီး၏ ကြက်၊ ဘဲပျောက်သောကိစ္စသည် ကျွန်တော့်တာဝန် ဖြစ်လာသည်။ ညနေဘက်တွင် ကွမ်းယာခေါ်သော အရက်ပုလင်းပြား တစ်ပုလင်းဝယ်၍ ချစ်တိုးတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။ ချစ်တိုးမှာ မြိတ်ဇာတိ ဖြစ်သည်။ ဝါးကျွန်းတွင် ကြုံရာကျပန်း အလုပ်ဖြင့် အသက်မွေးသည်။ ငါးလှေလိုက်သည်။ သစ်လှေ၊ ကြိမ်လှေလိုက်သည့်အခါ လိုက်သည်။ ရေစုရာသီတွင် ရေခွဲလှေလိုက်သည်။ ငွေရလျှင်ရသလို မူးနေတတ်သည်။ အချိန်ရှိသရွေ့ မူးနေတတ်သော်လည်း ကြက်၊ ဘဲ ပျောက်သည့်လက်သည်မှာ ဆရာမကြီးထင်သလို ချစ်တိုးမဖြစ်နိုင်ဟု ကျွန်တော်က ထင်မိသည်။ မနှစ်က ချစ်တိုး သား ဒုတိယတန်းစာမေးပွဲ ကျရှုံးခဲ့သည်။ ဆရာမကြီး မျက်နှာလိုက်သည်ဟုဆိုကာ ချစ်တိုးမိန်းမက ဆရာမကြီးကို စောင်းမြောင်း အဲဆိုသည်။ ချစ်တိုးမိန်းမမှာ စာလည်းမတတ်၊ စရိုက်လည်းကြမ်း။ အပြောအဆိုလည်း ကြမ်းတမ်းသူဖြစ်သည်။ ဆရာမကြီးနှင့် လမ်းတွင် မျက်နှာချင်းဆိုင်ဆုံတွေ့လျှင်လည်း မျက်နှာလွှဲသွားလေ့ရှိသည်။ သည်ဖြစ်ရပ်များကြောင့် ဆရာမကြီး၏ ကြက်၊ ဘဲပျောက်သည့်ကိစ္စ ချစ်တိုးထံသို့ မြားဦးလှည့်သွားသည်ဟု ထင်မိသည်။

ဆရာမ၏ ခင်ပွန်းမှာ အစိုးရဝန်ထမ်းဖြစ်ပြီး ကော့သောင်းမြို့တွင် တာဝန်ကျနေသည်။ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် ဝါးကျွန်းသို့လိုက်လာတတ်သည်။ ဆရာမကြီးကလည်း ကျောင်းအုပ်ချုပ်မှုကိစ္စများဖြင့် ကော့သောင်းမြို့သို့ သွားလေ့ရှိသည်။ ယခုလည်း ဆရာမကြီး ကော့သောင်း သွားနေမိုက်ဖြစ်၍ ကျွန်တော် ချစ်တိုး အိမ်ဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ ချစ်တိုး၏အိမ်မှာ တောင်ခြေတောစပ်တွင် ရှိသည်။ ကျွန်တော့်ကိုတွေ့သည်နှင့် ချစ်တိုး အိမ်ပေါ်မှဆင်းလာသည်။ ချစ်တိုးမှာ ကျွန်တော့်ကို လေးစားသူလည်းဖြစ်သည်။

''ဟာ…ဆရာလေး။ ကျွန်တော့်ဆီလာတာလား။ လက်ထဲမှာလည်း ကွမ်းပြားနဲ့ပါလား''

''လာဗျာ ချစ်တိုး။ အိမ်ပေါ်တက်ရအောင်၊ ကျွန်တော်လည်း မသောက်ဖြစ်တာကြာပြီ၊ ချစ်တိုးနဲ့ စကားပြောချင်လို့ အမြည်းလုပ်ဗျာ''

ချစ်တိုးက ဝမ်းသာအားရဖြင့် မီးဖိုချောင်ဘက်တွင် ချက်ပြုတ်နေသော မိန်းမထံ အမြည်းလုပ်မှာလိုက်သည်။ မကြာမီ ပန်းကန်ပြားတစ်ချပ်ပေါ် ငါးလိပ်ကျောက်ဖုတ်များထည့်၍ ယူလာသည်။ ကျွန်တော် အရက်သောက်လေ့မရှိသော်လည်း တစ်ခါတစ်ရံ အာသီရမ်ကို သောက်လေ့ရှိသည်။ ဝှက်များကာကွယ်ဆေး ကွီနိုင်ပါသော အာသီရမ်ကိုသာ တစ်ခါတစ်ရံ ဆေးဖြစ်ပါးဖြစ် သောက်သည်။

''ကဲ ချစ်တိုး၊ လုပ်ကွာ''

''အာသီရမ်လည်း မဟုတ်ဘူး။ ဘယ်လိုဖြစ်တာလဲ၊ ဆရာလေးအရင်လုပ်ပါ၊ ပြီးတော့မှ ကျွန်တော် သောက်မယ်''

ချစ်တိုးအပြောကို သဘောကျမိသည်။ အရက်တစ်ငုံသောက်ချလိုက်သည်။ လည်

> ချစ်တိုးမိန်းမက
> ဆရာမကြီးကို စောင်းမြောင်း
> အဲဆိုသည်။ ချစ်တိုးမိန်းမမှာ
> စာလည်းမတတ်၊
> စရိုက်လည်းကြမ်း။
> အပြောအဆိုလည်း
> ကြမ်းတမ်းသူဖြစ်သည်။
> ဆရာမကြီးနှင့် လမ်းတွင်
> မျက်နှာချင်းဆိုင်
> ဆုံတွေ့လျှင်လည်း
> မျက်နှာလွှဲသွားလေ့ရှိသည်။

ချောင်းတစ်လျှောက် ခါးသက်ခြင်းနှင့်အတူ လှပမှုလည်း ထူမှုန်းမြဲသွားသည်။ ချစ်ဘိုး အရက်တစ်ခွက်မကုန်မီ ကျွန်တော်က–

''ဆရာမကြီး ကြက်၊ ဘဲပျောက်တဲ့ ကိစ္စ ကြားတယ်မဟုတ်လား''

''သိတာပေါ့ ဆရာလေး၊ ကျွန်တော် လည်း စိတ်မကောင်းပါဘူး။ ရှားရှားပါးပါး ဆရာမဆိုလို့ ဒီကျွန်းမှာ တစ်ယောက်တည်း ရှိတာ၊ နုလို့ ဆရာမကြီး ပစ္စည်းပျောက်တာ ဘယ်ကောင်းပါ့မလဲ''

ဒေါ့ချာ · · ·ကျွန်တော်လည်း စိတ် မကောင်းပါဘူး။ ခုကိစ္စ ချစ်ဘိုးရော ဘယ် လိုထင်လဲ''

''မပြောတတ်ဘူး ဆရာလေးရဲ့၊ ဒီက ကာလသားတွေ ဆရာမ ကြက်၊ ဘဲ ခိုးစား မယ်တော့ မထင်ဘူး''

''ကျွန်တော်လည်း ဒီလိုပဲထင်တာ၊ ကဲ–ထပ်ထည့်ပါအုံး''

ချစ်ဘိုး အရက်မမူးမီ တစ်စုံတစ်ရာ ထူး ခြားမှု တွေ့လိုတွေ့ငြား ချစ်ဘိုး မျက်လုံးထဲ တွင် ရှာဖွေမိသည်။ သို့သော် ချစ်ဘိုးမှာ မည်သို့မျှ အမူအရာမပျက်ပါ။ ပကာတိ တည် ငြိမ်နေသည်။ ဟန်ဆောင်မှု လုံးဝမတွေ့ရပါ။

''နေအုံး၊ ဆရာလေးကို ပြောရအုံး မယ်၊ ကျွန်တော် ခရီးထွက်ရမယ်၊ ကျွန် တော် မရှိတုန်း ဆရာလေးတပည့်ကို ဆုံးမ ပေးပါ၊ မအေကို ကြောက်တာမဟုတ်ဘူး''

''ချစ်ဘိုးက ဘယ်သွားမှာလဲ''

''ပရုန်းလော့ခွဲ လိုက်သွားမလို့ပါ''

''ဘယ်လောက်ကြာမှာလဲ''

''အလွန်ဆုံး တစ်ပတ်ဆယ်ရက် လောက်ပါ''

''ဘယ်ကျွန်းမှာ ပရုန်းသွားခုတ်မှာလဲ''

''မှုလာဘာန်းနဲ့ မှုလာဘာလူကျွန်း ဘက်လို့ ကြားရတယ်''

''ပြော် · · ·ဟုတ်လား''

ဒေသအခေါ် ပရုန်းဆိုသည်မှ မီးသွေး ဖုတ်သည့် အပင်ငယ်လေးများကို ခေါ်ခြင်း ဖြစ်သည်။ လက်မခန့်အလုံးရှိပြီး တစ်ကိုက် ခန့်အရှည်ရှိသည့် ပရုန်းပင်ပေါက်များကို ခုတ်ယူရသည်။ ငါးဆယ်စည်း။ တစ်ရာ စည်း စသည်ဖြင့် လိုသလို စည်းကြသည်။ ပရုန်းပင်ပေါက်အောက်ဘက်၌ အမြစ်များရှိ ပြီး အပေါ်ဘက်တွင်အရွက်ငယ်များရှိသည်။ အမြစ်များသော အပင်များကို ရွေးချယ်

ပေါင်လုံးခန့်ရှိ
ဖွတ်ကြီးတစ်ကောင်
ဖြတ်ပြေးသွားသည်ကို
တွေ့လိုက်ရသည်။ ကြက်၊
ဘဲများကို ဖွတ်များကလည်း
စားတတ်သည်။ ထိုအနိုက်
ကျွန်တော့်အသိတွင် လက်ခနဲ
အကြံတစ်ခုရလိုက်သည်။
ဖွတ်များသည် ငြိမ်သက်စွာ
ဝပ်နေကြပြီး အနီးရောက်လာ
သော ကြက်၊ ဘဲများကို
အမြီးဖြင့်ရိုက်ချကာ · · ·

ခုတ်ယူရသည်။ ဒီရေတက်ချိန် ပင်စည် ရေ ထဲမြုပ်နေတတ်ပြီး ရေစစ်သွားချိန်တွင် အမြစ်များ တွဲလောင်းကျနေတတ်သည်။ ထိုအပင်များကို တစ်ဘက်နိုင်ငံ နယ်စပ်မြို့ များသို့ သွားရောက်ရောင်းချကြသည်။ ပရုန်းပင်ပေါက် ဝယ်ယူသူများက မြေကွက် ကျယ်ကျယ်တွင် အတန်းလိုက်အကွာအဝေး ညီညီ ပြန်စိုက်သည်။ ခြောက်လကျော်ခန့် အကြာတွင် လက်ကောက်ဝတ်သာသာ ပင် စည်အလုံးများ ဖြစ်လာသည်။ ထိုအပင်ကို ခုတ်ယူ၍ မီးသွေးဖုတ်ကြသည်။ အလွန် ကောင်းသော မီးသွေးဖြစ်သည်။ ပင်လယ် ကမ်းစပ်ကွက်လပ်များတွင် အများဆုံးစိုက် ပျိုးကြသည်။

ပရုန်းပင်သည် ဒီရေရောက်သော ကျွန်းအစပ်များတွင် အုပ်စုလိုက်ပေါက်နေ သော အပင်မျိုးဖြစ်သည်။ အပင်များ ထူ ထပ်စွာ ကျပ်ညပ်နေ၍ ကြီးထွားမှုနှေးကွေး လှသည်။ စနစ်တကျ ပြန်လည်စိုက်ပျိုးမှသာ ကြီးထွားလာသည်။ ''မလောဘုတ္တ''၊ ''မှု မောင်ဘဇာ''၊ ''ပူမောင်''၊ ''ပနာပင်''၊ ''မှုလာဘာန်း''၊ ''မှုလာဘာလူး'' စသည့် မြစ်ဝကြည်တောင်ဘက်ခွန်း ကျွန်းစပ်များ တွင် အများအပြားရှင်သန်ပေါက်ရောက်နေ သည်။

ပလောဘုတ္တ၊ ပိုကော့၊ ပန်ဒရိ၊ ကြက် ကျွန်းများတွင်လည်း ပရုန်းပင်များရှိသည်။ အလွယ်တကူလည်း ခုတ်ယူရရှိနိုင်သည်။ ဒီရေအတက်တွင် လှေငယ်လေးဖြင့် ဝင် ရောက်ခုတ်ယူ၍ ရေကျချိန်တွင် ပြန်လာနိုင် သော နေရာများကို ရွေးချယ်၍ခုတ်ယူကြ သည်။ ထလှေငယ်လေးများဖြင့် ဝင်ရောက် ခုတ်ယူ၍ တန်ဘိုးကြီးပေါ်သို့ တစ်ဆင့် ပေးပို့ရသည်။

ချစ်ဘိုး အိမ်မှပြန်လာပြီး နောက်တစ် နေ့ ကျောင်းဆင်းချိန်တွင် ဆရာမကြီးအိမ် ဘက်သို့ ထွက်လာခဲ့သည်။ ကြက်၊ ဘဲများ လွှတ်ထားရာနေရာကို လိုက်ကြည့်သည်။ ကြက်၊ ဘဲများ သွားတတ်သောနေရာများ ကို ခြေရာကောက်ကြည့်သည်။ ဆရာမကြီး အိမ်ရှေ့ ခပ်လှမ်းလှမ်းချောင်းထိပ်တွင် ကညင် ပင်ကြီးတစ်ပင်ရှိသည်။ ထိုကညင်ပင်နံဘေး မှဖြတ်ကာ ကြက်၊ ဘဲများ ချောင်းထဲဆင်းကြ သည်။ ရေကြိုက်သော ဘဲများက ရေထဲ ဆင်းကြသည်။ ချောင်းအတိုင်း ဘဲများက ရေ ကူးအစာရှာရင်း တစ်ဘက်တောင်ခြေချောင်း ထိပ်သို့ ရောက်သည်။ ချောင်းထိပ်တောင်ခြေ တွင် စမ်းချောင်းရှိသည်။ ထိုစမ်းချောင်း နံဘေးတွင် ချစ်ဘိုးတို့နေအိမ်ရှိသည်။ ကျွန် တော်က ဘဲများသွားလမ်း၊ ပြန်လမ်းကို မှတ်သားလိုက်သည်။ ဒီရေတက်ချိန် ဘဲ များက ချစ်ဘိုးအိမ်အနီးထိပင် ရောက်တတ် သည်။ ရေစုန်နှင့် ပြန်ဆင်းလာကြသည်။ ဤအချက်ကြောင့်ပင် ကြက်၊ ဘဲပျောက် သည့်ကိစ္စ ဆရာမကြီးက ချစ်ဘိုးကို သံသယဖြစ်ဟန်တူသည်။ ကျွန်တော် စမ်း ချောင်းထိပ်မှ ပြန်လှည့်အလာတွင် ပေါင် လုံးခန့်ရှိ ဖွတ်ကြီးတစ်ကောင် ဖြတ်ပြေးသွား သည်ကို တွေ့လိုက်ရသည်။ ကြက်၊ ဘဲများ ကို ဖွတ်များကလည်း စားတတ်သည်။ ထို အနိုက် ကျွန်တော့်အသိတွင် လက်ခနဲ အကြံ တစ်ခုရလိုက်သည်။ ဖွတ်များသည် ငြိမ်သက် စွာ ဝပ်နေကြပြီး အနီးရောက်လာသော ကြက်၊ ဘဲများကို အမြီးဖြင့်ရိုက်ချကာ ကျင်း ရှိရာသို့ ကိုက်ဆွဲသွားတတ်သည်။ ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် ကာလသားနှစ်ဦး၊ သုံးဦးကိုခေါ်ကာ ''သုတ်ကိုင်း''များ ပြုလုပ်

နိုင်းလိုက်သည်။ သုတ်ကိုင်း သုံးလေးခုကို ဖွတ်ကြီးများ သွားလာတတ်သောနေရာများတွင် ထောင်နိုင်းလိုက်သည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သွားရောက်စစ်ဆေးကြည့်ရှုရန်လည်း မှာကြားထားသည်။

နောက်တစ်နေ့ နံနက်စောစောတွင် လျှိုအတွင်း သုတ်ကိုင်းထောင်သည့် လူရွယ်တစ်ဦး ဆရာလေး၊ ဆရာလေးဟုခေါ်ကာ အိမ်ပေါ်တက်လာသည်။ သူ့လက်ထဲတွင် သုတ်ကိုင်းပါလာသည်။ သုတ်ကိုင်းတွင်မိနေသည်မှာ ဖွတ်မဟုတ်ပါ။ တောကြောင်တစ်ကောင်သာ ဖြစ်နေသည်။

"ဆရာလေးရေ ဖွတ်တော့မမိဘူး။ ဒီအကောင်ပဲ မိနေတယ်"

"စိတ်မပျက်နဲ့ သုတ်ကိုင်းတွေ ဆက်ထောင်ပါအုံး။ မနက်တိုင်းလည်း သွားကြည့်ဖို့ မမေ့နဲ့အုံး။ ဒီအကောင်ကို ယူသွားလိုက်လေ"

ထိုသူမှာ တောကြောင်ကိုယူ၍ ပျော်ရွှင်စွာ ထွက်သွားတော့သည်။ သုံးလေးရက် ဆက်တိုက် လျှိုအတွင်းနေရာခွဲ၍ သုတ်ကိုင်းများ ထောင်သော်လည်း ဖွတ်တစ်ကောင်မျှ မမိပါ။ အခြားတစ်ကောင်တစ်မြီးမှုလည်း မမိတော့ပါ။ ကျွန်တော်လည်း ရွာသားများကိုခေါ်၍ ဆရာမကြီး၏ ကြက်၊ ဘဲများအား ကြည့်ရှုရန်နှင့် ဆရာမ ကျောင်းသွားချိန် အိမ်ဘက်သို့ ဝင်ထွက်သွားလာသူများကိုပါ သတိထားရန် တာဝန်ပေးပြောကြားရသည်။ ဆရာမကြီးက ကြက်၊ ဘဲများကို နံနက်ပိုင်းတွင်လွှတ်၍ ညနေအိပ်တန်းတက်ချိန်တွင် ရေတွက်သိမ်းဆည်းသည်ဟု သိရသည်။ မွေးမြူရေးခြံကို ငါးဖမ်းသည့် နိုင်လွန်ပိုက်ကွန်ပေါက်များဖြင့် ကာရံထားသည်။ ပုစွန်ဖမ်းသည့် ပိုက်ပေါက်များဖြစ်၍ အကွက်စိပ်စိပ်ဖြစ်သည်။ ခြံတွင်းရောက်ပြီး ခြံတံခါးပိတ်ထားလျှင် မည်သို့မျှ ပြန်မထွက်နိုင်အောင် လုံခြုံလှသည်။ သတိနှင့်ကြည့်ရှုနေသည့်ကြားမှပင် ဘဲတစ်ကောင် ထပ်မံပျောက်ဆုံးသွားပြန်သည်။ နေ့ခင်းဘက်တွင် ပျောက်ဆုံးခြင်းဖြစ်သည်။ ဆရာမ သံသယဖြစ်နေသည့် ချစ်တိုးလည်း ပရုန်းခုတ်ရန် ခရီးသွားနေသဖြင့် အိမ်တွင်မရှိပါ။ ကြက်၊ ဘဲများမှာ နစ်ချို့ ကညင်ပင်ကြီးအနီးတွင်သာ အနေများကြောင်း သိရသည်။ ကျွန်တော် တွေးရခက်နေသည်။ ညနေဘက် ဆရာမအိမ်ဘက်သို့ ထွက်ခဲ့သည်။ ဆရာမကြီးကို အဆင်သင့်တွေ့ရသည်။

"လာ…ဆရာလေး။ ကိစ္စရှိလို့လား"

"မနေ့ နေ့လယ်ဘက် ဘဲတစ်ကောင် ထပ်ပျောက်သွားတယ်ဆို"

"ဟုတ်တယ် ဆရာလေးရေ နေ့ခင်းဘက်ကြီးပျောက်တော့ ကျွန်မလည်း မတွေးတတ်တော့ပါဘူး"

"ဒီတစ်ခါ ညတက်ခြံထဲက အသံကြားတာနဲ့ ကျွန်တော့်ကို အကြောင်းကြားပါ၊ နေ့ခင်းဘက်ပျောက်လည်း ချက်ချင်းသာ အကြောင်းကြားပါနော်"

"စိတ်ချဆရာလေး။ ချက်ချင်းလာခဲ့မယ်၊ အရင်တုန်းက တစ်လတစ်ကောင် လောက်သာ ပျောက်ခဲ့တာ၊ ခုတော့ တစ်ပတ်ကို တစ်ကောင်မကတော့ဘူးဖြစ်နေတယ်"

ဆရာမ ကြက်၊ ဘဲပျောက်သည့်ကိစ္စအတွက် တာဝန်ယူထားသူမှာ ကျွန်တော်ဖြစ်သည်။ တန်ဖိုးမရှိလှသော်လည်း လက်သည် မဖော်နိုင်သေးသဖြင့် မျက်နှာပူလှပြီး ရွာသားများထဲမှလည်း ဆရာမကြီးပစ္စည်း ယူသူရှိမည်မထင်ပါ။ ဆရာမကြီးကို တစ်ရွာလုံးက လေးစားကြသည်။ ချစ်တိုးကိုလည်း ကျွန်တော် သံသယမဖြစ်ခဲ့ပါ။ ချစ်တိုး မိန်းမမှာလည်း ကလေးစာမေးပွဲကျသည့်ကိစ္စကြောင့် ဆရာမကြီးနှင့် အဆက်အဆံ မပြုသော်လည်း ယခုကိစ္စတွင် လက်သည် မဖြစ်နိုင်ပါ။ ငယ်ရွယ်သူသဘာဝ အခြားကလေးများ စာမေးပွဲအောင်ပြီး မိမိကလေး စာမေးပွဲကျရှုံးသဖြင့် ပြောမှားဆိုမှားဖြစ်သည်ဟုသာ ကျွန်တော်ထင်မိသည်။

သည်ကိစ္စ တရားခံပေါ်ရေးအတွက် ကျွန်တော် သတိမလစ်ပါ။ ညဥ့်ရေးညဥ့်တာ အကြောင်းရှိ၍ခေါ်လျှင် အမြန်ဆုံးလာရန် ရွာသားများကို သတိပေးထားခဲ့ပြီးဖြစ်သည်။ ချစ်တိုးလည်း ပရုန်းအခုတ်သွားရာမှ ပြန်ရောက်နေပြီဖြစ်သည်။ ချစ်တိုးကိုလည်း အကြောင်းစုံပြောပြထားပြီးဖြစ်ရာ အတတ်နိုင်ဆုံး ကူညီမည်ဟု ကတိပြုထားခဲ့ပြီးဖြစ်



သည်။ ဤသို့ဖြင့် တစ်ပတ်ခန့်အကြာ ညဦးနက် သန်းခေါင်ယံအချိန်ခန့်တွင်–

''ဆရာလေး၊ ဆရာလေး၊ ထတော့ ထ–ထ၊ အိမ်အောက်က အသံတွေကြားရလို့ လာခဲ့တာ''

အောက်မှခေါ်သံကြောင့် ကျွန်တော် ရုတ်တရက်လန့်နိုးသွားသည်။ သတိထား၍ အိပ်ခဲ့သဖြင့် ခေါ်သံကြားသည်နှင့် အိပ်ရာမှ နိုးလာသည်။

''ဆရာလေး၊ မြန်မြန်လုပ်''

ဆရာမကြီးအသံမှာ စိုးရိမ်ထိတ်လန့်နေသည့်အသံဖြစ်သည်။ ယောကျ်ားသားအနားမှာမရှိတော့လည်း၊ ကြောက်ရွံ့နေပုံရသည်။ လက်နှိပ်ဓာတ်မီးနှင့် ဓားရှည်ကို ဆွဲယူကာ အိမ်ပေါ်မှဆင်းခဲ့သည်။ အနီးအနားအိမ်များသို့လည်း လိုက်နှိုးလိုက်သည်။ သူတို့လည်း ရဟာ တုတ်၊ ဓား၊ လှံများကိုင်ကာ ကျွန်တော့်နောက်သို့ လိုက်လာကြသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဆရာမကြီးနေအိမ်ကို လူစုခွဲဝိုင်းပတ်ပြီး စေ့ရာယူလိုက်ကြသည်။

''ကဲ…ခြံထဲက ဘယ်သူလဲ၊ ထွက်ခဲ့စမ်း၊ မင်းကို တို့ ဝိုင်းထားပြီးပြီ''

''ဟော့…ပြောနေတာ မကြားဘူးလား၊ သေချင်လို့လား''

ခြံထဲမှ မည်သည့်အသံမျှ မကြားရပါ၊ တိတ်ဆိတ်နေသည်။

''ပြေးလို့မလွတ်တော့ပါဘူးကွာ၊ ထွက်ခဲ့တော့ကွာ''

တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကြိမ်းမောင်းနေသော်လည်း၊ ခြံထဲမှ မည်သူမျှ ထွက်မလာပါ။ လက်နှိပ်ဓာတ်မီးရောင်များက တဝင်းဝင်းနှင့် နေရာအနှံ့လင်းနေသည်။ မည်သို့မျှ ထူးခြားမှုမတွေ့ရသဖြင့် စိတ်မရှည်တော့သော ကျွန်တော် ခြံနားသို့ တိုးကပ်သွားလိုက်သည်။ ခြံတံခါးမှာ ပွင့်နေသည်။ ခြံတံခါး၊ မြေပေါ်တွင်လဲနေသည်။ ဘယ်ဘက်လက်က လက်နှိပ်ဓာတ်မီး၊ ညာဘက်လက်က ဓားရှည်ကိုဆုပ်ကိုင်ရင်း ကျွန်တော် ခြံထဲဝင်လိုက်သည်။ ဓာတ်မီးရောင်ဖြင့် ဖေ့ဖေ့စပ်စပ်ရှာဖွေကြည့်ရှုသည်။ ''ဆရာလေး၊ သတိထား''ဟုဆိုကာ ချစ်တိုးက ကျွန်တော့်နောက်မှကပ်၍ လိုက်ပါလာသည်။ ကျွန်တော် သတိထားပြီး ရှေ့သို့ တိုးဝင်လိုက်သည်။ ခြံထောင့်အောက်ခြေရှိ အစာထည့်သည့် သစ်သားခွက်ရှည်မျှော မျှော်သောသို့ မီးရောင်အရောက်တွင်–

''ဟာ''ဟု ကျွန်တော့်နှုတ်မှ အသံထွက်သွားသည်။ ခြေလှမ်းမှာလည်း နောက်သို့ ပြန်ဆုတ်မိလျက်သား ဖြစ်သွားသည်။ ချစ်တိုးက–

''ဆရာလေး၊ တွေ့လို့လား၊ ဘာလဲ ဘယ်မှာလဲ''

''တွေ့ပြီဗျို့၊ ဟိုမှာကြည့်၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး''

ကျွန်တော့်စကားဆုံးသည်နှင့် ကျွန်တော် ညွှန်ပြရာသို့ လက်နှိပ်ဓာတ်မီးများ စုပြုံထိုးလိုက်ကြသည်။ မီးရောင်များအောက်တွင် မြင်တွေ့ရသည်မှာ အပွေးအကွက်များဖြင့် အရောင်တောက်နေသော ပေါင်လုံးခန့်ရှိ ကြီးမားသော စပါးကြီးမြွေတစ်ကောင် ဖြစ်နေပါတော့သည်။ လူသံများကြောင့် မြွေကြီးမှာ ငြိမ်သက်နေသည်။ ထွက်ပေါက်ဘက်တွင် လူများရောက်နေသဖြင့် အစာခွက်ဘေးတွင် ပုန်းခိုနေဟန်တူသည်။ သို့သော် ကြီးမားရှည်လျားသော ကိုယ်လုံးကြီးကို အစာခွက်က လုံအောင်မဖုံးနိုင်ပါ။ ''ဆရာလေး၊ ဘေးဖယ်''ဟုဆိုကာ ချစ်တိုးက ရှေ့တိုးလာသည်။ သူ့လက်ထဲတွင် အသင့်ပါလာသော သုံးခွမှိန်းရှည်ဖြင့် မြွေကြီး၏ ဦးခေါင်းကို ချိန်ရွယ်ကာ ထိုးစိုက်လိုက်သည်။ မှိန်းရိုးတံ ရှည်နေ၍လည်းကောင်း၊ ခပ်လှမ်းလှမ်းမှထိုးရသဖြင့်လည်းကောင်း၊ မှိန်းထိုးချက် လိုရာသို့မထိပါ။ ဒုတိယအကြိမ် ပြန်ထိုးချလိုက်သည်။ မြွေကြီး၏ ဦးခေါင်းမှာ လှုပ်ရှုံဆိုသလောက်သာ မသိမသာ လှုပ်သွားသည်။ ထိုအချက်ကို မြွေကြီးက ရှောင်တိမ်းလိုက်ပုံရသည်။ ထိုအချက် လွဲသွားပြန်သည်။ ချစ်တိုးအနီးသို့ ထပ်မံတိုးကပ်သွားပြီး၊ တတိယအကြိမ် ထိုးတော့မှ လိုရာသို့ထိသွားတော့သည်။ သို့သော် ထိသည်ဆိုရုံသာရှိသည်။ မှိန်းသွား၊ သုံးသွားအနက် နှစ်ခုသော အရေခွံကိုဖောက်ပြီး မြွေကြီးထဲ စူးဝင်နေသည်။ တစ်သွားမှာ လွတ်နေသည်။ မှိန်းချက်မိသွားသော မြွေကြီးမှာ စတင်လှုပ်ရှားလာသည်။

''ဆရာလေး၊ သတိထား၊ နောက်ဆုတ်တော့ မြန်မြန်''

ချစ်တိုးက ပါးစပ်မှပြောရင်း မှိန်းရိုးကို မလွှတ်တမ်းဖိကိုင်ထားသည်။ ချစ်တိုးစကား

> ကျွန်တော် ညွှန်ပြရာသို့
> လက်နှိပ်ဓာတ်မီးများ
> စုပြုံထိုးလိုက်ကြသည်။
> မီးရောင်များအောက်တွင်
> မြင်တွေ့ရသည်မှာ
> အပွေးအကွက်များဖြင့်
> အရောင်တောက်နေသော
> ပေါင်လုံးခန့်ရှိ ကြီးမားသော…



မြွေကြီးမှာ နာကျင်၍ ဒေါသတကြီးဖြင့် ဝုန်းဒိုင်းကြဲနေသည်။ အမြီးဖြင့် အရိုက်ခံရသော ခြံတိုင်များ လွင့်စဉ်ထွက်သွားသည်။ ကာရံထားသော ခြံအကာများ ကျိုးပဲ့ပျက်စီးကုန်သည်။ သည်အကောင်မျိုး၏ ခွန်အားမှာ အမြီးသာဖြစ်သည်။ ရစ်ပတ်မိလျှင် - - -



ဆုံးသည်နှင့် မြွေကြီး၏အမြီးက ခြံပေါ်သို့ ဝုန်းခနဲကျလာသည်။ ဝိုင်းအုံနေသူများ နောက်ဆုတ်သွားကြသည်။

''နောက်မိုန်းတစ်ချောင်း ထပ်ထိုးပါ အုံး။ ငါးတွေမပိတ်နဲ့၊ ဆက်ထိုးထား''

ရွာသားတစ်ဦး၏ မိုန်းချက်က မြွေကြီး၏ ခါးလည်ကိုဖောက်ကာ မြွေကြီးထိတိုင် စူးဝင်သွားပြန်သည်။ ချစ်တိုးထံမှ သတိပေး စကား ထွက်လာသည်။

''မြဲမြဲကိုင်ထား၊ မိုန်းရိုးကို လက်က မလွှတ်စေနဲ့၊ အနားမကပ်ကြနဲ့အုံး၊ အမြီးကို လွတ်အောင်ရှောင်''

မြွေကြီးမှာ နာကျင်၍ ဒေါသတကြီး ဖြင့် ဝုန်းဒိုင်းကြဲနေသည်။ အမြီးဖြင့် အရိုက်ခံ ရသော ခြံတိုင်များလွင့်စဉ်ထွက်သွားသည်။ ကာရံထားသော ခြံအကာများ ကျိုးပဲ့ပျက်စီး ကုန်သည်။ သည်အကောင်မျိုး၏ ခွန်အား မှာ အမြီးသာဖြစ်သည်။ ရစ်ပတ်မိလျှင် လွတ်လမ်းမရှိတော့ပါ။ မိုန်းရိုးများကို ဖိကိုင် ထားသော ချစ်တိုးနှင့် ရွာသားတစ်ဦးတို့မှာ ချွေးပြန်နေကြပြီ။ ကျိုးပျက်သွားသော ခြံ ပေါက်မှ ကြက်၊ ဘဲများ လန့်ဖျပ်ထွက်ပြေး သွားကြသည်။ မိုန်းချက်လွတ်နေသော မြွေ ကြီး၏ အမြီးပိုင်းက ရုတ်တရက် ကျွန်တော် ရှိရာဘက်သို့ ဝှေ့ဝဲကျလာသည်။

''ဆရာလေး - - - နောက်ဆုတ်''

ချစ်တိုး စကားမဆုံးလိုက်ရပါ။ ကျွန် တော်လည်း နောက်ဆုတ်ရန် အချိန်မရ တော့ပါ။ အနီးဆုံး အိမ်တိုင်တစ်တိုင်ဘေး သို့ တိုးကပ်အကာအကွယ်ယူလိုက်ရသည်။ မြွေကြီး၏အမြီးက အိမ်တိုင်ပေါ်သို့ ဒုံးခနဲ ကျလာသည်။ အိမ်တိုင်ခံနေ၍သာ တော် တော့သည်။ အိမ်တိုင်ကို ရစ်ပတ်ကာ မြွေ ကြီး ရုန်းကန်နေသည်။ အိမ်မှာ တုန်ခါနေ သည်။

''ကြည့်မနေကြပါနဲ့၊ အမြီးကို လှပ်ကြ ပါအုံး''

ကျွန်တော်က အမြီးကို ဓားဖြင့်ပိုင်းရန် ချိန်ရွယ်လိုက်သည်။ ကျွန်တော့်အပြုအမူကို ရိပ်စားမိသော ချစ်တိုးက–

''မလုပ်နဲ့ ဆရာလေး၊ အနားမကပ်နဲ့၊ မိုန်းနဲ့သာလှမ်းထိုး''

နောက်ထပ် ရွာသားများ ခြံတွင်းသို့ ရောက်လာကြပြန်သည်။ သို့သော် မြွေကြီး ၏ အမြီးကို ကြောက်နေကြသဖြင့် အနား ကပ်၍ မိုန်းဖြင့်မထိုးဝံ့တဲ ဖြစ်နေကြသည်။ အခြေအနေကိုသိသော ချစ်တိုးက–

''ဆရာလေး ဒီဘက်လာ၊ ဒီမိုန်းရိုးကို ကိုင်ထား၊ မလွှတ်စေနဲ့၊ အမြီးကို ကျွန် တော်ထိုးမယ်''

ရွာသားတစ်ဦးက ချစ်တိုးထံ အရိုးတို မိုန်းတစ်ချောင်း ကမ်းပေးလိုက်သည်။ အရိုး တိုသဖြင့် အနီးကပ်ထိုးရမည်။ ချစ်တိုးကို ကြည့်၍ ရင်ထိတ်နေကြသည်။ ချစ်တိုး မြွေ ကြီး အမြီးနားသို့ တိုးကပ်သွားသည်။ လှုပ် ရှားနေသောအမြီး ခေတ္တငြိမ်သွားခိုက် ချစ် တိုး လှုပ်ရှားလိုက်သည်။ အနီးကပ်ထိုးရ သဖြင့် မြွေကြီး၏အသားကို မိုန်းချက်ဖောက် ဝင်သွားသည်။ သည်တော့မှ မြွေကြီး၏ ရုန်း ကန်မှုအား လျော့လာသည်။ မိုန်းတိုတစ် ချောင်း ထပ်တောင်းကာ ချစ်တိုးက ထိုး စိုက်လိုက်ပြန်သည်။ မိုန်းရိုးတံရှည်နှစ် ချောင်း၊ ရိုးတံအတို နှစ်ချောင်း၊ စုစုပေါင်း မိုန်းချက်လေးချက် မိထားသော မြွေကြီးမှာ စောစောကကဲ့သို့ ဝုန်းဒိုင်းမကြဲနိုင်တော့ပါ။ လှုပ်ရှားမှုနှေးကွေးလေးလံလာသည်။ အရွေ့ရှောယ်မပြုနိုင်တော့သည့် အနေအထား သို့ ရောက်လာခဲ့ပြီဖြစ်သည်။ ချစ်တိုးက အသင့်တွေ့ရသော ဝါးရင်းတုတ်တစ်ချောင်း ဖြင့် ဦးခေါင်းကို ရိုက်ချလိုက်သည်။

''ကဲ - - - ဒုက္ခပေးလှတဲ့အကောင်၊ ဆရာမကြီး ကြက်၊ ဘဲ ခိုးစားတဲ့ အကောင် ကို လာကြည့်ပါအုံး''

ချစ်တိုးက ဆရာမကြီးကို လှမ်းခေါ် လိုက်သည်။ ဆရာမကြီးအိမ်ပတ်ဝန်းကျင် တွင် ရုတ်ရုတ်သဲသဲဖြစ်နေသည်။ ရွာလူကြီး များလည်း ရောက်လာကြသည်။ ချစ်တိုး၏ သတ္တိကိုလည်း အားလုံး မျက်ဝါးထင်ထင် မြင်တွေ့သွားကြသည်။ ရွာလူကြီးက–

''ဒီကောင်ကြီး နယ်ကျွံလာတာဖြစ် မယ်၊ ဒီလောက်ကြီးတဲ့မြွေ ရွာထဲဝင်လာတာ မတွေ့ဖူးသေးဘူး''

ကျွန်တော်က ချစ်တိုးကို ဆက်မေး လိုက်သည်။

''ချစ်တိုး၊ ဒီကောင်ကြီး ဘယ်ကဘယ် လို ရောက်လာတာလဲ''

''ဒီကောင်တွေက ကြက်၊ ဘဲ ချေးနံ့ ရရင် လာတတ်တယ်၊ ကြက်ပေါက်စလေး တွေကိုလည်း ကြိုက်တယ်''

ချစ်တိုးက စကားပြောရင်း လျှိုဘက်

သို့ ချေကြည့်လိုက်သည်။ အမှောင်ထုသာ တွေ့ရသည်။

''မိုးလင်းရင် ဒီကောင်ကြီး ဘယ်က ရောက်လာတယ်ဆိုတာ ဆရာလေးကို ကျွန်တော်ပြမယ်။ ခုတော့ ဒီကောင်ကြီးကို ကျွန်တော် ယူပါရစေ။ ကျွန်တော့်ကိုပေးပါလား''

ကျွန်တော် ရွာသားများကို လှမ်းကြည့်လိုက်သည်။ တစ်ဦးတစ်ယောက်မျှ ချစ်တိုး စကားကို မကန့်ကွက်ကြပါ။

''ဘယ်သူမှ ယူမယ့်သူမရှိဘူး။ ချစ်တိုး စိတ်ကြိုက် ယူသွားပေတော့. ဘာလုပ်မှာလဲ''

''သည်းခြေနဲ့ အရေခွံဆုတ်ယူမယ်၊ အသားကတော့ ဟင်းစားပေါ့၊ လုပ်ကိုင်ပြီးရင် ကျွန်တော် ဝေငှပေးပါ့မယ်''

ချစ်တိုးက အနီးတွင်အသင့်ရှိနေသော ငါးဖမ်းပိုက်ကွန်ဟောင်းတစ်စဖြင့် မြွေသေကို ထုပ်ပိုးလိုက်သည်။ ဝါးလုံးတစ်လုံး၏ အလယ်တွင် ပိုက်ကွန်ကို ချည်နှောင်လိုက်သည်။

''ကျွန်တော်တစ်ယောက်တည်းမထမ်းနိုင်ဘူး။ နောက်တစ်ယောက်လိုက်ပို့မှ ဖြစ်မယ်''

ရွာသားတစ်ဦးက ချစ်တိုးကို လိုက်ပို့သည်။ မြွေကြီးကို ခရှေ့နောက်ထမ်းကာ မနိုင်မနင်းဖြင့် ထွက်သွားသည်။

''မနက်စောစော ဒီမှာပြန်ဆုံကြမယ်၊ ပျက်စီးသွားတဲ့ ဆရာမကြီးရဲ့ခြံကို ပြန်ပြီး ပြုပြင်ပေးရမယ်''

ရွာလူကြီးများကလည်း ကျွန်တော့် စကားကို ထောက်ခံသည့်အလား တမြုံမြုံ ဖြစ်နေကြသည်။

''အရုဏ်တက်တော့မယ်၊ ပြန်ကြတော့၊ ချစ်တိုးကိုလည်း မနက်လာဖို့ ကြုံတဲ့သူက ပြောပြလိုက်အုံး''

ရွာသားများ အလျိုလျိုပြန်သွားကြသည်။ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့သည်။

''ဆရာမကြီး ကျွန်တော်ဘာလုပ်ပေးရအုံးမလဲ''

''ရပါပြီ ဆရာလေး။ ကျွန်မ နေတတ်ပါပြီ သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဆရာလေး ပြန်အိပ်လိုက်ပါအုံး''

''ဒါဆို ကျွန်တော်ပြန်တော့မယ်၊ ဆရာမကြီး၊ စိတ်ချလက်ချသာ အိပ်တော့၊ မနက်ကျမှ ဆရာမကြီးခြံကို ပြန်ထောက်ပေးမယ်''

နောက်တစ်နေ့ နံနက်စောစော ဆရာမကြီးအိမ်ဘက်သို့ ကျွန်တော်ထွက်လာစဉ် ချစ်တိုးနှင့် ရွာခံနှစ်ဦးတို့ ရောက်နှင့်နေကြသည်ကို တွေ့ရသည်။ ညက အသုံးပြုခဲ့သော လှံရှည်ကို ချစ်တိုးလက်ထဲတွင် ကိုင်လျက်သားတွေ့လိုက်ရသည်။

''ဆရာလေးကို ကျွန်တော်တို့စောင့်နေတာ၊ ခြံမပြင်သေးဘူးမဟုတ်လား''

''လူစုံအောင် စောင့်ရအုံးမယ်၊ ဝါးတွေလည်း မှာထားတာ မရောက်သေးဘူး''

''ဒါဆို ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ ကျွန်တော်ထင်တာမှန်ရင် ညကအကောင်ကြီး ဘယ်ကနေရောက်လာတယ်ဆိုတာ ဆရာလေး သိရမယ်''

ချစ်တိုးက ရှေ့မှဦးဆောင်ကာ လျှိုအတွင်း ဆင်းသွားသည်။ ရွာသားနှစ်ဦးနှင့် ကျွန်တော် နောက်မှလိုက်သွားသည်၊ ရေစစ်ချိန်ဖြစ်သဖြင့် လျှိုထဲတွင် တောင်ကျချောင်းရေ ကြည်လင်စွာစီးဆင်းနေသည်။ ဒီရေတက်ချိန်ဆိုလျှင် ပင်လယ်ရေရောနောကာ နောက်ကျိလျက် အထက်ပိုင်းတောင်ခြေသို့ ဆန်တက်နေသည်။ နှစ်ချို့ ကညင်ပင်ကြီး အောက်အရောက်တွင် ချစ်တိုးရပ်လိုက်သည်၊ ချစ်တိုးက ကညင်ပင်ခြေရင်းမှ သစ်ရွက်ခြောက်များကိုကြည့်ရင်းပြောလိုက်သည်။

''အပင်ခြေရင်းကိုကြည့်ပါ ဆရာလေး။ ရွက်ခြောက်တွေ စုပုံနေတာ ဘယ်လို သဘောရသလဲ၊ သဘာဝအတိုင်း ဟုတ်ရဲ့လား''

ချစ်တိုးညွှန်ပြရာ ကညင်ပင်ခြေရင်းသို့ ကျွန်တော်တို့ ပြိုင်တူကြည့်လိုက်ကြသည်။ ကညင်ပင်မှ ကြွေကျသော သစ်ရွက်ခြောက်များအပြင် အခြားသစ်ရွက်များလည်း ကညင်ပင်သစ်မြစ်ပေါ်တွင် စုပုံနေသည်။ သစ်မြစ်ကိုမတွေ့ရပါ။ သစ်မြစ်ကို သစ်ရွက်များက ဖုံးအုပ်နေသည်။

''ဟုတ်တယ်ချစ်တိုး။ သဘာဝအတိုင်းဆိုရင်တော့ ဒီလိုမဖြစ်နိုင်ဘူး။ တစ်စုံတစ်ယောက်က သစ်ရွက်တွေ သစ်မြစ်ပေါ်လာပြီး ပုံထားသလိုပဲ''

ချစ်တိုးက ကညင်ပင်ခြေရင်းသို့ တိုးကပ်သွားပြီး လက်ထဲမှ မိုန်းချွန်ဖြင့် သစ်ရွက်ခြောက်များကို ဖယ်ရှားလိုက်သည်။ ချစ်တိုး လုပ်ကိုင်ပုံမှာ သတိဖြင့် လုပ်နေကြောင်း သိသာနေသည်။ မျက်လုံးများကလည်း ဟိုတိုဒီဒီ လိုက်ကြည့်နေသည်။ ကျွန်တော်



ဘို့မှာ ချစ်တိုးအပြုအမူကို သဘောမပေါက်ဘဲ ငေးကြည့်နေကြသည်။ မကြာမီ သစ်ရွက်ခြောက်များ ရှင်းလင်းဖယ်ရှားပြီး၍ သစ်မြစ် ပေါ်လာသည်။ ပေါ်လာသော သစ်မြစ်နှစ်ခုအကြားတွင် လိုဏ်သဖွယ် မြေကျင်းကို တွေ့ရသည်။ ချစ်တိုးက မြေကျင်းထဲ ဆင်းလိုက်သည်။ အတွင်းဘက်သို့ စောင်းငုံ့ကြည့်လိုက်သည်။

''ကျွန်တော်ထင်တာ မှန်နေပြီဆရာလေး၊ မြွေကြီးက ဒီနေရာမှာ နိုအောင်းနေခဲ့တာကိုး၊ ဒီမှာ သက်သေပြစရာတွေ လာကြည့်ပါအုံး''

ချစ်တိုးပြရာ လိုဏ်အတွင်းသို့ ကျွန်တော် ငုံ့ကြည့်လိုက်သည်။ လိုဏ်အတွင်း မြေသားမှာ ပွမနေဘဲ ကျစ်လျစ်ပြောင်ချောနေသည်။ ခလေးလံသော ကိုယ်ထည်ကြီးဖြင့် ဖိကပ်ပွတ်တိုက်ထားသကဲ့သို့ ပြောင်ချောနေပါသည်။

''သေချာပါတယ်၊ မြွေကြီး ဒီနေရာမှာ နိုအောင်းခဲ့တာ အမှန်ပဲ၊ သက်သေပြစရာဆိုတာက ဘာလဲ''

''ဆရာလေး ခြေထောက်အောက်နား ကို ကြည့်လိုက်ပါအုံး''

ကျွန်တော်ရပ်နေရာ သစ်ရွက်ခြောက်များကြားတွင် ဘဲဥတောင်များ တွေ့လိုက်ရသည်။

ချစ်တိုးက ဘဲဥတောင် သုံးလေးချောင်း ကောက်ယူလိုက်ပြီး–

''ဒီလို ဆရာလေးရဲ့၊ မြွေကြီးဟာ တောတောင်တွေထဲကနေပြီးပေါ့ဒီလျှိုကြီးအတိုင်း ဆင်းလာတာဖြစ်မယ်၊ ဒီနားရောက်တော့ ရေထဲဆင်းလာတဲ့ ဆရာမကြီးရဲ့ ဘဲတွေကိုခွဲပြီး ကညင်ပင်ရင်းက လိုဏ်ထဲမှာ ဝင်ခွေနေတော့တာပေါ့၊ နေ့ခင်းဘက် လူသံတွေကြားလို့ မလစ်တဲ့အခါ ညဘက်မှာ ဆရာမကြီးခြံထဲ ဝင်ခဲ့တယ်လေ၊ ဒါကြောင့် ဆရာမကြီးရဲ့ ကြက်၊ ဘဲတွေ မကြာခဏ ပျောက်နေတာပေါ့၊ အစာကို လွယ်လွယ်နဲ့ ရနေတော့ ဒီနေရာက မခွာတော့ဘူး၊ သူနိုအောင်းနေတဲ့နေရာကိုလည်း လူတွေမမြင်အောင် သစ်ရွက်ခြောက်တွေနဲ့ ဖုံးကွယ်ထားခဲ့တယ်''

''သိရသလောက် ဒီကောင်တွေက သစ်ပင်ပေါ်တွေမှာသာ အနေများတယ် မဟုတ်လား''

''ဆရာလေးပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒီကညင်ပင်ကြီးက လူနေအိမ်နဲ့ သိပ်မဝေးတော့ လူသံတွေကြားနေရတယ်၊ ဖြတ်သွားဖြတ်လာလည်းရှိနေတော့ သစ်ပင်ပေါ် ဘယ်နေဝံ့ပါ့မလဲ''

''အင်း…ဟုတ်ပါရဲ့၊ ချစ်တိုးပြောမှပဲ ရှင်းသွားတော့တယ်၊ ကဲ–တရားခံအစစ်လည်း မိထားပြီပြီ၊ ဆရာမကြီးရဲ့ခြံကို ဗိုင်းကူဆောက်ပေးရအုံးမယ်၊ သွားကြစို့''

ချစ်တိုးက ဘဲတောင် သုံးလေးချောင်းကိုင်ပြီး လျှိုထဲမှပြန်တက်လာသည်။ ကျွန်တော်တို့ ရောက်ချိန်တွင် ရွာလူကြီး ဦးဆောင်ပြီး ခြံကိုပြုပြင်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့လည်း ဝင်ရောက်ကူညီလုပ်ကိုင်ပေးကြသည်။ ဆရာမကြီး မွေးမြူရေးခြံကို အချောသတ်နေစဉ်မှာပင် ချစ်တိုး၏မိခင်ဆီမှ လင်ပန်းတစ်ချပ်ရွက်ကာ ရောက်လာသည်။ ကျွန်တော် လင်ပန်းပေါ် လှမ်းကြည့်လိုက်သည်။ တစ်မိုက်ခန့်တုံးထားသော မြွေသားတုံးကြီးများကို တွေ့လိုက်ရသည်။

''ကိုချစ်တိုး တစ်ညလုံးအလုပ်ရှုပ်နေတာ သည်းခြေထုတ်၊ အရေခွံခွာ၊ ပြီးတော့ အမွှေးအကြိုင်တွေနဲ့ အသားကို တစ်ညလုံး ပြုတ်နေတာ၊ ကြိုက်သလိုသာ ချက်စားပေတော့၊ ရော့–ဒါ ဆရာလေးအတွက် ဟင်းစား''

ချစ်တိုးမေမေ့က မြွေသားအတုံးတစ်တုံး ကျွန်တော့်ကို ကမ်းပေးသည်။

''ရွာလူကြီးအိမ်ကိုသာ ပေးလိုက်ပါ၊ ကျွန်တော် ဟိုမှာပဲ စားပါ့မယ်''

''ဒါဆိုလည်း ကောင်းပြီလေ၊ ဆရာလေးအတွက် ရွာလူကြီးအိမ်ကိုပဲ ပေးထားလိုက်မယ်၊ ဟင်းစားတွေ လိုက်ဝေစရာရှိသေးလို့ ကျွန်မ သွားတော့မယ်''

''ခဏနေပါအုံး၊ ချစ်တိုး ဟင်းစားတစ်တုံးယူပြီး၊ ကျွန်တော်နဲ့ အိမ်ပေါ်လိုက်ခဲ့ကြ၊ ဆရာမကြီးကို ဟင်းစားပေးကြမယ်''

ကျွန်တော်က ချစ်တိုးတို့လင်မယားကို လှမ်းပြောလိုက်သည်။ ချစ်တိုး ခြံပြင်နေရာမှ ကျွန်တော့်အနီးရောက်လာသည်။

''ဟာဗျာ၊ ဆရာလေးကလည်း၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး ဆရာမကြီးနဲ့ စကားမပြောကြဘူးဗျ''

ကိုချစ်တိုးပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ကာလေးစားမပေးပွဲကျဖူးသည့်ကိစ္စနှင့် ပတ်သက်၍ လင်မယားနှစ်ယောက်စလုံး ဆရာမကြီးကို အမြင်မကြည်လင်ကြပါ။ မျက်နှာလိုက်သည်ဟု ထင်နေကြသည်။ ချစ်တိုး၏ သားမှာလည်း အမှန်ပင်စာညံ့သူဖြစ်သည်။ ကျောင်းစာကို စိတ်မဝင်စားပါ။ စာလည်း မှန်မှန်ကျက်သူ မဟုတ်ပေ။ ဖအေလုပ်သူက ညဉ့်အိပ်ညဉ့်နက် ခရီးထွက်နေရသူဖြစ်သည်။ မအေကို မကြောက်ပါ။ မအေကလည်း အလိုလိုက်သည်။ ကာလေး၏ကိစ္စ ကျွန်တော်အသိဆုံးဖြစ်သည်။ ချစ်တိုးတို့လင်မယားကို ကျွန်တော် အကြိမ်ကြိမ်ရှင်းပြခဲ့ပြီးလည်းဖြစ်သည်။ အဖြစ်မှန်သိ၍ ဆရာမကြီးအပေါ်လည်း နားလည်ခွင့်လွှတ်နေကြပြီ။ ပြောမှားဆိုမှားအတွက် အားနာနေကြသည်။

''ဆရာမကြီး၊ ဆရာမကြီး၊ ဒီမှာ ချစ်တိုးတို့လင်မယား မြွေသားလာပို့တယ်၊ ဒီအသားမျိုးက စားရခဲတယ်နော်''

ကျွန်တော့်ခေါ်သံကြောင့် ဆရာမကြီး အိမ်ရှေ့သို့ ထွက်လာသည်။

''ကိုချစ်တိုးတို့ပါလား၊ အို…ဟုတ်ပါရဲ့၊ ကြံတောင့်ကြံခဲ စားရမှာပေါ့၊ ပေးပေး၊ ကိုချစ်တိုးကိုလည်း ကျွန်မတောင်းပန်ရအုံးမယ်''

ပြောပြောဆိုဆို ဆရာမကြီးက ချစ်တိုးကမ်းပေးသော မြွေသားတုံးကို လှမ်းယူသည်။

''မလိုတော့ပါဘူး၊ ဆရာမကြီးရယ်၊ ဆရာလေးပြောပြလို့ အားလုံးသိပြီးပါပြီ၊ တောင်းပန်ရမယ့်သူက ကျွန်တော်တို့ လင်မယားပါ''

ဟင်းစားလှမ်းပေးလိုက်သော ချစ်တိုးတို့ လင်မယားမျက်နှာပေါ်တွင် ဝမ်းသာကြည်နူးမှုဖြင့် အပျော်အပြုံးများကို တွေ့လိုက်ရသကဲ့သို့ ဆရာမကြီး၏ မျက်နှာမှာလည်း သံသယမြူတိမ်များ ကင်းစင်ကာ ကြည်လင်ဝင်းပနေသည်ကို တွေ့ရသည်။ သူတို့ ဝမ်းသာကြည်နူးခွင့်လွှတ်ခြင်းများက ကျွန်တော့်ရင်သို့ပင် ကူးစက်ရောက်ရှိလာသည်။ ကျွန်တော့် ဝမ်းသာကြည်နူးမှုက သူတို့ထက် ပိုသည်ကို ကာယကံရှင် ကျွန်တော်သာ အသိဆုံးဖြစ်ပါတော့သည်။

**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**



ရဲမာန်ခ

# တူနီရှားနိုင်ငံ၏ ရှေးဟောင်းမြို့တော် ကားသေ့

ယနေ့ခေတ်အခါ တူနီးရှားသမ္မတနိုင်ငံသည် အာဖရိကမြောက်ပိုင်း တစ်လျှောက်တွင်တည်ရှိသော နိုင်ငံများတွင် အသေးငယ်ဆုံးသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ တောင်ပိုင်းတွင် ဆဟာရသဲကန္တာရပါဝင်ပြီး ကျန်ရှိသော နေရာများတွင်မူ စိုက်ပျိုးနိုင်သော မြေနေရာများနှင့် စတုရန်းမိုင်ပေါင်း ၈၁၀ (၁၃၀၀ ကီလိုမီတာ) ရှည်လျားသော ကမ်းရိုးတန်းပါဝင်သည်။

ထို အရာနှစ်ခုစလုံးသည် ရှေးခေတ်အခါက အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြသည်။ ပထမတစ်ခုအနေနှင့် ထင်ရှား ကျော်ကြားသော ဖိုနီစီရှန် (Phoenician) လူမျိုးစုတို့၏မြို့တော် ကားသေ့မြို့ဖြစ်ပြီး ဒုတိယအနေနှင့်မှ အာဖရိကဒေသ၏ ရောမ နယ်မြေအဖြစ် တည်ရှိခဲ့ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဘီစီ ၂၀၀၀ ကျော်ခန့်က တန်ခိုးထွားခဲ့သော ယခု တူနီရှားနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်ခဲ့သည့် ကားသေ့(Carthage)မြို့သည် ရောမ မြို့နှင့် ခေတ်ပြိုင်ထွန်းကားခဲ့ပေသည်။ ထိုစဉ်က အရောင်းအဝယ် ဖွံ့ဖြိုး၍ ခမ်းနားကြွယ်ဝသော မြို့တစ်မြို့ဖြစ်ခဲ့သည့် ကားသေ့ မြို့ဟောင်းမှာ ယနေ့အချိန်တွင် နိုင်ငံ၏မြို့တော်ဖြစ်သည့် တျူးနစ် (Tunic)မြို့နှင့် ၃မိုင်ခန့်အကွာတွင် တည်ရှိခဲ့သည်။ ကားသေ့မြို့ တော်ဟောင်းအား ယူနက်စကို၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် အဖြစ် ၁၉၇၉ ခုနှစ်ကတည်းကပင် သတ်မှတ်ပြဌာန်းခဲ့သည်။



## သမိုင်းအကျဉ်း

သမိုင်းကြောင်းအရ ကားသေ့မြို့သည် ဖိုနီစီရှန် (Phoenician) လူမျိုးတို့က ဘီစီ ၈၁၄ ခုခန့်တွင် ဆိပ်ကမ်းမြို့ကလေးအဖြစ် တည်ထောင်ခဲ့ကြသည်။ မြေထဲပင်လယ်ကမ်းခြေတွင်တည်ရှိသည့် ကားသေ့မြို့သည် ထိုစဉ်က ကုန်သွယ်ရောင်းဝယ်ရာ ဗဟိုဌာနကြီး ဖြစ်လာခဲ့၏။ ကားသေ့မြို့တွင် သင်္ဘောဆိပ်ကမ်းနှစ်ခုရှိပြီး တစ်ခုမှာ ကုန်သည်များအတွက် ကုန်တင်သင်္ဘောဆိပ်ကမ်းဖြစ်ပြီး အခြား တစ်ခုမှာ စစ်သင်္ဘောများအတွက်ဖြစ်၏။ မြေထဲပင်လယ်တစ်ဝိုက် တွင် ကုန်စည်ကူးသန်းရောင်းဝယ်ရန်အတွက် သင်္ဘောများကို အသုံး ပြု၍နေခဲ့ကြရာမှ ကားသေ့လူမျိုးတို့သည် နယ်ပယ်များကို တိုက်ခိုက် သိမ်းပိုက်လာကြ၏။ ယင်းနောက်ပိုင်း မြေထဲပင်လယ်နှင့် ဆက်စပ် လျက်ရှိသော အာဖရိကတိုက် မြောက်ဘက်ကမ်းခြေတစ်လျှောက်နှင့် စပိန်ကမ်းခြေတစ်လျှောက်တို့အပြင် ကော်စီကားကျွန်းနှင့် ဆာဒင်းနီး ယားကျွန်းများတို့သည် ကားသေ့မြို့တော်၏ အဝန်းအဝိုင်းတွင် ပါဝင်သွားကြသည်။

တစ်ဖက်တွင်လည်း ရောမသားတို့သည် အီတလီကျွန်းဆွယ် တစ်ခုလုံးကို သိမ်းပိုက်ပြီးသောအခါ မြေထဲပင်လယ် အနောက်ပိုင်း၌ ကြီးစိုးနေသော ကားသေ့တို့ကို မျက်စိပါးမွေးစူးလာကြ၏။ နောက် ဆက်တွဲအနေဖြင့် ကားသေ့နှင့်ရောမတို့သည် စစ်ပွဲ ၃ ကြိမ်ဖြစ်ပွား ခဲ့ကြရာ ထိုစစ်ပွဲများကို ပျူးနစ်စစ်ပွဲ(Punic War)များဟု ခေါ်သည်။ ပထမပျူးနစ်စစ်ပွဲမှာ ဘီစီ ၂၆၄ ခုမှ ၂၄၁ ခုထိ စစ္စလီကျွန်းတွင် ဖြစ်ပွားပြီး ကားသေ့တို့ အရေးနိမ့်သဖြင့် စစ္စလီကျွန်းကို ရောမတို့ လက်သို့ အပ်လိုက်ရ၏။ ဒုတိယပျူးနစ်စစ်ပွဲမှာ ဘီစီ ၂၁၈ ခုမှ ၂၀၁ ခုထိ ဖြစ်ပွားခဲ့ပြီး ရောမတို့ ပြန်လည်အရေးနိမ့်ခဲ့သည်။ ရောမသားတို့သည် ကားသေ့တို့၏ စစ်အင်အားတိုးပွားလာမှုကို မလိုလားသလို ၎င်းတို့၏ရန်ကိုလည်း ကြောက်ရွံ့လျက်ပင် ရှိကြသေးသည်။ ထို့ကြောင့် ကားသေ့တို့သည် အာဖရိက တိုင်းရင်းသားရန်သူများ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် စစ်တပ်ကိုတိုးချဲ့ ဖွဲ့စည်းသောအခါ ရောမသားတို့သည် အပြစ်ရှာ၍ ကားသေ့တို့ကို ပြန်လည်တိုက်ခိုက်ကြတော့၏။ ဤသို့ဖြင့် တတိယပျူးနစ်စစ်ပွဲမှာ ဘီစီ၁၄၉ ခု



၁၄၆ ခုထိ ဖြစ်ပွားခဲ့၏။ ကားသေ့တို့ အနေဖြင့် ရောမတို့ကို အစွမ်းကုန် ခုခံတိုက်ခိုက်ကြသော်လည်း အင်အားချင်း မမျှတသဖြင့် နောက်ဆုံးတွင် အရှုံးပေးခဲ့ကြရသည်။ ထိုသို့ဖြင့် ဘီစီ ၁၄၆ ခုတွင် စည်ကားခမ်းနားလှသော ကားသေ့မြို့ကြီးသည် ရောမတို့၏လက်ထဲသို့ အပြီးတိုင် ကျရောက်ခဲ့ခြင်းဖြင့် ရှည်လျားခဲ့သော စစ်ပွဲကြီးလည်း အဆုံးသတ်ခဲ့ပေသည်။

ဘီစီ ၄၉ ခုနှစ်တွင် ရောမဘုရင် ဆီဇာသည် ကားသေ့ဒေသကို ရောမဆင်းရဲသားများ လာရောက်နေထိုင်ရာ နယ်သစ်အဖြစ်ဖြင့် သတ်မှတ်ခဲ့၏။ ထိုအခါ ကားသေ့ဒေသသည် ပြန်လည်စည်ကားလာပြီး ရောမပိုင် အာဖရိက နယ်ပယ်များ၏ အချက်အခြာမြို့ကြီး ဖြစ်လာပြန်သည်။ သို့သော် အေဒီ ၄၃၉ ခုတွင် ဗင်းဒေါလူမျိုးတို့ ဝင်ရောက်တိုက်ခိုက် လုယက်ဖျက်ဆီးခဲ့သဖြင့် ကားသေ့ဒေသသည် ပင်လယ်ဓားပြစခန်းအဖြစ်သို့ ရောက်ရခဲ့ရပေသည်။ အေဒီ ၅၅၃ ခုနှစ်မှစ၍ ဘိုင်ဇန့်တိုင်းအင်ပိုင်ယာ (အရှေ့ရောမအင်ပိုင်ယာ)၏ လက်အောက်ခံ နယ်ပယ်တစ်ခုဖြစ်ခဲ့ရပြီး အေဒီ ၆၉၈ ခုတွင် အာရပ်လူမျိုးတို့၏ ချေမှုန်းဖျက်ဆီးခြင်းကို ခံခဲ့ရလေသည်။

အေဒီ ၁၈၈၁ ခုနှစ်၌ တျူးနစ်နယ်ပယ်တစ်ခုလုံးသည် ပြင်သစ်အစိုးရ၏ စောင့်ရှောက်ခံနယ်တစ်ခု ဖြစ်လာသောအခါ ကားသေ့ဒေသသည် ဗရင်ဂျီဂိုဏ်းအုပ်တစ်ပါး၏ သာသနာပြုရာ ဌာနချုပ်ဖြစ်လာရသည်။ မျက်မှောက်ခေတ်ကာလတွင် ကားသေ့မြို့တော်သည် ရှေးဟောင်းအဆောက်အအုံအပျက်အစီးများစုဝေးတည်ရှိရာ မြို့ဟောင်းအဖြစ်မျှသာ ကျန်ရှိတော့သည်။

## ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ခရီးသွားလုပ်ငန်း

အာဖရိကဒေသ၌ မြောက်ဘက်အကျဆုံးတွင် တည်ရှိသည့် တူနီရှားနိုင်ငံအား ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားရခြင်းမှာ ရောမခေတ်နှင့်အပြိုင် စည်ပင်ထွန်းကားခဲ့သည့် ကားသေ့မြို့ဟောင်းကို လေ့လာလိုခြင်းကြောင့်ပင်ဖြစ်သည်။ တူနီးရှားနိုင်ငံ အနေဖြင့် တရားဝင်လွတ်လပ်ရေးမရမီ ကာလကတည်းကပင် နိုင်ငံတကာမှသုတေသီများ၊ စူးစမ်းလေ့လာလိုသူ၊ ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်သွားလာရာ နေရာတစ်နေရာဖြစ်ခဲ့သည်။ အထောက်အထားများအရ ၁၉၆၂ ခုနှစ် တစ်နှစ်ထဲမှာပင် ခရီးသွားဧည့်သည် ၅၂၀၀၀ ခန့် လာရောက်ခဲ့ကြသည်။ ၁၉၆၅ ခုနှစ်တွင် တရားဝင်လွတ်လပ်ရေးရပြီးနောက်ပိုင်း တူနီရှားအစိုးရသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှေးဟောင်းကားသေ့မြို့ဟောင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းရပ်များအား အလေးထားဆောင်ရွက်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံ၏ ပြည်ပဝင်ငွေအများစုကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းက ရရှိနေသောကြောင့် ဖြစ်ပါသည်။ မျက်မှောက်ခေတ်အခြေအနေတွင်မူ လူဦးရေ ၁၀









သန်းကျော်ခန့်သာရှိသည့် တူနီရှားနိုင်ငံ၏ နိုင်ငံရေး အခြေ အနေမှာလည်း ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဘာဒို အမျိုးသားပြတိုက်နှင့် ဆိုယူ့ဆီဘာသာရေး အဆောက်အဦး ဗုံးခွဲတိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုလျော့ကျခဲ့ရပါသည်။ အထောက်အထားများအရ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၆ ဒသမ ၉ သန်းကျော် ရှိခဲ့သော်လည်း ယင်းနောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ အကြမ်းဖက်မှုဖြစ်စဉ်များ၏ နောက်ဆက်တွဲ ဂယက်ရိုက်မှုများ၊ နိုင်ငံတွင်း ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်များက ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့ရပါသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်အတွင်း တူနီရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်လာမှုသည် ၅ သန်းခန့်သာရှိတော့သည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ တူနီရှားအစိုးရသည် နိုင်ငံ၏ အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းမြို့ပြအဆောက်အဦးများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းရပ်များအား ယခုနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြလိုက်ရပေသည်။

**ရဲမာန်ခ**

Source; Carthage by wikipedia.com
Tunisia by wikipedia.com





# စဉ်းစားပေးပါ

- လမ်းမပေါ်မှာ၊ ရဲရဲဖြာသည့်
ကွမ်းယာကထွက်၊ နီကွက်ကွက်ကို
သွေးကွက်လေလား၊ ထင်မှတ်မှား၍
ကြောက်အားပိုမို၊ ခြေတွန့်တို့ကာ
ရင်ဖိုမောမိ၊ စိုးထိတ်မိသည်
ဘယ်ထိဝါးနေကြမည်နည်း။

- ကျန်းမာရေးတွက် ထည့်တွက်ကြပါ။
- စီးပွားရေးတွက် ထည့်တွက်ကြပါ။
- သန့်ရှင်းရေးတွက် ထည့်တွက်ကြပါ။

- မြို့ရွာအလှ၊ ထိန်းသိမ်းကြပါ
ကင်ဆာရောဂါ၊ ဖြစ်တတ်ပါ၍
ဓာတုကွမ်းယာ၊ ရှောင်ကြပါလေ
နှစ်ကာလရှည်၊ စားသုံးနေ၍
တွေဝေစိတ်စွဲ၊ ဖြတ်ရခဲလည်း
ရင်ထဲစေတနာ၊ ပြည့်သိပ်စွာဖြင့်
တို့ဟာလူသား၊ စွမ်းအင်များနှင့်
တိုင်းကားပြည်ကျိုး၊ ရွက်သယ်ပိုးဖို့
တန်ဖိုးရှိစွာ၊ သက်ရှည်ပါမှ
နိုင်မာတိုးပွား၊ တို့ခွန်အားဖြင့်
လူသားရင်းမြစ်၊ မဆုတ်နစ်အောင်
စိတ်သစ်နှင့်ဖြတ်၊ ကွမ်းစားရပ်ရန်
ထပ်ထပ်ခါခါ၊ တောင်းပန်ပါ၏
ရင်မှာ တိုးလျှိုး၊ စိတ်မဆိုးဘဲ
စိုးရိမ်သူအား၊ မေတ္တာထားကာ
စဉ်းစားပေးကြပါဦးတော့။ ။

သက်ဦးခင်



# စစ်ကိုင်းတောင်



"ပုညရှင်စေတီအပါး စစ်ကိုင်းတောင်အထက်တစ်လွှားဆီက
အရှေ့တစ်လွှား ရှုလိုက်ရင်လေ ရောဝတီ ဒုဌာဝတီ
ဝဲလက်ျာ အတွန့် အတွန့်တွေနဲ့
နတ်ပန်းချီ ဆေးစုံကွန့်ရောထင့်
အလွန့်အလွန် သာယာပါပေသည်"

❒ သည်သီချင်းသည် ကာလရှည်စွာ
နာမည်ကျော်ဟည်း ကိုအုံကြီး၏
စီးရီးထဲက စစ်ကိုင်းတောင်။

❒ ကြားကတည်းက
ရင်ထဲထိုးဖောက် "စစ်ကိုင်း" ရောက်လာ
ဝမ်းမြောက်ရှင်မျှသည့်ဒေသသို့
မရောက်စဖူး ရောက်ချင်ဖူးခဲ့။

❒ ဆန္ဒပြည့်မြောက် ရောက်၍အသွား
ပတ္တမြားစေတီလွှမ်းစေတီနှင့်
ဟိုသည်ဖြတ်ကူးဖောင်တောင်ဦးနှင့်
ဆွမ်းဦးပုညရှင် ရှင်ဖြူရှင်လှ
မကျန်ရအောင် အနှံ့ရောက်၍လည်ခဲ့။

❒ တောင်ရိုးဝဲယာ ကြည့်လိုက်ပါသော်
ရောဝတီ မပီဝိုးဝါး
တံတားရုပ်ဝါ မှုန်ပြာပြာ နှင့်
ဒုဌာဝတီ မှုန်ရီမှေးမှေး
မန္တလေးကား မှုန်ဝါးဝါးတည့်
ထင်ရှားမရှိ ဘယ်ဆီကြည့်ကြည့်
သတိရလာ ထိုအခါ၌
ငါလျှင်ရုတ်ချည်း သီချင်းညည်းမိ
ကိုအုံကြီး၏ "စစ်ကိုင်းတောင်"။

❒ တိုက်တိုက်ဆိုင်ဆိုင် ပွဲတင်လှိုင်၏
တောမြိုင်ထုတ်ချောက် အနှံ့ရောက်သား
"ရောက်ခဲ့ဖူးသလား ဇေယျာရွှေမြေ
မြရေခွေဝန်းလျှမ်း ရှုစမ်းဖြာဝေ"
အမွှေတေးသွား ငါလျှင်ကြားသို့
အများမျှော်ငံ့ ကြားလတ္တံ့တည်း
ကိုအုံကြီး၏ မူလအသံ။

❒ ဩော်
သူသေသွားလည်း
ကြားနေရပြန် တစ်ရံမစဲ
အမြဲရှင်သန် သူ့တေးသံက
မနက်ဖြန်ပေါင်းများစွာ သို့တိုင်။
အမြဲထာဝရ ထုံသင်းလှိုင်။ ။

တင့်ထွန်း(ချောက်)



# ပြည်ထောင်စုစိတ်ဓာတ်

❒ အဓိကကို ညှိကြလျှင်ဖြင့်
တိကျတဲ့ အဖြေထွက်မှာ။
❒ တစ်ဦးစီ ခံစားနေတဲ့
မျက်စိ၊ နား နှာ၊ လျှာ၊ ကိုယ်သော်မှ
အလိုချင်း မတူပါ။
❒ ဗြဟ္မစိုရ် မြတ်စိတ်သာ၊
နှလုံးတိုင်းမှာ အစဉ်ပိုက်ထွေး။
❒ မွန်လည်း ဟင်းတစ်မည်
ချင်းလည်း ဟင်းတစ်မည်
ကချင်လည်း ဟင်းတစ်မည်
ရှမ်းလည်း ဟင်းတစ်မည်
ကရင်လည်း ဟင်းတစ်မည်
ကယားလည်း ဟင်းတစ်မည်
ရခိုင်လည်း ဟင်းတစ်မည်
ဗမာလည်း ဟင်းတစ်မည်
မတူသည့် ပြင်ဆင်လို့
လက်ရည်တစ်ပြင် ရည်ဆောင်ပြုတဲ့
ပြည်ထောင်စု ထမင်းပွဲကို
တွဲဖက်ညီ ခပ်ခူးစားတော့
အထူးခြားဆုံး စည်းလုံးမှု
ဆုပန်း ပွင့်မွှေး။ ။

မင်းချစ်ကွန်း(သံဖြူဇရပ်)





# ပြည့်စုံမျှတ အစာအာဟာရ

မောင်မောင်သွင်(ပန်းခိုင်)

အာဟာရဆိုသည်မှာ ထောက်ပံ့နိုင်ခဲ့စေတတ်သည့် သဘော ဖြစ်၍ ထောက်ကန်သောတိုင်သည် ခန္ဓာအိမ်အား ရုပ်ပိုင်းရော၊ နာမ်ပိုင်းပါ မြဲမြံခိုင်ခံ့စေသကဲ့သို့ ကျေးဇူးပြုကြောင်း ပဋ္ဌာန်းဒေသနာတွင် နာယူမှတ်သားဖူးပါသည်။ တစ်နည်းအားဖြင့် ရုပ်အာဟာရ နာမ်အာဟာရများ မိမိတို့သန္တာန်တွင် ကျေးဇူးပြုမှုဖြင့် ဘဝရှင်သန်ရပ်တည်နေကြရသည်။ ထို့ကြောင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရကို စားသုံးနိုင်မှသာ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ပညာအမြော်အမြင်ရှိပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သည့် အာဟာရများကို ပြည့်စုံလုံလောက်မျှတစွာ မရရှိလျှင် အာဟာရချို့တဲ့မှုကိုဖြစ်စေပြီး ဘေးအန္တရာယ်မကင်းသော အစာအာဟာရကို စားသုံးမိပါက ရောဂါဘယများ ဖြစ်ပွားနိုင်သည်။ အာဆီယံဒေသအတွင်းတွင် စင်ကာပူနိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းမှာ (၈၃)နှစ်ဖြင့် အမြင့်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှာ လာအိုနှင့် တီမောနိုင်ငံပြီးလျှင် ပျမ်းမျှသက်တမ်း (၆၇)နှစ် ဖြစ်နေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကင်ဆာရောဂါဖြစ်ပွားမှု မြင့်မားသောနိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း သုတေသန ကိန်းဂဏန်းများက ဖော်ပြနေသည်။



## စားသုံးသူတို့ အခွင့်အရေး

စားသုံးသူတို့သည် မိမိပေးချေလိုက်ရသော ငွေကြေးတန်ဖိုးနှင့် ညီမျှသော အစားအသောက်များကို ပြန်လည်ရယူလိုကြသည်။ လောကအလိုအရ တရားမျှတမှန်ကန်မှု (Justice)၊ သာနာညီမျှမှု (Equity)၊ ကောင်းမြတ်သောစိတ်ထား (Good Conscious) နှင့် ညီညွတ်ခြင်း၊ မွေးအလိုအရလည်း လက်ခံခြင်း၊ သဘာဝကျခြင်းကြောင့် စားသုံးသူအတွက် အမြဲတမ်းအခွင့်အရေး (Customer is Always Right) ရှိရမည်။

နေ့စဉ်နှင့်အမျှ လူတိုင်းသည် အစာအာဟာရများကို စားသုံးနေကြရပြီး ဆာလောင်မွတ်သိပ်မှုဟူသော သမုဒ္ဒရာဝမ်းတစ်ထွာအတွက် စားသောက်နေကြရသည့်အပြင် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာ အသက်ရှင်နေထိုင်နိုင်ရေး၊ အာဟာရ အင်အားနှင့် ရောဂါဘယ ကာကွယ်ရေးအတွက် စားသုံးနေကြရသည်။ အချို့အန္တရာယ်ရှိ အစားအသောက်များမှာ ကျန်းမာရေးကို တဖြည်းဖြည်း



**ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးစေရန် အသားဓာတ်အမျိုးမျိုး၊ အင်အားဖြစ်စေရန် ဂျုံ၊ ကောက်နှံ စသည့် ကစီဓာတ်ပါသော အစာများ၊ ရောဂါကာကွယ်ခုခံနိုင်သည့် ဗီတာမင်ဓာတ်ပြည့်ဝသော ဟင်းသီးဟင်းရွက်များကို မျှတပြည့်ဝစွာ စားသောက်ရန် ဆေးပညာရှင်များ ညွှန်ပြထားပြီးဖြစ်သည်။**

**အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော်လည်း**

**တန်ဆေး လွန်ဘေးထုံးကို . . .**

ဆိုးကျိုးခံစားနေသလို အချို့မှာ အသက်ဘေးကို ချက်ချင်းဒုက္ခပေးနိုင်သည်။ စားသုံးကုန်ထုတ်လုပ်သူ လောဘသားအချို့၏ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် စေတနာပါမှုကင်းမဲ့စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုကြောင့် အပြစ်မဲ့ပြည်သူများ နေ့စဉ် ဒါဏ်းခံနေကြရဆဲဖြစ်နေသည်။

မိမိဝယ်ယူစားသုံးသည့် ပစ္စည်းအပေါ် သတင်းအချက်အလက်အခြေခံသိပိုင်ခွင့်ရရှိရေး၊ မိမိပေးချေရသည့် ငွေကြေးတန်ဖိုးနှင့်ညီမျှသောပစ္စည်း ပြန်လည်ရရှိရေးနှင့် အရည်အသွေးမီ (Quality) ပြီး ဘေးအန္တရာယ်ကင်းရှင်းသော (Safety) ကုန်ပစ္စည်းရရှိရေးမှာ ဥပဒေနှင့် ညီညွတ်မျှတမှုပင်ဖြစ်သည်။

## ရည်ရွယ်ချက်

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များဖြစ်ရေးအတွက် အဓိကရည်ရွယ်ချက်များဖြစ်သည့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များ၊ တင်သွင်း၊ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရေး ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ကျန်းမာရေးနှင့်ညီညွတ်သည့် နည်းစနစ်များကျင့်သုံးရေး၊ စားသုံးသူများ ဘေးဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ၊ ရောဂါပိုးမွှားများ ကင်းစင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များကို ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရေးတို့ဖြစ်သည်။



အရည်အသွေးပြည့်မီရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စောင့်ကြည့်ကြပ်မတ်ရေးနှင့် ထိန်းချုပ်မှုအစီအစဉ်(Monitoring and Control Process) စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

## အာဟာရမျှတသော အစာအာဟာရအုပ်စု

အစာအာဟာရအုပ်စုကြီး (၃) စုရှိပြီး ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးစေရန် အသားဓာတ်အမျိုးမျိုး၊ အင်အားဖြစ်စေရန် ဂျုံ၊ ကောက်နှံ စသည့် ကစီဓာတ်ပါသော အစာများ၊ ရောဂါကာကွယ်ခုခံနိုင်သည့် ဗီတာမင်ဓာတ်ပြည့်ဝသော ဟင်းသီးဟင်းရွက်များကို မျှတပြည့်ဝစွာ စားသောက်ရန် ဆေးပညာရှင်များ ညွှန်ပြထားပြီးဖြစ်သည်။ အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော်လည်း တန်ဆေး လွန်ဘေးထုံးကို ကျင့်သုံးသတိမူရမည်ဖြစ်သည်။ အစားအသောက်အရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် စားသောက်ကုန်များအစပြုရာ လယ်ယာနှင့် မွေးမြူရေးခြံများ၊ ထုတ်လုပ်သူများမှစ၍ စားသုံးသူထံသို့ စားသောက်ကုန်များရောက်သည်အထိ (Food Chain) တစ်လျှောက်လုံး စိုက်ပျိုးမွေးမြူရေးမှ စားပွဲအထိ (Farm to Table) ကောင်းမွန်ရန်ဖြစ်သည်။

## အသိပညာပေး ဆောင်ရွက်နေမှု

အသိပညာပေးမှုအနေဖြင့် စားသုံးသူ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ သတင်းစာ၊ ဂျာနယ် စသည့် ပုံနှိပ်မီဒီယာများနှင့် လူမှုမီဒီယာများတွင် ရေးသားဖော်ပြခြင်းအပြင် ပညာပေးဓာတ်လမ်းများ၊ ရိုက်ကူးထုတ်လွှင့်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ဟောပြောဆွေးနွေးခြင်းများ အရှိန်မြှင့်ဆောင်ရွက်နေသည်။

## ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် ဆောင်ရွက်ခြင်း

အစားအသောက်များအား စျေးကွက်မရောက်မီနှင့် ရောက်ပြီးကုန်စည်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့် အချက်အလက်များ ပြည့်စုံရေးအတွက်



စောင့်ကြည့်စစ်ဆေးခြင်း၊ စားသုံးသူများအတွက် ဘေးအန္တရာယ်ရှိသည်ဟု ယူဆပါက မှန်ကန်မှုရှိမရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ စားသုံးသူ အသိပညာပေးရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ မြို့တော်စည်ပင်တို့နှင့် ပူးပေါင်း၍ လက်လီရောင်းချနေသူများအား အန္တရာယ်ကင်းစွာ ရောင်းချတတ်စေရန် ပညာပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်။

ဓာတုပစ္စည်းများ၊ ဆိုးဆေးများ၊ အဆိပ်အတောက်ဖြစ်စေသော မှိုအဆိပ်အမျိုးမျိုး(Aflatoxin)၊ အန္တရာယ်ဖြစ်စေသော ဘက်တီးရီးယားများ (Bacteria) နှင့် ရောဂါဖြစ်စေသော ဗိုင်းရပ် (Virus) ပိုးများ မကြာခဏတွေ့ရှိနေသည်။ ဆိုလိုသည်မှာ အပြစ်မဲ့သော စားသုံးသူပြည်သူများ နေ့စဉ်စားသောက်မိနေကြရသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ဈေးကွက်ထောက်လှမ်း စစ်ဆေးမှုများ ကြိုးစားလုပ်ဆောင်နေသည်။ ၁၉၉၇ ခုနှစ်တွင် အမျိုးသားအစားအသောက်ဥပဒေ (National Food Law) ကို ပြဋ္ဌာန်းလိုက်ပြီး ၂၀၁၄ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (Consumer Protection Law) ကို ပြဋ္ဌာန်းထားပြီး ဖြစ်နေသည်။

အရေးယူမှုအနေဖြင့် လက်ရှိတွင် လိုင်စင်ရုပ်သိမ်းခြင်း၊ ဈေးကွက်အတွင်းမှပစ္စည်းများ ပြန်သိမ်းခြင်း၊ ပညာပေးခြင်းမှတစ်ဆင့် ထိရောက်သော အရေးယူမှုအတွက် အဆင်သင့်ဖြစ်နေကြောင်း လေ့လာသိရှိရသည်။

**ဓာတုပစ္စည်းများ၊ ဆိုးဆေးများ၊**
**အဆိပ်အတောက်ဖြစ်စေသော**
**မှိုအဆိပ်အမျိုးမျိုး(Aflatoxin)၊**
**အန္တရာယ်ဖြစ်စေသော ဘက်တီးရီးယားများ**
**(Bacteria) နှင့် ရောဂါဖြစ်စေသော**
**ဗိုင်းရပ် (Virus) ပိုးများ မကြာခဏတွေ့ရှိနေသည်။**

### ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့် အချက်အလက်များဖြစ်သည့် ကုန်အမှတ်တံဆိပ် (Brand Name)၊ အမျိုးအမည် (Kind of Food)၊ ပါဝင်ပစ္စည်းများ (Ingredients)၊ ပါဝင်ပမာဏ (Net Weight/Gross Weight)၊ ထုတ်လုပ်ရက်စွဲ (Manufacturing Date)၊ အပတ်စဉ်အမှတ် (Lot No.)၊ သက်တမ်းကုန်ရက် (Expiry Date)၊ အကောင်းဆုံးစားသုံးရန်ရက် (Best Before Date)၊ ထုတ် လုပ်သူအမည်နှင့် လိပ်စာ (Manufacturer Name and Address)၊ ထားသိုရန်အညွှန်း (Storage Instruction)၊ သုံးစွဲရန်အညွှန်း (Directions for Use) တို့ ဖြစ်ကြသည်။ အဆိုပါ ပိုင်ရှင်အညွှန်းလမ်းညွှန်ချက် (Labeling Guideline) များကိုလည်း မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရှင်းရှင်း



လင်းလင်းဖော်ပြရန် ညွှန်ကြားချက် ထုတ်ပြန်ထားပြီးဖြစ်သည်။

အသိပညာပေးခြင်း၊ ကွင်းဆင်းစစ် ဆေးခြင်း၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တိုင်ကြားမှုကို လက်ခံဆောင်ရွက်ခြင်းနှင့် ဈေးကွက်အတွင်း စောင့်ကြည့်အရေးယူဆောင်ရွက်ခြင်းများကိုလည်း ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**သုံးသပ်ချက်**

လူတိုင်းသည် အမြဲတမ်းပင် စားသုံးသူဖြစ်နေသည်။ ပေးရသော ငွေကြေးနှင့် ညီမျှသော အစားအသောက်များကို အခြေခံ ရပိုင်ခွင့်ရှိနေသည်။ လက်ရှိကာလမှာ စားသုံးသူအခြင်းမွားမှု ဖြေရှင်းရေးအဖွဲ့လည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ သို့သော် စားသုံးသူပြည်သူအများစုမှာ အလေ့အထနှင့် သတိပြုမှုနည်းပါးကြသဖြင့် သတင်းပေးတိုင်ကြားမှုနည်းပါးနေသေးသည်။ သူတစ်ပါးအကျိုးပျက်စီးမှုကို ကြောက်ကြသော၊ အားနာသနားတတ်ကြသော၊ အချိန်ကုန်မခံနိုင်ကြသော အလေ့အထကိုလည်း ပြင်ကြရပါဦးမည်။ အရည်အသွေး မပြည့်မီခြင်းနှင့် ဘေးအန္တရာယ်မကင်းမှုကို သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခြင်းသည် ဘေးအန္တရာယ်ကျရောက်နိုင်သည့် အပြစ်မဲ့ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးရာရောက်သည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဝိသမလောဘသမားများကို ဟန့်တားအရေးယူရာရောက်သည်။

အချုပ်ဆိုရလျှင် ဘေးအန္တရာယ်ကင်းကင်းနှင့် အာဟာရပြည့်ဝမှုတစ္စာ စားသောက်ကြခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တာဝန်ရှိအဖွဲ့အစည်းများ၊ နိုးနွယ်အသင်းအဖွဲ့များ၊ စားသုံးသူပြည်သူများ စုပေါင်းအားဖြင့် စဉ်ဆက်မပြတ် ပိုမိုဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

**မောင်မောင်သွင်(ပန်းနိုင်)**

## ပြောတာ နားမလည်တော့

တင်နယ်ဆီ(Tennessee) ပြည်နယ်က တောင်တန်းတွေကိုဖြတ်ပြီး ကားမောင်းသွားရင်း လမ်းမှာတွေ့တဲ့ ဒေသခံအဖိုးကြီးတစ်ဦးကို ကော်ဖီဟီးလ်(Coffee Hill) ကျောင်းကို ဘယ်လိုသွားရမလဲလို့ မေးမိပါတယ်။

"ကောင်းပြီ၊ ခင်ဗျားတို့ ဒီကနေ ဟင်းဂင်းရော့ခ်(Hangin Rock) ကို အရောက်ဆင်းသွားလိုက်၊ ပြော်-ဒါနဲ့ ခင်ဗျားတို့ အဲဒီနေရာကို သိလား"

"မသိပါဘူးရှင်"



"ကောင်းပြီ၊ အဲဒီနေရာက ခင်ဗျားတို့ လှည့်ကွေ့ရမယ့်နေရာပဲ၊ နောက်ထပ် တမ်ဘလင်းချောင်း (Tumblin Creek) ကို မရောက်မချင်း နှစ်မိုင်လောက် ဆက်သွားရမယ်၊ အဲဒီနေရာကိုရော သိရဲ့လား"

"မသိပါဘူးရှင်"

"ဝမ်းနည်းပါတယ် အမျိုးသမီး၊ ကျုပ်ပြောတာ ခင်ဗျားတို့ နားမလည်ဘူးထင်တယ်၊ ကျုပ်ဘာမှ ထပ်မပြောချင်တော့ဘူး"လို့ ဒေသခံကြီးက ခေါင်းကိုယမ်းပြီး ထွက်သွားပါတော့တယ်။

**မောင်သီဟ**

# ချစ်လျှင်သတိ

ဝေဝေမြင့်မိုရ်



**လူတွေ**
**ဘာဖြစ်လို့များ**
**အဲဒီလောက် ကတိမတည်ရတာလဲ။**
**စကားတစ်ခွန်းကို**
**လက်လွတ်စပယ်ပြောပြီး**
**တာဝန်မယူတတ်တဲ့ လူစားတွေ**
**ဘာလို့ ဒီလောက်များနေရတာလဲ**



တစ်ခါက သူမကြုံခဲ့ဘူးတဲ့ အဖြစ်အပျက်ကလေးတွေပါ။ လောကမှာ လူသားတိုင်း လူသားတိုင်း အဲဒီအဖြစ်အပျက်မျိုး တစ်ခုမဟုတ် တစ်ခုတော့ ကြုံဖူးကြမှာပါပဲ။

သူမရဲ့ ကုမ္ပဏီလုပ်ငန်း လိုအပ်ချက်အရ တောမြို့လေးတစ်မြို့ကို သူမ တာဝန်ကျတယ်။ အဲဒီမြို့လေးကလူတွေ ခင်ဖို့သိပ်ကောင်းတယ်လို့ သူမရောက်စက ထင်ခဲ့မိတယ်။ တဖြည်းဖြည်းနဲ့ ကြာလာတဲ့အခါ ရင်းနှီးမှုပိုလာတယ်။ ရင်းနှီးလာတာနဲ့အမျှ မြို့ခံလူတွေနဲ့ သူမကြားမှာ ပဋိပက္ခ သေးသေးလေးတွေ ရှိလာတယ်။

"ကိုကောင်းလွှင်…လွှန်ခဲ့တဲ့ သုံးရက်က ကျွန်မဆီမှာ ပစ္စည်းဖိုးတွေရှင်းဖို့ လက်မှတ်ထိုးသွားတယ်နော်၊ ဘာဖြစ်လို့ ရောက်မလာတာလဲ"

"ဩော်…လာမလို့ပဲ အစ်မရဲ့၊ အဲဒီနေ့က အလုပ်ရှုပ်နေလို့၊ အခုတောင် ခရီးထွက်ရာက ပြန်လာတာ၊ အစ်မကိုတွေ့လို့ လာနှုတ်ဆက်တာ၊ ပစ္စည်းဖိုးတွေ အခုပဲရှင်းပေးပါ့မယ်၊ ဒါပေမဲ့ ရုံးမှာပဲ ပြန်စောင့်လိုက်၊ ကျွန်တော့်ဦးလေးဆီ သွားယူပြီး လာခဲ့ပါ့မယ်"

အဲဒီလိုပြောပြီး တစ်ပတ်ကျော်ကြာအောင် ပျောက်သွားပြန်တယ်။ သူ့အိမ်လိုက်သွားတော့လည်း ခရီးထွက်သွားတယ်ဆိုပြန်တော့ သူမ တပ်ခေါက်ပြန်ခဲ့ရတယ်။

"ကိုနေလင်း…ရှင်ပြောတော့ အခက်အခဲဖြစ်တုန်း ခဏပါဆို၊ ကျွန်မက ကုမ္ပဏီနဲ့ ပြဿနာရှင်းနေရပြီ၊ ပစ္စည်းဖိုးတွေ လာပေးတော့၊ မဟုတ်ရင် ရှင့်အိမ်ကို လိုက်တောင်းရလိမ့်မယ်နော်"

"ဟာ…မသဇင်၊ စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်ကိုက မေ့တိမေ့လျော့နဲ့ အသုံးမကျသလို ဖြစ်သွားတယ်၊ အိုကေ…အိုကေ နောက် ၂နာရီအတွင်း ကျွန်တော်လာခဲ့ပါ့မယ်"

တကယ်မှတ်လို့ စောင့်နေပေမဲ့ အဲဒီနေ့သာ ကုန်သွားတယ်။ အဲဒီလူလည်း ပေါ်မလာပါဘူး။ သူမ ဒေါသထွက်ရလွန်းလို့ အသက်ထွက်မတတ်ပါပဲ။ လူတွေ ဘာဖြစ်လို့များ အဲဒီလောက် ကတိမတည်ရတာလဲ။ စကားတစ်ခွန်းကို လက်လွတ်စပယ်ပြောပြီး တာဝန်မယူတတ်တဲ့ လူစားတွေ ဘာလို့ ဒီလောက်များနေရတာလဲ။

နောက်တစ်ယောက်ကတော့ သူမကို ချစ်လှပါချည်ရဲ့ဆိုပြီး သူမအနား တကပ်ကပ်လုပ်နေတဲ့ နေဇလ။ ရုပ်ရည်ခပ်သန့်သန့်နဲ့ အတော်အတန်လည်း ပိုက်ဆံရှိတာမို့ အခြေအရံလည်း ပေါများတယ်။ သူမဆီကို နေ့တိုင်း နည်းမျိုးစုံနဲ့ ချဉ်းကပ်ပေမဲ့ သူမက သည်မြို့ကလူတွေကို ကြောက်လှပြီမို့ ခပ်တန်းတန်းပဲ နေခဲ့တယ်။ ဒါပေမဲ့ ကုမ္ပဏီ



"

**ချစ်ခွင့်ပန်ထားပေမဲ့**
**အဖြေပြန်မပေးရသေးတဲ့**
**သူမအတွက် နေဗလစကားက**
**စိတ်ဆိုးချင်စရာကောင်းသော်လည်း**
**ချစ်သူမရှိသေးတဲ့ သူမအတွက်**
**စဉ်းစားချင်ရင် စဉ်းစားစရာပဲမို့**
**အချိန်တစ်လစောင့်ပါ၊ စဉ်းစားပြီး**
**အဖြေပေးပါ့မယ်လို့ . . .**

"

ပစ္စည်းဖိုးတွေ တောင်းတဲ့အခါ နေဗလ အကူအညီနဲ့ရခဲ့တာလည်း မနည်းလှဘူး။ နေဗလဆိုရင် သည်မြို့ကလူတွေ ရှိနိုကြ တယ်ဆိုပဲ။ ဒီလိုနဲ့ သူမနဲ့ နေဗလ အတော် အတန် ရင်းနှီးသွားတယ်။

''ကျွန်တော် သခင့်ကို လက်ထပ်ချင်ပါ တယ်''

ချစ်ခွင့်ပန်ထားပေမဲ့ အဖြေပြန်မပေးရ သေးတဲ့ သူမအတွက် နေဗလစကားက စိတ်ဆိုးချင်စရာကောင်းသော်လည်း ချစ်သူ မရှိသေးတဲ့ သူမအတွက် စဉ်းစားချင်ရင် စဉ်းစားစရာပဲမို့ အချိန်တစ်လစောင့်ပါ၊ စဉ်းစားပြီး အဖြေပေးပါ့မယ်လို့ ကတိပေး ခဲ့တယ်။ အဲဒီ တစ်လအတွင်းမှာ နေဗလ သူမဆီ ရောက်မလာခဲ့ဘူး။ အဖြေ ရေရေ ရာရာမရှိသေးပေမဲ့ တစ်လပြည့်တော့ သူမ မျှော်မိပေမဲ့ နေဗလက ပျောက်ချက်သား ကောင်းနေတယ်။ တစ်လနေလည်း ပေါ် မလာ၊ နှစ်လနေလည်း မတွေ့၊ ဘာသတင်း မှလည်း မကြားရတော့ သူမ တော်တော် စိတ်ဆိုးသွားတယ်။ ဘယ်လိုလူတွေလဲဟင်။ ဒီမြို့ကလူတွေ သူတို့ စကားတစ်ခွန်းကို ဘာဖြစ်လို့ တန်ဖိုးမထားကြတာလဲ။ သိက္ခာ တရားတို့ အရှက်တရားတို့ မရှိကြတော့ဘူး လား။ သူမ မြို့နဲ့ရှိပြီး သိမ်းကျုံးစိတ်ဆိုး မိတော့တယ်။ သုံးလနဲ့ ရက်အနည်းငယ် အကြာမှာတော့ သူမရဲ့ လုပ်ဖော်ကိုင်ဖက် ထဲကနေ သတင်းတစ်ခုကြားရတယ်။

''နေဗလ . . . အိပ်ရာထဲလဲနေပြီတဲ့''

ဟင် ဘာဖြစ်တာပါလိမ့်။ ခင်မင်စိတ် ရင်း အနည်းငယ်ရှိသေးတာမို့ စိတ်ပူသလို ဖြစ်သွားပေမဲ့ နောက်ဆက်တွဲစကားတစ်ခွန်း ကြောင့် သူမ ကြောင်အအဖြစ်သွားရတယ်။

''အေ ရောဂါတဲ့လေ . . .''

ခုဆို သူမအသက် လေးဆယ်ပြည့် တော့မယ်။ တစ်ကိုယ်တည်း အပျိုကြီးလုပ် တော့မှာလားလို့ မေးတဲ့သူတိုင်းကို သူမ အပြုံးနဲ့ပဲ ခေါင်းညိတ်ပြမိတယ်။ ပြီးတော့ လူတွေကို သံသယစိတ်နဲ့ရော ကြောက် စိတ်နဲ့ပါ ကြည့်မိနေတယ်ဆိုလျှင် သူမ လွန်မည်မထင်။ ဘဝကပေးတဲ့ သင်ခန်းစာ လည်း စုံနေပြီပဲ။ ငွေကြေးအလိမ်ခံရတာ ဖြေရှင်းလို့ရပေမဲ့ ဘဝကြီးတစ်ခုလုံး အလိမ် ခံရလျှင် တွေးဝံ့စရာမရှိ။

လူတစ်ယောက်က တစ်သက်မှာ တစ်ခါတော့ ချစ်ဖူးကြတာပါပဲတဲ့။ အဲဒီ အချစ်စစ်နဲ့ တွေ့လျှင်လည်း သူမကတော့ မျက်လုံးမှိတ်၍ နှလုံးသားတံခါးကို ပိတ် ထားပါတော့မည်။

မချစ်ဖူး၍ အချစ်ထူးလို့ ရှုးမိကာမှ ဘဝ ပေးဆပ်ရလျှင် ဒုက္ခ . . .။

**ဝေဝေမြင့်မိုရ်**

မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

စံပြမယ် အလှမယ် ဓာတ်ပုံပြိုင်ပွဲ

သန့်ဇင်



ပထမ

လှမျိုးသွင် (Rgyi)



ဒုတိယ

ခင်ချမ်းဖိုး

တတိယ

သန်းနိုင်



မြန် မာ နိုင် ငံ ဓာတ် ပုံ အ သင်း

# လစဉ်ဓာတ်ပုံပြိုင်ပွဲများ

နွေဦးအလှ

သန့်စင်



ပထမ
ရိုက်ကူးသူ



ဒုတိယ

ဝင့်ရည်မွန်(ရွှေကျင်)



တတိယ

ခိုင်ကာမွန်



# မေတ္တာကိုယ်စီ

❒ "အဝိဇ္ဇာ"နယ်၊ သုံ့ပုံးကွယ်၍
ငြိတွယ်မှောက်မှား၊ "အာရုံငါး"တွင်
လိုက်စားနေကြ၊ ကြီးဒုက္ခကို
"သုခ"ဟုပင်၊ "အမှား"မြင်၍
ဆင်ခြင်မပြု၊ လစ်လျူရှုကာ
ဤလူ့ဘဝ၊ "မရဏ"လျှင်
နောက်ကလိုက်ပါ၊ မသိပါဘဲ
"သေရွာသို့သာ"၊ ကောက်ကောက်ပါကြ။
"ရလဒ်ဆိုးသာ . . .အမှားပြု"။

❒ စားဝတ်နေမှု၊ အကြောင်းပြုကာ
ဥစ္စာစီးပွား၊ "လောဘ"အားနှင့်
လူသားချင်းချင်း၊ "တရားကင်းလျက်"
"ညှင်းပန်းနှိပ်စက်"၊ "သပြာ"တွက်ကို
ငိုကွက်ကင်းကာ၊ "သူ့ထက်ငါလျှင်"
"လိမ်ညာနေကြ"၊ လူ့လောက,ကား
"အေးမြမရှိ . . .ပူလောင်ဘိ"။
"ဓမ္မရှောင်လွှဲ . . .ဆင်းရဲ၏"။

❒ "လောဘ"အလို၊ အပိုမလိုက်
ကြိုကြိုက်သမျှ၊ ကျေနပ်ကြလျက်
ဘဝခြေခံ၊ အနေမှန်ကာ
မသွေမြန်စွာ၊ "မေတ္တာတရား"
ကိုယ်စီထား၍၊ လို ညီ ပွားလျက်
"လူသားချင်းချင်း၊ စာနာခြင်းဖြင့်"
"ရှိင်းပင်းကူမ၊ ချစ်ခင်ကြလျှင်"
လောကလူ့ရွာ၊ ဤကမ္ဘာသည်
သာယာငြိမ်းချမ်းနေမည်တကား။ ။

မင်းမောင်နွယ်(မွန်ဌာနီ)

# ရာဇဝင်ထဲက ရှင်စောပု

မိုးပန်းမွှန်(ရာမည)

မြန်မာနိုင်ငံ၏ သက်ဦးဆံပိုင် ကောရာဇ်စနစ်ကို အမျိုးမျိုး မှတ်တမ်းတင်ခဲ့ကြသည်။

သုတေသီများ မှတ်သားတင်ပြချက်တွင် အချို့သော ရာဇဝင်ကြောင်းများ ကွဲလွဲသည်ကိုတွေ့ရသည်။ များလှစွာသော ကောရာဇ်၊ ကေရီများ၏ ကွဲလွဲချက်များထဲမှ ''မွန်ဘုရင်မကြီး ရှင်စောပု'' အကြောင်းကို တင်ပြချင်သည်။ ပဒေသရာဇ်ကာလ အုပ်ချုပ်ခွင့်ရချိန်လေးတွင် အမြော်အမြင်ကြီးစွာ အုပ်ချုပ်စီမံခဲ့သည့် ဘုရင်မတစ်ပါး။





ရာဇဝင်ထဲတွင် ထင်ရှားခဲ့သည့် ရှင်စောပုသည် ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ်နှင့် မိဖုရားသုဒ္ဓမာယာတို့၏ သမီးတော်ဖြစ်သည်။ မွန်ဘာသာအားဖြင့် (စော=စ= မြေးတော်၊ ပု=ဖြူဖွေး) ဖြူဖွေးသောမြေးတော်အဖြစ် အဖွားဖြစ်သူ မဟာဒေဝီက ချစ်ခင်လှစွာခေါ်တွင်ခဲ့သည်။ မိစောဗု(ရှင်စောပု) အသက် ၂၀နှစ်အထိ ဗုဒ္ဓတရားတော်၏ အဆုံးအမကို ခံယူကာ အမျိုးကောင်းသမီးအဖြစ် နိုင်ငံအဝန်းမှ ချစ်မြတ်နိုးခံရသူဖြစ်သည်။

မဟာဆီ မဟာသွေးဖြစ်ပြီး သည်းခံတတ်သော၊ စာနာတတ်သော၊ နှိမ့်ချတတ်သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်။ အရေးကြုံသည့်အခါ ပြတ်သားသော ဆုံးဖြတ်ချက်ကိုလည်း တည်ငြိမ်စွာ အကောင်အထည်ဖော်တတ်သည်။ နောင်တော်မောင်ကြီး ဗညားရံနှင့် မယ်တော်မတူသော ပုသိမ်စား ဗညားဓမ္မရာဇာ၊

မုတ္တမစားဗညားကျန်း တို့ကိုလည်း ချစ်ခင်လေးမြတ်သူဖြစ်သည်။

သက္ကရာဇ် (၇၅၆) ခုနှစ်တွင် ဖွားမြင်သော ရှင်စောပုသည် ရာဇာဓိရာဇ်၏ တူတော် မုတ္တမစားလေး သမိန်စည်သူနှင့် (၇၇၆)ခုနှစ်တွင် လက်ဆက်သည်။ သမိန်စည်သူ ၂၂ နှစ်၊ ရှင်စောပု ၂၀ နှစ်တွင် စုံဖက်စေလျက် ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကို ဆင်ယင်ကျင်းပခဲ့သည်။

သမိန်စည်သူနှင့် ရှင်စောပုတွင် 'နှဲ့ဘကာဘထော်'နှင့် 'နုတကာသင်'ဆိုသည့် သမီးတော်နှစ်ပါး ဖွားမြင်ခဲ့သည်။ မကြာမီ 'ဗညားပဂု'ဆိုသည့် သားတော်ငယ်တစ်ပါး ဖွားသန့်စင်သည်။ သက္ကရာဇ် (၇၈၀)ပြည့်နှစ်တွင် မကျန်းမမာဖြစ်ကာ သမိန်စည်သူ ကံတော်ကုန်ရှာသည်။ ရှင်စောပုသည် အိမ်ထောင်သက် ၅ နှစ်၊ သက်တော် ၂၅ နှစ်တွင် မုဆိုးမဘဝရောက်ရသည်။ ငယ်လှသေးသော သမီးတော် သားတော်များနှင့် ဘဝခရီးကိုလျှောက်လှမ်းရန် အားတင်းထားနိုင်ခဲ့သည်။

ထိုအချိန်တွင် ဟံသာဝတီနှင့် အင်းဝပဒေသရာဇ်အချင်းချင်း စစ်အားပြိုင်နေသော ကာလဖြစ်သည်။ အနှစ် ၄၀ စစ်ပွဲဟု ထင်ရှားသည်။ ၃၆ နှစ်မျှ တိုက်ခဲ့ရသော စစ်သည် ဘုရင်မင်းခေါင် နာမကျန်း၍ နတ်ရွာစံမှ ပြီးဆုံးခဲ့သည်။ တရားကျူး တရားသိနေသော ရာဇာဓိရာဇ်လည်း သံသရာအတွက် ကုသိုလ်ရှာကြံနေပြီ။ ထိုအချိန်မှာပင် လမွတ်သလွတ်တော၌ အလွန်လှပသော ဆင်ကြီးတစ်စီးရှိကြောင်း သတင်းကြားသည်နှင့် ဆင်ကျော့သွက်သည်။ ဆင်ကို ကျော့မိလျှင် ငင်၍ထုတ်ရာ ပေါင်တော်လွှန်ချုပ်မိသည်။ အရိုးထိ အနာသည်းသဖြင့် ဟံသာဝတီသို့မရောက်မီ လမ်းခရီး၌ ကံတော်ကုန်သည်။

ဟံသာဝတီထီးနန်းကို သားတော်ကြီး ဗညားဓမ္မရာဇာ နန်းတက်သည်။ ညီတော် ဗညားရံနှင့် ဗညားကျန်းတို့က ဒဂုံနှင့် သံလျင်မှနေ၍ ထောင်လွှားခြားနားသည်။

အင်းဝဘုရင်မင်းခေါင် နတ်ရွာစံပြီးနောက် အိမ်ရှေ့စံ သီဟသူသည် 'သီဟသူရ မဟာဓမ္မရာဇာ'ဘွဲ့ခံယူ၍ မိဖုရားစောမင်းလှနှင့်အတူ နန်းတက်သည်။ အစဉ်အလာအရ ခမည်းတော်၏မိဖုရား ရှင်ဘို့မယ်ကိုလည်း မိဖုရားကြီးအဖြစ် ဆက်လက်မြှောက်စားရသည်။ ဒါသည်ပင် ရာဇဝင်ထဲက မိန်းမသားများဘဝဖြစ်သည်။

ရာဇဝင်ကြောင်းကို ထိုမျှ ရေးပြခြင်းမှာ ဆင်ဖြူရှင်ဘွဲ့ခံ 'သီဟသူ'သည် မိဖုရားနှစ်ပါးရှိပြီးသူဖြစ်သလို 'ရှင်စောပု'သည်လည်း သားသမီးသုံးယောက်နှင့် မုဆိုးမလေး ဖြစ်သည်ကို သိစေလိုရင်းဖြစ်သည်။

ရာဇဝင်ဆရာအချို့ မှားယွင်းဖော်ပြခဲ့သည့် အကြောင်းအရာများအနက် 'သီဟသူ'နှင့် 'ရှင်စောပု'တို့၏ မေတ္တာဇာတ်လမ်းလည်း ပါနေသည်။ ထိုအကြောင်းကို အကျဉ်းမျှ တင်ပြဆွေးနွေးလိုသည်။ နောင်လူငယ်များ အမှတ်မှားသဖြင့် ပမာနှင့် မှန်သည်။ ဗညားကျန်းက တားသောအခါ အချင်းများကြရသည်။ နောင်တော် ဗညားဓမ္မရာဇာထံ စစ်ကူတောင်း၍ အင်းဝစစ်သည်ကို တိုက်ပြန်၏။

ဘုရင်သီဟသူသည် ဟံသာဝတီမှ ညီနောင်သုံးပါး စိတ်ဝမ်းကွဲပြားနေကြသည်ကို ကြားသိရလျှင် ဟံသာဝတီကိုသိမ်းရန် စီစဉ်သည်။ တပ်ရှစ်တပ်ဖြင့်ကြည်းကြောင်း၊ တပ်ငါးတပ်ဖြင့် ရေကြောင်းကာချီ၍ တစ်စ တစ်စ သိမ်းပိုက်သည်။ ဒလနှင့် ဒဂုံကို ကြည်၍ ရေ နှစ်ဖက်ဝန်းရံ၍ထားသည်မှာ ကာလရှည်သွားသည်။ ပြည်သူပြည်သားများ လုပ်ငန်းပျက်၊ မိကျွာပျက် ဝတ်မှတ်ကုန်တော့သည်။

ဆင်ဖြူရှင်ဘွဲ့ခံ "သီဟသူ"သည်
မိဖုရားနှစ်ပါးရှိပြီးသူဖြစ်သလို
"ရှင်စောပု"သည်လည်း
သားသမီးသုံးယောက်နှင့်
မုဆိုးမလေး ဖြစ်သည်ကို…



တို့၏ ပဒေသရာဇ်ခေတ် ဆက်ဆံရေးကို သံသယဝင်လျက် အကျိုးမဲ့ဖြစ်စေလိမ့်မည်။ ရာဇဝင်ထဲတွင် ရှင်စောပု၏ဇာတနာလည်း မြုပ်ကွယ်နေခြင်းကို မလိုလားပါ။

အမာဘုရင် 'သီဟသူ'သည် သူတပါး မနှစ်သက်သော အလုပ်ကိုမလုပ်၊ တိုင်းရင်းသား မင်းသမီးငယ်ကို အဓမ္မဖမ်းဆီးသိမ်းယူခဲ့ခြင်းမဟုတ်။ နှစ်ပြည်ထောင်အတွက် တွေး၍ သွေးမြေမကျစေရန် တွေးဆခဲ့သည်ကို သိစေလိုရင်းဖြစ်သည်။

အကျဉ်းချုပ်တင်ပြရလျှင်…

ဟံသာဝတီ၌ ဗညားဓမ္မရာဇာမင်းကို ညီတော် ဗညားကျန်းက ပုန်ကန်ပြီး ဒဂုံတွင် အနိုင်အမာနေသည့်ကာလ။ အင်းဝဘုရင် သီဟသူထံ အမတ်နှစ်ဦးစေလွှတ်၍ ဒလမြို့ကို လုပ်ကြံပေးရန် စစ်ကူတောင်းသည်။ အင်းဝဘုရင်ကလက်ခံ၍ ဒဂုံကိုသိမ်းခဲ့သည်။ သူဌေးသူကြွယ်၊ ရွှေငွေဥစ္စာ၊ ယောက်ျား မိန်းမ မကျန် အင်းဝသို့ခေါ်ဆောင်သွား

ဗညားရံသည် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ စိုးရိမ်ပူပန်နေပြီ။ နောင်တော် ဗညားဓမ္မရာဇာထံ စစ်ကူတောင်းသော်လည်း သေကြေပျက်စီးရမည်။ မြို့သူမြို့သားများ သေကျေပျက်စီး၍ သွေးချောင်းစီးရပေဦးမည်။ စစ်တလင်းအနိဋ္ဌာရုံများကို မမြင်လိုတော့ပြီ။ ဗညားရံ စဉ်းစားရပြီ။ သည်အခြေအနေကို မည်သို့ထိန်းသင့်သလဲ။ နိုင်ငံအတွက်၊ ပြည်သူပြည်သားများအတွက် အဓိကထား၍ ဆုံးဖြတ်ရတော့မည်။ ထို့ကြောင့် စစ်မဖြစ်မှာရန် နည်းလမ်းဟောင်းကို "ရှေးဘေးတော် ဘွားတော်လက်ထက်က သမီးပေးပြီး အမျိုးအနွယ်ဆက်ကြတယ်။ နှမပေးပြီး မင်းနှစ်ပါး ချစ်ကြည်ရေးယူကြတယ်။ အချင်းချင်း သမီးပေးပြီး ရွှေလမ်း ငွေလမ်း ဖောက်ကြတယ်။ မကြာသေးခင်ကမှ ဘုရင်မင်းခေါင်က သူ့နှမတော် မင်းလှမြတ်ကို 'သုဓမ္မာဒေဝီ'ဘွဲ့ခံပြီး ခမည်းတော် ရာဇဓိရာဇ်ထံ ဆက်သခဲ့



# ရှင်စောပု

သေးတာပဲ''

ဒီလိုအတွေးအကြံနှင့် နမတော် ရှင်စောပုကို သီဟသူထံဆက်သရန် ဆုံးဖြတ်ခဲ့သည်။ ရှင်စောပုက အတန်တန်ငြင်းဆိုသည်။ မုဆိုးမလေးဘဝဖြင့် ရင်သွေးနှင့် ဖတဆိုးလေးများကိုထောက်ညှာ၍ ငိုယိုလျှောက်ထားသည်။ သမိန်စည်သူ ကွယ်လွန်ပြီးကတည်းက သမီးတော်၊ သားတော်များကို လေးနှစ်ကြာပြုစုခဲ့သည်။ သားတော်လေး ၄ နှစ်အရွယ်မျှသာရှိသေးသည်ကို ရက်စက်စွာခွဲချန်ထားရန် ကြံရက်သော မောင်တော်ကြီးကို အမျိုးမျိုးလျှောက်ထားတောင်းပန်သည်။

ဗညားရံက ရှင်းပြသည်။ အတိုချုံးရလျှင်...

မောင်တော်ကြီး၏ ကိုယ်ကျိုးအတွက် မဟုတ်၊ စစ်ရုပ်စဲ၍ ပြည်သူပြည်သားများ သွေးထွက်သံယိုမဖြစ်ရေး၊ သေကြေပျက်စီးမည့်ဘေးမှ ကာကွယ်ရန်ဖြစ်ကြောင်း၊ ဟံသာဝတီနိုင်ငံသားများ အတိဒုက္ခရောက်နေကြသည်ကို လျစ်လျူမရှုရက်ကြောင်း၊ နမတော်အနေနှင့် အမျိုးကိုစောင့်ရှောက်ရန် လိုက်လျောသင့်ပါကြောင်း၊ ဖျောင်းဖျသည်။


သည်လိုနှင့် ဆင်ဖြူရှင်သီဟသူထံ နမတော်ဆက်၍ စစ်ပြေငြိမ်းမည်ဟု ကမ်းလှမ်းသည်။ ဒဂုံမြို့စား ဗညားရံသည် မင်္ဂလာအခမ်းအနားကျင်းပရန် ပြသာဒ်ကြီးသုံးဆောင်ဆောက်လုပ်သည်။ ရှင်စောပုကို ရွှေဝေါယာဉ်ဖြင့် ခေါ်ဆောင်ရာလမ်းတစ်လျှောက် ပရိသတ်များ စောင့်ကြည့်ဖူးမြော်ကြသည်။

**အင်းဝနှင့် ဟံသာဝတီ၏ စစ်မီးကို ငြိမ်းစေသည့် သခင်မလေး ရှင်စောပုကို ကောင်းချီးပေးသည်လား။ အနစ်နာခံသည့် သခင်မလေးကို နမြော၍ ကြေကွဲဝမ်းနည်းကြလေသလား**…မခွဲခြားနိုင်ဘဲ မချိတင်ကဲ ပူပန်ငိုကြွေးကြသည်။

ရွှေဝေါယာဉ် မြစ်ဆိပ်သို့ရောက်သည့်အချိန်တွင် အင်းဝဘုရင်၏ ရွှေဖောင်တော်ဦးအထိ လှုပစ္စာတန်ဆာဆင်ထားသောတံတားရှိသည်။ ရွှေဝေါယာဉ်ထက်မှ ရှင်စောပုကို ရံရွှေတော်နှစ်ဦးကတွဲခေါ်၊ နောက်မှ ကိုယ်လုပ်တော် အမတ်သမီး သုံးကျိပ်၊ အထိန်းအရံများ၊ မှူးအမတ်များ၊ မြန်မာအမတ်များ အစီအစဉ်အတိုင်း တံတားပေါ်မှ လျှောက်လှမ်းလာကြသည်။

အင်းဝဘုရင်သည် အလှဂုဏ်သတင်း၊ ဉာဏ်အမြော်အမြင်သတင်း၊ နူးညံ့သိမ်မွေ့ဘာသာ သာသနာကို ကြည်ညိုသောသတင်းတို့ဖြင့် နာမည်ကြီးသော မွန်မင်းသမီးကို ချစ်မြတ်နိုးစွာ လက်ကမ်းကြိုသည်။ ရွှေသလွန်ဆီသို့ခေါ်ဆောင်၍ ယှဉ်တွဲထိုင်စေသည်။ ကျက်သရေရှိသော၊ ကောင်း

သမိန်စည်သူ ကွယ်လွန်ပြီးကတည်းက
သမီးတော်၊ သားတော်များကို လေးနှစ်ကြာ
ပြုစုခဲ့သည်။ သားတော်လေး ၄နှစ်အရွယ်
မျှသာရှိသေးသည်ကို ရက်စက်စွာခွဲချန်
ထားရန် ကြံရက်သော မောင်တော်ကြီးကို‥



သတင်းကျော်စောသည့် မွန်မင်းသမီးကို မြတ်နိုးလှသဖြင့် ခုနစ်ရက်တိုင်တိုင် မင်္ဂလာဆည့်ခံပွဲကျင်းပသည်။ ရွှေဖောင်တော်ထက်၌ လိုက်ပါလာသူများကို ဧည့်ခံကျွေးမွေးသည်။ ခုနစ်ရက်လွန်မြောက်သော် ရွှေဖောင်တော်ဖြင့် အင်းဝသို့ဆန်တက်သည်။ နှစ်ပြည်ထောင် စစ်ပြေငြိမ်းခဲ့သည်။ အနစ်နာခံသူ ရှင်စောပုလည်း ဂုဏ်မြင့်ရသည့် အနေအထားဖြစ်။

ဤမျှ ရာဇဝင်နောက်ခံ၍ ရေးခဲ့ရသည်မှာ အကြောင်းမဲ့မဟုတ်ပါ။

အမှတ်မှားနိုင်သော ရာဇဝင်ကြောင်းတစ်ခုကို အမှန်မြင်သိစေလို၍ဖြစ်သည်။ ရှင်စောပုက ဘယ်လိုဘယ်ပုံနည်းဖြင့် သီဟသူထံ ရောက်လာသလဲကြည့်ပါ။

ဟံသာဝတီတွင် ရာဇာဓိရာဇ် နတ်ရွာစံပြီးနောက် သားတော်အဆက်ဆက် မင်းပြုသည်။ ထိုစဉ်တွင် ရှင်စောပုသည် အသက် ၁၂ နှစ်ဟု ရေးထားၐ်။ အချိန်ရပါက ဒဂုံမြို့သို့သွား၍ ဆံတော်ရှင် ရွှေတိဂုံဘုရားသို့ ဖူးမြော်လေ့ရှိသည်ဟု ဖတ်ရသည်။ အခါတစ်ပါး၌ စောင့်ဆိုင်းနေသော အင်းဝဘုရင် သီဟသူ၏ ခုံမင်းဖြင့် ကြားဖြတ်ဖမ်းဆီးပြီး အင်းဝသို့ခေါ်ဆောင်ကြောင်းနှင့် သီဟသူက အဂ္ဂမဟေသီ မိဖုရားမြှောက်ခဲ့ကြောင်း ရေးထားသည်။

ဆင်ဖြူရှင်ဘွဲ့ခံ "သီဟသူ"သည်
မိဖုရားနှစ်ပါးရှိပြီးသူဖြစ်သလို
"ရှင်စောပု"သည်လည်း
သားသမီးသုံးယောက်နှင့်
မုဆိုးမလေး ဖြစ်သည်ကို•••



"အင်းဝဘုရင် သီဟသူ"၏ ကိုယ်ကျင့်တရား၊ အင်းဝရဲမက်များ၏ စောင့်စည်းမှုကို နောင်းလူများ အထင်သေးဖွယ်ရာ ဖြစ်နေသည်။ ရေးပြခဲ့ပြီးသော ရာဇဝင်ကြောင်းနှင့်လွဲနေကြောင်း ဖတ်ရှုရသည်။

ထိုကာလသည် 'ဟံသာဝတီ ဘုရင်မကြီး'ဖြစ်လာမည့် 'ရှင်စောပု'ကို ကြက်ကလေး ငှက်ကလေးဖမ်းသလို ဖမ်း၍ရကောင်းသည့် အချိန်ကာလ မဟုတ်ခဲ့ပါ။ မင်းဧကရာဇ်၏သမီးတော်တစ်ပါး၊ အစောင့်အရှောက် ရံရွေတော်များနှင့် သွားလာရသူဖြစ်သည်။

ထို့အပြင် ဟံသာဝတီနေပြည်တော်အတွက် အနစ်နာခံခြင်းများ၊ ပြည်သူပြည်သားများ၏ အသက်အိုးအိမ်ကို ဘဝနှင့်ရင်းပြီး ကာကွယ်နိုင်ခဲ့ခြင်းများနှင့် ရှင်စောပု၏ စေတနာ၊ မေတ္တာ၊ အကြင်နာများကို မသိနိုင်တော့ပြီ။ ရာဇဝင်ထဲမှ ဖြစ်ရပ်မှန်များ ပျောက်ကွယ်ပြီး နိုင်လိုမင်းထက် သိမ်းပိုက်ခံရသလိုလို ရာဇဝင်တွင်နေခဲ့သည်။ မှားယွင်းခြင်းဟု သိရသည်။

ထိုအမှားသည် မြန်မာ့ရာဇဝင်တွင် ဗမာနှင့် မွန်တို့အတွက် တစိမ့်စိမ့်တွေး၍ သွေးကွဲစရာဖြစ်နိုင်သည်။ တန်ဖိုးမဲ့သော ရာဇဝင်ကျန်နေသည်။

ခေတ်သစ် မိန်းမသားတစ်ဦးကို ကားတင်နိုးပြေး အစမ္မလက်ထပ်ခြင်းထက် တောင်းရမ်းလက်ထပ် ထိမ်းမြားခြင်းက ပို၍တန်ဖိုးရှိပါသည်။ ထိုသို့ တန်ဖိုးထားခြင်းကွာခြားမှုကို ရာဇဝင်ထဲမှ 'ရှင်စောပု'က ခံနေခဲ့ရသည်။ သမိုင်းဆရာအချို့ သမိုင်းကို သေချာစိစစ်သင့်သည်။ ပျောက်၍မရ၊ ဖျက်၍မရသော ရာဇဝင်များ၊ သမိုင်းများကို အမှန်သာဖြစ်စေလိုသည်။

တန်ဖိုးမြင့်သော အကြောင်းအရာများကို တန်ဖိုးမနိမ့်စေလိုသည့် စေတနာသန့်သန့်ဖြင့် ရေးခြင်းဖြစ်ပါသည်။ စာချစ်သူများ လေ့လာနိုင်စွမ်းဖြင့် ရာဇဝင်အမှန်ကို သိမြင်နိုင်ကြပါစေကြောင်း အကြံပြုလိုက်ရပါသည်။

**မိုးပန်းမွှန်(ရာမည)**

ကျမ်းကိုး – သန်းသန်း(မန်းတက္ကသိုလ်)၏ 'ရှင်စောပု'
စိမ့်(ပညာရေး)၏ 'ဧကရီ ဘုရင်မကြီး ရှင်စောပု'
နိုင်မောင်တိုး၏ 'မွန်လူမျိုးတို့၏ သမိုင်းအကျဉ်း'




# သံဓာတ်ချို့တဲ့ခြင်း အမှန်တရားနှင့် အယူအဆအလွဲများ



❒ ဒေါက်တာခင်မာချို

မြန်မာနိုင်ငံရှိ လူဦးရေ၏ ခန့်မှန်းခြေ ၅ ယောက်တွင် ၂ ယောက်မှာ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကို ခံစားနေရပါသည်။ ဤအချက်အလက်မှာ သွေးအားနည်းရောဂါ အဖြစ်များခြင်းကို ဖော်ပြလျက်ရှိသည်။ ဤရောဂါသည် ပြင်းထန်ကာ အသက်အန္တရာယ် စိုးရိမ်ရသည်အထိ ဖြစ်စေနိုင်ပြီး၊ နေ့စဉ်လုပ်ငန်းဆောင်တာများကို သက်ရောက်မှုရှိနိုင်သော်လည်း သံဓာတ်ကြွယ်ဝသော အစားအစာများ စားသုံးခြင်းဖြင့် ဤအခြေအနေကို လွယ်ကူစွာ တိုက်ဖျက်နိုင်ပါသည်။ သို့သော် အဓိက ပြဿနာမှာ သံဓာတ်ချို့တဲ့ခြင်း၏ လက္ခဏာများကို ခွဲခြားသတ်မှတ်ခြင်းနှင့် လိုအပ်သော ကာကွယ်မှုများကို အချိန်မီ မပြုလုပ်နိုင်ခြင်းများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သံဓာတ် ချို့တဲ့ခြင်းနှင့် ပတ်သက်သော အချက်အလက်များအနက် အယူအဆအလွဲများစွာ ရှိနေသောကြောင့် ဖြစ်ပါသည်။




သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်စဉ်အများစုတွင် သံဓာတ်အားနည်းသည့် လက္ခဏာရပ်များကို လူနာနှင့် ၎င်း၏ မိသားစုများက သတိမပြုမိကြပေ။ သံဓာတ်အားနည်းခြင်းကြောင့် ခံစားရသော မောပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်းနှင့် ကိုယ်လက်ညောင်းညာခြင်းတို့ကိုလည်း ပေါ့ပေါ့တန်တန် သဘောထားတတ်ကြသည်။ ထို့အပြင် ထိုဝေဒနာများ ခံစားရသည့် ပင်မအကြောင်းခံ ရှိလိမ့်မည်ဆိုသည့် အချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ၊ ဝေဒနာ ခံစားနေရသည့် လူနာအား အနားယူဖို့သာ အကြံပြုတတ်သည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် ယင်းကဲ့သို့ သံဓာတ်ချို့တဲ့မှုနှင့် ပတ်သက်သည့် ဗဟုသုတ အားနည်းခြင်းက သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအား ပိုမိုဆိုးရွားစေပါသည်။ မြန်မာနိုင်ငံတွင် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့်ပတ်သက်ပြီး လူအများ သိထားသည့် အယူအဆအလွဲများကို ဖော်ပြပေးပါမည်။



**အလွဲ ၁။** သက်သက်လွတ် အသီးအရွက်စားသုံးသူများ သံဓာတ်ချို့တဲ့နိုင်ခြေ ပိုများသည်။

မှန်ပါတယ်။ သင့်ရဲ့ နေ့စဉ်စားသုံးမှုပုံစံထဲကနေ အသား၊ ငါးကို ဖယ်ထုတ်လိုက်ရင် သံဓာတ်ချို့တဲ့နိုင်ပါတယ်။ ဒါပေမဲ့ သံဓာတ်ကြွယ်ဝတဲ့ အသီးအရွက်များစွာရှိတဲ့အတွက် အသီးအရွက်ကိုသာ အဓိကအားပြု စားသုံးခြင်းသက်သက်ကြောင့် သံဓာတ်ချို့တဲ့မှုဖြစ်စေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သံဓာတ်ကြွယ်ဝတဲ့ အသီးအရွက်နဲ့ သင့်ခန္ဓာကိုယ်အတွင်း သံဓာတ်စုပ်ယူမှုကို အားကောင်းစေမယ့် အစားအစာများကို ရွေးချယ်စားသုံးပေးရန် လိုအပ်ပါတယ်။

**အလွဲ ၂။** ကျန်းမာရေးနှင့်အညီ စားသုံးသည့်အတွက် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ မဖြစ်နိုင်ပါ။

သင့်အနေဖြင့် သံဓာတ်ကြွယ်ဝသည့် အစားအစာများ စားသုံးပေးသော်လည်း ခန္ဓာကိုယ်တွင်း သံဓာတ်စုပ်ယူမှုကို အားကောင်းစေသည့် အစားအစာများမပါဝင်ပါက သံဓာတ်ဆုံးရှုံးမြဲ ဆုံးရှုံးနေမည်သာ ဖြစ်သည်။ သံဓာတ်ကြွယ်ဝသည့် အစားအစာများ စားသုံးပေးခြင်းက သံဓာတ်ချို့တဲ့မှုကို ကာကွယ်ရန်ဖြစ်သော်လည်း မိမိခန္ဓာကိုယ်အတွင်း သံဓာတ်ပမာဏ မည်မျှရှိသလဲဆိုတာ သေချာသိရှိထားမှသာ မိမိခန္ဓာကိုယ်အတွက် လိုအပ်သည့်သံဓာတ်ပမာဏကို မှုတစွာထိန်းထားရန် အထောက်အကူပြုမည်ဖြစ်သည်။ သံဓာတ်ပမာဏ မည်မျှစားသုံးသည်ဆိုခြင်းက အဓိကမကျဘဲ၊ ယင်းသံဓာတ်အား မိမိခန္ဓာကိုယ်က မည်မျှစုပ်ယူနိုင်သည်ကသာ အရေးကြီးပါသည်။ ဗီတာမင်စီကြွယ်ဝသည့် အစားအစာကို စားသုံးပေးခြင်းကသာလျှင် သံဓာတ်စုပ်ယူမှုကို ၅ ဆ ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

ကျွန်မတို့ မြန်မာလူမျိုးများသည် ထမင်းတစ်နပ်ကို လက်ဖက်သုပ်ဖြင့်ပင် စားသုံးတတ်သည့် အလေ့အထရှိကြသည်။ သို့သော် လက်ဖက် သို့မဟုတ် ကော်ဖီသည် ခန္ဓာကိုယ်တွင်း သံဓာတ်စုပ်ယူမှုကို လျော့နည်းစေနိုင်သည့်အတွက် ထမင်းနှင့်တွဲ၍ စားခြင်း၊ သို့မဟုတ် ထမင်းစားပြီးနောက် လက်ဖက်စားခြင်း၊ လက်ဖက်ရည်ကြမ်း၊ ကော်ဖီသောက်သုံးခြင်းသည် မှန်ကန်သည့် စားသောက်မှုပုံစံမဟုတ်ပါ။ လက်ဖက်နှင့် ကော်ဖီကို သုံးဆောင်မည်ဆိုပါက ထမင်းစားပြီး တစ်နာရီကြာပြီးမှသာ သုံးဆောင်သင့်ပါသည်။

မြန်မာလူမျိုးများသည် ထမင်းတစ်နပ်ကို

လက်ဖက်သုပ်ဖြင့်ပင် စားသုံးတတ်သည့်

အလေ့အထရှိကြသည်။ သို့သော်

လက်ဖက် သို့မဟုတ် ကော်ဖီသည်

ခန္ဓာကိုယ်တွင်း သံဓာတ်စုပ်ယူမှုကို

လျော့နည်းစေနိုင်သည့်အတွက်

ထမင်းနှင့်တွဲ၍ စားခြင်း၊ သို့မဟုတ်

ထမင်းစားပြီးနောက် လက်ဖက်စားခြင်း၊

လက်ဖက်ရည်ကြမ်း၊

ကော်ဖီသောက်သုံးခြင်းသည်...

**အလွဲ ၃။** ကျွန်ုပ်တွင် ထင်သာမြင်သာသည့် သံဓာတ်ချို့တဲ့ သွေးအားနည်းလက္ခဏာမျိုး မတွေ့ရသေးပါ။ ထို့ကြောင့် ကျွန်ုပ်ဟာ ကျန်းမာရေးကောင်းမွန်ပါသည်။

သံဓာတ်ပမာဏ နည်းပါးလွန်းခြင်းသည် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများကို ထိခိုက်ယိုယွင်းစေသော်လည်း ကနဦးရောဂါလက္ခဏာနှင့် ဝေဒနာများ မပေါ်ပေါက်တတ်ပေ။ ထိုအတူ သံဓာတ်ချို့တဲ့မှု ခံစားရသည့် လူနာအနေဖြင့်လည်း ကနဦးအဆင့်များတွင် ၎င်းနှင့်ပတ်သက်သည့် ရောဂါလက္ခဏာများအား ခံစားရမည်မဟုတ်ချေ။ ထို့ကြောင့် သင့်မိသားစုတွင်း သံဓာတ်အားနည်းသူများ ရှိ၊ မရှိ သေသေချာချာ ရှာဖွေစမ်းသပ်ရန် လိုပါသည်။ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအခြေအနေ မဆိုးရွားခင်၊ အချိန်မဆိုင်းဘဲ တတ်



ကျွမ်းနားလည်သည့် သမားတော်နှင့်ပြသပြီး ထိရောက်သော ကုသမှုခံယူသင့်ပါသည်။

**အလွဲ ၄။** ကလေးသူငယ်များနှင့် အမျိုးသမီးများတွင်သာ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်ပွားနိုင်သည်။

မည်သူမဆို အသက်အရွယ်မရွေး သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် လသားအရွယ်၊ ကလေးငယ်များ ကြီးထွားချိန်၊ မိခင်များ နို့တိုက်ကျွေးသည့်အချိန်နှင့် သက်ကြီးရွယ်အိုများတွင် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်ပွားနိုင်သည့် အလားအလာမြင့်မားတတ်ပါသည်။ သို့ရာတွင် အာဟာရကို လုံလောက်စွာဖြည့်တင်းစားသုံးပေးခြင်းမရှိပါက မည်သူမဆို သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ခံစားရနိုင်ပါသည်။

**အလွဲ ၅။** ဟင်းသီးဟင်းရွက်အားလုံး သံဓာတ်ကို ပေးစွမ်းနိုင်သည်။

**အလွဲ ၆။** ဟင်းသီးဟင်းရွက် အစားအစာများကို မချက်ပြုတ်မီ ကြာကြာဆေးကြောခြင်းသည် ဟင်းလျာကို အကောင်းဆုံးချက်ပြုတ်



ပြင်ဆင်ခြင်းဖြစ်သည်။

အမှန်တော့ အာဟာရပြည့်ဝဖို့ဆိုတာ အစားအစာကို စားသုံးရုံသက်သက်သာ မဟုတ်ဘဲ၊ အဲဒီ အစားအစာကို ပြင်ဆင်ချက်ပြုတ်ပုံကလည်း ထပ်တူအရေးပါပါတယ်။ မြန်မာလူမျိုးတွေဟာ ဟင်းချက်ရင် ကြာကြာဆေးကြောမှ သန့်ရှင်းတယ်လို့ ထင်တတ်ကြပြီး၊ တချို့ကျတော့လည်း ဟင်းသီးဟင်းရွက်တွေမှာပါတဲ့ ဓာတုပိုးသတ်ဆေးတွေကိုကြောက်ပြီး အထပ်ထပ်အခါခါ ဆေးကြပါတယ်။ နောက်အလွဲတစ်ခုကတော့ ဟင်းရွက်တွေကို လှီးဖြတ်ပြီးမှ ဆေးကြောတဲ့အတွက်ကြောင့် ဟင်းရွက်ထဲမှာပါဝင်တဲ့ အာဟာရဓာတ်တွေ ဆုံးရှုံးရပါတယ်။ ဒါကြောင့် ဖြစ်သင့်တာကတော့ ဟင်းရွက်တွေကို မချက်ပြုတ်ခင် ဆေးကြောပြီးမှ လှီးဖြတ်ရပါမယ်။

ကျွန်မတို့အနေနဲ့ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကို ကျန်းမာရေးနဲ့အာဟာရဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုများဖြင့် တိုက်ဖျက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အာဟာရစုံလင်စွာစားသုံးခြင်းဖြင့် အာဟာရအဆင့်အတန်းကို မြှင့်တင်ခြင်း၊ သံဓာတ်ချို့တဲ့မှုကို အသိပေးနှိုးဆော်မှုမှာ တက်တက်ကြွကြွ ပါဝင်ခြင်းနှင့် ကြံ့ခိုင်ကျန်းမာသည့် မိသားစုဘဝများကို တည်ဆောက်ရင်း မြန်မာနိုင်ငံသားတစ်ယောက်စီ ကိုယ့်လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုက်ရင်း ပိုမိုကြံ့ခိုင်ထက်မြက်သော မိသားစုအတွက် သံဓာတ်ချို့တဲ့မှုကို တိုက်ဖျက်ကြပါစို့။

**ဒေါက်တာခင်မာချို**

# CITY CARTOON





ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုသော စကားနှင့်အညီ အောင်မြင်သော စပါးနှံများ စတင်ထွက်နေသည့် စပါးခင်းများကိုကြည့်ပြီး ကိုဖိုးသီး ပျော်ရွှင်ခဲ့သည်။

''ခေတ်မြေပြဲဒါဒေးပါတဲ့ ဗိုက်ခင်။ သဘာဝမြေဩဇာတွေကိုသာသုံးတဲ့ ဗိုက်ခင်။ ဗိုက်ခင်ကထွက်တဲ့ စပါးတွေ သိကြတော့မှာပါလား''

ကိုဖိုးသီးက တိုင်းရင်းသမားတော်တစ်ယောက်ဖြစ်သကဲ့သို့ လယ်သမားလည်းဖြစ်သည်။ ချစ်ဇနီး မတင်လှိုင်နှင့် ရှစ်လသမီးလေး မထွေးတင်နှင့် ကညင်ပင်ရွာတွင် နေထိုင်သူဖြစ်သည်။

''သူများလယ်သမားတွေလည်း ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေသုံးတာပဲ၊ ရှင်လည်း သုံးပါလား''

မတင်လှိုင်က အကြံဉာဏ်ပေးခဲ့သော်လည်း ကိုဖိုးသီးက လက်မခံ။

''အဲဒါတွေက လူတွေ၊ တိရစ္ဆာန်တွေကို အနည်းနဲ့အများ အန္တရာယ်ပေးတယ်ကွ။ ငါက သဘာဝမြေဩဇာတွေပဲသုံးမယ်''

သစ်ရွက်ဆွေးများ၊ နွားချေးများကို ကိုဖိုးသီးက အလုံအလောက်စုဆောင်းပြီး စနစ်တကျအသုံးပြုခဲ့ခြင်းဖြစ်သည်။ လယ်နံဘေးရှိ အစိတ်ချောင်း ချောင်းရိုးလေးမှ ရေများကို ရေသွင်းစိုက်ပျိုးခဲ့ရာမှ စိုက်ပျိုးထားသော စပါးခင်းများတွင် အောင်မြင်သည့် စပါးနှံများ ဝေဝေဆာဆာထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မကြာမီ ကြီးမားသန်မာဖွံ့ထွားသည့် စပါးများ ရလာတော့မည်ဟုတွေးပြီး ကိုဖိုးသီး ပျော်ရွှင်ခဲ့ဖူးပါသည်။

❑ ❑ ❑ ❑ ❑

''တောက်''

ကိုဖိုးသီး၏ ဒေါသသံက ကျယ်ကျယ်လောင်လောင်။ သူ တောက်ခေါက်မည်၊



ဒေါသထွက်မည်ဆိုကလည်း တောက်ခေါက်ချင်စရာ၊ ဒေါသထွက်ချင်စရာ။ ဝေဝေဆာဆာ ရှိနေကြသော စပါးနှံများက ဟိုယိမ်းသည်ယိမ်း။ ကြားဝင်အတိုးခံရသောကြောင့် ယိမ်းနေ၊ ယိုင်နေခြင်းဖြစ်သည်ဟု ကိုဖိုးသီးတွေးထင်ပြီးသား။ စပါးနှံများအနက် စပါးနှံတချို့ကို ကိုက်ဖြတ်ခံထားရနေပေပြီ။

ငါးစပ်ထဲရောက်ကာနီးမှ၊ စားရကာနီးမှ ဖျက်ဆီးခံရတော့မှာလားဆိုသော မချင့်မရဲစိတ်ကို ကိုဖိုးသီးတွင် ဝင်နေသည်။ ထို့ကြောင့် တရားခံကိုရှာသည်။

တရားခံက လူမဖြစ်နိုင်။ မနာလိုသူ လူဆိုလျှင်လည်း စပါးနှံများရော စပါးပင်များကိုပါ ဖျက်ဆီးခဲ့မည်မှာ သေချာသည်။ လူမဖြစ်နိုင်သလို အခြားသော တိရစ္ဆာန်များလည်း မဖြစ်နိုင်။ ဖြစ်နိုင်သည်မှာ ငှက်။

လယ်ကွက်ထဲ၌ ရေစပ်စပ်ရှိနေသည်။ ခြေချင်းဝပ်သာသာ ရေအနက်ရှိအောင် ကိုဖိုးသီးက ရေတင်ထားသောကြောင့်ဖြစ်သည်။ ရေရှိလျှင် ငါးရှိသည်။ ရေနှင့် ငါးသည် မြစ်ဝကျွန်းပေါ်ဒေသ၌ ခွဲခြား၍မရ။ လယ်ထဲတွင် လယ်ငါးခူလေးများရှိနေသည်။ ရှိနေသော လယ်ငါးခူလေးများသည် ကိုဖိုးသီးတို့ မိသားစုအတွက် ဟင်းစား။

ဟင်းစားအဖြစ်ရှိနေသော လယ်ငါးခူလေးများနှင့် အခြား ငါးကလေးများကို ငှက်များက ဝင်ရောက်ဖမ်းယူစားသောက်ကြဟန်တူသည်။ ငှက်များက တစ်ကောင်၊ နှစ်ကောင်၊ ဆယ့်လေးငါးကောင် မဖြစ်နိုင်။ အုပ်လိုက်ဖြစ်နိုင်သည်။

ထိုငှက်အုပ်က ငါးဖမ်းရန် ပျံဆင်းလာကြသောအခါ ကိုဖိုးသီး၏ စပါးခင်းများကို ထိခိုက်တိုးဝှေ့ကုန်သည်။ ထို့ကြောင့် စပါးပင်များ ယိမ်းယိုင်ကုန်သည်။ စပါးနှံများ ကျိုးမှဲ့၊ ကျိုးကျကုန်သည်။

ကိုဖိုးသီးက ထိုငှက်အုပ်ကို မကျေနပ်။ ''မိရင်သတ်စားမယ်''ဟု ကြုံးဝါးပြီး ငှက်တရားခံကို စောင့်ဖမ်းခဲ့သည်။

❑ ❑ ❑ ❑ ❑

ချုံပုတ်ထဲဝင်ပြီး ကြာကြာစောင့်မဖမ်းလိုက်ရ၊ ငှက်တရားခံများကို တွေ့တော့သည်။

''ဟာ…ဗျိုင်းတွေပါလား။ ဗျိုင်းအုပ်ကြီးက နည်းတာမှမဟုတ်ဘဲ''

လယ်သမားကြီး ကိုဖိုးသီးက ငှက်တရားခံများဖြစ်သော ဗျိုင်းများကို မျက်မြင်ထင်ရှား တွေ့ခဲ့ရခြင်းဖြစ်သည်။ ဗျိုင်းများက လယ်ကွက်ထဲရှိ ငါးများကို စောင့်ဖမ်းနေခြင်း၊ စားနေခြင်းကိုမြင်သောအခါ ကိုဖိုးသီး တောက်ခေါက်မိပြန်သည်။

''တောက်…''

သူ့တောက်ခေါက်သံကို ဗျိုင်းများက

တရားခံက လူမဖြစ်နိုင်။ မနာလိုသူ လူဆိုလျှင်လည်း
စပါးနှံများရော စပါးပင်များကိုပါ ဖျက်ဆီးခဲ့မည်မှာ သေချာသည်။
လူမဖြစ်နိုင်သလို အခြားသော တိရစ္ဆာန်များလည်း မဖြစ်နိုင်။
ဖြစ်နိုင်သည်မှာ ငှက်…

ဂရုမစိုက်၊ သူတို့ ဂရုစိုက်နေကြသည်မှာ လယ်ငါးခူလေးများနှင့် အခြားငါးလေးများကိုပမ်းဖို့၊ ဖမ်းမိဖို့၊ စားသောက်ဖို့။

ကိုဖိုးသီးက စိတ်ကူးကြည့်သည်။

''ဒီဖျိုင်းတွေသေအောင် ပေါ်တက်ဖျန်းပြီး သတ်ရမလား။ ပိုလိုနဲ့ သတ်ရမလား။ ငါခုချက်ချင်း သတ်ချင်နေပြီ''

သို့သော် ကိုဖိုးသီး၏ စိတ်ကူးသည် အကောင်အထည်မပေါ်။

''မဖြစ်သေးပါဘူး။ ပေါ်တက်တို့၊ ပိုလိုတို့ဆိုတာက အဆိပ်သိပ်ပြင်းတာ၊ လယ်ကွက်ထဲ ဖျန်းလိုက်လို့ ငါးလေးတွေသေမယ်၊ သေတဲ့ငါးလေးတွေ မသေမရှင် မှုးမှုးမော်မော်ဖြစ်နေတဲ့ ငါးလေးတွေကို ဖျိုင်းတွေက စားမယ်၊ ဒါဆို ဖျိုင်းတွေသေမယ်၊ ဖျိုင်းတွေသေတာကတော့ ဟုတ်တယ်၊ မဟုတ်တာက စပါးပင်တွေ၊ စပါးနှံတွေ၊ သီးလာတဲ့ စပါးသီးတွေမှာလည်း အဆိပ်တွေပါသွားမယ်၊ အဆိပ်တွေပါသွားတဲ့ စပါးသီးတွေကို လူတွေစားရင် လူတွေလည်း အဆိပ်မိမှာပဲ၊ အဆိပ်တွေစားသလိုဖြစ်မှာပဲ၊ ငါဘယ်လိုလုပ်ရမလဲ''

လယ်သမားကြီး ကိုဖိုးသီးက ဖျိုင်းများသတ်နည်းကို စဉ်းစားမရခဲ့။



❑ ❑ ❑ ❑ ❑

သည်ရက်ထဲ ရှစ်လသသမီးလေး မထွေးတင် အပြင်းဖျားသည်။ သတင်းလာရောက်မေးသော အိမ်နီးချင်းများတွင် ကိုဝင်းဖော်ဆိုသူလည်း ပါသည်။

''ကလေးဖျားလို့ဆို ဆရာဖိုး''

''ဟုတ်တယ် ကိုဝင်းဖော်''

''တော်တော်ဖျားလား''

''ဖြစ်စကတော့ ကိုယ်ပူပြင်းတာပေါ့ဗျာ၊ အခုတော့ တိုင်းရင်းဆေးလေးတွေ လိမ်းပေးတာ၊ တိုက်ပေးတာနဲ့ တော်တော်သက်သာလာပါပြီ''

''ဆရာဖိုးလည်း ပိန်သွားတယ်ထင်တယ်''

''ဟုတ်တယ် ကိုဝင်းဖော်ရေ၊ စိတ်ညစ်လို့ဗျို့''

''ကလေးဆိုတာ ပန်းလိုပဲ ဆရာဖိုးရဲ့၊ လန်းတဲ့အခါလန်း။ နွမ်းတဲ့အခါ နွမ်းပေါ့၊ ကလေးအမေလည်း ရှိတာပဲဟာ၊ ကလေးအတွက် ဒီလောက်သောကရောက်မခံပါနဲ့ဗျာ''

''ကိုဝင်းဖော်က ကျွန်တော်စိတ်ညစ်နေတာကို သမီးလေးကြောင့်လို့ ထင်တာကိုး။ မဟုတ်ဘူးဗျ''

''ဘာကြောင့်လဲ ဆရာဖိုး''

ထိုအခါမှ တိုင်းရင်းသမားတော်လည်းဖြစ်၊ လယ်သမားလည်းဖြစ်သော ကိုဖိုးသီးက ဖျိုင်းများနှင့် သူ့အကြောင်း ရှင်းပြလိုက်ပါသည်။ ကိုဖိုးသီး၏ စကားဆုံးသည်နှင့် ကိုဝင်းဖော်က တဟားဟားရယ်ရင်း–

''ဟား–ဟား–ဟား– ဆရာဖိုးရေ ဒါလေးများဗျာ၊ လွယ်လွယ်လေး။ ဒီလိုလုပ်'' ဆိုပြီး ဖျိုင်းဖမ်းနည်း၊ ဖျိုင်းသတ်နည်းများကို အကြံဉာဏ်ပေးခဲ့သည်။

နည်းကောင်းရရှိသည်နှင့် ကိုဖိုးသီးတစ်ယောက် ဆေးမထိုး၊ ဆေးမသောက်၊

ပေါ်တက်တို့၊ ပိုလိုတို့ဆိုတာက အဆိပ်သိပ်ပြင်းတာ၊ လယ်ကွက်ထဲဖျန်းလိုက်လို့ ငါးလေးတွေသေမယ်၊ သေတဲ့ငါးလေးတွေ မသေမရှင် မှုးမှုးမော်မော်ဖြစ်နေတဲ့ ငါးလေးတွေကို ဖျိုင်းတွေက စားမယ်၊ ဒါဆို ဖျိုင်းတွေသေမယ်. . .

ဆေးမလိမ်းရဘဲ ရွှင်ရွှင်လန်းလန်းဖြစ်လာရာမှ–

"ကျေးဇူးပါပဲ ကိုဝင်းဖေဉ်ရာဟု ပြောခဲ့ဖူးပါသည်။

❑ ❑ ❑ ❑ ❑

ညအခါ လသာသာ။ ကိုဖိုးသီး၊ ကိုဝင်းဖေဉ်နှင့် ကိုဝင်းဖေဉ်၏သား အသက် ၁၂ နှစ်ရှိပြီဖြစ်သော မောင်ဖေဉ်မင်းသူတို့က ချုံပုတ်ထဲ၌ ပုန်းအောင်းနေကြသည်။ လက်ထဲ၌ အဖုံးမဖုံးထားသော ပလတ်စတစ် ပုံးကြီးများရှိသည်။ ဓာတ်ဆီ၊ ဒီဇယ် ဆီထည့်သော ပုံးကြီးများဖြစ်သည်။

သူတို့သုံးယောက်က လယ်ထဲဆင်းရန် ဝဲပျံနေကြသော ဗျိုင်းအုပ်ကိုကြည့်သည်။ ခေါင်းရော၊ ကိုယ်ကိုပါ မမြင်အောင်ဖုံးကွယ်ကြည့်ကြသည်။ အန္တရာယ်ကင်းပြီထင်သော ဗျိုင်းအုပ်က အစာရလိုဇောသော အာရုံစိုက်ပြီး ကိုဖိုးသီး၏ လယ်ကွက်ထဲ ဆင်းလာကြသည်။ လယ်ကတွတ်ပေါက်များ၊ လယ်ကန်သင်းရိုးများတွင်နားပြီး လယ်ငါးခူလေးများ၊ ငါးကလေးများကို ဖမ်းယူစားသောက်ရန် စောင့်နေကြသည်။

ထိုစဉ်–

"ဘုံး••ဘုံး••ဘုံး••ဘုံး••ဘုံး"

"ဘုံး••ဘုံး••ဘုံး••ဘုံး••ဘုံး"

"ဘုံး••ဘုံး••ဘုံး••ဘုံး••ဘုံး"

ပုံးတီးသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။ ပုံးတီးသံများက တိုးတိုးထွက်ပေါ်ခြင်းမဟုတ်။ အသံအလွန်ကျယ်လောင်စွာ ထွက်ပေါ်ခြင်းဖြစ်သည်။

ပုံးတီးကြသော ကိုဖိုးသီး၊ ကိုဝင်းဖေဉ်နှင့် မောင်ဖေဉ်မင်းသူတို့ကိုယ်တိုင် နားနှစ်ဖက်ထဲ အဝတ်စပိတ်ပြီး ပလတ်စတစ်ပုံးကြီးများကို လက်ကိုင်တုတ်ကောင်းကောင်းဖြင့် အားပါးတရ အဆက်မပြတ်ရိုက်ပုတ်တီးကြခြင်းဖြစ်သည်။

ဗျိုင်းများက ပုံးတီးသံများကို နားမခံနိုင်ကြ။ ထပြီးလည်း မပျံနိုင်ကြ။ ရောက်ရှိသော နေရာများ၌ပင် လဲကျကုန်တော့သည်။ အတုံးအရုံးလဲကျကုန်သည်။ နားစည်များကွဲကြပြီး လဲကျခြင်းလား။ နှလုံးသည်းခြေများ ကြေကွဲပျက်စီးခြင်းလားတော့မသိ။

သိသည်မှာ ကိုဖိုးသီးတို့သုံးယောက် အတုံးအရုံးလဲနေကြသော ဗျိုင်းများကို လိုက်ကောက်ယူရင်း ပြုံးပြုံးပျော်ပျော်ဖြစ်နေကြခြင်းပင်။

❑ ❑ ❑ ❑ ❑

"မိန်းမရေ စားပေတော့၊ အားရပါးရစား။ သမီးကိုလည်း ခွံ့ပေး။ ဗျိုင်းသားဆိုတာ စားရခဲတယ်၊ ကုန်မှာမပူနဲ့၊ ဗျိုင်းသားအချဉ်ထည့်ထားတာ၊ ဗျိုင်းသားကင်ထားတာ၊ ဗျိုင်းသားခြောက်လှပ်ထားတာ အများကြီးရှိတယ်၊ ဟား••ဟား••ဟား"

ကိုဖိုးသီးတို့မိသားစုသာမက ကိုဝင်းဖေဉ်တို့ မိသားစုလည်း ဗျိုင်းသားစားပြီး ပျော်ခဲ့ကြသည်မဟုတ်လား။

**ပန်းတာနေဉ်နောင်လတ်**




လယ်ထဲဆင်းရန်ဝဲပျံနေကြသော
ဗျိုင်းအုပ်ကိုကြည့်သည်။
ခေါင်းရော၊ ကိုယ်ကိုပါ
မမြင်အောင်ဖုံးကွယ်
ကြည့်ကြသည်။
အန္တရာယ်ကင်းပြီထင်သော
ဗျိုင်းအုပ်က အစာရလိုဇောသော
အာရုံစိုက်ပြီး ကိုဖိုးသီး၏
လယ်ကွက်ထဲ•••



# မြန်မာ့ပညာရေးအရှေ့ တစေ့တစောင်း

ကိုကိုလင်း(အမေ့အိမ်)








(၁)

ယခင်က ရုပ်သံလိုင်းတွေမှာ ကိုရီးယားဇာတ်လမ်းတွဲတွေ နေရာယူခဲ့ဖူးပါတယ်။ တရုတ်သိုင်းကားတွေလည်း အတူတူပါပဲ။ ပရိသတ်တွေကလည်း တမေ့တမော အားပေးခဲ့ကြဖူးပါရဲ့။ ဒါပေမဲ့ အခုတော့ ရုပ်သံလိုင်းတွေမှာ နေရာယူလာတာက အိန္ဒိယဇာတ်လမ်းတွဲများပဲ ဖြစ်ပါတယ်။ အကောကတဲ့။ မဟာတန်ခိုးရှင် ဟန်နုမာန်တဲ့။ ယခုတော့ စနေတဲ့။ လူတွေကတော့ အချိန်မှန်စောင့်မျှော်အားပေးနေလေရဲ့။

ဟုတ်ပါတယ်။ အိန္ဒိယဇာတ်ကားတွေက ကိုရီးယားဇာတ်ကားတွေကို ကျော်ဖြတ်လာနိုင်ပြီထင်ပါတယ်။ ဇာတ်လမ်း၊ ဇာတ်အိမ်ကောင်းကောင်းနဲ့ အရည်အသွေးမီအောင် အားထုတ်ကြိုးပမ်းထားကြတာ အားလုံးအသိပါ။ Hollywood ရုပ်ရှင်လောကအထိပါ Bollywood ရုပ်ရှင်များက ထိုးဖောက်ဝင်ရောက်လာနိုင်ပြီ။ ကျွန်တော်က ကျောင်းဆရာ၊ ပညာရေးသမား။ ဒါကြောင့် ပညာရေးနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေအပြင် ရုပ်ရှင်ဇာတ်လမ်းတွေပါ ကြည့်ဖြစ်၊ လေ့လာဖြစ်ပါတယ်။ ဘယ်အချိန် ပြန်ကြည့်ကြည့် မရိုးနိုင်တဲ့ အိန္ဒိယရုပ်ရှင်ကားတစ်ကား ရှိပါတယ်။ ငတုံး ၃ယောက် (3 idiots) တဲ့။

**မူလတန်းကျောင်းတွေကို မူလွန်၊ မူလွန်ကျောင်းတွေကို အလယ်တန်းကျောင်း၊**
**အလယ်တန်းကျောင်းတွေကို အထက်တန်းကျောင်း(ခွဲ)၊ ထ(ခွဲ) ကျောင်းတွေကို**
**အထက်တန်းကျောင်းဆိုပြီး ကျောင်းတွေ အဆင့်မြှင့်ပေးရာလေရဲ့။ ကောင်းတဲ့လုပ်ဆောင်ချက်ပါပဲ။**
**ဒါပေမဲ့ သက်ဆိုင်ရာ ကျောင်းအဆင့်နဲ့ညီမျှတဲ့ နောက်ဆက်တွဲပံ့ပိုးမှုတွေက ပါမလာ။**
**လူစွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ဆရာတွေ မခန့်ပေးနိုင်။ ကျောင်းသားတွေက တိုးလာ···**

ပညာရေးကို စိတ်ပါဝင်စားတဲ့လူတိုင်း သိပြီး ကြည့်ပြီးဖြစ်ပါတယ်။ မျက်ရည်လည်ရတဲ့အထိ ရင်ထဲနင့်စေခဲ့တဲ့ ကားကောင်းလည်းဖြစ်ပါတယ်။ မကြည့်ရသေးရင် ပြန်ကြည့်ကြဖို့ တိုက်တွန်းလိုက်ပါရစေ။ အိန္ဒိယနိုင်ငံရဲ့ ပညာရေးကမောက်ကမ အလွဲတွေကို မီးမောင်းထိုးပြထားပါတယ်။ မြန်မာ့ပညာရေး ဘာဝေးနေသလဲ သိသွားစေနိုင်ပါတယ်။

စာရေးဆရာက Joshi ။ ဒါရိုက်တာက Hirani ။ ထုတ်ဝေသူက Chopra ။ ဒီကားရိုက်ဖို့ မင်းသားက မူလ ပေါင်ချိန် ၂၀၀ လောက်ကနေ တက္ကသိုလ်ကျောင်းသားတစ်ဦးပုံ ပေါက်လာဖို့ ပေါင် ၄၀ အထိ လျှော့ချခဲ့ရတယ်။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာမှာ ရုံတင်ပြသခဲ့တယ်။ ဝင်ငွေ ဒေါ်လာသန်း ၁၀၀ အထိ ရခဲ့တယ်။ ရင်းခဲ့တာက ဒေါ်လာ ၁၄ သန်းမျှသာ။ အဲဒီကားဟာ အမြင့်ဆုံးဆိုတဲ့ဆုတွေအပြင် ဂျပန်ရုပ်ရှင်အစည်းအရုံးကပေးတဲ့ ဆုတွေ၊ အမေရိကဆုတွေပါ တသီကြီးရခဲ့ပါတယ်။ မင်းသားကလည်း Khan (၃) Khan ထဲက Aamir Khan ။

"ကျနော်လည်း လူပဲ။ မကြာခင်သေမှာပါ။ အနေးနဲ့ အမြန်ပဲကွာမယ်။ ကျနော်သေရင် ဘာမှ ခမ်းခမ်းနားနား မဖြစ်ချင်ဘူး။ အုတ်ဂူတစ်လုံးပေါ်မှာ ကျွန်တော်ပါဝင်ခဲ့တဲ့ ရုပ်ရှင်ကားတွေ စီရေးပေးထားရင် တော်ပြီ" (Aamir Khan)

၂၀၁၃ ခုနှစ် ကမ္ဘာ့လွှမ်းမိုးမှုအရှိဆုံးလူသား ၁၀၀ မှာ ပါဝင်ခဲ့တဲ့ Aamir Khan ရဲ့ ဇာတ်ကားတွေကို လူကြိုက်များလှပါတယ်။ သူ့ကားတွေမှာ ပေးလိုတဲ့ ရည်ရွယ်ချက်ကောင်းကောင်းရှိတယ်။ သီသလောက် သူ့ကားလေးတွေချရေးမိပါတယ်။ Ghajini၊ Taare Zameen Par(2007) (Everychild is special) ၊ 3 idiots (2009) ၊ Doom 3 (2013) ၊ Dangal ၊ PK စသည် စသည်။

3 idiots ထဲက ဇာတ်ကွက်တွေကတော့ ခုပြန်တွေးတိုင်း ထင်ထင်ရှားရှားပြန်ပေါ်လာပါတယ်။ နည်းပညာတက္ကသိုလ်မှာ လေ့ကျင့်သင်ကြားပေးပုံ အမှားအလွဲတွေကတစ်ဆင့် လွဲမှားနေတဲ့ပညာရေးကို မီးမောင်းထိုးပြထားတာပါ။ ဇာတ်ကွက်တစ်ခုကို သတိရမိပါတယ်။ ဟာသဆန်ပြီး ပညာရေးသဘောသက်ဝင်နေတဲ့ ဇာတ်ကွက်ကလေးပါ။ စာသင်ခန်းထဲမှာ ဆရာက Machine ရဲ့ အဓိပ္ပာယ်ကို မေးတယ်။ မင်းသား ရန်ချို (Aamir Khan) က သူနားလည်သလိုထဖြေတယ်။ စက်ဆိုတာ လူတွေကိုကူညီပေးပြီး အလုပ်လုပ်ရာမှာ အချိန်ကုန်သက်သာစေတယ် စသည်ဖြင့်ပေါ့။






ဆရာက စာအုပ်ထဲကအတိုင်းမဟုတ်လို့ သဘောမကျ။ ဒါနဲ့ စာအုပ်သမား နောက်တစ်ယောက်ကို မေးတယ်။ သူက စာအုပ်ထဲက ကျက်ထားတဲ့အတိုင်း အာဂုံဆောင်ပြလိုက်တော့ ဆရာ သဘောတွေကျသွားရှာလေရဲ့။

ဪ မြန်မာ့ပညာရေး စေ့စေ့တွေးရင် စာတွေ့သာရှိပြီး လက်တွေ့နဲ့ ဝေးနေဆဲပါလား။

(၂)

အခြေခံပညာမှာ ကျွန်တော် လယ်ပြု ထက်ပြု လုပ်ခဲ့ပါတယ်။ လယ်ပြုနဲ့ ထက်ပြုအဖြစ် တာဝန်ကျတာက ထ(ခွဲ)ကျောင်းတွေပါပဲ။ တာဝန်ကျတဲ့နေရာ။ ကျောင်းချင်းကမတူသော်လည်း၊ တူတာတစ်ခုတော့ ရှိပါတယ်။ လက်တွေ့သိပ္ပံခန်း မရှိခြင်းပါပဲ။ ဒါပေမဲ့ အဲဒီကျောင်းက တပည့်တွေ ဓာတု၊ ရူပ ဘာသာရပ်တွေမှာ ဂုဏ်ထူးတွေတော့ ပါသွားရှာလေရဲ့။

"အက်ဆစ်နဲ့ ဖော့စ်ရောရင် ဘာရမလဲ"လို့ ဆရာက ထပ်ခါတလဲလဲမေး။ "ဆားနဲ့ ရေပါ ဆရာမ"လို့ တပည့်တွေက ဖြေကြ၊ ပြီးရင် လက်တွေ့ချရေး။ ဆရာက အကြိမ်ကြိမ် ရေးခိုင်းတယ်။ ဒါမှ အက်ဆစ်နဲ့ ဖော့စ် ပေါင်းတာတွေ့တာနဲ့ တစ်ဖက်ညီမျှခြင်းမှာ ဆားနဲ့ရေလို့ တန်းရေးနိုင်မှာ။ ကွက်တိ ၂ မှတ်ပဲ။ ထုတ်ဖော်ပုံတွေလည်း ဤနည်းအတိုင်း။ ဓာတ်ခွဲစမ်းသပ်ချက်တွေလည်း ဤနည်းအတိုင်း။ ဟုတ်ကဲ့။ လက်တွေ့ စမ်းသပ်ပြသမှုမပါဘဲ ဤနည်းဖြင့် ဂုဏ်ထူးတွေ ရရှိသွားခဲ့ရလေသတဲ့။ မြန်မာ့ပညာရေး ဝေးပေဦးတော့။

ဆရာတွေကို အပြစ်ပြောနေခြင်း မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း သိပ္ပံစမ်းသပ်ခန်းမရှိဘဲ ထိုသို့သင်ခဲ့ရဖူးပါတယ်။ ဘာမှန်းမသိဘဲနှုတ်တိုက်ချပေးတိုင်း တပည့်လေးတွေခမျာ မျက်လုံးလေး ကလည်ကလည် ဖြစ်သွားကြရှာရဲ့။ ပင်မအထက်တန်းကျောင်းကြီးက လက်တွေ့ပြသဖို့ ပစ္စည်းတွေငှားပါတဲ့။ လက်တွေ့ပြသရတဲ့ အခန်းက စာသင်နှစ်အစောပိုင်း သင်ရလေတော့ မိုးတွင်းကာလက ဖြစ်နေပြန်ရော။ အလုပ်ကျတဲ့ ကျောင်းကို ဆိုင်ကယ်မောင်းသွားရင်တောင် ဘီးချော်ပြီး လယ်ကွက်ထဲရောက်လိုရောက်။ ဖွက်က ဒူးထိရောက်တဲ့နေရာရောက်။ ဒီကြားထဲ ငှားခဲ့တဲ့ပစ္စည်းတွေ ကွဲကြေရင် မိမိတာဝန်တဲ့။ အဲ့တော့ အထက်ပါနည်းအတိုင်းပဲ ကျင့်သုံးလိုက်ရတယ်။ အင်တာနက်က သင်ခန်းစာနဲ့ပတ်သက်ပြီး လက်တွေ့စမ်းသပ်ပြတဲ့ Video လေးတွေ Download လုပ်မယ်ကြံတော့ တောမှာ လိုင်းကမမိပြန်။ ဆင်ခြေတွေ ပေးနေသလို ဖြစ်နေနိုင်ပါတယ်။ ဒါပေမဲ့ ဒါဟာ မြန်မာ့ပညာရေး ချေပြင်မြေပြင် လက်တွေ့အနေအထားတွေပါပဲ။

အဆိုးဆုံးက သင်ခန်းစာအချိန်မီပြီးရေး၊ အမှတ်ရရေး၊ စာမေးပွဲအောင်ရေးတွေပဲ။ လက်တွေ့သိပ္ပံခန်းရှိတဲ့ ကျောင်းတွေ

"အက်ဆစ်နဲ့ ဖော့စ်ရောရင် ဘာရမလဲ"လို့ ဆရာက ထပ်ခါတလဲလဲမေး။ "ဆားနဲ့ ရေပါ ဆရာမ"လို့ တပည့်တွေက ဖြေကြ၊ ပြီးရင် လက်တွေ့ချရေး။ ဆရာက အကြိမ်ကြိမ် ရေးခိုင်းတယ်။ ဒါမှ အက်ဆစ်နဲ့ ဖော့စ် ပေါင်းတာတွေ့တာနဲ့ တစ်ဖက်ညီမျှခြင်းမှာ ဆားနဲ့ရေလို့ တန်းရေးနိုင်မှာ။ ကွက်တိ ၂ မှတ်ပဲ။

တောင် လက်တွေ့ပြသမှု ကောင်းကောင်း မလုပ်နိုင်ကြဘူး။ အချိန်ပေးရတာယ်မဟုတ်လား။ အဲဒီတော့ အဖြစ်သဘောနဲ့ ကိစ္စရှော လိုက်ကြလေရဲ့။ တချို့ကျောင်းတွေဆို သိပ္ပံခန်း၊ ဓာတုဓလောက်တောင် သံချေးကိုက် နေလေရဲ့။ ဘာမှန်းမသိတဲ့ ဖေါ်ဟာရတွေ အော်ကျက်၊ ချရေး၊ တစ်လုံးမလွဲစေရ၊ ဒါဆို သေချာပြီ၊ ဂုဏ်ထူး၊ အမှတ်၊ ခေတ်က တောင်းဆိုနေတာ ဒါတွေပဲမဟုတ်လား။ အတတ်တာ မတတ်တာ၊ သိတာ မသိတာ အသာထား။ အောင်ချက်မြင့်မားဖို့က မြန်မာ့ပညာရေးရဲ့ အသက်ပဲ မဟုတ်လား။

(၃)

လွန်ခဲ့တဲ့ နှစ်အနည်းငယ်ဆီက မြန်မာ့ပညာရေးကို မြှင့်တင်မှုလုပ်ပေးကြပါတယ်။ မူလတန်းကျောင်းတွေကို မူလွန်၊ မူလွန်ကျောင်းတွေကို အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်းတွေကို အထက်တန်းကျောင်း(ခွဲ)၊ ထ(ခွဲ) ကျောင်းတွေကို အထက်တန်းကျောင်းဆိုပြီး ကျောင်းတွေ အဆင့်မြှင့်ပေးရှာလေရဲ့။ ကောင်းတဲ့လုပ်ဆောင်ချက်ပါပဲ။ ဒါပေမဲ့ သက်ဆိုင်ရာကျောင်းအဆင့်နဲ့ညီမျှတဲ့ နောက်ဆက်တွဲပံ့ပိုးမှုတွေက ပါမလား။ လူစွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ဆရာတွေ ခန့်ပေးနိုင်။ ကျောင်းသားတွေက တိုးလာ၊ ဆရာက မလောက်၊ ကျောင်းဆောင် ပရိဘောဂတွေက မလောက်မငနဲ့ ဖရိုဖရဲနိုင်တာတွေ ကြုံတွေ့ရပါတယ်။ ကျွန်တော် အလုပ်ကျခဲ့တဲ့ ထ(ခွဲ)ကျောင်းတစ်ကျောင်းက အထက်တန်းအဆင့် မြှင့်တင်ပေးခံရပြီး ခုထိ လက်တွေ့ခန်း မရှိရှာသေးပါဘူး။

ခြောင်- ကျောင်းအဆင့်မြှင့်တာ အာသက်တာမှတ်လို့၊ ဆိုင်းဘုတ်က အမည်ပြောင်းလိုက်ရုံပေါ့။ တကယ့် ထဲထဲဝင်ဝင် အနှစ်ရှိရှိ ရေရှည်မျှော်ပြီး ပြုပြင်ပြောင်းလဲဖို့ကတော့ ပညာရေးအကြောင်း ကောင်းကောင်း နားလည်ဖို့လိုပါတယ်။

(၄)

စာအုပ်စာပေနဲ့ သေသေချာချာ မှတ်တမ်းတင်ထားတဲ့ ပညာရပ်တွေအားလုံးဟာ ဘယ်က လာပါသလဲ။ ရေသောက်မြစ်က ဘယ်မှာပါလဲ။ ရှင်းပါတယ်။ အပြောကျယ်ကျယ် လူ့လောကပတ်ဝန်းကျင်နယ်ပယ်ပါပဲ။ ဒါကြောင့် ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းပြီး ရလာတဲ့ပညာရပ်တွေကို ပြန်လည်သင်ကြားပို့ချတဲ့အခါ ကျောင်းသား၊ ကျောင်းသူတွေကို သင်ခန်းစာအခြေပြုပြီး လက်တွေ့ပတ်ဝန်းကျင်လောကထဲရောက်အောင် ခေါ်သွားနိုင်ဖို့ပါပဲ။ ဒါဟာ ပညာသင်ယူခြင်းရဲ့ တကယ့် အနှစ်သာရလို့ပဲ ကျွန်တော်မြင်မိပါတယ်။

ပညာရေးကို ဘယ်လိုဘယ်ပုံ ရွေ့မယ်ဆိုတာ အင်မတန် အနုစိတ်လှပါတယ်။ ကျယ်ဝန်းလှပါတယ်။ ပညာရေးမှာ အရေးကြီးတာက စာတွေ့ (theory) နဲ့ လက်တွေ့ (Practice) မျှတဖို့ပါပဲ။ စာတွေ့ပဲရှိရင် မျက်စိပါပြီး မကြည့်တတ် မမြင်တတ်တာနဲ့ တူပါတယ်။ လက်တွေ့ပဲရှိပြန်တော့လည်း ကြည့်တတ် မြင်တတ်တဲ့အခံရှိပြီး မျက်စိကန်းနေတာနဲ့ တူပါတယ်။ ဒါကြောင့် မျက်စိပါပြီး ကြည့်တတ် မြင်တတ်အောင် ပညာရေးမှာ စာတွေ့သက်သက်မဟုတ်ဘဲ စာတွေ့နဲ့ လက်တွေ့ ထုံမွှမ်းရောယှက်နေဖို့ လိုပါတယ်။

မြန်မာ့ပညာရေး ဦးဆောင်သူတွေကို 3 idiots ဇာတ်ကားကို ကြိမ်ဖန်များစွာ ကြည့်မိစေချင်လိုက်တာ။

**ကိုကိုလင်း(အမေ့အိမ်)**

တစ်ညနေ ဂီတဖျော်ဖြေပွဲတစ်ခုမှာ အမျိုးသမီးကြီးတစ်ယောက်က သီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင်ဆိုနေတယ်။ ဧည့်သည်တစ်ဦးက သူ့ဘေးက ပုဂ္ဂိုလ်ကို တီးတိုးပြောတယ်-

"တော်တော်ဆိုးတဲ့ အသံပဲဗျို့၊ ဘယ်သူလဲ မသိဘူး"

"ကျုပ်အမျိုးသမီးပါ"လို့ ထိုပုဂ္ဂိုလ်က ခပ်ပြတ်ပြတ်တုံ့ပြန်တယ်။

"အို-ဟုတ်လား။ ဆောရီးနော်"လို့ တောင်းပန်တယ်။

ပြီးတော့မှ ကျေရာကျေကြောင်းသဘောနဲ့ ဆက်ပြောတာက-

"တကယ်တော့ ဒီအမျိုးသမီးအသံက ဒီလောက်မဆိုးဘူးဗျ၊ သီချင်းကိုက မကောင်းတာ၊ ဒီသီချင်း ဘယ်သူရေးတာပါလိမ့်"တဲ့။

"ကျုပ်ရေးတာ"လို့ ပိုပြီးတိုတောင်းတဲ့ အခေါ်ဘူးတဲ့အသံနဲ့ တစ်ဖက်လူက တုံ့ပြန်လိုက်ပါတယ်။

**မောင်သီဟ**

အဲ့ဒါမှ ပိုဆိုး



# CELEBRITY and SHOWBIZ

## စိမ်းပြာရောင် နတ်သမီးလေးလား

၂၀၁၅ခုနှစ်ကစပြီး နာမည်ကြီးလူကြိုက်များခဲ့တဲ့ ဗြိတိန်ရုပ်သံအစီအစဉ်တစ်ခုကတော့ Love Island ပါ။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်တွေ ရင်ခုန်ရတဲ့ ဖူးစာရှင်ပြိုင်ပွဲပုံစံမျိုးပေါ့။ ဒီအစီအစဉ်ရဲ့ ကြယ်ပွင့် ဂျက်ဆီကာရှိုးယားဆိုတာလည်း ညှို့ဓာတ်ပြင်းတဲ့ ကောက်ကြောင်းတွေနဲ့အတူ နာမည်ကျော်လာသူတစ်ယောက်ပေါ့။ ဒီတစ်ပတ်မှာတော့ ဂျက်စီကာကို မမြင်ဖူးတဲ့ပုံစံနဲ့ တွေ့လိုက်ရတာကြောင့် သူမ ပရိသတ်တွေ အံ့သြနေကြပါတယ်။ 3D lipo လို့ အမည်ရတဲ့ ကုထုံးကြော်ငြာအတွက် ဓာတ်ပုံရိုက်ပေးနေတာပါ။ အဆီပိုတွေကို မခွဲစိတ်ဘဲ ဖယ်ရှားနိုင်တဲ့ ဒီကုထုံးနဲ့ ခန္ဓာကိုယ်ဆေးရေးခြယ်ထားတဲ့ ဂျက်ဆီကာရှိုးယားရဲ့ ကောက်ကြောင်းအလှဟာ မြင်သူတိုင်း ငေးရလောက်အောင် ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဂျက်ဆီကာရှိုးယားဟာ ချစ်သူ ဒွန်းလီဗာနဲ့ စေ့စပ်ပွဲမှာလည်း ဘီကီနီဝတ်ပြီး အမြင်ဆန်းစေခဲ့ဖူးပါတယ်။ သူမပရိသတ်တွေကတော့ စိမ်းပြာရောင် နတ်သမီးလေးက အဖြူရောင်ထိပ်ထားလေးထက် ပိုလှနေတယ်ဆိုပဲ။











## ဘာပြချင်တာလည်း ဘရစ်တနီ

ပေါ့ပ်ဂီတလောကကို ဆယ်စုနှစ်နှစ်ခုနီးပါး သိမ်းပိုက်ခဲ့ဖူးတယ်။ ပေါ့ပ်ဂီတလောကကို ဆယ်စုနှစ်နှစ်ခုနီးပါး သိမ်းပိုက်ခဲ့ဖူးတယ်။ ပေဟာလီဝုဒ်က ကျော်ကြားသူတို့လျှောက်သောလမ်းမှာ သူမရဲ့ ကမ္ဘည်းမှတ်တမ်းရှိနေတယ်။ ဒါပေမဲ့ ဇရာကို ဘယ်သူကများ အံတုနိုင်မှာလဲ။ ဘရစ်တနီစပီးယားရဲ့အလှတွေက နေဝင်ချိန်ရောက်နေပြီ။ သူမအသက်က ၃၆နှစ်ရှိပြီလေ။ လော့စ်အိန်ဂျယ်လိစ်မှာ ကျင်းပတဲ့ Hollywood Beauty ဆုပေးပွဲ အခမ်းအနားကို ဘရစ်တနီရောက်လာတယ်။ နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီး အဲလီဇဘတ်အာဒန်နဲ့အတူ ၂၀၀၄ ခုနှစ်တည်းက ရေမွှေးကြော်ငြာတွေ ရိုက်ကူးခဲ့တဲ့ သူမဟာ Best Fragrance ဆုကိုလည်း ရခဲ့တယ်။ ဘရစ်တနီကိုယ်တိုင်လည်း ပါးလျှာလွန်းတဲ့ အဖြူရောင်ကိုယ်ကျပ်ဝတ်စုံနဲ့အတူ ဟိုးတုန်းက ဆွဲဆောင်နိုင်မှုမျိုး ပြန်လည်အသက်သွင်းနိုင်မယ်လို့ ယုံကြည်မှုအပြည့်ရှိခဲ့ပုံပါပဲ။ ဒါပေမဲ့ သူမစီးထားတဲ့ ဖိနပ်တွေက ဒီအိပ်မက်တွေကို ဖျက်ဆီးသွားခဲ့ပါတယ်။ ခြေထောက်နဲ့မဆန့်အောင် သေးငယ်နေတဲ့ ဒီဖိနပ်တွေစီးထားတာ ဘာကိုပြချင်လို့လည်း ဘရစ်တနီလို့ ဝေဖန်ခံနေရလေရဲ့။



## ပြိုင်ရင်း ဆိုင်ရင်း ကုစားရင်းနဲ့သာ





ဘဝရဲ့အရင်းနှီးဆုံးလူသားနှစ်ဦး။ တစ်နည်းအားဖြင့် ရွှေလက်တွဲပြီးပျော်ခဲ့ကြဖူးတဲ့ ဇနီးမောင်နှံတွေ။ သူတို့နှစ်ဦးကြားမှာ လျှို့ဝှက်ချက်ဆိုတာမရှိသလောက် ရှားပါတယ်။ မထင်မှတ်ဘဲ လမ်းခွဲကြရတဲ့နောက်မှာ အတိတ်က ဖြစ်ရပ်တွေကို လုံးဝမေ့ထားနိုင်တယ်ဆိုတာလည်း ယုံရခက်ကြီးပါပဲ။ အနည်းဆုံးတော့ လက်ရှိဘဝတွေနဲ့ ပတ်သက်ပြီး ပြိုင်ဆိုင်ကြရင်းနဲ့ အနာဟောင်းကို ကုစားတာမျိုးတွေ ရှိတတ်ပါတယ်။ အက်ရှ်လေကိုးနဲ့ချယ်ရီတို့လိုပေါ့။ အဂ်လန်နဲ့ အာဆင်နယ်နောက်ခံလူဟောင်းဟာ အီတလီမော်ဒယ် ရှာရွန်ကာနူးနဲ့ ဒုတိယရင်သွေးလေးရပြီ။ ၂၀၁၄ မှာ စတွေ့ခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ဒီသမီးလေးကို ဂရေ့စ်လို့နာမည်ပေးထားပါသတဲ့။ ထူးခြားတာက အဂ်လန်ရဲ့တေးဆိုငှက်လေးနဲ့ခွာပြဲခဲ့ရတဲ့ အဓိကအကြောင်းရင်းမှာ သူ့အတွက် ရင်သွေးလေးမမွေးပေးခဲ့တာပါတယ်လို့ ဂလက်ဆီနောက်ခံလူ ရင်ဖွင့်လိုက်တယ်ဆိုတာပါ။ One Direction ကြယ်ပွင့်ဟောင်း လီယန်ပိုင်းအတွက် ရင်သွေးလေးကို မွေးပေးခဲ့တုန်းကလည်း မိသားစုဘဝက ပျော်စရာကောင်းလိုက်တာလို့ ချယ်ရီဖွင့်ဟခဲ့ဖူးတာပါပဲ။

## စားပွဲပေါ်က ဗီနပ်ဥသာ

အမေရိကန်မော်ဒယ်နဲ့ရုပ်သံမင်းသမီးချောလေး ကန်ဒယ်လ်ဂျန်နာရဲ့ နောက်ထပ်ဖမ်းစားမှု တစ်ခု ထွက်ပေါ်လာပြန်ပါပြီ။ အသက်၂၂အရွယ် စူပါမော်ဒယ်မလေးဟာ ဒီနှစ်အစောပိုင်းတုန်းက Bazaar မဂ္ဂဇင်းမှာ မိမွေးတိုင်း ဖမွေးတိုင်းပုံတွေနဲ့ ပရိသတ်တွေကိုဖမ်းစားခဲ့ဖူးပါတယ်။ အခုလည်း Instagram စာမျက်နှာပေါ်မှာ သူမရဲ့ကောက်ကြောင်းတွေကို ဖော်ပြလိုက်တာပါ။ ဒါပေမဲ့ အဖြူအမည်း ကာလာနဲ့ အနုပညာဆန်ဆန်ဓာတ်ပုံတွေ ဖြစ်နေပါတယ်။ ဖန်တီးရိုက်ကူးပေးသူ ကလည်း နာမည်ကျော်ဓာတ်ပုံဆရာ ဆမ်ဆိုနီဖာပါ။ ခက်တာက သစ်သားစားပွဲပေါ်မှာ ထိုင်နေတဲ့ပုံဟာ ပြောစရာဖြစ်လာခဲ့တာပါပဲ။ အထူးသဖြင့် ထိုင်ခုံလက်ရမ်းပေါ် တင်ထားတဲ့ ဝဲဘက်ခြေထောက်ပေါ့။ ပရိသတ် ၈ရ သန်းကျော်ထဲမှာ အမြင်စူးရှသူတွေ ရှိနေတယ်မဟုတ်လား။ "မင်းကိုတော့ ချစ်ပါတယ် မိန်းကလေး။ ဒါပေမဲ့ ခြေချောင်းတွေက ဘာမှားနေပါလိမ့်"၊"ခြေချောင်းတွေက သိမ်းငှက်လိုပဲ၊ ခြေဖဝါးကလည်း နှစ်ထပ်ဖြစ်နေတယ်" ၊"မင်းရဲ့ခြေချောင်းတွေကိုမြင်ရတာ ငါ အရမ်းလန့်သွားတယ်" စတဲ့ မှတ်ချက်တွေနဲ့အတူ ဝေဖန်ခဲ့ကြပါသတဲ့။





## ကန့်လန့်ကာနောက်ကွယ်မှာ...



ကိုကိုကာလသားတွေကို အရူးအမူးဖြစ်စေခဲ့ဖူးတဲ့ မက်ဒေါနား တစ်ယောက် ဘာတွေလုပ်နေတယ်ဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါလိမ့်မယ်။ အသက် ၅၉နှစ်ရှိနေပြီဖြစ်ပေမယ့် ပရိသတ်တွေနဲ့ အဆက်မပြတ်ရလေအောင် ရှိုးပွဲတွေဆိုဖို့ ကြိုးစားနေဆဲဆိုတာတော့ အားလုံးသိကြပြီးသားပါ။ ဒါပေမဲ့ ကန့်လန့်ကာ နောက်ကွယ်မှာ နောက်ထပ်လျှို့ဝှက်ပစ်မှတ်တွေရှိနေပါသေးတယ်။ ပေါ့ပ်ဘုရင်မကြီးမှာ မွေးစားသားသမီးတွေ အများကြီးရှိပါတယ်။ အဲဒီအထဲက အကြီးဆုံးကလေးတွေကို သူတို့ဘဝအနာဂတ်တောက်ပဖို့ ကိုယ်တိုင်ကြီးကြပ် လေ့ကျင့်ပေးနေပါသတဲ့။ သမီးကြီး လောဒက်စ်လီယွန်ရဲ့ အကအိပ်မက်တွေပြည့်ဝဖို့၊ ပန်းချီဆရာဖြစ်ချင်တဲ့ သားကြီးရစ်ချီရဲ့ဆန္ဒ အကောင်အထည်ပေါ်စေဖို့၊ ဒေးဗစ်ဗန်ဒါကို ကမ္ဘာကျော်ဘောလုံးသမားတစ်ယောက် ဖြစ်လာစေဖို့၊ မာစီကိုမ်းစ်လေးကိုတော့ ကန်ယီဝက်စ်လို ရက်ပ်ပါတစ်ယောက်ဖြစ်လာစေဖို့ပေါ့။ ရည်မှန်းချက်တွေ တစ်ယောက်တစ်မျိုးဖြစ်နေပေမယ့် မက်ဒေါနားကတော့ မမောနိုင် မပန်းနိုင်ဘဲ ဆရာကောင်းတွေထံ အပ်နှံလေ့ကျင့်ပေးနေပါသတဲ့။





# အတုမသုံးတတ်ပါဘူးရှင်

လော့စ်အိန်ဂျယ်လိစ်က လမ်းတစ်ခုပေါ်မှာ ကင်ကာဒါရှီယန်နဲ့ ကန်ယီဝက်စ်တို့စုံတွဲကို တွေ့လိုက်ရတော့ ထုံးစံအတိုင်း ပါပါရာဇီတွေ ဝိုင်းသွားပြီပေါ့။ ဒါပေမဲ့ ရက်ပ်ပါကြီးရဲ့ မထင်မှတ်တဲ့အပြုအမူကြောင့် သူတို့ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့ကြပါတယ်။ ဝက်စ်က နံရံဘက်ကို ရုတ်တရက်လှည့်လိုက်ပြီး ဘောင်းဘီဇစ်တွေ ဆွဲတော့တာကိုး။ ကင်ကလည်း သူ့ဒါလင်ကိုလှည့်ကြည့်ပြီး သဘောတွေကျလို့ပေါ့။ တကယ်တော့ အမြဲလိုချောင်းနေတတ်တဲ့ ပါပါရာဇီတွေကို ဝက်စ်က နောက်လိုက်တာပါ။ ဒါပေမဲ့ ကင်ဟာ သူမ ပြချင်နေတဲ့ အရာကို လက်လွှတ်မခံခဲ့ပါဘူး။ ဝက်စ်ရဲ့ ကျီစယ်မှုအဆုံးမှာ သူမရဲ့ ပန်းရောင်ဆေးဆိုးထားတဲ့ ဆံပင်ပုံစံသစ်နဲ့ ပြန်လည်ဆွဲဆောင်သွားခဲ့ပါတယ်။ ကြော်ငြာရိုက်ဖို့ တိုကျိုလေဆိပ်ရောက်လာတော့လည်း ဒီပုံစံအတိုင်းပါပဲ။ ဆံပင်ပုံစံသစ်လေး မလှဘူးလား



လို့တောင် ပရိသတ်တွေကိုမေးခွန်းထုတ်သွားပါသေးတယ်။ ပရိသတ်တစ်ယောက်ကတော့ အဲဒါ အတုကြီးလားတဲ့။ ဒီတော့ အတုတွေ တကယ်မသုံးတတ်သလို အခုလည်း အစစ်ကြီးပါလို့ ပြေသွားခဲ့လေရဲ့။


**ကိုသားကြီး**





# သံစုံကို ပြန်ဆုံချင်တယ်

သင်းအောင်သန်း



## အခန်း(၁)

ကိုပျော့ ဒီတောင်က ကျော်နိုင်ပါ့မလား။ ခေါင့်တန်းအောက်လိုက်၊ မျက်မြူလန်နေလိုက်၊ တစ်ချီးချီးနဲ့ ပါးစပ်က အမြှုပ်တွေထွက်လာလိုက်နှင့် ဘေးကကြည့်ရသူများ စိတ်မသက်သာလှပေ။ အထူးသဖြင့် မခင်ရမှာ ရင်ကွဲပက်လက် ယူကြုံးမရ၊ တသသဖြင့် ကိုပျော့ဝေဒနာကိုကြည့်လိုက်၊ အိမ်ရှေ့ထွက်လိုက်နှင့် မပဋာမြေလူးသည့်အခန်းကပြနေသလိုပင် ကြေကွဲဖွယ်မြင်ကွင်းကို ခံစားနေရရှာသည်။ ကိုပျော့၏ လက်တွေ၊ ခြေထောက်တွေက သံမဏိလို မာကြောနေသည်။ ယုတ်စွအဆုံး၊ နားရွက်ကိုင်ကြည့်လျှင်ပင် သံပြားကိုင်ရသလို မာကြောတောင့်တင်းဘိခြင်း။ ဖြစ်သည့်ရက်က ဆယ်ရက်ကျော်ပြီ၊ ရွာထဲက သမားအကျော်အမော်များ ကုသပြီးပြီ၊ တစ်မိနစ်တည်းအဆိုအရ တောလွန်တာလို့ ပြောကြသည်။

ရွာနှင့်မြို့က သိပ်မဝေးလှသော်လည်း ရွာမှာနေသည့်အတွက် ရွာကြေမှ မြို့တက်လို့ရမှာဖြစ်ပြီး၊ မြို့တက်ပြီ၊ ရွာမကြေရင်လည်း လူနာသေတတ်သည်၊ ဤစကားရပ်မှာ ရွာထဲမှ သမားအကျော်အမော်တို့၏ အဆိုအမိန့်ဖြစ်လေသည်။ သမားကျော်တို့သည်ကား လူနာကို လက်နက်ဆန်းများဖြင့် ကုသကြသည်။ မြေတုတ်ဘီလူးကျွေးခြင်း၊ ခေါ်စာပစ်ခြင်း၊ သရဲကျွေးခြင်း၊ ကြပ်ကျွေးခြင်းတို့ဖြင့် အစပထာမ ကုသကြသည်။ ပြီးနောက် ဘတ်ယောင်ကား မြန်မာဗိန္ဓောဖြင့် ကုသကြသည်။ ဆက်၍ မဟာန်ပြန်လျှင် ဆေးထိုးအပ်ကိုကိုင်ကြ၍ ထင်ရာစိုင်းကြတော့သည်။ အနီသမားကျော်တို့၏ စုတ်ချက်ကိုပင် လူနာရှင်တို့က ကြည်ဖြူစွာလက်ခံကြလျက် ယနေ့တိုင် ရှိနေကြသည်မှာ ကမ္ဘာ့အံ့ဖွယ် တစ်ပါးဟု ပြောရမလိုဖြစ်နေကြပြီ။

ကိုပျော့ စီးပွားရေးအရ မြို့ဆေးရုံတက်ကုရုံမက နိုင်ငံခြားမှာပင် သွားကုသနိုင်သည်။ သပြေတောမှာမပြောနှင့် မြို့ကသူဌေးစာရင်းထဲမှာ ထိပ်ကပါနိုင်သော အခြေအနေမျိုးပါ။ သို့သော်လည်း ဗဟုသုတနှင့် ကျန်းမာရေးအသိက ဖိုးလုညအဆင့်ပဲ ရှိသည်။ သမားတော်ကြီးများ တစ်ပါးပြီး တစ်ပါးသာပြောင်းသွားသည်။ လူနာက မျက်မြူအထိုက်မပျက်ပေ။ ဒီကြားထဲ ခွေးဟောင်သံကြားလျှင် ဆူညံသံတွေကြားလျှင် ဝိုပြီးတက်သွားလိုက်၊ အမောဖောက်သွားလိုက် ဖြစ်နေသည်။ အစာမဝင်၊ ရေမဝင်တာကလည်း ဆယ်ရက်ကျော်ပြီ။ တော်ဝင်သမားတော်ကြီး၏အဆိုအရ "ပေါက်မင်လယ်ပွဲမှာ ခြေထောက်ငုတ်ရှုးခဲ့တာဆိုတော့ ပေါက်မင်လယ်ပွဲက ကြပ်တွေမကျေနပ်လို့ လုပ်ထားတာ၊ ဒီတော့ အမြန်ဆုံး ကြက်ဖိုကြက်ဖ အနက်နှစ်ကောင်ရှာ၊ အမြန်ချက် ပျော်ပွဲသွားတည်ကြ" ရွာထဲက အရက်သမားတွေ အပျော်လွန်သွားကြသည်။ ပျော်ပျော်ပါးပါး ချက်အရက်နှစ်လုံးနှင့် ဆက်ရက်မင်းစည်းစိမ် အပြတ်ခံစားကြပြီး ပြန်လာကြသည်။ သပြေတောရွာသူဌေးမင်း ကိုပျော့ခမျာ မိသားစုနှင့်တကွ သူပိုင်ပစ္စည်းဥစ္စာတို့ကို မျက်ကွယ်ပြုသွားခဲ့လေပြီ။

"တော့–ကိုပျော့…ဆယ်ရက်လုံးလုံး ရွာမကြေတာနဲ့ ရေတိမ်နစ်ပါ…ပေါ့တော်၊ ကျုပ်တို့ ဘယ်လိုမြေရမှာလဲတော့…ဘယ်လို မြေရမှာလဲ ဟီး…ဟီး…ဟီး…ဟင်းဟင်း"

မြေချင်သလို မြေရပေတော့မည်။ အရက်သမားအဖွဲ့က အိမ်ရှေ့မှ အော်ခေါ်နေပြီ–

"ကျွတ်ပလား…ကျွတ်ပလား"

ဆားမတို့ပြောင်းပြန်လှန်ကာ ထည့်ထားသော ပလိုင်းတစောင်းလွယ်ထားသည့် အရက်သမားတစ်ဦးက ဘယ်ညာခြေနှစ်ဖက် မြဲမြဲရပ်နိုင်ရန် ကိုယ်ကို အတင်းစွတ်မတ်လိုက်သည်။ မရေ ခေါင်းက သောက်သောက်လဲအောင် မူးနေသောကြောင့် မှန်လေမွှေ လေနီကြမ်းနောက်ပါသွားသလို ဟိုတစ်စ ဒီတစ်စ ဆောက်တည်ရာမရ ဖြစ်နေသည်။ မပြိုလဲအောင် ညာခြေ ဘေးဘက် ခပ်ကြဲကြဲရပ်ပြီး ခါးတစ်ဖက် လက်ထောက်ကာ စိုက်နေသောဦးခေါင်းမှာ မမော့နိုင်ရှာဘဲ အာလေးလျှာလေးကြီးနှင့် တစ်ခွန်းချင်း တစ်လုံးချင်း၊ ဆက်မေးပြန်သည်။

"ကျွတ်…ပ…လား…လွတ်…ပ…လား…"

"သေ…ဗီ"

ဝမ်းနည်းခြင်းနှင့်စွာ ခံစားနေရသော ကိုပျော့ယောက်ဖ ဝမ်းနည်းသံဖြင့် တုံးတိတိ မြေလိုက်တာကြောင့် ရွာထဲကအရက်နှင့်နေသော ကိုသံဖုံတို့အဖွဲ့ မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ကြသဖြင့် အသုဘရှင်တို့ အတော်

သမားကျော်တို့သည်ကား
လူနာကို
လက်နက်ဆန်းများဖြင့်
ကုသကြသည်။
မြေတုတ်ဘီလူးကျွေးခြင်း၊
ခေါ်စာပစ်ခြင်း၊
သရဲကျွေးခြင်း၊
ကြပ်ကျွေးခြင်းတို့ဖြင့်
အစပထာမ ကုသကြသည်။
ပြီးနောက်
ဘတ်ယောင်ကား
မြန်မာဗိန္ဓောဖြင့်
ကုသကြသည်။
ဆက်၍ မဟာန်ပြန်လျှင်
ဆေးထိုးအပ်ကို ကိုင်ကြ၍
ထင်ရာစိုင်းကြတော့သည်။
အနီသမားကျော်တို့၏
စုတ်ချက်ကိုပင်
လူနာရှင်တို့က...

ငပျော့
ဆေးကုတုန်းကတော့
မန္တလေးတက်ကုဖို့
စိတ်မကူးကြဘူး။
ခု ငပျော့သေမှ . . .
မန္တလေးစိန်ပန်းမြိုင်ဆိုင်း
အဖွဲ့ငှားဖို့
စိတ်ကူးရနေကြတယ်
မဟုတ်လား။ ခုမှတော့
မထူးပါဘူးဟာ...
သေတဲ့လူလည်း၊ သေပြီပဲ၊
ပိုပြီးဂုဏ်ရှိသွားအောင်...

ကျွဲမြီးတိုသွားကြသည်။ သူဌေးအသုဘဖြစ်သည့်အတွက် ရွာထဲမှ မိန်းမ၊ ယောကျ်ားငိုလိုက်ကြသည်မှာ ကိုယ်ခံသားချင်းမိဘများသေလို့ လားငိုသလားထင်ရသည်။ စီကာပတ်ကုံး ဖွဲ့နွဲ့ငိုနေသူက မရှားမလို့၊ နောက်ကို မိုက်ဆံချေးဖို့ လူမရှိတော့ဘူးဆိုတဲ့လူကဆို၊ ပဲလေး၊ နမ်းလေး၊ စပါးလေး ဘယ်သူ့ဆီ သွားယူရမလဲဆိုသူက မရှား။ သားရေးသမီးရေး ပြောကူဖို့ လူမရှိတော့ဘူး ပြောသူကပြောနဲ့ အတော်ကို အူကြောင်ကြောင်နိုင်လှသော လူများဟု ဆိုရပေမည်။ အငိုအလွမ်းတွေ မောသွားတော့မှ အသုဘရက်ထားဖို့နှင့် အခြားဝေယျာဝစ္စအကြောင်းများတိုင်ပင်ကြသည်။

ဆရာတော်များ၊ သံဃာတော်များပင့်ရန် သပြိုဟ်ရက်ရွေးရန် ရွာစဉ်ကျယ် ဖိတ်စာများ ပို့ကြရန်အပြင် အသုဘထားမည့်ရက်နှင့် နာရေးကိစ္စကို လာရောက်မေးမြန်းအားပေးကြမည့် ရပ်ဝေးရပ်နီးဧည့်သည်များအတွက် ဧည့်ခံကျွေးမွေးရန် ရွာသူရွာသားများ၊ တစ်ယောက်မကျန် အလုပ်ကိုယ်စီ ယူကြရသည်။ ယင်းလုပ်ငန်းကိစ္စများအပြင် မြို့တက်ပြီး ဈေးဝယ်ဖို့ ရှုပ်လိုက်သည့်အလုပ်တွေ တစ်ရွာလုံးကလူတွေ ဘယ်သူမှ မလွတ်စေရပါ။ စီစဉ်ရသည့် နောက်ဆုံးဆွေးနွေးချက်မှာ ကိုသံစုံတို့အဖွဲ့ စိတ်အဝင်စားဆုံး ဆိုင်းငှားရန်ဖြစ်သည်။

''ကဲ...မခင်စု...သဘောပြောအုံး။ ငါတို့လုပ်ချင်တာတွေချည်းဆိုတော့ သေးကပြောစရာဖြစ်လာမယ်''

သာရေး၊ နာရေးကိစ္စများတွင် ဦးဆောင်ဦးရွက်ပြုနေကျဖြစ်သော ဦးလေးမောင် မျက်ရည်လည်ရွဲနှင့် သောကမွှေနေသော မခင်စုကို မဖြစ်မနေမေးလိုက်သည်။

''ဦးကြီးရယ်၊ ကျွန်မတော့...ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ကောင်းသလိုသာ စီစဉ်ပါတော့...တော်၊ ဟင်း...ဟင်း...ဟီး...ဟီး...''အပြောနှင့်အငိုကတစ်ဆက်တည်း။

ဦးလေးမောင်ကလည်း စိတ်မသက်သာစွာနှင့် ဆက်မေးပြန်သည်။

''မဟုတ်ဘူး မခင်စုရဲ့ ကျုပ်တို့ ဒီကိစ္စမှာ သူဌေးရဲ့ အသုဘကိစ္စ မဟုတ်လား။ ကျုပ်တို့ရွာကို တခြားရွာတွေက ကဲ့ရဲ့မှာကိုလည်း စဉ်းစားမိလို့ပါ။ အဲဒါ...ဆိုင်းကို ဘယ်လိုအဖွဲ့ကို ငှားရမလဲဆိုတာ...ဒီစေ့စဉ်းစားဆုံးဖြတ်ပြီးမှ မနက်ဖြန် သွားငှားနိုင်မှာလေ၊ မှတာလဲ...မှတာပေါ့ဟာ...စဉ်းစားစမ်းပါအုံး''

မခင်စု စိတ်မသက်သာစွာနဲ့ပဲ–

''ဦးကြီးရယ်၊ ဦးနန္ဒီယ ဘုန်းကြီးပျံပွဲတုန်းကငှားတဲ့ မန္တလေးက စိန်ပန်းမြိုင်အဖွဲ့ငှားရရင် မကောင်းဘူးလား။ ဦးကြီးလည်း စဉ်းစားအုံးပေါ့၊ မြို့ဆိုင်းတွေကတော့ ဈေးချိုပေးမယ့် ကျွန်မတော့ မကြိုက်လှဘူး ဦးကြီးရယ်''

သူဌေးကတော်ကြိုက်ရာကို အလွယ်တကူ သဘောတူရန် ဟန်ပြင်နေစဉ်မှာ ကိုသံစုံက ရုတ်တရက်ဝင်ပြီး ဝေ့ငေါ့စကားပြောလိုက်ပုံကြောင့် အသုဘရှုရောက်လာသော ပရိသတ်တွေ တအံ့းအံ့ဩကျသွားတော့သည်။ မိုက်ပေ့ ကိုသံစုံရယ်ဟုလည်း ချီးကျူးထောပနာပြုကြသည်။

''မခင်စုရေ...နှင်စိတ်မဆိုးရင်တော့ ငါ...တစ်ခုပြောချင်တယ်ဟာ''

ခွင့်သာတောင်းနေတာ စကားဆက်ကမပြတ်သေး၊ ကိုသံစုံအကြောင်းကိုလည်း တစ်ရွာလုံးက သိထားကြသောကြောင့် ဘယ်လိုတွယ်လိုက်လိမ့်မလဲပဲဟု စောင့်မှားထောင်နေကြစဉ် မခင်စုကလည်း ဘာပြန်ပြောရမှန်းမသိဘဲ ငေးငေးကြီးကြည့်နေသည်။ ကိုသံစုံပြောလိုက်သည်မှာ–

''နှင်တို့က...ငပျော့ဆေးကုတုန်းကတော့ မန္တလေးတက်ကုဖို့ စိတ်မကူးကြဘူး။ ခု ငပျော့သေမှ...မန္တလေးစိန်ပန်းမြိုင်ဆိုင်းအဖွဲ့ငှားဖို့ စိတ်ကူးရနေကြတယ်မဟုတ်လား။ ခုမှတော့ မထူးပါဘူးဟာ...သေတဲ့လူလည်း သေပြီပဲ၊ ပိုပြီးဂုဏ်ရှိသွားအောင် ရန်ကုန်က ခေတ်ပေါ်စတုဒီယိုအဖွဲ့တွေ သွားငှားလိုက်ရင် ငါ့အထင်တော့...ငပျော့အသုဘပိုပြီး စည်ကားသိုက်မြိုက်သွားလိမ့်မယ်ထင်တယ်''

## အခန်း(၂)

''ကြဲက မဖြစ်မနေစိုက်ရမှာ၊ စက်ရုံကုန်ကြမ်းရဖို့က ဦးကြီးတို့အားကိုးပဲ၊ လိုအပ်တဲ့လုပ်ငန်းမှန်သမျှ ကျွန်တော်တို့ကူမယ်၊ ခေတ်မြေဩဇာကအစ ထွန်ယက်ဖို့ စက်ကနေ ကြိမ်းအဆုံးပေါ့ဗျာ၊ ကျွန်တော်တို့ ကူညီသွားမယ်၊ အဲ...စိုက်ဖို့က ဒီက တောင်သူ

ကြီးတွေအားကိုးပဲ လုပ်ပျော်ပါတယ်၊ ခုဈေးကလည်း ဦးကြီးတို့ အထွက်နှုန်းနဲ့ဆို ကိုက်ပါတယ်၊ လူကြီးတွေက လုပ်နိုင်းလို့ လုပ်ရတာထက် ဦးကြီးတို့အသိနဲ့လုပ်တာက လုပ်ငန်း အောင်မြင်မှုပိုရနိုင်မှာပါ။ လူကြီးတွေက စိစဉ်ပြီးခိုင်းတဲ့ကိစ္စမှာ မဖြစ်နိုင်တာ ဖွတ်လုပ်ခိုင်းနေတာ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ကိစ္စ ဖြစ်နိုင်တာမို့ပါ။ ကျွန်တော်တို့ အကြေးစနစ်နဲ့ ချေးငှားထားတဲ့ လုပ်ငန်းတွေလည်း အရစ်ကျသာ ကုန်ကြမ်းထွက်တဲ့အခါ ဖြတ်ယူမှာပါ။ ခု သတ်မှတ်ထားတဲ့ စိုက်ကွင်းတွေမှာ မစိုက်နိုင်တဲ့ တောင်သူတွေရှိရင် ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါတယ်ဗျာ"

စီကာပတ်ကုံး တင်ပြဆွေးနွေးချက်တို့အပေါ် တောင်သူတွေ စိတ်ပျက်နေကြသလို ရှိနေကြသည်။ ကြာတောင်သူတစ်ယောက်က ထ၍ တင်ပြသည်။

"ဆရာတို့က စိုက်ဖို့ကူညီတာတော့ ဟုတ်ပါပီ၊ မနှစ်ကလို ကြံခုတ်ပြီးသားတွေ ခြောက်မှလာယူတာတို့၊ ကြံချွင့် ပုံစံ(ရ)မရတာတို့နဲ့…ကျုပ်တို့မှာ သိပ်ဒုက္ခရောက်ကြတယ်"

ထိုတောင်သူကို စိုက်ပျိုးရေးမြို့နယ် ဦးစီးမှူးက ရှင်းပြရန်ဟန်ပြင်နေစဉ်မှာပင် နောက်ထပ် တောင်သူတစ်ဦးက–

"ဟုတ်ပါတယ်…ကျုပ်တို့ကိုပြောတော့ ချောအောင်ပြောပြီး…ခု ငွေရှင်းပေးတဲ့ဈေးနဲ့လည်း ကျုပ်တို့ထွက်နှုန်းနဲ့ မကိုက်ဘူး။ အဲဒါကြောင့် ကျုပ်တို့ ကြံစိုက်ရမှာကြောက်နေကြတာပါ"ဟု ထပ်မံ၍ တင်ပြပြန်သည်။

ပြည့်ပြည့်စုံစုံ တင်ပြချက်အပေါ် ဦးစီးမှူးက ပြန်ပြီး အေးဆေးတည်ငြိမ်စွာနဲ့ ရှင်းပြနေရှာသည်။

"ခု…ဦးကြီးတို့ တင်ပြတာတွေ အမှန်ပါပဲ၊ ဒီကိစ္စ လူကြီးတွေသိရှိပြီးလို့ ပြင်ဆင်အရေးယူပြီးပါပြီ၊ နောင်ကိုမဖြစ်စေဖို့ ကျွန်တော်တို့ တာဝန်ယူသလို၊ အချိန်အခါအခြေအနေအရ နိုင်ငံခြားပို့တဲ့ သကြားဈေးနှုန်းပေါ်မူတည်ပြီး ကြံဝယ်ဈေးနှုန်းကို မြှင့်ပေးပါမယ်၊ ဦးကြီးတို့စိုက်ဖို့သာ တာဝန်ယူကြစေချင်ပါတယ်"

မြို့နယ်မှူးက ထိုကဲ့သို့ပြောပြီး ထိုင်ရန်ဟန်ပြင်နေစဉ်တွင် ကိုသံစုံ ထီးခေါက်လိုက်ပုံမှာ–



"ဆရာကြီးတို့ တင်ပြတာတွေကို ကျုပ်ကြိုဆိုထောက်ခံပါတယ်၊ ဘာလို့လဲဆိုတော့ ကျုပ်တို့တောင်သူတွေက နိုးပြီမှာကြောက်လို့ ဖင်မိုးထောင်ပြီးနေတဲ့ တစ်တီတူးငှက်တွေလိုပေါ့…စိုက်မှမစိုက်ရသေးဘူး ဖြစ်ပါ့မလား စိုးရိမ်နေကြတာ၊ ကျုပ်တို့ပြီးခဲ့တဲ့နှစ်က နွေစပါးစိုက်တဲ့ကိစ္စ ပြန်စဉ်းစားကြည့်ကြပါ၊ မစိုက်ခင်တုန်းကတော့ လူတွေကို တိရစ္ဆာန်လို့ ထင်နေသလား။ ဘာလားနဲ့ အနားကိုမရတော့ဘူး။ သေတော့မှာပဲ ဘာပဲနဲ့…ဟော ခု နွေစပါးတွေရကြတော့ တီဗွီတိုင်နဲ့၊ သွပ်မိုးနဲ့၊ ဖိုးသာကျော်တို့ကျတော့ မယားငယ်ငယ်လေးတောင် ယူထားလိုက်သေးတယ် မဟုတ်လား"

ရုံးခန်းအတွင်းဝယ် ထိန်းမနိုင်၊ သိမ်းမရ ဝက်ဝက်ကွဲအောင် ရယ်မောနေကြသည်။ ဖိုးသာကျော်ကား ခေါင်းမဖော်နိုင်ရှာပေ။

**အခန်း(၃)**

အာပေါင်အာရင်းသန်သန်ဖြင့် ကာကွယ်ဆေးထိုးဖို့ နေထိုင်မကောင်းဖြစ်လျှင်လည်း သတင်းပို့ဖို့ပြောပြီး၊ ဒီနေ့ ဘယ်လိုရောဂါမျိုးတွေ ဖြစ်နေသည်ဆိုတာလည်း ဆွေးနွေးရင်း တောင်သူဦးကြီးများနှင့် ဆရာကိုလေးအောင် အဖွဲ့ကျနေလေတော့သည်။ ဆရာနှင့် ဒကာ အလွန်တရာမှ အလွမ်းသင့်ကြသော်လည်း ဒီနေ့ တောင်သူများမှာ လက်ပူမှ နားရွက်သတိရကြတာများပါသည်။ ကာကွယ်ဆေးထိုးဖို့ပြောလိုက်လျှင်



ဆရာတို့ဆေးတွေက
ဒီအဘော ပုလင်းထဲက
စုပ်လိုက်၊ ထိုးလိုက်နဲ့
နောက်ပြီး
ပုစဥ်းသေးပေါက်သလောက်
ထိုးပေးနေတာ
ဘာထိရောက်မှာလဲ၊
ဒီရွာမှာလည်း
ရောဂါဝင်နေတာ
ဆေးများများထိုးမှ
ခံနိုင်ရည်ရှိမှာပေါ့ဗျာ...

ဆရာရေ・・・ကျွန်တော့်နွားက နေကောင်းနေတာပဲ၊ ဘာမှထိုးစရာမလိုပါဘူး၊ ရပါတယ်၊ မတော်တဆ ရောဂါဝင်ပြီး သေပြန်ရင်လည်း ပေါ်စားချင်သောလူများက အမောဆို့လို့ သက်လုံကွဲလို့ ရေနစ်လို့ မြွေကိုက်လို့ လိမ်နည်းတစ်သိန်းနဲ့ ယုတ္တိရှိရှိ လိမ်ညာကာ ဖျက်ဆီးစားသောက်ကြတော့သည်။ အဲဒီကာတည်းက ရောဂါဖြစ်ပြီးသားဖြစ်ကာ ရောဂါမျိုးစုံဆက်၍ ကူးရောက်သွားသည်။ အတောမသတ် သေကြေပျက်စီးကြရသည်။ အဲဒီအချိန်မှ ဆရာဝန်မလာလို့၊ ဆေးမထိုးပေးလို့၊ အို・・・ပြလိုက်သည့် အကြောင်းပြချက်၊ ပြလိုက်သည့် ဆင်ခြေစုံလို့ပါ။ တတ်လည်းတတ်နိုင်တဲ့လူတွေပဲဟု ဆရာကိုလေးအောင် တစ်ခါတစ်လေ တွေးမိသည်။

ကာကွယ်ဆေးထိုးသည့်အခါ တစ်ခါတရံ နွားပိန်ခြင်း၊ ဝမ်းသွားခြင်း၊ အစာစားပျက်ခြင်းတို့ကြောင့် ကာကွယ်ဆေးထိုးခြင်းကို လက်မခံသော တောင်သူများက ကာကွယ်ဆေးမထိုးရန် စည်းရုံးကြသည်။ ၎င်းအကြောင်းအရာများကို နားလည်မှုရှိအောင် ဆရာကိုလေးအောင် အမြဲရှင်းပြနေတတ်သည်။ ရှင်းပြပြီးသည့်အခါ၌လည်း ခွေးမြီးကောက် ကျည်တောက်စွပ်ပါပဲ၊ တောင်သူတွေမှာ မိမိနားမလည်သော်လည်း အခြားသူများ၏ ပြောစကားကိုသာ တစ်ထစ်ချ ယုံကြည်ကြသည်။ ထို့အတွက်ကြောင့် အချို့လုပ်ငန်းများ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ခါးပြတ်နေခြင်းဖြစ်သည်။ ထန်းတောကြီးမှာ နွား လေးငါးကောင်လောက် ရုတ်တရက် ဖြတ်ခနဲသေသွားသည်။ ကြပ်တို့ နုတ်တို့မလုပ်မီ ဆရာကိုလေးအောင် ထန်းတောကြီးသို့အရောက်သွားပြီး၊ အမြန်ဆုံးပြေမှုပ်နိုင်းလိုက်သည်။ ထန်းတောကြီး ဆေးထိုးနေတုန်း သပြေတောမှာလည်း နွားနှစ်ကောင်လောက် ပျက်စီးပြန်သည်။ ချက်ချင်း ဆရာကိုလေးအောင် သပြေတောလာပြီး ဆေးထိုးသည်။ တောင်သူတွေကိုဆရာစိတ်ပျက်နေသည်။အကောင်နှစ်ရာလောက်ရှိသည့် နွားအုပ်ကို တစ်ပြိုင်တည်း မထိုးပေးနိုင်ပါ။ ရောက်လာကတည်းက သူ့အရင် ငါ့အရင်ထိုးဖို့ပဲ အရေးကြီးနေသည်။

အရွယ်မရောက်သေးသော ကလေးများနှင့် နွားများ၊ ကျွဲများ ထည့်လွှတ်လိုက်သည့်ကိစ္စဖြစ်သည်။ ဆေးထိုးသည့်နေရာမှာ ကျွဲနွားတွေက အများကြီးရှိကာ တစ်ကောင်နဲ့တစ်ကောင်ငွေရင်၊ ကန်ရင် ဘယ်နှယ်လုပ် ရှောင်တိမ်းမလဲလို့ မိဘတွေက မစဉ်းစားကြပါ။ ကျွဲ နွား ဆေးထိုးရသည့်မှာ အန္တရာယ်အများကြီး ဝန်းရံနေလျက်ရှိသည်။ ဆရာကိုလေးအောင်တို့ သိုင်းပညာတတ်ထားရသည်။ နောက်ပြသနာမှာ ဆေးထိုးသည့်ကိစ္စပါပဲ။ ခု အဲဒီပြဿနာတက်နေတာဖြစ်သည်။ ရှင်းပြလို့လည်း၊ လက်မခံချင်သလို၊ လက်ခံချင်သလို ပြောကြသည်။ အကဲဆုံးက ကိုသံစုံပင်ဖြစ်သည်။

"ဆရာလေးရေ・・・နွားက ခန္ဓာကိုယ်အကြီးကြီးပဲ။ ဒီဆေးပွတ်ကလေးနဲ့ သကြန်ရောကစားသလို တပြွတ်ပြွတ်ထိုးနေလို့က ဘယ်လာထိရောက်တော့မှာလဲ၊ နောက်ပြီး ထန်းတောကြီးမှာလည်း၊ ရောဂါဖြစ်နေတယ် မဟုတ်လား။ ရောဂါဖြစ်တော့ ဆရာလေးတို့ပဲ ဆေးထိုးပေးတယ်လေ၊ ဒါပေမဲ့ ခုထိ ဆက်သေနေတုန်းပဲ၊ ဘယ်မှာ ရောဂါစက်စင်သေးလို့လဲဗျာ၊ ဒါကြောင့် ကျုပ်နွားတွေ ဆေးများများထိုးဖို့ လိုလိမ့်မယ်နော်"

ဘုန်းကြီးစာချလိုက်သော ကိုသံစုံကို ဆရာကိုလေးအောင် ထပ်မံရှင်းပြလိုက်ပြန်သည်။

"ဒီလိုရှိတယ်ဗျာ၊ ထန်းတောကြီးမှာက ရောဂါအဆက်ရှိနေတယ်၊ ရောဂါဖြစ်နေတယ်ပေါ့၊ ဒီတော့ ရောဂါပိုးခင်နေတဲ့ ကျွဲ နွားကို ကာကွယ်ဆေးထိုးမိရင်လည်း ရောဂါရသလိုဖြစ်ပြီး ကျွဲ နွားပျက်စီးနိုင်တယ်၊ ဒါကြောင့် ရောဂါမရှိတဲ့ ကျွဲ နွားတွေကို ဒီရောဂါတွေမဖြစ်အောင် ခံနိုင်ရည်ရှိတဲ့ ရောဂါပိုးတွေ ထည့်ပေးလိုက်တာပေါ့၊ တချို့ ကျွဲ နွားတွေကျတော့ အစားပျက်

မယ်၊ ဝမ်းပျော့မယ်၊ မလန်းဆန်းရှိမယ် မေ့ချာ၊ အကယ်၍ ဒီလိုဖြစ်တယ်ဆိုတာနဲ့ ဆရာတို့ကို ပြန်ပြောပါ၊ ချက်ချင်းလုပ်စရာ ရှိတာ လုပ်ပေးပါ့မယ်၊ နောက်ပြီး ကိုသံစုံ ပြောသလို နွားတစ်ကောင် ပိုက်တစ်လုံး ထိုးပြန်ရင်လည်း ဆေးအတွက် လေးပြီး ဓာတ်ပြုဖြစ်တတ်ပြန်ရော၊ ခု သတ်မှတ်ထားတဲ့ နှုန်းအတိုင်းထိုးဖို့ တစ်ခါတည်းညွှန်ကြား ထားပြီးသားပါ၊ ဒီအတိုင်းပဲ ထိုးရမှာပေါ့ ချာ၊ ပိုပြီးထိုးလို့က တိရစ္ဆာန်ရဲ့ အသက် အန္တရာယ် အများကြီးရှိလာနိုင်တယ်"

"ဆရာရေ…ဒီလို သကြဲ့နှုန်းပြတ်နဲ့ ပက်သလို ထိုးလို့မဖြစ်ဘူး၊ ဖြစ်ချင်ရာဖြစ် ကျွန်တော့်နွားတွေတော့ အဲဒီပိုက်နဲ့အပြည့် တစ်ပိုက်တစ်ကောင်သာ ထိုးပေးပါဆရာ"

ဆရာကို ဆရာလုပ်လိုက်ခြင်းကြောင့် ဆရာကိုလေးအောင် ကျွဲမြီးတိုသွားသော်လည်း သည်းခံစိတ်ဖြင့် စိတ်ထိန်းလိုက်သည်။

ကိုသံစုံ ပိုက်ပဲလာသည်။

"ဆရာတို့ဆေးတွေက ဒီအဘော ပုလင်းထဲက စုပ်လိုက်၊ ထိုးလိုက်နဲ့ နောက်ပြီး ပုစဉ်းသေးပေါက်သလောက် ထိုးပေးနေတာ ဘာထိရောက်မှာလဲ၊ ဒီရွာမှာလည်း ရောဂါဝင်နေတာ ဆေးများများထိုးမှ ခံနိုင်ရည်ရှိမှာပေါ့ချာ၊ လုပ်ပါဆရာ…ဆရာ့ အတွက် အကျိုးမယုတ်စေရပါဘူး။ ကျုပ်က သိတတ်ပါတယ်"

စေတနာကို အစော်ကားခံလိုက်ရသော ဆရာကိုလေးအောင် ရုတ်တရက် စားပွဲပေါ်မှာတင်ထားသော ကာကွယ်ဆေး ပုလင်းကို လျှင်မြန်ဖျတ်လတ်စွာ ဆွဲယူလိုက်ပြီး ပိုက်တစ်လုံးစီ စုပ်လိုက်သည်။ ကိုသံစုံ အသင့်ကိုင်ထားသော နွားပြာတစ်ရှဉ်းကို ငိုင်ငိုင်နိုင်နိုင်ကြီး ထိုးချလိုက်တော့သည်။

"ကဲ…ကျေနပ်သွားပြီ မဟုတ်လား ကိုသံစုံ၊ ခင်ဗျားရဲ့ နွားတွေဆီက မကြာခင် ရက်ပိုင်းမှာ သံစုံတွေကြားရပါတော့မယ်၊ ကဲ-သွားပေတော့"

ကိုသံစုံ ပျာပျာ ပျာပျာနဲ့ ဆရာကို လေးအောင်ဆီလှမ်းလာကာ-

"ဆရာကလည်း ပြောရော့မယ်၊ သံစုံ ကြားရတယ်ဆိုတာ ကျွန်တော့်ကြောင့်ဖြစ်လာတဲ့ ပြဿနာတွေရဲ့အသံကို ရွာထဲကလူတွေ ဗိုက်ကျူးတောပနာပြု ခေါ်တာပါဗျာ၊ ဘယ့် နှယ် ကျုပ်နွားတွေက သံစုံကြားရမယ်လို့ တောက်တီးတောက်တဲ့၊ ကြော် . . .ဒါနဲ့ ဆေးဖိုး ဘယ်လောက်ကျပါသလဲ ဆရာ"

ကိုသံစုံ၏ ကာချော်ကချွတ်ပြောလိုက် သောစကားကြောင့် ကာကွယ်ဆေးထိုး လိုက်စဉ်က စိတ်လိုက်မာန်ပါလုပ်လိုက်သည့် လုပ်ရပ်ကို သတိရကာ ဆရာကိုလေးအောင် ဝမ်းနည်းကြေကွဲသွားပါတော့သည်။

"ဟာ…ငါမှားသွားပြီ၊ တောက်- မိုက်လိုက်တဲ့ငါ့နှယ်၊ နွားထက်၊ ကိုသံစုံထက် မိုက်မဲတဲ့ငါပါလား"

ဆရာကိုလေးအောင် ငြေမငြေနိုင် အောင် ရှိနေချေပေပြီ။ ထင်ရာမြင်ရာ စွတ်ပြောတတ်သော ကိုသံစုံလိုလူမျိုးနဲ့ ဘက် ပြိုင်လိုက်ကာ အပြစ်မရှိ အသိတရားမဲ့သည့် တိရစ္ဆာန်တွေရဲ့အပေါ် ပြုရက်လေခြင်းလို့ ယူကြုံးမရ ဖြစ်နေတော့၏…

"ဆရာ…ဆရာ…ဆရာ…ကိုသံစုံ နွားတစ်ရှဉ်းလုံး ဆိုးဆိုးဆတ်ဆတ်တုန်ပြီး ပစ်ပစ်လဲနေပြီ…ဆရာ၊ လုပ်ပါအုံး"

ရှေ့ပြေးသတင်းလာပို့သည့် ဖိုးငွေ မောင်းကို အံ့သြထိတ်လန့်တဲ့ အမူအရာနဲ့ ကြည့်နေသော ဆရာကိုလေးအောင်သည် ကြက်သေ သေနေပြီး ငိုင်ငိုင်ကြီးရပ်နေ လျက် ရှိနေတော့သည်။

"ဆရာရေ…လုပ်ပါအုံး၊ နွားတွေ မြေကြီးပေါ်မှာလဲလိုက်၊ လက်တွေ၊ ခြေ ထောက်တွေ တခြောင်းခြောင်းနဲ့ ရိုက်လိုက် သလိုဖြစ်နေပြီဆရာ၊ ကယ်ပါအုံးဆရာ၊ နှစ် ကောင်လုံး ဖြစ်နေတာဆရာ…နှစ်ကောင် လုံး"

သည်းခံမှုမဲ့သွားသော ဆရာကိုလေး အောင် ရုတ်တရက် အသိတရားဝင်လာပြီး အသက်ကယ်ဆေးအိတ်ဆွဲကာ ကိုသံစုံ နွား များရှိရာသို့ ဒုံးစိုင်း၍ပြေးလေပြီ၊ နောက်ဆုံး ရင်ခုန်သံအထိ စောင့်ဆိုင်းနေရအုံးမည့် နွားပြာတစ်ရှဉ်းကို စွမ်းအားပြင်းလှသည့် အသက်ကယ်ဖြေဆေး Antidote က ကယ် ဆယ်ကူညီပြီး အသက်ဆက်ကာ ပြန်လည် ရှင်သန်လာလိမ့်ဦးမည်လို့ ဆရာကိုလေး အောင် မှတ်ယူရင်း…။

**သင်းအောင်သန်း**

## သူ့အမြင်နှင့် သူ့ကျောင်း

ကျောင်းဆရာတစ်ယောက်ဟာ အောက်ပါ ဝေဖန်ချက်ကိုပေးပြီး ကျောင်းကနေ ထွက်သွား ပါတယ်။

"ယနေ့ အစိုးရကျောင်းများတွင် ကျောင်း ဆရာသည် ကျောင်းအုပ်ကြီးကို ကြောက်ရ၏။ ကျောင်းအုပ်ကြီးများသည် ပညာရေးမှူးကို ကြောက်ရ၏။ ပညာရေးမှူးများသည် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ကို ကြောက်ရ၏။ ယင်း အဖွဲ့သည် ကျောင်းသားမိဘများကို ကြောက်ရပြီး၊ မိဘများသည် သူတို့၏ သားသမီးများကို ကြောက်ရ၏။ သို့သော် ကျောင်းသား၊ ကျောင်းသူများကား ဘယ်သူ့ကိုမှ မကြောက်ကြပေ"။

**မောင်သီဟ**





ကျွန်တော်တို့နှစ်ယောက်လုံး
အရွယ်လည်း အိုစိတ်လဲပြိုနဲ့
နစဉ်ကရှိခဲ့တဲ့ မာနတွေ၊ မာန်တွေလည်းကျမို့
အားလုံး "အကျ"ပိုင်းကိုရောက်

ကျွန်တော် အသက် ၆၀ ပြည့်လို့ ပင်စင်ယူခဲ့တာ ၁၀ နှစ်ကျော်ပါပေါ့။ ကျွန်တော့် မဟေသီလည်း မတိမ်းမယိမ်း ပင်စင်ယူခဲ့တာ။ ဒီတော့ ကျွန်တော်တို့ နှစ်ယောက်လုံး အရွယ်လည်း အို၊ စိတ်လဲပြိုနဲ့ နစဉ်ကရှိခဲ့တဲ့ မာနတွေ၊ မာန်တွေလည်းကျမို့ အားလုံး "အကျ"ပိုင်းကိုရောက်နေကြသူတွေဆိုလည်း မမှားဘူးပေါ့ဗျာ။

လက်ရှိတော့ ဇနီးမောင်နှံက မြောက်ဒဂုံမှာနေပါတယ်။ သားသမီး ၃ယောက်လုံးက နယ်မှာပါ။ သမီးကြီးနဲ့ သားလတ်က အိမ်ထောင်ကျပြီး သားငယ်တစ်ယောက်ပဲ လူပျိုပေါ့။ သူလည်း အဝေးတစ်နေရာမှာ တာဝန်ကျနေတော့ အိမ်ကပ်သားသမီး တစ်ယောက်မှမရှိဘဲ အဖိုးကြီး၊ အဖွားကြီးနှစ်ဦးထဲ နှစ်ယောက်ပေါင်း ပင်စင်လစာလေးရယ်၊ သားသမီးဆီက ပုံမှန်မဟုတ်တဲ့ ကန်တော့ငွေလေးတွေနဲ့ မရှိမရှားဘဝမှာ အေးချမ်းစွာနေနိုင်ပါတယ်။

အသက်အရွယ်က အကျပိုင်း ရောက်လာတော့လည်း "အကျ"တွေပဲ တွေ့ရ ကြုံရတော့တာပေါ့ဗျာ။

"မိန်းမရေ နောက်လမှာ တို့ကျောင်းဒေးရှင်းရဲ့ ညစာစားပွဲရှိသကွ၊ အဲဒီပွဲမှာ ဘောင်းဘီလက်ရှည်ဝတ်ရအောင်၊ သားရေရှူးဖိနပ်တစ်ရံတော့ ဝယ်အုံးမှထင်တယ်၊ ဖော့ကင်းရှူးက ကျင်းဘောင်းဘီနဲ့ပဲ လိုက်တာ၊ စတိုင်ဘောင်းဘီကျတော့ သားရေရှူးနဲ့မှ လိုက်ဖက်မှာကွ"

"ဘာရယ် ··· ·ဒီအရွယ် အကျပိုင်းရောက်မှ လှချင်နေတုန်းလား၊ သားရေရှူးနဲ့မှ လိုက်တယ်ဆိုလည်း ရှင့်သားငယ် ဒီတစ်ခေါက်လာတုန်းက ထား သွားတဲ့ သားရေရှူးရှိတယ်လေ၊ အဲဒါပဲ စီးသွားပေါ့၊ ဒီအရွယ်မှ လိုက်ဖက်ညီတာ၊ မညီတာတွေ စဉ်းစားနေသေး။ ဘယ့်နှယ် အကျပိုင်းရောက်မှ လှချင်တုန်း။ ဖိနပ်ပုံလှလှ မလှလှ ကျွတ်မကျရင် ပြီးတာပဲ"

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အကျပိုင်းရောက်တော့လည်း ပစ္စည်းအကျကိုပဲ သုံးရတော့မှာပေါ့။

ကျွန်တော်တို့နှစ်ဦး ကျန်းမာရေးအတွက် မနက်တိုင်းလမ်းလျှောက်ပါတယ်။ လမ်းလျှောက်တိုင်း ဖွပ်ကျယ်နဲ့ပဲမို့ မဟေသီကို "မနက်လမ်းလျှောက်ရင် ဝတ်ဖို့ စပို့ရှပ်တစ်ထည်လောက် လုပ်ပါအုံး" ဆိုတော့လည်း အရင်ခေတ်ပြားဟောင်းကြီးပါပဲ။

"ရှင့်သားလတ် လူပျိုတာဝတုန်းက ဝတ်ပြီးထားခဲ့တဲ့ စပို့ရှပ်တွေ ပေါ်မှပေါ၊ အဲဒါတွေ ဘာလုပ်ဖို့ထားသလဲ၊ ဆိုဒ်လေး နည်းနည်းကြီးနေပေမယ့် ကောင်းပါတယ်၊ လမ်းလျှောက်ရင်းဝတ်တာပဲ၊ ဘာဖြစ်တာမှတ်လို့"

ဟုတ်ပါတယ်လေ၊ အရွယ်က အကျပိုင်းဆိုတော့လည်း ပစ္စည်းအကျပဲ သုံးရမှာ၊ ဒီလိုပဲ ပြေလိုက်ရပြန်ပေါ့။

"အဲဖေ ဖုန်းကတ်(ဓ်)သုံးနေတဲ့ လက်ကိုင်ဖုန်းလေးက ငယ်တယ်၊ သားရဲ့တက်ပလက်ဖုန်း ယူထားလိုက်ပါလား"

သားငယ် တစ်ခေါက်က အိမ်ရောက်တော့ ပေးသွားတာ။ အစတော့လည်း သူ့"အကျ" တက်ပလက်လေးဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့ မေ့စ်ဘွတ်(ခ်)သုံးလို့ အဆင်ပြေလိုက်တာ။

သူကတော့ Samsung Note 5 အသစ်တစ်လုံး ဝယ်သွားလေရဲ့။

မျက်မှန်သစ်ဆေးတွေ ဒီခေတ်မှာ လူတိုင်းလိုလိုသုံးကြပါတယ်။ ကျွန်တော်တို့လင်မယားလည်း သုံးပါတယ်။ အထူးသဖြင့် ကျွန်တော့်သားသမီးတွေ သုံးတာကြာပြီ။ သူတို့ကတော့ မျက်မှန်သစ်ဆေးတွေ "ညစ်" လို့ မထွက်တော့ရင် "အသစ်" ဝယ်လိုက်တာပဲ၊ လွယ်ပါ့၊ တစ်



> မဝယ်ပါနဲ့အုံး မိန်းမရာ၊ စာကြည့်မျက်မှန်ဆိုတာ
> အမြဲတပ်ရတာမှမဟုတ်တာ၊ စာဖတ်မှ လိုတာဆိုတော့
> သည်းခံလိုက်ပါအုံး၊ ရှစ်ထောင် တစ်သောင်း ဆိုတာလည်း
> တို့လိုပင်စင်စားတွေအတွက် မနည်းဘူးဟ . . .

ဘူးကို ၄-၅-၆ ထောင်။ အိမ်မှာ သူတို့ အထူးသဖြင့် သား အငယ်ဆုံးပေါ့၊ ညစ်လို့မထွက်တော့တဲ့ မျက်နှာသစ်ဆေးတွေ ခအောခဏ ထားခဲ့တာ။

ကျွန်တော်တို့က အဲဒီမျက်နှာသစ်ဆေးဘူးတွေကို အလယ်က ကတ်ကြေးနဲ့ဖြတ်။

မိန်းမက အပေါ်ပိုင်း၊ ကျွန်တော်က အောက်ပိုင်း။ မျက်နှာသစ်ဆေးဘူး "အကျ"ကို တစ်ဝက်စီ ခွဲပြီးယူလိုက်ကြ။ ညစ်လို့သာ မရတာပါ၊ လက်နဲ့နိုက်ပြီး တို့၊ ပွတ်၊ သစ်ရင် အနည်းဆုံး ၁၅ ရက်၊ ရက် ၂၀ တော့ သုံးရသေး။ ကျွန်တော်တို့ရဲ့ သုံးလက်စတွေကို ခရီးထွက်မှသုံး။ အိမ်မှာတော့ သူတို့တွေရဲ့ "အကျ" ပေါ့၊ ဟုတ်လို့။

ကျွန်တော့်မဟေသီ တစ်ရက်မှာ သူ့စာကြည့်မျက်မှန်ပေါ် နမော်နမဲ့ ထိုင်ချမိတာ ကျိုးပါပကော။ ကျိုးသွားတာဆိုတော့ အသစ်တစ်လက် ထပ်လုပ်အုံးတဲ့။ ဒီတော့ ကျွန်တော်က–

"မဝယ်ပါနဲ့အုံး မိန်းမရာ၊ စာကြည့်မျက်မှန်ဆိုတာ အမြဲတပ်ရတာမှမဟုတ်တာ၊ စာဖတ်မှ လိုတာဆိုတော့ သည်းခံလိုက်ပါအုံး။ ရှစ်ထောင် တစ်သောင်း ဆိုတာလည်း တို့လိုပင်စင်စားတွေအတွက် မနည်းဘူးဟ"

ကျွန်တော့်သမီးလေး ၈ တန်းကတည်းက မျက်မှန်တပ်ရတာ လက်ရှိမှာ တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါဆိုသလို ကြည့်မကောင်းတိုင်း မျက်စိစစ်တတ်ပါတယ်။ သူက စီးပွားရေးသိပ်မဆိုးတော့ ပါဝါအတိုးအလျှော့လုပ်တိုင်း မှန်သာမက ကိုင်းပါလဲတတ်တယ်။ အဲဒါကို ကျွန်တော်က သိပြီးသားလေ။ သမီးဆီ လှမ်းမှာလိုက်တော့ သူသုံးပြီးသား မျက်မှန်ကိုင်း "အကျ" လေး ရောက်လာပါလေရော။

"စာမချုပ်ပါနဲ့တော့ကွာ၊ ပုံက မလှရင်နေပါစေ၊ ကိုယ်နဲ့လိုက်လိုက်၊ မလိုက်လိုက် စာကြည့်မျက်မှန်ပဲ တစ်ခါတစ်ရံမှ တပ်ရတာ ဖြုတ်မကျရင်ပြီးတာပဲ"

ဒီတော့လည်း မဟေသီက လက်ခံပါတယ်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အရွယ်'ကျ'တော့လည်း ပစ္စည်း 'အကျ'ပဲ သုံးရမှာပေါ့၊ ရှဲ့တာလိုလို၊ လက်ခံတာလိုလို အသံကြီးနဲ့။

နှစ်စဉ် သမီးကြီးတို့သား အမိ သင်္ကြန်ဆို လာလည်ကြပါတယ်။ အပြန်မှာ ကျွန်တော့်မဟေသီရဲ့ ရှမ်းပြည်ရောက်ခိုက်တုန်းက ဝယ်ခဲ့တဲ့ ရှမ်းလွယ်အိတ်... 



'အကျ'ပိုင်းရောက်လို့
ရေစီးအားမသန်တော့တဲ့ အခြေအနေမှာတောင်
ရှိစုမဲ့စုအားလေးနဲ့ မခမ်းမချင်း စီးဆင်းနေအုံးမှာ၊
ဒါ. . .'စုန်ရေ'ရဲ့. . .

တစ်ခါလောက်ပဲ ဝတ်ပြီးပစ်ထားမှာ မယူပါနဲ့''ဆိုလည်း မရဘူး။

''ယူမှာ· · ·ယူမှာ၊ ဒီအရောင်လေး သမီးကြိုက်တယ်၊ ကြိုက်တယ်''နဲ့ တစ်ခါမှ မဝတ်ရသေးတဲ့ ဝတ်စုံအသစ်လေး ပါသွားရော။

တစ်နေ့ ကျွန်တော်တို့ လင်မယားမင်္ဂလာဆောင်တစ်ခုကို သွားမလို့ ''မိန်းမရေ၊ ပြီးခဲ့တဲ့ သီတင်းကျွတ်တုန်းက ကန်တော့ခံရထားတဲ့ လည်ကတုံးအင်္ကျီလေးထုတ်ကွာ၊ တိုက်ပုံနဲ့ဝတ်ရအောင် အရင် လည်ကတုံးတွေက အရောင်နည်းနည်း မှိန်နေပြီ''

''ရှင် မမှတ်မိဘူးလား။ အယ်ကောင် ဒီတစ်ခေါက်ရွှေတန်းအပြန် အိမ်ဝင်လာတုန်းက ရွှေတိဂုံဘုရားသွားဖို့ဆိုပြီး ရှင့်အင်္ကျီလည်ကတုံးအသစ်လေး ယူဝတ်သွားတာလေ''

သွားရော··အသစ်ကလေးပါသွားပြီ။

ဒါပဲလေ၊ စုန်ရေဆိုတာ။

''အကျ''ပိုင်းရောက်လို့ ရေစီးအားမသန်တော့တဲ့ အခြေအနေမှာတောင် ရှိစုမဲ့စုအားလေးနဲ့ မခမ်းမချင်း စီးဆင်းနေအုံးမှာ၊ ဒါ···'စုန်ရေ'ရဲ့သဘာဝပဲလေ။

**ကျော်မြမိုး**



## အရည်အချင်းရှိသူမို့

ရုံးလုလင်တစ်ယောက်ဟာ သူ့ဆရာနဲ့အတူ အမျိုးသမီးနှစ်ဦးထိုင်နေတာကို သတိပြုလိုက်မိတယ်။

**ရုံးလုလင်။** အဲဒီမိန်းကလေးနှစ်ယောက်က ဘယ်သူတွေပါလဲဆရာ၊

**ဘော့စ်(Boss)။** တစ်ယောက်က ငါ့ဇနီး၊ အခြားတစ်ယောက်က မာရီလင်မွန်ရိုး (Marilyn Monroe)ပဲ။



**ရုံးလုလင်။** ဘယ်တစ်ယောက်က မာရီလင်မွန်ရိုးလဲ ဆရာ။

ဒီတော့ ဘော့စ်က သူ့အိတ်ကပ်ထဲက တစ်ဒေါ်လာထုတ်ယူပြီး လုလင်လေးကို ပေးလိုက်ပါတယ်။

**ရုံးလုလင်။** ဘာအတွက်ပေးတာလဲ ဆရာ။


**ဘော့စ်။** ဘာရယ်မဟုတ်ပါဘူးကွာ။ မင်း ဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်လာတဲ့အခါ တစ်ခါက မင်းကို ငါ ပိုက်ဆံချေးဖူးတာကို အမှတ်ရစေချင်လို့ပါ။

**မောင်သီဟ**

# ဖိုးကျော်ဖိုး (မကွေး)

## အဲဒီတော့ ပြောစရာဖြစ် ကျန်ရစ်ပြီ...

ဦးရှမ်းကြီးဇရပ်၊ အတက်၌ ဘုရားလမ်းအဆုံး၊ ရှေ့ဆက်လျှင် လမ်းနှစ်မြွာခွဲထွက်၏။ တစ်လမ်းမှာ ကမ်းနားလမ်း၊ နောက်တစ်လမ်းမှာ မင်းလမ်း။ ထိုလမ်းကို ဦးတည်ပါလျက် ဖြတ်တက်လာသော ဆိုက်ကားအား ပွတ်ဆွဲမိမည်စိုးသဖြင့် ရှောင်လွှဲလိုသည့် ကမ်းနားလမ်းထဲသို့ သူ့ဆိုင်ကယ်ကို တည့်တည့် မောင်းဝင်လိုက်ရသည်။



ခင်ကြီးဒွေး ကျောင်းရှေ့ကို စတင်ဆင်းမိချိန် မှစ၍ မိုးဆွေ ရင်ထဲတွင် ကြီးစွာသောအမှား လွန်ကျူးမိသူသဖွယ် နောက်ကျိသွားသည်။ အမှန်မှာ မှားယွင်းခြင်းမဟုတ်ဘဲ ပြန်လှည့် နိုင်သေးသည်။ နောက်ပြန်ဆုတ်၍လည်း သွားနိုင်သည်။ သို့သော် ညှို့ငင်ခံရသကဲ့သို့ သမျှဒွေရွတ်၍ သူ့ဆိုင်ကယ်ကို ထိန်းမောင်း ခဲ့သည်။ ရှေ့က ကိုက် ၃၀၀ ကျော် လမ်းဆုံ တွင် သူမကို မကြာခဏ မြင်ဖူးခဲ့သည်။

မြင်ဖူးခဲ့သောလမ်းမှာ (၁၃)၊ အုံညြဖို့ မလိုအပ်ပါ။

✦ ✦ ✦ ✦ ✦ ✦

မည်သို့သော တမ်းမက်မှုက စေ့ဆော် ၍ ထိုလမ်းကလေးကို ရင်ခုန်နေကြောင်း သေချာမသိခဲ့ပါ။ ထိုလမ်း။ ထိုနေရာက မိုး ဆွေအဖို့ ဆင်းရဲသောကာအပြည့်။ ရှုပ်ထွေး ပွေလီသည့် တွေးခေါ်စရာ ပြဿနာများစွာ ရှိခဲ့သည်။

''ခင်ကြီးဒွေးရေချိုးဆိပ်မှာ ရေနစ်ပြန် ပြီ''

ဝမ်းနည်းစရာ ထိုသတင်းကို သူငယ် ချင်းတစ်ဦးက လာကတို့ပြောတော့ မိုးဆွေက ရူပဗေဒ လက်တွေ့ခန်းမှာ။ မြင်ခဲ့ဖူးသော အပြစ်ထက် မပို။ အရင်းနှီးဆုံး ပတ်ဝန်းကျင် ပဲဟုတော့ သတိရလိုက်၏။ မိမိနိုင် အမည် နှင့်တွဲလျက် မတုန်လှုပ်မိခဲ့ပါ။ နာရေးကူညီမှု အသင်းက ဖုန်းမဆက်ပါလား။ အသင်းသား တွေ ပျာယာခတ်၊ အလုပ်ရှုပ်နေမှာပဲဟုသာ မိုးဆွေ တွေးတောပူပန်မိခဲ့သည်။ သူက ကာရုဏာရှင်အသင်းမှာ လိုအပ်သည့်နေရာ၌ တာဝန်ပေးဖို့ အမည်စာရင်းသွင်းထားသူ။ Volenteer ပဲ။ ကျောင်းအားရက်နှင့် ညစဉ် နီးပါး နာရေးရုံးသို့ ရောက်ရောက်သွားတတ် သည်။ ယခု သရုပ်ပြဆရာမအလစ် Silent ပေးထားသော သူ့ဖုန်းကို နိုးကြည့်သည်။ Miss Call မတွေ့။ လျှပ်စစ်စက်ကွင်းပြင်း အား လက်တွေ့ချိန်ပြီးမှ ရေနစ်သေဆုံးမှု အခြေအနေကို မိမိနိုင်ထံ ဖုန်းဆက်၍ မေး မြန်းရမည်။ သူတွေးဆဲခဏ မိမိနိုင်အတွက် မစိုးရိမ်ခဲ့တာ သေချာသည်။ သို့သော် ထို ရေချိုးဆိပ်ကတော့ မြို့ပေါ်မှာ နာမည်ကြီး။ မသိသူမရှိ။ တစ္ဆေသရဲများ အသင်းအဖွဲ့ဖြင့် နေသည်တဲ့။ တချို့ကတော့ ဥစ္စာစောင့်

သိုက်တဲ့။ လပြည့် လကွယ်ညများဆိုလျှင် အပေါင်း အသင်းလဲဖို့ လူခေါ်သံ၊ အော် ဟစ်ငိုညည်းသံများကို အတိုင်းသားကြားရ သတဲ့။ ထိုအသံများက မြစ်ရေတက်သံ၊ လှိုင်းပုတ်သံဖြင့် ရောနှော၍ သွေးလန့်ချင် စရာဟု လူပြောသူပြောများသည်။ ဤသို့

မည်သို့သော တမ်းမက်မှုက
စေ့ဆော်၍ ထိုလမ်းကလေးကို
ရင်ခုန်နေကြောင်း သေချာမသိခဲ့ပါ။
ထိုလမ်း။ ထိုနေရာက မိုးဆွေအဖို့
ဆင်းရဲသောကာအပြည့်။
ရှုပ်ထွေးပွေလီသည့်
တွေးခေါ်စရာ ပြဿနာများစွာ...



သတင်းမျိုး၊ ထိတ်လန့်ကြသည့်အတိုင်း ထို နေရာ၌ ရေနစ်ကျပြီဆိုလျှင် အတွဲလိုက်။ သုံးယောက်ထက်မနည်း။ သေဆုံးတတ် သည်က ၂နှစ်တစ်ကြိမ်၊ ၃နှစ် တစ်ကြိမ်။ သို့သော် သူစိမ်းဧည့်သည်များ။ အကြောင်း သိသော ဒေသခံများ ထိုအဖြစ်ဆိုးမျိုး မကြုံ တော့သည်မှာ မထူးဆန်း။ အုံညြဖို့မရှိပါ။



ဒီနေ့တော့ မသေကောင်း။
မပျောက်ကောင်း နာမည်ဆိုးနှင့်
နေရာမှာမှ ရေနစ်သတဲ့။
အဲဒီနေရာက ရေနစ်လျှင်
တစ်ယောက်တည်းမဟုတ်။
ဘုရား-ဘုရား။
မြစ်ထဲရေဆင်းချိုးမှတော့
အိမ်ရှင်သူငယ်ချင်းလည်း...

ခေါက်ဆုပ်ရော အနံ့ရာယ်အရပ်မှာ သတ်မှတ်၍ ရှောင်တိမ်းတွန့်ဆုတ်တတ်ကြ၏။ မမြင်မတွေ့၊ တို့ထိမရသည့် ပရလောကသားဟု ဆိုလျှင် နှာခေါင်းရှုံ့၊ ခေါင်းခါလေ့ရှိသည်။ မိုးဆွေတို့၏ ပတ်ဝန်းကျင်ကိုက ထိုထိုကိစ္စများတွင် စူးစမ်းလေ့လာမှု ကင်းမဲ့လျက် အသိဖြင့် သတိထားဆင်ခြင်မှု နွမ်းပါးချို့တဲ့ကြသည် မဟုတ်လား။

ယနေ့အဖို့ မျှင်းရီပြီးငွေ့ဖွယ်အကောင်းဆုံး လက်တွေ့ချိန်ပြီးပြီ။ လေအေးစက်တပ် ရုပ်မြင်သံကြားခန်းမှထွက်သည်နှင့် ခြောက်သွေ့ပူပြင်းသော လေထုကို စတင်ခံစားရသည်။ အတန်းဖော်များအား ရှောင်တိမ်းကျော်တက်ရင်း တက္ကသိုလ်စာကြည့်တိုက်ရှေ့ ရောက်လာသည်။ ထိုအခါ ကျောပေးရပ်နေသော လူတစ်ဦးက ဖျက်ခနဲလှည့်လိုက်တော့ သူ့စိတ် ခနိုးခနောင့်ဖြစ်သွား၏။ ဤကျောင်းနှင့် မပတ်သက်သည့် အရပ်ထဲမှ ငယ်ပေါင်းကြီးဖော်။ မပြုံးမရယ် သူ့ကိုကြည့်ရင်း-

''မင်းအတန်းက မပြီးနိုင်၊ ဖုန်းကလည်း Silent လုပ်ထားသေး။ Message လည်း ဖွင့်မကြည့်နဲ့''

လာရင်းကိစ္စကို ချက်ချင်းမပြောတော့ ဝိုင်း၏ စိုးရိမ်တကြီး စိတ်ဝင်စားသွား၏။ ဘာလဲကွာ။ မြန်မြန်ပြောဆိုသည့်သဘောဖြင့် မေးထိုးပြလိုက်သည်။ မင်းကောင်မလေး ရေနစ်တဲ့အထဲမှာပါတယ်။ အခု ဆေးရုံမှာ။ ငါတို့ ကူညီမှုအသင်းက ကားနဲ့တင်ခဲ့တာ။ သူကတော့ သတိရပါပြီ။ အခြေအနေ ကောင်းတယ်တဲ့။ သူငယ်ချင်းစကားဖြင့် အာရုံ စိုက်နေရင်း ရင်တလှပ်လှပ်ခုန်လာသည်။ ဒါဆို ဆုံရပ်က မိမိနိုင်အိမ်ကို မြနှင်းသက် ရောက်နေခဲ့တာပေါ့။ သူ တစ်နေ့လုံး တစ်ချိန်ပြီးတစ်ချိန် စာသင်ခန်းဝင်ခဲ့သည်။ နေ့လယ် ထမင်းစားတော့လည်း ဖုန်းကို ပါဝါပိတ်၍ အားသွင်းခဲ့သည်။ သူမကလည်း ဆက်သွယ်အကြောင်းမကြားခဲ့။ မိုးဆွေနှင့်တွေ့လျှင် တအံ့တသြ ကြည့်ရှုစေချင်သည့် ချစ်သူ။ သူနှင့် မြနှင်းသက်က မြင်ရခဲ၊ တွေ့ရခဲသည့်သူတွေ မဟုတ်လား။ သူမြို့နှင့် ၂၉ မိုင်အဝေး၊ ကြာကန်ရွာ၌ နေထိုင်သူ။ ယနေ့ ဘုရားပွဲတော်ဈေး လမ်းကြိုလို့ဝင်လည်တာ ဖြစ်မည်။ သူမမှာ သီးခြားကိစ္စတစ်ခုခုလည်း ရှိနေနိုင်သည်။ နှင်းစီစဉ်သည့်အတိုင်းသာ ဖြစ်ခဲ့လျှင် သည်အချိန် ပျော် ရွှင်မြူးထူးနေရမည်။ အခုတော့ သူမက ပြည်သူ့ဆေးရုံမှာတဲ့။ စိတ်ပျက်ညစ်ညူးစရာ။ ဘာကြောင့်များ မိမိနိုင်ကိုပဲ ပေါင်းသင်းနေရလဲ။ ရွှေးချယ်ဖို့ သူငယ်ချင်း ဒီလောက်ရှားပါးသလား နှင်းရယ်။

သူမနှင့် မိမိနိုင်က အဝေးသင်တက္ကသိုလ်၌ မေဂျာတူ၊ အတန်းတူ။ သူမတို့ ပထမနှစ်စတက်ကတည်းက မိမိနိုင်နှင့် ပတ်သက်၍ သိကျွမ်းခင်မင်ခဲ့ရသူ။ ထိုမှ ရင်းနှီးမြတ်နိုး မြတ်နိုးရာမှ စွဲလမ်းချစ်စိတ် ခင်မိသောအခါ မိမိနိုင်၏ အကူအညီများစွာဖြင့် ချစ်သူဘဝရောက်ခဲ့ကြသည်။ ယခု သူမက သူမဇာတ်ရွာ၌ ဆွဲခေါ်ဆရာမ။ သူက ရုပ်မြင် နောက်ဆုံးနှစ်။ ကျောင်းပြီး၍ သူ လုပ်ငန်းအတည်တကျဖြစ်လျှင် လက်ထပ်ဖို့ တိုင်ပင်ဆွေးနွေးပြီးပြီ။ ဘယ်လိုများ ပျော်လင့်စိတ်ကူး၊ ကြည်နူးဖို့ကောင်းလိုက်သလဲ။ ဘယ်လောက်များ ရည်ရွယ်အိပ်မက်၊ နှစ်သက်ဖို့ ကောင်းလိုက်သလဲ။ ဒီနေ့တော့ မသေကောင်း။ မပျောက်ကောင်း နာမည်ဆိုးနှင့် နေရာမှာမှ ရေနစ်သတဲ့။ အဲဒီနေရာက ရေနစ်လျှင် တစ်ယောက်တည်းမဟုတ်။ ဘုရား-ဘုရား။ မြစ်ထဲရေဆင်းချိုးမှတော့ အိမ်ရှင်သူငယ်ချင်းလည်း ပါမှာပဲ။

''ရေနစ်တာ ဘယ်သူတွေပါသေးလဲ၊ မိမိနိုင်ရော''

သူ မေးလိုသော်လည်း ပါးစပ်ကို တစ်ဦးဦးက ဝင်ဆီးဆို့ပိတ်ထားသကဲ့သို့ လေသံမျှ ဟမရ။ ကျောင်းအထိ သတင်းပေး လာခေါ်သော သူငယ်ချင်းကလည်း အခြားသူများ အကြောင်းနှင့် ဖြစ်ခဲ့သည့်ကိစ္စကို တစ်စွန်းတစ်စမျှ ထုတ်ဖော်မပြောဆို။ သူ ထိုးပေးသည့် ဆိုင်ကယ်ကိုသာ ဆွဲထုတ်၍ အဓိပတိအဆောက်အဦရှေ့မှ နိုင့်လျှော့ပြေဆင်းသွားသည့် အ-ထ-က(၁)လမ်းဆုံ၊ လမ်းငါးသွယ်အဝိုင်းပတ်ကိုကျော်၏။ ထိုမှ ဆက်သွယ်ရေးရုံးနှင့် သစ်တောရုံးတို့ရှေ့ ဖြတ် သွားသည့်လမ်းအတိုင်း ဆေးရုံကြီးကို ဂရုတစိုက် ဦးတည်နေ၏။ ဒီလောက်တောင် နှုတ်ဆိတ်အေးဆေးတဲ့ကောင်။ ဤနေရာ၌ မိမိနိုင်နှင့်တူသည်။ မိမိနိုင်လည်း တစ်ခုံတစ်ဦးက လှောင်ပြောင်၊ သရော်ရင်လည်း၊ ခွန်း

မြနှင်းသက်ဆိုတဲ့
ဟိုဟာမကိုက ဇယားလာရှုပ်တာ၊
ရေဝတီတံတားကြီးကို ကမ်းနားက
သွားကြည့်ချင်တယ်လို့
မမခိုင်ကို မနက်ကတည်းက
စကားခေါ်နေတာ ကျွန်မကြားတယ်၊
သူသေသင့်တာ…

တုံ့ မပြန်။ စိတ်ဆိုးမာန်ဆိုး ပြန်လည်အမူအရာပြ ခြေဆောင့်ချဖို့ ဝေလာဝေး။ ခေါင်းကြီးငုံ့လျက် မျက်ရည်ဝဲနေတတ်တာ။ စိတ်ရှည် သည်းခံတတ်တာ မိမိခိုင်၏ အရည်အချင်းတစ်ရပ်ပဲ။ ဟော–ကြည့်၊ တစ်ဦးဦးက ဘယ်လိုပင် စနောက် ကျီစယ်ကျီစယ်၊ ပြုံးတုံ့တုံ့ မျက်နှာထက်မပို။ အဖေကဆိုလျှင် သူ့ ရှေ့ပင်မရှောင်၊ ချွေးမ ချွေးမ ငါ့ချွေးမ။ ရည်းစားမထားရဘူးနော်။ အချိန်တန်ရင် ငါ့သား မိုးဆွေကိုပဲ ယူရမယ်သိလား။ သားကြီးကလည်း ဒီဖေကြီး စကားတစ်ခွန်းပဲတဲ့။ ဘယ်နေရာမြင်မြင်၊ ဘယ်အချိန်တွေ့တွေ့ ထိုစကားမျိုးဖြင့်ပင် အဖေ အဆုံးသတ်လေ့ရှိသည်။ လွန်စွာ အရှက်သည်း ခေါင်းငုံက်



တတ်သော မိမိခိုင်က အဖေ့ကိုတော့ ရယ်ရယ်မောမော ပြန်ပြောစမြဲ၊ ပြီးတော့ သေချာရဲ့လား။ ဖေကြီးရယ် ကိုကိုကမြင့်–– အစဆို်ကာ မိုးဆွေအကြောင်း၊ ရှိပ်ဖမ်းသိမ်းထုတ်ဖော်တိုင်တန်းလေသလား။ သူ မသိစေချင်သည့် ကိစ္စများကို အဖေ့ထံ ဖွင့်ချဝန်ခံမြဲ။ သားနှင့်အဖေကြား လျှို့ဝှက်ဖုံးကွယ်မှုသည် ကြာရှည်မခံ။ ဤသို့ဖြင့် သူနှင့် မြနှင်းသက်တို့၏ ရှေ့ရေးအစီအမံများကို ဖွင့်ပြော၊ မတိုင်ပင်ရဘဲ မိဘဆွေမျိုးများထံ ပေါက်ကြားခဲ့သည်။ ဒါဟာ မိမိခိုင် ခလောက်ဆန်သည့် ရှားရှားပါးပါး စွက်ဖက်ခြင်းပါပဲ။ သို့သော် သူ့အနေဖြင့် ဘယ်တုန်းကမျှ မငြိုငြင်ခဲ့ပါ။ မိမိခိုင်ကို အပြစ်မတင်ခဲ့ပါ။ သူငယ်ချင်းဖြစ်သူ မြနှင်းသက်ဘက်ကစိုးရိမ်၍ သူ့မိဘများကို သွေးတိုးစမ်း၊ ချဉ်းကပ်ပေးလေသလား။ ထိုအတွေးဖြင့် သူတို့နှစ်ဦး မိမိခိုင်ကို ကျေးဇူးတင်နေခဲ့သည်။

"ဟာ ဟိုမှာ မိမိခိုင်"

ပြည်သူ့ဆေးရုံ ရင်ခွဲရုံနှင့်ကပ်လျက်ဌာနစုံလမ်းခွဲ၌ သူ့နှုတ်က လွှတ်ခနဲထွက်သွား၏။ ထိုအခါ သူငယ်ချင်းက–

"ဟင်–မိုးဆွေ၊ မိမိခိုင် ရေနစ်လို့ဆုံးတာ မင်းမသိဘူး"

"ဘာ မိမိခိုင်––––"

သူ့ကို သူငယ်ချင်းက တအံ့တသြ စကားမထောက်။ ရုတ်တရက် သူ့ပါးပြင် ပူနွေးသွား၏။ ရှုံ့သွပ်မတတ် ဝမ်းနည်းစိတ်နှင့်အတူ တစ်ချက်ရှိုက်ငင်လိုက်ပြန်၏။ သူငယ်ချင်းက ဆိုင်ကယ်စီးမပျက်။ ယူကြုံးမရ စိတ်သောကရောက်နေသော မိုးဆွေအား ဘယ်လိုနှစ်သိမ့်ရမည်ကိုလည်း သိဟန်မတူပါ။ စိတ်လိုလက်ရ လိုက်ပါကူညီနေသည့်အတွက် လူသူရှုပ်ထွေးသော လမ်းပေါ်မှာ မျက်ရည်ကျမိသည့်အတွက် မိုးဆွေကပင် အားတုံ့အားနာ ဖြစ်နေရသည်။

ဆေးရုံဝင်ပေါက်သို့ ချိုးကွေ့မည်ဆဲဆဲ သူ့ဖုန်းမြည်လာသည်။ ထိုအချိန်၌ သူငယ်ချင်းက ဆိုင်ကယ်ကို တိခနဲရပ်၍ ဖုန်းကိုင်လိုက်အုံးဟု သတိပေးသည်။

ဖုန်းကိုဖွင့်လိုက်တော့ ဖုန်းစိမ်း။ သို့သော် သူမျှော်လင့်မထားသည့် နှင်းသက်အသံ။ သူ့ရင် ခုန်သွား၏။ ဤခံစားချက်က တော်တော်နူးညံ့သည်။

"မောင် နှင်း မေမေတို့နဲ့ ရွာကိုပြန်



နာနာဘာဝတွေ ကြီးစိုးသောင်းကျန်း
နေတာလား၊ ဥစ္စာစောင့်တွေ
နှောင့်ယှက်တာလား ငါမသိဘူး။
ကျောင်းထဲက ကိုရင်လေးတစ်ပါး
ပြောတာတော့ ဟိုဘက်လမ်းက
ကလေးနှစ်ဦး အရင်နစ်တာတဲ့၊
ရေကလည်း တိမ်တိမ်ကလေး…

သွားပြီ၊ မောင့်ကို အေးအေးဆေးဆေး ပြောပြစရာတွေရှိတယ်''

ဘာလဲဟ။ နှင်း ဘာတွေများ ပြောမှာ ပါလိမ့်။ သူ မေးခွန်း သိခွင့်မရလိုက်။ သူမ ဘက်က ဖုန်းချသွားပြီ။ ကဲ–မိုးဆွေ ဘာ ဆက်လုပ်မလဲ။ တိကျပြတ်သားစွာ အဖြေက တစ်ခုတည်း။ ထိုအရာမှာ မိမိနိုင်အိမ် ဆံ့ရပ် (၁၃)လမ်း။

မြနှင်းသက် ရောက်လာခဲ့သော ကြောင့် တိုက်တိုက်ဆိုင်ဆိုင် မိမိနိုင် ကံဆိုးခဲ့ လေသလား။ အစုမှ ပြောဖို့ရှိလာသည့် နှင်း ရဲ့စကားတွေကို အရေးတကြီး နားထောင် ချင်မိသည်။ မိမိနိုင် သေဆုံးမှုနှင့် တိုက်ရိုက် ပတ်သက်နေပြီလား။ လားပေါင်းများစွာဖြင့် ယောက်ယက်ခတ်နေသည့် မိုးဆွေသည် နားရှေးအိမ်ထဲသို့ ဝင်လိုက်မိသည်။

အိမ်ရှေ့တွင် ခြံစည်းရိုးမရှိတော့။ ကနားဖျင်းမြေပြင်၌ လူအများစုရုံးကာ စကားတွေတတ်တိုးနေကြသည်။ အမျိုးသားတွေ တော်တော်များ၏၊ ဘာရယ်ကြောင့်လဲ၊ ထို အမျိုးသားအများစုက သူ့ထံအကြည့်ရောက် လာသည်။ မုဆိုးကွက်စိတ်ကလေးများကို သေသေသပ်သပ်ဖြင့် ဝတ်ဆင်ထားသူ။ တချို့မှာ အသက်နှစ်ဆယ်ကျော်ခန့်ကျင် မိုးဆွေနှင့် မတိမ်းမယိမ်းများ။ တချို့ဆိုလျှင် မိုးဆွေကို ရဲတင်းစွာကြည့်နေသည်။ ထို အကြည့်မျိုးဖြင့် ကြည့်နေသူများတွင် မိန်း ကလေးများလည်း ပါဝင်သည်။ မိန်းကလေး ထဲ၌ အကျီလက်ပြတ် အနက်ကွက်ဝတ်ထား

သူကတော့ သူနှင့် အကြည့်ဆုံသည့်အချိန် တွင် မျှတ်ခနဲ မျက်လုံးလွှဲပစ်လိုက်သည်။ သူ မျက်လုံးလွှဲရာမှ ရေနွေးအိုး မီးထိုးနေ သည့် ယောက်ျားကြီး၊ ထိုမှ မျက်လက်စ ကျန်ခဲ့သည့် ဖြီးစည်းရိုး။ သူမ မျက်လုံးတွေက ဤ့ခြေမှေ အငြိမ်မနေ။ တစ်ခုခုကို စူးစူး နစ်နစ်၊ သေသေချာချာမကြည့်ဘဲ အပေါ်ယံ ရှပ်ကြည့်သည်။ သူမျက်လုံးနှင့် ဆုံလိုက် သည့်ခဏမှာ ထိုအကြည့်က ခါးသက်လှ တယ်ဟု မိုးဆွေ တွေးလိုက်သည်။ တစ်စုံ တစ်ဦးကို မကျေမချမ်းဖြစ်နေသည့်ဘက်၌ ပို၍ အလေးသာသည်ဟုလည်း ခံစားမိ သည်။

နေစမ်းပါဦး။ ဒီအိမ်ကိုလာခဲ့တဲ့ မြနှင်း သက်ကိုများ အပြစ်ပုံချချင်တာလား။ တည်း ခိုခဲ့တဲ့ ဧည့်သည်လေး။ ပြီးတော့ လူစိမ်းကိုမှ စားတဲ့ မြစ်ဆိပ်မှာ ထူးထူးခြားခြား အနီး အနားကလူတွေကိုပဲ ငါးမြှုံခံရလို့။ ဆုံးရှုံး လိုက်ရလို့။

''အဲဒီ မြနှင်းသက်ဆိုတဲ့ ဟိုဟာမကို က ဖယားလာရှုပ်တာ၊ ရေဝတီတံတားကြီး ကို ကမ်းနားက သွားကြည့်ချင်တယ်လို့ မမ နိုင်ကို မနက်ကတည်းက စကားခေါ်နေတာ ကျွန်မကြားတယ်၊ သူသေသင့်တာ''

ထိုစကားဖြင့် မိုးဆွေ ကျောထဲက စိမ့် သွားသည်။ ''မမနိုင်ကို မမနှင်းသတ်တာ၊ မမနှင်း သတ်တာ''

ထပ်မံကြားလိုက်ရသော မိမိနိုင်ညီမ၏ စွတ်စွဲချက်ကြောင့် သူရင်ဘွန်၍ ရုံးခနဲနာကျင်

သွားလျက် ခေါင်းထဲမှ မီးပွင့်သွားသလား ထင်ရ၏။ မဟုတ်ဘူး မဟုတ်ဘူးဟု ခေါင်း ကို ပြည်လေးစွာရမ်းခါရင်း ငြင်းနေမိသည်။ ထိုခဏ၌ သူ့အကြားအာရုံ၌ ဤဝန်းကျင်မှ တစ်ခုခုလိုအပ်နေသလို ခံစားနေရသည်။ ဘာ ပါလိမ့်။

''နာနာဘာဝတွေကြီးစိုးသောင်းကျန်း နေတာလား၊ ဥစ္စာစောင့်တွေ နှောင့်ယှက် တာလား ငါမသိဘူး။ ကျောင်းထဲက ကိုရင် လေးတစ်ပါး၊ ပြောတာတော့ ဟိုဘက်လမ်း က ကလေးနှစ်ဦး အရင်နစ်တာတဲ့၊ ရေက လည်း တိမ်တိမ်ကလေး။ အတက်ရောဂါဖြစ် သလိုလို၊ အကြောဆွဲသလို အထွန့်တလျူဖြစ် တာတဲ့၊ အဲဒီကလေးတွေကိုကယ်ဖို့ မိမိနိုင်က သူ့ သူဝယ်ချင်းကို အကူအညီတွတ်တောင်း။ အတင်းဆယ်နိုင်းတာ၊ အဲဒီကလေးမလည်း မရှုနိုင် မကယ်နိုင်ဖြစ်၊ နောက် မရတဲ့အဆုံး မှ သူပါ ရေထဲဆင်းလိုက်တာ၊ သံကုန်ဟစ် ကယ်မယ့်သူ ခေါ်ကြတာပဲ၊ ဝိုင်းဝန်းကယ် တင်မယ့်သူတွေ ချက်ချင်းရောက်မလာနိုင် အောင် မြစ်ရေတင်တဲ့ အင်ဂျင်စက်သံကြီး ဟိန်းထွက်နေတော့''

ဆိုနှင့်တိမ်ဝင်သွားသော အိမ်နီးချင်း၏ ပြေရာပြေကြောင်းစကား။ ထိုသို့ကြားမှ သူ မှတ်မြို့ခဲ့သည့် သက်တမ်းရင့် ရေတင်စက် ကြီးကို သတိရသွားသည်။ တိတ်ဆိတ်သော ညများ၌ အဖွားအိုတစ်ဦး ငိုညည်းနေသလို ခြောက်ခြားဖွယ်ပေါ်ပေါက်ချသည့်အသံ။ ဟောင်း နွမ်းအိုမင်းပြီဖြစ်သော ထိုမကောင်းဆိုးဝါး

ကြီးက ပြင်းအားကြီးသော လျှပ်စစ်စက်ကွင်းကို အတိုင်းအတာတစ်ခုအထိ၊ အခြေအနေတစ်ရပ်ရပ်၌ ထုတ်လွှတ်ခဲ့လိမ့်မည်။ တိုင်ဆိုင်စွာ သက်ဆင်းမိသူများ လှိုင်းထန်ဂယက်ဆိုး တိုးမိပါလိမ့်မည်။ အစွန်အဖျားနေရာကို မိမိနိုင် ဝင်ယူလိုက်ချိန်၌ ရှားရှားပါးပါး လွတ်ထွက်ခဲ့သူမှာ မြနှင်းသက်ဖြစ်နိုင်သည်။ ပို၍ သေချာတိကျဖို့ စမ်းသပ်စစ်ဆေးမှုတစ်ခုတော့ မလွဲမသွေလုပ်ဆောင်ရဦးမည်။ သူ့ ရူပဗေဒဌာနမှ ပါမောက္ခကို ပြေး၍မြင်ယောင်မိ၏။ ဆရာကတော့ မိုးဆွေ အစာမကြေသည့် ဤပြဿနာအရင်းအမြစ်ကို ရှာဖွေဖော်ထုတ်နိုင်မှာပါ။

✦ ✦ ✦ ✦ ✦ ✦

မိုးဆွေအဖို့ ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ သို့ဝှက်သိမ်းဆည်းရမည့် စကားတစ်ခွန်းရှိ၏။ နှင်းကို ပြောပြတိုင်ပင်စရာရှိလို့ အရေးတကြီး သူ့အိမ်ခေါ်တာ၊ ရေချိုးဆိပ်မှာ ရေချိုးဖို့ စတင်စည်းရုံးခဲ့တာလည်း မိမိနိုင်ပါပဲတဲ့။

ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်စာအုပ်၌ ဖတ်ခဲ့ဖူးသည့်စာမှန်း သူမမှတ်မိ။ သို့သော် အကြောင်းတိုက်ဆိုင်စွာ သတိရမိတတ်သော ဝါကျတိုကလေးနှစ်ကြောင်း မိုးဆွေမှာ ရှိသေးသည်၊

''မကောင်းဆိုးဝါးဆိုတာ မမြင်ရတဲ့ ဝိညာဉ်တစ်ခု မဟုတ်ဘူး။ ကြိုတင်မခန့်မှန်းနိုင်တဲ့ လူ့စိတ်တစ်ခုပဲ''တဲ့။

**မိုးကျော်စိုး(မကွေး)**



## အခွန်နှင့် ဆက်နွယ်နေသော နိုင်ငံတော်အလံ

အမေရိကန်တစ်ယောက်နဲ့ ဒတ်ချ်လူမျိုးတစ်ယောက်တို့ စကားစမြည်ပြောနေကြတယ်–

''ခင်ဗျားတို့အလံက ဘယ်လိုလဲ''

အမေရိကန် မေးတယ်၊

''ကျုပ်တို့အလံမှာ အစင်းသုံးစင်းပါတယ်၊ အနီ၊ အဖြူနဲ့ အပြာ၊ ကျုပ်တို့အမြင်မှာ ဒါတွေက အခွန်ကိစ္စနဲ့ ဆက်စပ်တယ်ဗျ၊ အခွန်ကိစ္စပြောရင် ကျုပ်တို့မျက်နှာတွေက ဒေါသနဲ့ နီရဲနေတယ်၊ အခွန်ဆောင်ဖို့နဲ့ နေ့တစ်စာရောက်လာတဲ့အခါ ကျုပ်တို့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားတယ်၊ အေး–အခွန်ဆောင်ပြီးဆိုတဲ့အခါကျတော့ ကျုပ်တို့တစ်တွေရဲ့မျက်နှာက ပြာနှမ်းသွားတော့တာပေါ့ဗျာ''

ဒတ်ချ်ကြီးက တုံ့ပြန်တယ်။

''ဪ–ကျွန်တော်တို့ဆီကအတိုင်းပါပဲလား''လို့ အမေရိကန်ကြီးက ညည်းတယ်။ ပြီးတော့ ''ကျွန်တော်တို့က ကြယ်တွေတောင်မြင်ရတယ်ဗျို့''လို့ ဆက်ပြောတယ်။

**မောင်သီဟ**





# CITY CARTOON



# CITY CARTOON



"ဟော့ကောင် ငရှောင်၊ မင်းမှာ အပြစ်ရှိလား"

"ရှိပါတယ် အစ်ကိုကြီး"

"မင်းအပြစ်က ကြီးသလား၊ ငယ်သလား"

"ကြီးပါတယ် အစ်ကိုကြီး"

"မင်း ကျူးလွန်ခဲ့တဲ့ အပြစ်တွေက ကြီးရုံတင်ပဲလား၊ များကောမများဘူးလား"

"ဟုတ်ကဲ့၊ များလည်းများလှပါပြီ အစ်ကိုကြီး"



''ဟော့ကောင် ငဇရှာဝိ၊ မင်းငါ့ကို အစ်ကိုကြီးလို့မခေါ်နဲ့ နားခါးတယ်၊ မင်းနဲ့ငါ ညီအစ်ကိုတော်ရတာ ငါရှက်တယ်။ မင်းဟာလေ ငါ့သွေးဖြစ်ပေမယ့် မနီဘူး၊ မရဲဘူး၊ မသန့်ဘူးကွ၊ မင်းသွေးက အရောင်ကွဲ၊ အရောင်ပျက်၊ မင်းကျမှပဲ ငါ့အမျိုးထဲမှာ ရုန်းပြူးစေ့ အမျိုးပျက်၊ ဟော့ကောင် ငရှောဝိ၊ သစ္စာဖောက်တဲ့ကောင်ဟာ ဘယ်လို အပြစ်ဒဏ်နဲ့ ထိုက်တန်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား''

''သေဒဏ်နဲ့ ထိုက်တန်ပါတယ် အစ်ကိုကြီး''

''အို…အို ဗိုလ်ရှောင်ရယ်၊ ဘယ်လိုဖြေလိုက်တာလဲဗျာ၊ ခင်ဗျားစကားကို ပြင်ပြောစမ်းပါ''ဟု ဗိုလ်ဆိုးပေက ပျာပျာသလဲဝင်ပြောသည်။ တစ်ဖက်ကို ချော့မော့နေသလို စိတ်လိုက်မာန်ပါ ထကာယ်ပင် အပြစ်ပေးတော့မည့် အစ်ကိုကြီးဖြစ်သူ ဆရာချို (ဗိုလ်ချို)အားလည်း ''အစ်ကိုကြီးကို ကျွန်တော် တစ်ခုလောက် မေတ္တာရပ်ခံပါရစေ''ဟု ပျာပျာသလဲ ဖျာများနေသူမှာ ဗိုလ်ချို၏ ဖခင်ဘက်မှ ညီတော်သူ ဗိုလ်ဆိုးပေဖြစ်ပေတော့သည်။ ဗိုလ်ချို စစ်မေးသမျှ ''အပြစ်ရှိပါတယ် အစ်ကိုကြီး၊ အပြစ်ကြီးပါတယ် အစ်ကိုကြီး၊ အပြစ်တွေ များလည်းများပါတယ် အစ်ကိုကြီး''ဟု ဝန်ခံနေသူမှာ ဗိုလ်ချိုအမေ၏ ညီမအရင်းမှမွေး၍ ဗိုလ်ချို၏ တစ်ဝမ်းကွဲညီတော်သူ၊ တစ်ချိန်က လက်ရုံးဗိုလ်တစ်ယောက်အဖြစ် အားကိုးကာ တော်လှန်ရေးကြီးမှာ အတူတူလက်တွဲခဲ့သူ ဗိုလ်ဖိုးရှောင်ပင် ဖြစ်ပါသည်။

ဗိုလ်ဆိုးပေ မေတ္တာရပ်ခံနေသည့်အကြားမှပင် ''ဟော့…ဟော့ ဗိုလ်ဆိုးပေ အသာနေကွာ၊ ဒီကောင် ငရှောင် ငါ့မျက်နှာကို အိုးမည်းသုတ်ပေါင်းများပြီကွ၊ သစ္စာဖောက်တွေနဲ့ တန်တဲ့လမ်းကို ပို့ရမှာပဲ၊ ရှော့ မင်းနဲ့တန်တဲ့လမ်း၊ သွားရော့ကွာ''

''ရွမ်း…ရွမ်း…ရွမ်း''

အပြစ်အပျက်က မြန်ဆန်လွန်းလှသည်။ လရောင်ပြက်ပြက်တွင် ဓားရောင်လက်ခဲ့ပါပြီ။ အချိန်ကား လူခြေတိတ်၊ နေရာကား ပျဉ်းမင်ရွာမြောက်ဘက်(ယခင်)ဝက်သတ်ကုန်း၌ မြန်မာ့တော်လှန်ရေးခေါင်းဆောင် ပုဂံဗိုလ်ချိုသည် မိခင်ကြီး၏ တူအရင်းဖြစ်၍ မိမိ၏ ညီတစ်ဝမ်းကွဲတော်ပြီး လက်ရုံးဗိုလ်တစ်ဦးဖြစ်သူ ဗိုလ်ဖိုးရှောင်အား ဤနေရာတွင်ပင် ငှက်ကြီးတောင်ဓားဖြင့် တစ်ချက်လွှတ် အသေပိုင်း၍ ကွပ်မျက်ခဲ့ပါသည်။

အထက်ပါ ဇာတ်လမ်းကို ကျွန်မ၏ အဘွားဒေါ်စိန်တင့်၏အစ်ကိုကြီး ဦးအုံးကျော် (တိုင်းရင်းမြန်မာသမားတော်ကြီး) မကွယ်လွန်မီ ကျွန်မတို့ငယ်စဉ်က ပြောသွားခဲ့ပါသည်။ အချိန်တွေကြာညောင်းပြီဖြစ်သော်လည်း ကျွန်မ၏ မှတ်ဉာဏ်များသည် ဤဇာတ်လမ်းပါ အကြောင်းအရာများကို ယခုတိုင် မေ့မှိန်ဝေဝါးမသွားဘဲ မှတ်မိနေဆဲပင် ဖြစ်ပါသည်။

ထိုဇာတ်လမ်းကို ကျွန်မသာမက ကျွန်မတို့ တစ်မျိုးလုံးအပြင် ညောင်ဦးမြို့နယ်၊ ငါ့သရောက်တစ်အုပ်စုလုံးရှိ အသက်၈၀ ကျော် ၁၀၀ နီးပါး သက်ကြီးရွယ်အိုတွေ အသိများကြပါသည်။ ကျွန်မအပါအဝင် ဆွေမျိုးအားလုံး မှတ်မိနေခြင်းမှာ ဗိုလ်ချို၏ တစ်ချက်လွှတ် ချေမှုန်းကွပ်မျက်ခြင်းခံရသော ဗိုလ်ဖိုးရှောင်မှာ ကျွန်မ၏မိခင် (ဒေါ်ခင်ကြည်)၊ ဒေါ်ခင်ကြည်၏ မိခင်(ဒေါ်စိန်တင့်)၊ ဒေါ်စိန်တင့်၏ မိခင်(ဒေါ်သက်စု)၏ အစ်ကိုကြီးအရင်း တစ်ယောက်ဖြစ်နေ၍ ပို၍မှတ်မိနေသည်ဆိုက မှားအံ့မထင်ပါ။

အခုတလောတွင် ကျွန်မ၏ ဇာဖတ်ပရိသတ်အချို့နှင့် အထူးသဖြင့် စာပေမိတ်ဆွေအချို့က ကျွန်မ ကလောင်နာမည်၏နောက်မှာ (ဗိုလ်ချိုမြေ)ဆိုတာက အမည်ခံထားပြီးသော်လည်း ဗိုလ်ချိုနှင့် ပတ်သက်ရာပတ်သက်ကြောင်းရေးတာမျိုး တစ်ခါမျှမဖတ်ရ မတွေ့ရသေးပါလား၊ ဘာကြောင့်မရေးတာလဲဟု မေးကြမြန်းကြပါသည်။

ဤသို့ မေးလာသူတိုင်းအား ကျွန်မသည် မဟာစည်ယောဂီတစ်ယောက်ဖြစ်၍ တရားအားထုတ်ရင်း တွေ့ရှိရသည့် တရား၏ အနှစ်သာရနှင့် တရားနာ၍ ရရှိသော အကျိုးတူးရှိပုံတို့ကို အခြေခံလျက် ဘာသာရေး ဆောင်းပါးတွေကိုသာ အလေးထားရေးသားခဲ့တာပါ။ ဒါပေမဲ့ ဗိုလ်ချိုမြေကို အမည်ခံပြီး စာပေတစ်စွန်းတစ်စနှိမ်ပြကာ ရေးသားလိုက်ပါပြီ။ ကျွန်မတို့မှယ်မြေရဲ့ အာဇာနည်သူရဲကောင်းကြီး ပုဂံဗိုလ်ချို၊ ကျွန်မတို့ရဲ့ အဘိုးတော်စပ်သူ မြန်မာ့တိုင်းရင်း



မင်းမျက်နှာကို ညီလေးတစ်ယောက်ပါလာလို့
ငါမထောက်နိုင်တော့ဘူး။
မင်းပေးထားတဲ့ကတိ မင်းဖျက်တော့
မကောင်းလျှင် လက်မောင်းသွေးပေမယ့်
ဖောက်ထုတ်ပစ်ရမှာပဲ ငရှောင်ရေ...

သမားတော်ကြီး ဆရာချို၏ ဂုဏ်ကျေးဇူးကို တသသအောက်မေ့ပြီး တတ်စွမ်းသမျှ ဂုဏ်ပြုချင်လို့ပါဟု အဖြေပေးခဲ့ရပါသည်။

သည့်နောက်တွင် ကျွန်မ၏ အစ်ကိုကြီး အရင်းဖြစ်သူ စာရေးဆရာကြီး မိုလ်ချိုမြေ မြင့်ဆွေ(ညောင်ဦးစာရေးဆရာ အသင်းဥက္ကဋ္ဌ)အား ''အစ်ကိုရေ ညီမလေးကို မိုလ်ချိုမြေ အမည်ခံထားသဖြင့် စာဖတ်ပရိသတ်၊ အထူးသဖြင့် စာပေမိတ်ဆွေတွေက ထောင်းဆိုနေကြပြီ၊ စာရေးဖို့ အကြံပေးပါဦး'' ဆိုတော့- **''တစ်ချိန်က ဘိုးဘိုးကြီး ဦးအုံးကျော် (မြန်မာတိုင်းရင်းသမားတော်ကြီး) မကွယ်လွန်မီက ပြောခဲ့တဲ့ တို့အဘိုး(မိုလ်ချို)ဟာ တော်လှန်ရေးကြီး ဆင်နွှဲနေစဉ်အတွင်းမှာ မကောင်းလျှင် လက်မောင်းသွေးကိုတောင် ဖောက်ထုတ်ပစ်ခဲ့တဲ့ အတ်လမ်းကလေးကို နောင်လာနောက်သားလည်း အတုယူဖို့ ကောင်းတယ်၊ အဲဒါ ငါ့ညီမလေး ရေးဖြစ်အောင်သာ ရေးပါ''** ဟု တိုက်တွန်းကာ အကြံပြုညီခဲ့ပါသည်။

ခေါင်းဆောင်ကြီး မိုလ်ချိုသည် ညီဝမ်းကွဲတော်သူ မိုလ်မိုးရှောင်ကို သူကိုယ်တိုင် မကွပ်မျက်ခင်မှာ **''ငါ့ညီ အလိမ္မာသည် လောကီဖြင့် မိုက်လုံးမထွားတန်ကောင်းပါဘူး။ ငါ့ညီ မိုလ်မိုးရှောင်ဟာ တော်လှန်ရေးကာလ ရှာဖွေစုဆောင်းပေးခဲ့တာ၊ နယ်ချဲ့ကို ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါမှာ သတ္တိ၊ ဗျတ္တိ၊ ကြံရည်၊ ဖန်ရည် ပြည့်ဝပြီး အသက်ကို ပဓာနမထားတဲ့ ယောက်ျားသူရဲကောင်း။ သူ့အစွမ်းအစနဲ့ အောင်ပွဲခံခဲ့ရတာလည်း မနည်းတော့ပါဘူး။ ရန်သူကျည်ဆန်ကြားထဲမှာ တပည့်တွေရဲ့ အသက်ကို မရရအောင် ဖွတ်အတောင်း ပခုံးနဲ့ဝင်ထမ်းပြီး ကယ်ခဲ့တဲ့ ခေါင်းဆောင်ငယ်တစ်ယောက်။ တိုက်ပွဲဝင်နေစဉ်မှာဆိုရင် ကုလားဖြူသွေး ခြေဆေးကြလို့ သံကုန်ဟစ်ကြွေးလော့ရှိသူ။ ပြော် ရာထူး- ရာထူး၊ ရာထူးကလေးရှိတော့ ဆောင့်ကြွား၊ ဆောင့်ကြွားဆိုတာ တယ်မှန်ပါကလား။ ဒီကြားထဲ လူကိုဖျက်တော့ အရက်ဆိုတဲ့အတိုင်း၊ အရက်ကြောင့် ပျက်စီးရပြီ။ ကုလားဖြူနိုင်မှ မိန်းမ အပိုင်ယူမယ်ဆို တဖွဖွ သင်းပါးစပ်ကပဲ ပြောခဲ့ပြီး အခုတော့ မင်းမျက်နှာကို ညီလေးတစ်ယောက်ပါလာလို့ ငါမထောက်နိုင်တော့ဘူး။ မင်းပေးထားတဲ့ကတိ မင်းဖျက်တော့ မကောင်းလျှင် လက်မောင်းသွေးပေမယ့် ဖောက်ထုတ်ပစ်ရမှာပဲ ငရှောင်ရေ၊ ညီကိုသတ်တဲ့ အစ်ကိုရယ်လို့ ရာဇဝင်တွင်ချင်လည်း တွင်ပါစေတော့''** ဟု ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေရင်း သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချ၍ ကိုယ်တိုင်ပင် ကွပ်မျက်ခဲ့ပါသည်။

အဲဒီအချိန်ကဆိုလျှင် မိမိတိုင်းပြည်ကို သိမ်းပိုက်ပြီး အမျိုးဘာသာ သာသနာကို ဖော်ကားဖျက်ဆီးလာတဲ့ ကုလားဖြူခေါ် အင်္ဂလိပ်နယ်ချဲ့ ပသျှူတော်ကို အခွံမှစ်ပြီး ခွဲမုန်းတဲ့ ပုဂံနွယ်ဖွား ငါ့သရောက်သား ဦးချိုခေါ် ဆရာချိုဟာ တော်လှန်ရေးကြီး စလုပ်ပြီဆိုကတည်းက ပထမ မည်သူ့ကိုမျှ မစည်းရုံးရသေးခင် ကိုယ့်ဆွေကိုယ့်မျိုးတွေကို အရင်စည်းရုံးရင်းနဲ့ ကိုရင်လည်း အရွယ်ရောက်သူဆိုရင် ပါဝင်၊ ဘုန်းကြီးကလည်း အမျိုးဘာသာ သာသနာထွန်းကားဖို့အရေး ကျရာတာဝန်ယူကြရသလို၊ အမျိုးသမီးတွေပါ မိကျွာအဖို့အယူ၊ အချက်အပြုတ်မှအစ တာဝန်ယူပြီး ဆောင်ရွက်နေကြတဲ့အချိန်။ တစ်နည်းပြောရရင် မြန်မာတစ်မျိုးသားလုံးရဲ့ သားဆိုးကြီးမှလွတ်အောင် စုပေါင်းပြီး တော်လှန်နေချိန်ဖြစ်၍ ယခုလို မိုလ်မိုးရှောင်ကို အစ်ကိုကြီးဖြစ်တဲ့ မိုလ်ချိုဟာ ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားခဲ့တာပါပဲ။

ကနဦး ဆွေမျိုးသားချင်းများနှင့် အခြေခံတဲ့ တော်လှန်ရေးအင်အားစုကို စည်းကမ်းတွေ ရေးဆွဲချမှတ် သဘောတူ ရေးဆွဲခဲ့တာပါ။

(က) အင်္ဂလိပ်နယ်ချဲ့အား အသက်အသေခံ၍ တော်လှန်တိုက်ခိုက်မည်။ မည်သည့်အခါမျှ ဒူးမထောက် အညံ့မခံရ။

(ခ) မိမိရပ်ရွာမှစ၍ (ပြည်သူ)တို့၏ အသက်အိုးအိမ်စည်းစိမ်အား အသက်ပေး၍ စောင့်ရှောက်ပါမည်။ လက်နက်အားကိုးဖြင့် မတရား အနိုင်ကျင့်ခြင်း၊ စားရေရိက္ခာ တောင်းခံခြင်း၊ သေရည်သေရက်သောက်၍ ရမ်းကားခြင်း၊ အမျိုးသမီးများအား နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ဖြင့်သော်လည်းကောင်း ကျူးလွန်စော်ကားခြင်း မပြုရ။

(ဂ) ဘာသာရေး သာသနာရေးဆိုင်

ရာ လုပ်ငန်းများတွင်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လယ်ယာလုပ်ငန်း၊ ထန်းလုပ်ငန်းများတွင် စွမ်းဆောင်နိုင်သမျှ အကူအညီပေးရမည်။ ထိခိုက်နစ်နာမှုများ ဖြစ်ပွားအောင် မကျင့်သုံးရ။ မိမိကြောင့် သူတစ်ပါး မထိခိုက်မနစ်နာစေရ။

စသည်တို့ပါဝင်သည့် စည်းကမ်းချက်များ ရေးဆွဲချမှတ်ပြီး တော်လှန်ရေးတပ်သားအဖြစ် ဝင်ရောက်လာသူများအား တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ လက်မောင်းသွေးဖောက်၍ သစ္စာဆိုကာ သောက်စေခဲ့ပါသည်။

ထို့နောက် ''သစ္စာပျက်သူ၊ သစ္စာဖောက်သူသည် အသက်သေသည့်အထိ အပြစ်ပေးခြင်းကို ခံယူပါမည်''ဟု သစ္စာပေးခဲ့ပါသည်။

ဒီလိုဆိုရင်ဖြင့် ဗိုလ်ဖိုးရှောင် ဘာဖြစ်လို့ အသက်သေရတာဆိုတာ ရိပ်စားမိလောက်ပြီ ထင်ပါသည်။ မှန်ပါသည်ရှင်။ ဗိုလ်ဖိုးရှောင်သည် တစ်ကြိမ်နှစ်ကြိမ်မက သုံးလေးကြိမ်ထက်မနည်း ပြစ်မှုတွေ ကျူးလွန်ခဲ့ပါသည်။

သစ္စာပြုတယ်၊ သစ္စာဆိုတယ်ဆိုတာဟာ ''သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို လက်ခံသဘောတူညီစွာဖြင့် လိုက်နာကျင့်သုံး ဆောင်ရွက်ပါ့မယ်''ဟု ကတိပေးပြီးကာမှ လိုက်နာရမည့် အချက်အလက်တွေကို ပျက်ကွက်မိပါက ပျက်ကွက်သူ၊



သစ္စာပြုတယ်၊ သစ္စာဆိုတယ်ဆိုတာဟာ "သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို လက်ခံသဘောတူညီစွာဖြင့် လိုက်နာကျင့်သုံး ဆောင်ရွက်ပါ့မယ်" ဟု ကတိပေးပြီးကာမှ လိုက်နာရမည့် အချက်အလက်တွေကို ပျက်ကွက်မိပါက ပျက်ကွက်သူ၊ ဖောက်ဖျက်သူ၏ တာဝန်သာဖြစ်၍



အစ်ကိုကြီးက အဖန်ဖန်တားမြစ်ထားတဲ့ ထန်းရည်အရက်ကို စွဲစွဲလမ်းလမ်း မှီဝဲတတ်တဲ့အကျင့်တွေရလာသည်။ ကျေးရွာဘုရားပွဲ၊ ရှင်လောင်းပွဲတွေမှာ အရှိန်အဝါ ကောင်းနေတော့ လူမျိုးမြူတောသူကလေးတွေကို ထိကပါး ရိကပါး နောက်လား၊ ပြောင်လား လုပ်တတ်လာပြီ။

ဖောက်ဖျက်သူ၏ တာဝန်သာဖြစ်၍ သတ်မှတ်ထားသည့် အပြစ်ဒဏ်အား မငြင်းမဆန် နာခံဖို့ရန် မိမိဘက်က အဆင်သင့်ဖြစ်ရမှာ ဖြစ်ပါတယ်။

မိမိ၏သွေးဖြင့် တိုင်တည်ခဲ့တဲ့ သစ္စာကို မိမိကိုယ်တိုင် ဖောက်ဖျက်ခဲ့တဲ့ အကြောင်းရင်းမှာ ခေါင်းဆောင်ကြီး ဗိုလ်ချို၏ ညီတော်စပ်ပြီး ဗိုလ်ချိုကိုယ်တိုင် အားထားရတဲ့ လက်ရုံးဗိုလ်ငယ်တစ်ယောက် ဖြစ်တာရယ်၊ နယ်ချဲ့တွေကို တိုက်ခဲ့တဲ့ တိုက်ပွဲတွေတိုင်းမှာ ဗိုလ်ဖိုးရှောင်၏ ရဲဝံ့စွန့်စားစွာတိုက်ခဲ့လို့ အောင်မြင်မှုအလီလီရခဲ့တဲ့ အရှိန်ရယ်၊ ဗိုလ်ချိုကိုယ်တိုင် "ဒါမှ ငါ့ညီကွ၊ အစ်ကိုကြီး တကယ်အားကိုးရတဲ့ ညီ၊ စိတ္တိန် တိုက်ပွဲတုန်းကများ အစ်ကိုကြီးကိုယ်တိုင် အန္တရာယ်ဖြစ်မှာစိုးလို့ တားနေတဲ့ကြားက နယ်ချဲ့တွေကြားထဲ ဖွတ်ဝင်ပြီး ဓားလွှယ်ခုတ်ပြီး သေနတ်သုံးလက်ကို အရလုယူခဲ့တာများ အစ်ကိုကြီး မျက်လုံးထဲက မထွက်ဘူးကွာ"ဟု လူပုံအလယ် လည်ပင်းဖက်ကာ ချီးမွမ်းခံရမှုတွေရယ်၊ နောက်ပြီး အောက်လက်ငယ်သား တော်လှန်ရေးရဲဘော်များကလည်း "ဒါမှ တို့ ဗိုလ်လေးကွ"ဟု အားပေးမှုတွေကြောင့် ဆောင့်ကြွားကြွားဖြစ်ကာ အောက်ခြေလွတ်စ ပြုလာခဲ့ပါတယ်။

ဒေသခံ ကျေးရွာအကြီးအကဲဖြစ်တဲ့ ရွာခေါင်ရွာသူကြီးများကလည်း ချစ်ခင်လေးစားပြီး မိမိတို့ရွာရောက်လာတဲ့အခါ ထန်းရည်ခါးလေးနှင့် ကြက်သားလေးများနှင့် ညှိဝတ်ပြုကြတာတွေကြောင့် ဗိုလ်လေး ဗိုလ်ဖိုးရှောင်တစ်ယောက် တစ်စထက်တစ်စ သွေးနားထင်ရောက်ဆိုသလို ခပ်မြောက်မြောက်ကလေး ဖြစ်လာကာ နေမြင့်လေ အရှုရင့်လေ ဖြစ်တော့သည်။ အစ်ကိုကြီးက အဖန်ဖန် တားမြစ်ထားတဲ့ ထန်းရည်အရက်ကို စွဲစွဲလမ်းလမ်း မှီဝဲတတ်တဲ့အကျင့်တွေ ရလာသည်။ ကျေးရွာဘုရားပွဲ၊ ရှင်လောင်းပွဲတွေမှာ အရှိန်အဝါကောင်းနေတော့ လူမျိုးမြူတောသူကလေးတွေကို ထိကပါး ရိကပါး နောက်လား၊ ပြောင်လား လုပ်တတ်လာပြီ၊ အတင့်ရဲသထက်ရဲကာ ခွေးလူမထင်ဘူးဟု ဆိုသည့်ပုံစံမျိုးဖြင့် ရမ်းကားနေသည်ကို ကျေးရွာတာဝန်ရှိသူ ကာလသား၊ ရွာသူကြီးစသည့်ပုဂ္ဂိုလ်တွေမှာ အရှိန်အဝါရှိပြီး ခေါင်းဆောင်သူ ဗိုလ်ဖိုးရှောင်ကို တားဆီးဖို့နေနေ သာသာ အလိုက်တသိ မသိသလို၊ မမြင်သလို နေကြခြင်းက ပို၍သာ ဆိုးလာခဲ့ခြင်း၏ အကြောင်းရင်းတစ်ရပ်ပင် ဖြစ်ပါတော့သည်။

နယ်ခံလူထုတွေမှ သဒ္ဓါတရားထက်သန်စွာဖြင့် တော်လှန်ရေးအတွက်သုံးစွဲရန် ရန်ပုံငွေအဖြစ် ထောက်ပံ့ကြေးငွေကိုလည်း မတော်မလျော်ရာမှာ သုံးစွဲခြင်း၊ အဖွဲ့၏ ဆုံးဖြတ်ချက်နှုန်းထားထက် ပိုပြီးကောက်ခံခြင်း၊ သတ်မှတ်ချိန်ထက်စော၍ ကောက်ခြင်း၊ အကြိမ်ရေ ပိုမိုကောက်ခံခြင်း၊ ကိုယ်ကျိုးအတွက် သုံးစွဲရန် ဒေသခံအကြီးအကဲအချို့နှင့် ပူးပေါင်းပြီး အလွဲသုံးသည်အထိ စည်းကမ်းမဲ့လာပါသည်။

ဒီလို မမှန်မကန်ပြုမှုတွေကို မခံမရပ်နိုင်တဲ့ အချို့ကျေးရွာအကြီးအကဲများနှင့်

တော်လှန်ရေး ရဲဘော်ငယ်အချို့ဟာ ဗိုလ်ချုပ်၏နေ့စဉ်မှတ်တမ်း အမေမုန်း(အချို့ အမေမှုန်)အား အသိပေးတိုင်တန်းကြပါသည်။ ဗိုလ်ဖိုးရှောင် ပြုမူတာတွေကို အမေမုန်းက လုံးဝမနှစ်မြို့ချေ။ သို့သော် ဗိုလ်ချုပ်၏ သွေးရင်းသားရင်းမို့ မကောင်းသတင်းကို ချက်ချင်းအသိမပေးရဲဘဲ သတိပေးသည့်အနေဖြင့်သာ ရိပ်ဖမ်းသံဖမ်းလောက်သာ ပြောခဲ့ပါသည်။ သို့သော် "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဆိုသလို ဘယ်လိုပင် ဖုံးပိတ်ထားဆီးပေမယ့် ပုပ်တော့ပေါ်သည်ဆိုသည့်အတိုင်း သတင်းအမှန်ကို ခေါင်းဆောင်ကြီး ဗိုလ်ချုပ်နားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပေါက်ကြားသွားပါတော့သည်။

ဒီသတင်းဟာ တော်လှန်ရေးအဖွဲ့ကြီး၏ သွေးစည်းညီညွတ်မှုကို အဖျက်အင်အားစုဖြစ်တဲ့ အင်္ဂလိပ်အလိုတော်ရိ သူကြီးအသိုင်းအဝိုင်းက သွေးခွဲဖျက်ဆီးဖို့ လုပ်ကြံသတင်းလွှင့်တာများလား။ ငါညီ အလီမှာ သည်လောက်ဖြင့် မိုက်လုံးမထွားတန်တော့ပါဘူး။ လူတော်လူကောင်းဖြစ်တဲ့ သူ့ညီအပေါ်မှာ အကောင်းမြင်အနေအထားနဲ့ မြင်ကြည့်ရင်တော့ အဖြစ်မဆိုသာဘူးပေါ့။ ဒါပေမဲ့ ပေါ့ပေါ့ဆဆ နေလို့မဖြစ်ဘူး။ လက်ရင်းဗိုလ်အချို့ကို အမှုတဖြင်း စုံစမ်းခိုင်းလိုက်ပါတယ်။

ဖုံး၍မနိုင်၊ ဖိ၍မရသည့်အဖြစ်မှာ ကုတောရွာ တစ်နှစ်တစ်ခါ ကျင်းပလေ့ရှိတဲ့ ဆွမ်းလောင်းလှူပွဲ ပြုလုပ်မည့်မတိုင်ခင်ညနေပိုင်း ဆွမ်းတော်ကြီးပွဲများကို ခေါင်းပေါ်ရွက်၍ အသီးသီး ရှာဦးဘုရားဆီသို့ စီတန်းလှည့်လာတဲ့ တသီတတန်းကြီးရဲ့နောက်မှာ ဒိုးပတ်ဝိုင်းက ပျော်လို့၊ ရွှင်လို့၊ ကလို့၊ ခုန်လို့။ ခေတ်ဆိုးခေတ်ပျက် ချိန်ခါပေမယ့် တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်ရဲ့လက်အောက်မှာဆိုတော့ လုပ်စားကိုင်စားမပျက် ငြိမ်းအေးသာယာလျက် မိုးရာအစဉ်အလာအတိုင်း ဘုရားပွဲကျင်းပနေခြင်း ဖြစ်ပါသည်။

ဒီနေ့ ဘုရားပွဲမှာ ရေချိန်ကိုက်ရုံတင်မက ရေချိန်လွန်သွားသူ ဗိုလ်ဖိုးရှောင်တစ်ယောက် လေးကွက်သိုင်းနင်းပြီး ဘုရားပွဲလှည့်လာရာ လမ်းမကြီးအတိုင်း တပည့်နှစ်ဦး၊ အပါအဝင် ရွာခံဖြစ်တဲ့ ရွာသားအချို့ ဝန်းရံလျက် ရောက်လာကာ မျက်ထောင့်နီကြီးဖြင့် တန်းစီပြီး လှည့်လာသူ လုံမြူမျိုး ကိုကြည့်ပြီး မပီတပီ အသံဆိုးကြီးဖြင့်–

"ဟော့– မင်းတို့ရွာ အပျိုတွေ ပေါမှပေါ၊ ချောမှချောပါလားကွ၊ ဟဲ…ဟဲ… ဟဲ ငါဖြင့် အခုမှ လက်တွေ့မြင်ဖူးတယ်၊ ဟိုရှေ့ဆုံးက မဒီကလေးက တယ်ချောတယ်လှပါလားကွ။ ကတော်ဖြစ်မယ့် ရုပ်ကလေးပါလား ကွ၊ ဟဲ…ဟဲ…ဟဲ"

အတူပါလာသူ ရွာခံတစ်ယောက်က–

"ဟာ…ဗိုလ်လေးကလည်း ပြောမှပြောတတ်ပလေ၊ အဲဒါ ဒီရွာရဲ့ အလှဆုံးကွမ်းတောင်ကိုင်မလေးလေး၊ နာမည်ကလည်း လှယဉ်တဲ့ဗျ"

"အမယ်လေးလေး၊ လှယဉ်တဲ့လားကွာ၊ လှလည်းလှပါပေ့၊ ယဉ်လည်းယဉ်ပါပေ့၊ ငါတော့ သဘောတွေ့တယ်ဟေ့"

ဆိုပြီး ဗိုလ်ဖိုးရှောင်တစ်ယောက် အမူးသမားအသံကြီးနှင့် တအားအော်နေပါတော့သည်။

ဗိုလ်ဖိုးရှောင်တစ်ယောက် မလှယဉ်အချောအလှကလေး တွေ့ကာမှ တကယ်ပဲ သဘောတွေ့နေပြီလား မစဉ်းစားတတ်တော့ပြီ။ တော်လှန်ရေးကြီး ဧပြီဆိုကတည်းက ကုလားဖြူသွေးကို ခြေသေးမယ်။ တော်လှန်ရေးကြီး မပြီးမချင်း နောက်ဆံမတင်းရအောင် မိန်းမ မယူဘူး။ ကုလားဖြူနိုင်မှ မိန်းမအပိုင်ယူမယ်လို့ တဖွဖွပြောပြီး ပျော်ပျော်ကြီးနေတတ်ပြီး သူဘဝတစ်ခုလုံး တော်လှန်ရေးကြီးထဲမှာ မြှုပ်နှံစတေးထားတဲ့လူ။ ဒီတစ်ခါတော့ ဘယ်လိုများဖြစ်ပါလိမ့်မှဟု



ပွဲကြီးတော့ ပိုပြီး ကြမ်းသွားပါပြီ၊ အရက်အရှိန်၊ အရှက်အရှိန်
နှစ်ခုပေါင်းပြီး ဒေါသမုန်တိုင်းကြီး အကြွမ်းကုန်ကြမ်းသည့်ပွဲ
ဖြစ်ကာ ဗိုလ်ဖိုးရှောင်ဖါးသွားမှာ အသက်မပါရလေအောင်
သူ့ထက်ငါ အသက် ဖက်နှင့်ထုပ်ဆိုသလို
ပြေးကြ၊ လွှားကြ၊ ပုန်းအိပ်ကြရ...



တပည့်နှစ်ယောက် ဆွဲထားသည့်ကြားက ရှေ့တစ်ဆင့်တိုး၍ မလှယဉ်ကလေးရဲ့ ဒီလောက်တောင် လှလွန်းရသလား။ အားရ ပါးရ တဝကြီးကြည့်ပါရစေဟုဆိုကာ ရှက်သွေးဖြာပြီး ပုသိမ်ထီးကလေးကိုကာပြီး ဆောင်းထားတဲ့ မလှယဉ်ရဲ့လက်ကို လှမ်းဆွဲပြီး ထီးကလေးကိုလည်း ဘေးသို့လွှင့်ပစ်လိုက်ပြီး မလှယဉ်ကလေးကို အတင်းပွေ့ဖက်ပါတော့သည်။ သည်အခိုက်မှာ ဘုရားပွဲတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်ပြီး အတီးအမှုတ်တွေလည်း အသံတိတ်သွားပြီး ကာလသားခေါင်းများနှင့် အပျိုထိန်း အဒေါ်ကြီးတို့မှာ ဗိုလ်ဖိုးရှောင်ရှိရာသို့ ရောက်လာကြပြီး "ဗိုလ်လေးရယ် အလှူပွဲမှာ ဒီလိုမလုပ်ပါနဲ့၊ ဗိုလ်လေးတွေ့ချင်၊ ကြည့်ချင်၊ စကားပြောချင်ရင် ညပိုင်းမှာ လှယဉ်တို့ အိမ်ကို အလည်သွားပြီး မိတ်ဆက်ပါ။ အဲဒီအခါကျမှ ဗိုလ်လေး ပြောစရာရှိတာ ပြောနိုင်ပါတယ်"ဟု တောင်းပန်ပါတော့သည်။

လူငယ်ကာလသားတွေကတော့ တုတ်ကိုင်ရမလို၊ ဓားကိုင်ရမလို ဖြစ်နေကြပြီး အမျိုးတွေမှာ စိတ်လည်းဆိုး၊ ကြောက်လည်း၊ ကြောက်မို့ ကြောင်တောင်တောင်ဖြစ်နေကြရှာပါတယ်။

အညာဒေသမှာ ကွမ်းတောင်အပျိုကို ရွေးတဲ့အခါ တစ်ရွာလုံး၏ အလှဖုရားမလေးအဖြစ် အရွေးပေးထားကြမှာဖြစ်၍ ရုပ်ရည်ချောမော လှပရုံနှင့် မပြီးသေး။ အဖေရော အမေရောလည်းရှိပြီး ရည်းစားတစ်ခါမျှ မထားရသေးတဲ့သူကိုမှ အများက ထောက်ခံယုံကြည်ပြီး အဖိုးဆိုရင် ယင်မိုတောင် အသန်းမခံနိုင်လောက်အောင် အရွေးပေးထားတဲ့ အလှသရဖူပိုင်ရှင် အလှတန်ဆောင်တိုင် ကွမ်းတောင်ကိုင် မဖုရားကိုမှ ဆွဲလား၊ ငင်လားလုပ်လိုက်တဲ့ ဗိုလ်ဖိုးရှောင်ကို တစ်ရွာလုံးက အစိမ်းလိုက် ဝါးစားပစ်ချင်တာ၊ ကြောက်လို့သာ အောက်ကျခံ တောင်းပန်နေရခြင်း ဖြစ်ပါတယ်။ တောင်းပန်နေသည့်သူများကို "ဒီရွာကို ငါအုပ်ချုပ်နေတာ၊ ငါလုပ်ချင်သလိုလုပ်မယ်၊ ငါ့ကို ဆန့်ကျင်လာရင် ဘယ်သူမှ မညှာနိုင်ဘူး" ပြောပြောဆိုဆို ဓားနှင့် တစ်ဖက်က ရမ်း၍ ကျန်တစ်ဖက်က မလှယဉ်ကလေးကို တအားဆွဲဖက်ထားပါလေရော။ ဒီအချိန်မှာ ဆက်လက်ပြီး သည်းခံနိုင်စွမ်း မရှိတော့သူတစ်ယောက်၏ လေးခွမှ ရွှံ့စေး

လောက်စာလုံးဟာ ဗိုလ်ဖိုးရှောင်၏ နဖူးပြင်တည့်တည့်ကို ဒေါင်ခနဲအသံမြည်အောင် ထိမှန်သွားပါတော့သည်။

ပွဲကြီးတော့ ပိုပြီး ကြမ်းသွားပါပြီ။ အရက်အရှိန်၊ အရှက်အရှိန် နှစ်ခုပေါင်းပြီး ဒေါသမုန်တိုင်းကြီး အစွမ်းကုန်ကြမ်းသည့်ပွဲဖြစ်ကာ ဗိုလ်ဖိုးရှောင်၏ဓားသွားမှာ အသက်မပါရလေအောင် သူ့ထက်ငါ အသက် ဖက်နှင့်ထုပ်ဆိုသလို ပြေးကြ၊ လွှားကြ၊ ပုန်းအိပ်ကြရသည်အထိ ဖြစ်သွားပါတော့သည်။

ကူတောရွာ၏ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယ ဘုရားဆွမ်းကပ်တဲ့ပွဲ တစ်ဝက်တစ်ပျက်နှင့် သိမ်းခြင်းမှာ လောက်လေးခွပစ်တဲ့သူကို ဖော်ထုတ်ပေးလျှင်ပေး၊ မပေးလျှင် တစ်ရွာလုံး မြေလှန်ပစ်မယ်၊ မီးနှင့်တိုက်ပစ်မယ်လို့ ကြိမ်းမောင်းတောင်းဆိုနေတဲ့ ဗိုလ်ဖိုးရှောင်၏ ရာဇသံကြောင့်ပင် ဖြစ်ပါသည်။

နေဝင်တာနဲ့ ခွေးရော ကလေးပါ အိမ်ထဲတွင် တံခါးပိတ်ပြီး ရင်တထိတ်ထိတ်နှင့် နေကြရတာကတော့ အရင်က ပြည်သူ့အချစ်တော်အဖြစ်မှ ပြည်သူ့ချဉ်ဖတ်ကြီး လုံးလုံးဖြစ်သွားတဲ့ ဗိုလ်ဖိုးရှောင်ကို ကြောက်ကြရ၍ ဖြစ်ပါသည်။

ကူတောရွာဘုရားပွဲ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရဲ့ညီ လက်ရုံးဗိုလ် ဗိုလ်ဖိုးရှောင် ဖျက်လို့ ပျက်သွားရတဲ့သတင်း ဗိုလ်ချုပ်၏နားသို့ ခါးသီးစွာရောက်ရှိသွားပါတော့သည်။

"တောက်…ရှိုင်းလိုက်လေ ငရှောင်ရယ်၊ ငါ့မျက်နှာကို ဓားနဲ့လှီးပစ်ချင်တယ်၊ ရှင်မယ်မွန်းရေ(မမွန်း)၊ ညည်း မတ်တော်မောင် ငရှောင်ကတော့ တို့တော်လှန်ရေးကြီး ပျက်စီးအောင်လို့၊ တို့အားနည်းအောင် လုပ်လိုက်ပြန်ပြီ။ ငါ့ကို မညှာချင်နေပါစေ၊ အရေးတော်ပုံကြီးအောင်မြင်ရေး အသက်ပေးသွားတဲ့ သွေးသောက်ရဲဘော်တွေရဲ့ သွေးကို သင်း ခြေဆေးရာ မကျပါလား။ တော်လှန်ရေးကြီး အောင်မြင်ပါစေလို့ အသက်ပေးပြီး ကူညီကြတဲ့ ရဟန်းရှင်လူ ပြည်သူတွေရဲ့ မျက်နှာကိုမှ မထောက်၊ ဘာသာရေးပွဲကိုမှ ပျက်အောင်ဖျက်ရသလား။ အသားထဲက လောက်ထွက်၊ ပြည်သူတွေကိုမှ စော်ကားရက်တဲ့ကောင်၊ ရန်သူတွေတော့ အကြိုက်ဖြစ်တော့မှာပေါ့။ တတ်နိုင်ဘူးဟေ့၊ ဒီလောက်တောင် မိုက်တွင်းနက်တဲ့အကောင် ငါကိုယ်တိုင် ဆုံးမပြမယ်။ လက်ညှိုးမကောင်းရင် လက်ညှိုးဖြတ်ရမယ်၊ လက်မ မကောင်းရင် လက်မဖြတ်ပစ်မယ်။ မညှာနိုင်ဘူးကွ။ မကောင်းရင် ငါ့လက်မောင်းထဲက သွေးဖြစ်ပေမယ့် မောက်ထုတ်ပစ်ရမယ်"ဟု ကြုံးဝါးရင်းဖြင့်–

စိတ်ထိခိုက်လွန်းတာရယ်၊ ဒေါသဖြစ်တာရယ်၊ ရှက်တာရယ်၊ ရွာသူရွာသားတွေကို အားနာလွန်းတာရယ်ဆိုတဲ့ ခံစားချက်တွေကြောင့် ရင်ထဲမှာ ပြည့်ကြပ်ကာ ဖင်ထိုင်မရအောင်ဖြစ်ပြီး ဗိုလ်ဆိုးပေနှင့် မြင်းတပ်ဖွဲ့တစ်ဖွဲ့ အမြန်ဆုံးလွှတ်ပြီး ဗိုလ်ဖိုးရှောင်ကို အဖမ်းခိုင်းလိုက်ပါသည်။

ညနေပိုင်းတွင် ကြိုးတုပ်ထားတဲ့ ဗိုလ်ဖိုးရှောင်နှင့် တပည့်နှစ်ယောက်ဟာ ဗိုလ်ချုပ်ယာယီစခန်းချရာ ရွှေဥမင်စခန်းသို့ ရောက်လာပါတယ်။ ခရီးရောက်မဆိုက်ပင် ဗိုလ်ဖိုးရှောင်ကို စစ်ဆေးရာ ပြစ်မှုတွေအားလုံး မှန် ကန်ကြောင်း ဝန်ခံပါတယ်။



ခေါင်းဆောင်ကြီး ဗိုလ်ချုပ်သည် တော်လှန်ရေးမှာ အားအကိုးရဆုံး ညာလက်ရုံးတစ်ယောက်လည်းဖြစ်ပြီး သွေးသွားရင်းတစ်ဝမ်းကွဲ ညီတစ်ယောက်။ တစ်ဝမ်းကွဲညီဆိုရပေမယ့် မိမိ၏မိခင်ရင်း ကွယ်လွန်ပြီးကတည်းက မိမိကိုမွေးစားခဲ့တဲ့ မွေးစားအမေ(တွေးလေးအရင်း)၏သားမို့ ညီအရင်းဟုဆိုနိုင်သူ။ ညီတစ်ယောက်နှာနှင့် ပြည်သူ့မျက်နှာ ဘယ်သူ့မျက်နှာ ကြည့်ရမှာလဲ။ ငါဟာ ငါ့အတွက်၊ ငါ့မွေးချင်းတွေအတွက် အဓိကလိပ်မျက်နှာပြုတွေကို တော်လှန်ခဲ့တာမဟုတ်ဘူး။ မြန်မာဆိုတဲ့ တိုင်းရင်းသားမျိုးစုံ ပြည်

အရေးတော်ပုံကြီးအောင်မြင်ရေး အသက်ပေးသွားတဲ့ သွေးသောက်ရဲဘော်တွေရဲ့ သွေးကို သင်း ခြေဆေးရာ မကျပါလား၊ တော်လှန်ရေးကြီး အောင်မြင်ပါစေလို့ အသက်ပေးပြီး ကူညီကြတဲ့ ရဟန်းရှင်လူ ပြည်သူတွေရဲ့ မျက်နှာကိုမှ မထောက်...

သူတွေကို ကျွန်ဘဝက လွတ်မြောက်အောင် ငါတိုက်ပွဲဝင်ပြီး တော်လှန်ခဲ့တာ ဒီအရေးတော်ပုံကြီး အောင်မြင်ဖို့အတွက် စတေးခဲ့ကြတဲ့ မျိုးချစ်ရဲဘော်တွေရဲ့ သွေးတွေ ချောင်းစီးလုမတတ် မြေမှာကျခဲ့ရပြီ။ ပြည်သူ သွေးတွေကို မနှမြောခဲ့ဘဲ ငါ့သွေးကျမှ ငါနှမြောရမှာလား။ ပြည်သူ့မျက်နှာကို မထောက်၊ ငါ့ညီရဲ့မျက်နှာကိုမှ ငါ ထောက်နေရမှာလား။ **''အို ··· နောင် သမိုင်းမှာ ငါ့ညီကိုတောင်သတ်တဲ့ကောင်ဖို့ 'ညီကိုသတ်ရက်တဲ့ အစ်ကိုရယ်' လို့ သမိုင်းတွင်ကာ ရိုင်းချင်ရိုင်းပါစေတော့၊ ငါချစ်တဲ့ ပြည်သူ့အကျိုး၊ ငါ့ကိုအားကိုးနေကြတဲ့ ပြည်သူတွေရဲ့အကျိုးကို ငါကြည့်တော့မယ်''** ဆိုတဲ့ သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာချလိုက်ပြီးလျှင် ရှေ့တွင် ကြိုးတုပ်လျက် ရောက်နေသော ညီတော်သူ ဗိုလ်ဖိုးရှောင်အား–

''ဟေ့ကောင် ငရှောင်၊ မင်းမှာ အပြစ်ရှိသလား''

''ရှိပါတယ် အစ်ကိုကြီး''

''မင်းအပြစ်က ကြီးသလား၊ ငယ်သလား''

''ကြီးပါတယ် အစ်ကိုကြီး''

''မင်းကျူးလွန်ခဲ့တဲ့အပြစ်က ကြီးရုံတင်ပဲလား။ များတော့ မများဘူးလား''

''ဟုတ်ကဲ့၊ များလည်းများလှပါပြီ''

''ဟေ့ကောင် ငရှောင်၊ မင်းငါ့ကို အစ်ကိုကြီးလို့မခေါ်နဲ့ နားခါးတယ်၊ မင်းနဲ့ငါ ညီအစ်ကို တော်ရတာ ငါရှက်တယ်၊ မင်းဟာလေ ငါ့သွေးဖြစ်ပေမယ့် မနီဘူး၊ မရဲဘူး၊ မသန့်ဘူးကွ၊ မင်းသွေးက အရောင်ကွဲ၊ အရောင်ပျက်၊ မင်းကျမှပဲ ငါ့အမျိုးထဲမှာ စုန်းပြူးစေ့ အမျိုးဖျက်၊ ဟေ့ကောင် ငရှောင်၊ သစ္စာဖောက်တဲ့ကောင်ဟာ ဘယ်လိုအပြစ်ဒဏ်နဲ့ ထိုက်တန်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား''

''သေဒဏ်နဲ့ ထိုက်တန်ပါတယ် အစ်ကိုကြီး''

''ဟေ့ကောင် ငရှောင်၊ ငါ့မျက်နှာကို အိုးမည်းသုတ်ပေါင်းများပြီကွ၊ သစ္စာဖောက်တွေနဲ့ တန်းတဲ့လမ်း သွားပေတော့···ရော့''

''ရွှမ်း···ရွှမ်း···ရွှမ်း''

လရောင်ပြက်ပြက်ဝယ် ဓားရောင်လက်ခဲ့ပေပြီ။ မကောင်းလျှင် ကိုယ့်ညီကိုပင် သတ်ရက်ပြီး မကောင်းရင် လက်မောင်းသွေးကို ဖောက်ထုတ်ပစ်မယ်ကွဟု ကြုံးဝါးပြီး တကယ်ကို ဖောက်ထုတ်ခဲ့သည့် ငါ့သရောက်သား ဗိုလ်ချိုပင် ဖြစ်ပါတော့သည်။

ကျဆုံးလေပြီးသော ရဲဘော်အပေါင်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် တော်လှန်ရေးခေါင်းဆောင်ကြီးများကို အလေးပြုပါသည်။

**ဗိုလ်ချုပ်မြေ တင်တင်ဝင်း**





# ထုံးချွန်ထက်မြက်လိုသူများအတွက် လက်ဆောင်မွန်

ကိုစော (ပထဝီဝင်)

ယခင်တစ်ပတ်က သဘာဝတ္တပညာရပ်၏ အခြေခံအကြောင်းအရာအချို့ကို တင်ပြခဲ့ပြီးဖြစ်တယ်။ ယခုဆက်ပြီး သဘာဝတ္တပညာရပ်ကို လေ့လာတင်ပြပေးမယ်။ ရုပ်ခန္ဓာအားလုံးသည် ဓာတ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာတိုင်း ရုပ်ပြောင်းလဲမှုများ အစဉ်ဖြစ်ပေါ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ထုံးချွန်ထက်မြက်လိုသူတွေဟာ စာပေဗဟုသုတတွေကို အထူးလေ့လာကြသလို၊ သဘာဝတရားကြီး ဖြစ်ပျက်အစဉ်များကိုလည်း သိရှိနားလည်ထားရန်လည်း လိုအပ်ပါတယ်။ ဒါကြောင့် ဖတ်ပါ၊ မှတ်ပါ၊ လေ့လာသင်ယူပါ၊ တုပကြပါ၊ ပြုစုကြပါလို့ အမြဲတိုက်တွန်းနေတာပါ။ သဘာဝတရား၏ အမှန်တကယ်ဖြစ်ပျက်အစဉ်များကိုလည်း လေ့လာမှတ်သားစေချင်တာကြောင့် သဘာဝတ္တပညာရပ်၏ အစိတ်အပိုင်းအချို့ကို လေ့လာတင်ပြခြင်း ဖြစ်ပါတယ်။

လောကသုံးပါးမှ ရုပ်ခန္ဓာတို့သည် ဓာတ်တို့ဖြင့် ဖွဲ့စည်းထားသော အဆောက်အအုံများဖြစ်ကြသည်။ အရာဝတ္ထုတို့၏ ရုပ်ခန္ဓာများကိုလည်းကောင်း၊ လူအပါအဝင် သတ္တဝါတို့၏ ရုပ်ခန္ဓာများကိုလည်းကောင်း အခြေခံအဖွဲ့အစည်းအထိ ခွဲခြမ်းစိတ်ဖြာကြည့်သော အခါ ဓာတ်တို့ကိန်းအောင်းနေသော ဓာတ်စင်မြူခေါ်သော အဆောက်အအုံကို တွေ့ရသည်။

ဓာတ်စင်မြူခေါ်သော အဆောက်အအုံသည် ကိန်းအောင်းနေသော ဓာတ်တို့ကို လေးမျိုးလေးစား ခွဲခြားထားသည်။ မြန်မာရိုးရာအလိုအားဖြင့် (၁) ပထဝီဓာတ် (၂) တေဇောဓာတ် (၃) ဝါယောဓာတ်နှင့် (၄) အာပေါဓာတ်တို့ဖြစ်ကြသည်။ သိပ္ပံအလိုအားဖြင့် (၁) အီလက်ထရွန်ဓာတ် (၂) ပရိုတွန်ဓာတ် (၃) နယူထရွန်ဓာတ်နှင့် (၄) နယူကလီယန်ဓာတ်တို့ ဖြစ်ကြသည်။

မြန်မာ့ရိုးရာအယူအစွဲနှင့် သိပ္ပံအတွေးအခေါ်တို့သည် ထပ်တူမျှသော သဘောရှိကြသည်။ မြန်မာ့ရိုးရာ အယူအစွဲနှင့် အခေါ်တို့တွင် ကွဲပြားခြားနားသည်ဟု ယူဆရသော်လည်း သဘောသဘာဝတူညီကြောင်းကို အောက်ပါအတိုင်း တွေ့မြင်ရသည်။

သိပ္ပံပညာရပ်မှ အရာခပ်သိမ်းတို့ကို ဖွဲ့စည်းဆောက်တည်သော အခြေခံအကျဆုံးသော ဟိုက်ထရိုဂျင် Hydrogen ဓာတ်စင်၏ ဓေတ်အင်္ဂါနှင့် ဖွဲ့စည်းမှုကို အောက်ပါပုံအတိုင်း တွေ့မြင်ရသည်။




E အမှတ်ဖြင့်ပြထားသော အီလက်ထရွန်ဓာတ်တို့သည် NP အမှတ်ဖြင့်ပြထားသော နယူကလီယာဓာတ်ကို ဗဟိုပြု၍ ထာဝစဉ် လှုပ်ရှား၍ လှည့်ပတ်သွားနေကြသည်။ မြန်မာ့ရိုးရာအယူအစွဲမှ ဝါယောဓာတ်သဘောကို ကိုယ်စားပြုကြသည်။ P အမှတ်ဖြင့် ပြထားသော ပရိုတွန်ဓာတ်တို့သည် E အမှတ်ဖြင့်ပြထားသော အီလက်ထရွန်ဓာတ်ကို ဓာတ်စင်မြူအဖွဲ့အစည်းမှ ထွက်ခွာမသွားရန် ဆွဲငင်ထားသည်။ ယင်းဓာတ်တို့သည် ဖွဲ့စည်းသောသဘောကို ပြသောကြောင့် မြန်မာ့ရိုးရာအယူအစွဲမှ အာပေါဓာတ်သဘောကို ကိုယ်စားပြုကြသည်။ N အမှတ်ဖြင့်ပြထားသော နယူထရွန်ဓာတ်တို့သည် ဖိုဓာတ် မ,ဓာတ် စသော ဂုဏ်သတ္တိများမရှိသော်လည်း ပူခြင်း၊ အေးခြင်း ဂုဏ်သတ္တိများကို ပြကတေ့အတိုင်း ပြနိုင်စွမ်းရှိကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ အယူအစွဲအရ အပူအအေးသတ္တိနှင့်ပြည့်စုံသော တေဇောဓာတ်ကို ကိုယ်စားပြုနိုင်လိမ့်မည်။ NP အမှတ်တို့ဖြင့် ဖွဲ့စည်းထားသော နယူကလီယာခေါ် အမြုတေသည် နယူးထရွန်ဓာတ်နှင့် ပရိုတွန်ဓာတ်တို့ကို စုပေါင်းထားသော ဓာတ်ခန္ဓာဖြစ်ကြသောကြောင့် ဓာတ်အင်္ဂါဖြင့် ယူဆနိုင်သည်။ ယင်းဓာတ်ခန္ဓာသည် ခိုင်မာသောသဘောကို သရုပ်ဆောင်သောကြောင့် ပထဝီဓာတ်ဟု ယူဆနိုင်ဖွယ်ရာအကြောင်းရှိသည်။ သိပ္ပံပညာရပ်မှ အခြားအခြားသော ဓာတ်စင်တို့သည် အထက်တွင်ဖော်ပြခဲ့သော ဓာတ်အင်္ဂါလေးရပ်ဖြင့် တည်ဆောက်သောအရာများဖြစ်သည်ဟု အဆိုပြုကြသည်။ ထို့ကြောင့် မြန်မာတို့က အရာခပ်သိမ်းတို့သည် မဟာဘုတ် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းဆောက်တည်သည်ဟု အဆိုပြုကြ၍ သိပ္ပံပညာရှင်တို့က အရာခပ်သိမ်းတို့သည် ဓာတ်စင်တို့ဖြင့် ဖွဲ့စည်းကြသည်ဟု အဆိုပြုဟန်တူသည်။

လူကိုယ်ခန္ဓာသည် မဟာဘုတ်ဓာတ်ကြီးလေးပါးဟု ဆိုအပ်သော ဓာတ်စင်တို့ဖြင့် ဖွဲ့စည်းထားသော အဆောက်အအုံဖြစ်ကြသည်။ အကြမ်းအားဖြင့် ဟိုက်ထရိုဂျင် Hydrogen ဓာတ် ကာဘွန် Carbon ဓာတ် နိုက်ထရိုဂျင် Nitrogen ဓာတ် အောက်ဆီဂျင် Oxygen ဓာတ် ဆိုဒီယမ်း Sodium ဓာတ် မဂ္ဂနီစီယမ်း Magnesium ဓာတ် မီးစုန်းဓာတ် Phosphorus ကန့်ဓာတ် Sulfur ကလိုရိုမ်း Chlorine ဓာတ် ပိုတက်စီယမ်း Potassium ဓာတ် ထုံးဓာတ် Calcium နှင့် သံဓာတ်တို့ကိုအခြေခံ၍ ဖွဲ့စည်းထားကြသည်။ သီးခြားအကြောင်းအချက်တို့ကြောင့် လစ်သီယမ်း Lithium ဓာတ် ဘာရွန် Boron ဓာတ် ဖလိုရိုမ် Fluorine ဓာတ် အလူမီနီယံ Aluminum ဓာတ် စီလီကွန် Silicon ဓာတ် ဗာနာဒီယမ်း Vanadium မင်္ဂနိ Maganese ဓာတ် ကိုဘော Cobalt ဓာတ် ကြေးဓာတ် Capper သွပ် Zinc ဓာတ် ဘရိုမီ Bromine ဓာတ်နှင့် အိုင်အိုဒင်ဓာတ်တို့လည်း ပါဝင်ကြသည်။

ယခုတင်ပြခဲ့ပြီးတဲ့ သဘာဝတွေပညာရဲ့ အကြောင်းအရာ၊ အချက်အလက်တွေကို လေ့လာပြီးပြီဆိုရင် လူခန္ဓာကိုယ်ဓာတ်စင်တို့ဖြင့် ဖွဲ့စည်းထားကြောင်း အထိုက်အလျောက် သိရှိပြီလို့ ထင်ပါတယ်။ ဆက်လက်ပြီး သဘာဝတွေပညာကို ထဲထဲဝင်ဝင် ဆက်လေ့လာမယ်ဆိုရင် ခန္ဓာကိုယ်တည်ဆောက်ထားတဲ့ အဖွဲ့အစည်းတစ်ခုလုံး သိရှိနားလည်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ထူးချွန်ထက်မြက်လိုသူများ ရှာဖွေပါ၊ လေ့လာပါ၊ မှတ်သားပါ၊ တုပရေးသားကြပါလို့ တိုက်တွန်းရင်း ထူးချွန်ထက်မြက်သော ကျောင်းသားလေး မောင်ငြိမ်းချမ်းဝင်း(ယခုဆရာဝန်)၏ စာစီစာကုံးထစ်ပုဒ်ကို ရွေးထုတ် တင်ပြလိုက်ရပါတယ်။

**ကိုစော(ပထဝီဝင်)**
**မှီငြမ်း – မျိုးမြင့်စော၏**
**'ဘာသာစုံစာပေလေ့လာနည်း'**



# သတင်းစာဖတ်ခြင်းအကျိုး



လူသည် အခြားသတ္တဝါများထက် အသိဉာဏ်ရှိ၏။ စူးစမ်းမေးမြန်းတတ်၏။ သူ့အကြောင်း၊ ကိုယ့်အကြောင်း သိချင်တတ်ကြ၏။ လူ့သတင်း လူချင်းဆောင်ခြင်းဖြင့် သတင်းစကားကို ကြားချင်တတ်ကြ၏။ သတင်းဆိုသည်မှာ ကြားသိအပ်သော အဖြစ်အပျက်၊ အကြောင်းအရာပင် ဖြစ်ပါသည်။ ရှေးခေတ်က တစ်ဆင့်စကား တစ်ဆင့်နား ကြားနာခဲ့ရသော်လည်း ခေတ်မီ တိုးတက်လာသောအခါ စာဖြင့်ပုံနှိပ်၍ သတင်းကို ဖြန့်ဝေလာခဲ့ကြသည်။ ဤသို့ဖြင့် သတင်းစာဖြစ်ပေါ်လာသည်ဟု ယူဆပါသည်။

သတင်းစာဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်း၊ ပြည်ပသတင်းများကို စုစည်း၍ ပုံနှိပ်ဖော်ပြနေသော စာစောင်ဖြစ်ပါသည်။ ''နယူးစ်'' (News) ဟူသော အင်္ဂလိပ်အက္ခရာလေးလုံးကိုအရှည်ကောက်အားဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတို့မှ ရရှိသော အဖြစ်အပျက်တို့ကို စုစည်းဖော်ပြထားသော စာစောင်ဟု ဖွင့်ဆိုသည်မှာလည်း သဘာဝကျပါသည်။

ခေတ်မီသောနိုင်ငံတိုင်းတွင် သတင်းစာ ရှိကြသည်။ လူတိုင်းသည် ပြည်တွင်းသတင်း၊ ကမ္ဘာ့သတင်းများကို သိချင်တတ်ကြရာ ထိုဆန္ဒကို သတင်းစာများက ဖြည့်ဆည်းပေးကြပါသည်။ သတင်းစာသည် နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသော အကြောင်းအရာများကို ဖော်ပြပေးနေသည့် ရုပ်ရှင်ဝိတ်ကားကြီးနှင့်တူ၏။ သတင်းစာတွင် ပြည်တွင်းသတင်းနှင့် ပြည်ပသတင်းဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်၏။ ထို့နောက် ခေါင်းကြီးပိုင်းခေါ် အယ်ဒီတာ့အာဘော်၊ မြို့တော်သတင်း၊ နယ်သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ မိုးလေဝသသတင်း၊ ကြော်ငြာ၊ နာရေးနှင့် လက်ထပ်မင်္ဂလာသတင်းများ ပါတတ်ပါသည်။ ရံဖန်ရံခါ နိုင်ငံရေး၊ အားကစား၊ ရုပ်ရှင်၊ စာပေ၊ ဂီတဆိုင်ရာ ဆောင်းပါးများ ပါရှိပါသည်။

သတင်းစာဖတ်ခြင်းကြောင့် ဗဟုသုတများစွာ ရနိုင်သဖြင့် လူတိုင်းအတွက် အကျိုးရှိပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကြေးမုံ၊ မြန်မာ့အလင်းနှင့် အင်္ဂလိပ်-မြန်မာ့အလင်းဟူ၍ သတင်းစာသုံးစောင် နေ့စဉ်ထုတ်ဝေပေးနေပါသည်။ အယ်ဒီတာ့အာဘော်သည် တစ်နေ့တာသုံးသပ်ချက် အနှစ်ချုပ်ဖြစ်သဖြင့် အထူးဂရုစိုက် ဖတ်သင့်ပါသည်။ ယနေ့နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုနှင့် ရှေ့အလားအလာများကို လမ်းညွှန်သုံးသပ်ပြလေ့ရှိပါသည်။ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သဘောထားများကိုလည်း ဖော်ပြပေးလေ့ရှိသဖြင့် ကိုယ့်နိုင်ငံ၏အလားအလာကို ခန့်မှန်းသိနိုင်ပါသည်။

ဆောင်းပါးများကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာစသည်ဖြင့် အကြောင်းအရာစုံလင်စွာကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် တတ်သိနားလည်သော ဆောင်းပါးရှင်များက ရေးသားကြသဖြင့် အသိပညာဗဟုသုတများစွာ ရရှိပါသည်။ အတွေးအမြင် ကျယ်ပြန့်ခြင်း၊ စဉ်းစားချင့်ချိန်တတ်သော အကျိုးကျေးဇူးများ တိုးပွားလာပါသည်။ သတင်းစာဆောင်းပါးများသည် ကျွန်ုပ်တို့ ကျောင်းသားလူငယ်များအတွက် အကိုးအကား၊ အထောက်အထားများ ရရှိပါသည်။ စာစီစာကုံးအတွက် စံပြုအားထားရပါသည်။ ဆည်မြောင်း၊ ကန်ချောင်းသတင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ သတင်းများသည် ပထဝီဘာသာအတွက် ကိုးကားနိုင်သဖြင့် အကျိုးရှိပါသည်။ အင်္ဂလိပ်သတင်းစာဖတ်လျှင် အင်္ဂလိပ်အရေးအသားနှင့် ဝေါဟာရများ ကြွယ်ဝလာပြီး အင်္ဂလိပ်စာနှင့် ရင်းနှီးကျွမ်းဝင်လာပါမည်။ အင်္ဂလိပ်စာစီစာကုံးအတွက် များစွာအကျိုးရှိပါသည်။

ပြည်ပရေးရာ နိုင်ငံတကာသတင်းများကို ဖတ်ခြင်းဖြင့် ယနေ့ ကမ္ဘာ့အခြေအနေကို မျက်ခြည်မပြတ် ရှုမြင်ခွင့်ရပါသည်။ ခေတ်မီတိုးတက်သော နိုင်ငံများအကြောင်း ဖတ်ရသောအခါ ကိုယ့်နိုင်ငံလည်း တိုးတက်လာစေလိုသောစိတ်များ တဖွားဖွား ပေါ်လာစေပါသည်။ ဘော့စနီးယား၊ စစ်သတင်းများ ဖတ်ရသောအခါ စစ်၏အနိဋ္ဌာရုံများကို သိရသဖြင့် စစ်ဘေးဒုက္ခသည်များကို ကိုယ်ချင်းစာ သနားမိပါ၏။ စစ်ကိုမုန်းတီးလာ၏။ ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်း



သာယာစေသော စိတ်ဆန္ဒများ ဖြစ်ပေါ်မိပါသည်။

ဆေးပညာဆောင်းပါးများက ကျန်းမာရေးအသိရရှိသဖြင့် ရောဂါကို ကြိုတင်ကာကွယ်နိုင်သော အကျိုးကျေးဇူးရရှိပါသည်။ မြန်မာခရီးသွားနှစ်အမီ ခေတ်မီဟိုတယ်ကြီးများ တည်ဆောက်ခြင်း၊ အညီမြောင်း၊ ကန်ချောင်း၊ တံတားများ တည်ဆောက်ပြုပြင်ခြင်းများကို ဖော်ပြပေးသဖြင့် ကိုယ့်နိုင်ငံ၏ တိုးတက်မှုကို သတင်းစာမှ တစ်ဆင့် လျှင်မြန်စွာသိခွင့်ရပါသည်။

မိုးလေဝသသတင်းများကလည်း လှိုင်းထန်မည်၊ မိုးကြီးမည်၊ ရေကြီးမည် စသည့် မိုးလေဝသနှင့် ဇလဗေဒ သတင်းများကို သိပ္ပံပညာအရ ကြိုတင်ဟောကိန်းထုတ်ပေးနေပါသည်။ ဖြစ်ပေါ်မည့် သဘာဝဘေးဒဏ်ကို ကြိုတင်သိခွင့်ရပါက ကြိုတင်ကာကွယ်ခြင်းဖြင့် အပျက်အစီးနည်းပေမည်။ မုန်တိုင်းရှိသည်ကို သတင်းစာမဖတ်၍ ကြိုတင်မသိဘဲ လှေ၊ သင်္ဘောများထွက်ခဲ့သော် မုန်တိုင်းမိပေမည်။ ထို့ကြောင့် သတင်းစာဖတ်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ပါ၏။

ကာတွန်းသည် ဟာသရသပေးရုံမက ခေတ်အလျောက် အမြီးအမောက်မတည့်မှုများကို သရော်ရင်း ပျော့ကွက်၊ ဟာကွက်များကိုထောက်ပြလေ့ရှိပါသည်။ "စာတည်းမှူးထံ ပေးစာ"သည် လိုအပ်ချက်၊ နစ်နာချက်တို့ကို ရင်ဖွင့်ရာ ဟစ်တိုင်ဖြစ်၍ ပြည်သူများအတွက်အကျိုးရှိပါသည်။ ယုတ်စွအဆုံး လက်ထပ်မင်္ဂလာသတင်းဖတ်ပြီး မည်သူတို့ဘဝခရီးကို လက်တွဲသွားကြပြီဟု သိရှိနိုင်သကဲ့သို့ နာရေးကြော်ငြာဖတ်ပြီး ဆင်းရဲချမ်းသာ၊ ကြီးငယ်မဟူ သေခြင်းတရားကို မလွန်ဆန်နိုင်ပုံကို တရားသံဝေဂရနိုင်ပေသည်။




အခါအားလျော်စွာ ပြသသော ကျေးလက်အနုပညာပြပွဲ၊ မှုးယစ်ဆေးဝါးတို့ ရှောင်ရှားပြပွဲ၊ တပ်မတော်ရွှေပြပွဲ စသည်တို့ကို သတင်းစာများမှ တခမ်းတနားဖော်ပြပေးသဖြင့် ကြည့်ရှုလေ့လာလိုစိတ် ပေါ်လာခဲ့ပါသည်။ ယင်းပြပွဲများကို ကြည့်ရှုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် ဗဟုသုတများစွာ ရရှိနိုင်ပါသည်။ အားကစားသတင်းများကိုလည်း သတင်းစာတွင် ဆောလျင်စွာဖော်ပြပါရှိသဖြင့် ဗဟုသုတရရှိသည့်အပြင် "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်"ဟူသည့် အားကျစိတ်များ တိုးပွားလာပါသည်။

ယနေ့ သတင်းစာသည် နောင်တစ်ချိန်တွင် သမိုင်းဝင်မှတ်တမ်းများ ဖြစ်လာပါမည်။ သတင်းစာထဲမှ ထူးခြားသော သတင်း၊ ဆောင်းပါးများကို ဖြတ်ညှပ်သိမ်းဆည်းထားလျှင် နောင်တစ်ချိန်တွင် တန်ဖိုးရှိသော မှတ်တမ်းများ ဖြစ်လာနိုင်ပါသည်။

သတင်းစာသည် ပြည်သူလူထုကို သတင်းပေးသည့် သုတစာပေဖြစ်၏။ နား၊ မျက်စိဖွင့်ပေး၏။ တိုင်းပြည်ထူထောင်ရေးတွင် မရှိမဖြစ်သည့် အစွမ်းထက်သော လက်နက်ဖြစ်၏။ သတင်းစာသည် ယနေ့ကမ္ဘာ၏ တစ်နေ့တာသမိုင်းဖြစ်၏။ သတင်းစာသည် ခေတ်ကိုထင်ဟပ်သည့် ယနေ့ကြေးမုံဖြစ်၏။ သတင်းစာမဖတ်သူသည် အိမ်တံခါးများကို အလုံပိတ်ပြီး စောင်ခေါင်းမြီးခြုံ အိပ်နေသူနှင့်တူ၏။ အပြင်လောကမှ မည်သို့ဖြစ်နေသည်ကို သိမည်မဟုတ်ချေ။

ယနေ့သတင်းစာသည် မနက်ဖြန် လူ့သမိုင်း ဖြစ်လာပေမည်။ "သတင်းစာများသည် သမိုင်းကိုပြောနေကြသည်"ဟု လူထုဦးလှက မှတ်တမ်းပြုခဲ့ပါသည်။ သတင်းစာနေ့စဉ်ဖတ်မှ ဤခေတ်ကြီးနှင့်အမီ ရင်ပေါင်တန်းနိုင်ပေမည်။ သတင်းစာတစ်ရက်မဖတ်ရလျှင်တစ်ခေတ်နောက်ကျသွားနိုင်ပါသည်။ ခေတ်မီသူတိုင်း သတင်းစာဖတ်ကြပါသည်။ သတင်းစာဖတ်သူတိုင်း အကျိုးရှိကြပါသည်။ ကျွန်ုပ်တို့ မျိုးဆက်သစ်လူငယ်များသည် ဗဟုသုတကြွယ်ဝစေရန်၊ အသိဉာဏ်ဖွံ့ဖြိုးစေရန်နှင့် ဘက်စုံထူးချွန်သောသူများ ဖြစ်လာစေရန် သတင်းစာကို နေ့စဉ်ဖတ်ရှုသင့်ကြောင်း တိုက်တွန်းလိုက်ရပါတော့သည်။

**ကိုဇော(ပထဝီဝင်)**

City MAGAZINE

အခန်းဆက်ဝတ္ထုရှည်

ဆင်ဖြူကျွန်း အောင်သိန်း

# နှင်းမခံ

(၁)

"သျှင်ဝါသဝ" အမည်ကို လောလော လတ်လတ် ကလေးကမှ ခံယူရရှိခဲ့သော မောင်လှမြင့်သည် မိမိခေါင်းကို ပွတ်မိသည် နှင့်တပြိုင်နက် ရှက်သလိုလိုစိတ် ဖြစ်ပေါ်လာလေ၏။ ထိုအချိန်တွင် တင်တင်နိုင်သည် ဘီနပ်ချွတ်လျက် မဏ္ဍပ်ထဲသို့ဝင်လာရင်း ကိုရင်လှမြင့်နှင့် အကြည့်ချင်းဆုံသွားသောကြောင့် ဖြစ်ပေသည်။





ဆိုင်းသံသည် သာယာငြိမ့်ညောင်းလှ၏။ ထူးမခြားနား ပထားမသီချင်းကို ကြည်မြသော နှဲသံ၊ လွင်၍ ရှုသော ပတ်လုံးသံများက တီးမှုတ်နေသည်။ မဏ္ဍပ်ထဲရှိ လူအုပ်ကြီးသည် ဆိုင်းသံ၌ နစ်မျောနေဟန်ရှိ၏။

တစ်ချက် တစ်ချက်တွင် တီးတိုးစကားပြောသံများ ထွက်ပေါ်လာပေမင့် ဆိုင်းသံကို မလွှမ်းနိုင်။ မဏ္ဍပ်ထဲသို့ ဝင်မည့်သူများသည် ချောင်းမရှားသား ချက်စုတို့အဖွဲ့ဆင်ပေးသော မဏ္ဍပ်၏ ခန့်ညားလှပမှုကို မော့ကြည့်ကြရသလို မဏ္ဍပ်တွင်းရှိ ကွေ့လက်ခံသော ကလကဥက္ကဋ္ဌ၏ စားပွဲရှေ့တွင် ထိုင်မိချိန်တွင်လည်း ချက်စုတို့၏ လက်ရာဖြစ်သော အတွင်းပိုင်းအပြင်အဆင်ကို အမောတကော ကြည့်ကြရပြန်၏။

''ခုနှစ်ဆယ့် ငါးကျပ်ပဲပေးရသယ်ဟုတ်လား။ တန်လိုက်တာဟယ်၊ ကြည့်စမ်းပါအုံး။ ပလ္လင်ကြီးတောကလဲ လှလိုက်တာ''

နှစ်ရှာတစ်ရွာ သဟာယချင်းမို့ ချက်စုတို့ လျှော့လျှော့ပေါ့ပေါ့ယူထားသော စျေးနှုန်းဖြင့် အင်မတန်မှ တန်ပါပေသည်။ ရွှေချည်ကပ်၍ ငွေမှန်ကြဲထားသော တိုင်ကြီးတွေက ခန့်ညားသလို၊ သံယာစင်နောက်ခံမှာလည်း ပလ္လင်ပုံ တံကဲပုံတို့ဖြင့်ကျက်သရေရှိပါပေ၏။ ဤသည်တို့ထက် အလှူလာ ပရိသတ်တို့ သဘောကျသောအချက်မှာ တစ်ထပ်တိုက်ကလေးပုံသဏ္ဍာန် ဆင်ယင်ထားသော မဏ္ဍပ်မျက်နှာစာ (၄)ဖက်တွင် စာတန်းရေးပေးသောကြောင့် ဖြစ်ပေသည်။

**ပန်းတိမ်ကုန်းရွာ**
**အလှူ့ဒါယကာ ကိုသာအေး**
**အလှူ့အမ မဖွားခင်တို့၏**
**သားရှင်ပြု မင်္ဂလာမဏ္ဍပ်**

အလှူ့ရှင်၏ အမည်လည်းပါ၏။ ရွာအမည်လည်းပါ၏။ လှူရန်အံခဲထားသူတို့ အလွန်သဘောကျသော အချက်ကြီးပေတည်း။

ပရိသတ်သည် ဝင်ချေထွက်ချေဖြစ်၏။ ဝင်လာသူများသည် ကလကဥက္ကဋ္ဌအနီးတွင်ထိုင်ကာ အလှူညီ့ ကူမည့်ငွေကို ထုတ်ပေးကြသည်။ ကလကဥက္ကဋ္ဌက ရွာအမည် လူအမည်နှင့် ငွေအရေအတွက်ကို မှတ်သားပြီး ဖလားထဲထည့်၏။ ထို့နောက် ဆေးလိပ်တစ်လိပ် လက်ဆောင်ပြန်သည်။

ပရိသတ်သည် ဝင်ချေထွက်ချေဖြစ်၏။ ဝင်လာသူများသည် ကလကဥက္ကဋ္ဌအနီးတွင်ထိုင်ကာ အလှူညီ့ ကူမည့်ငွေကို ထုတ်ပေးကြသည်။ ကလကဥက္ကဋ္ဌက ရွာအမည် လူအမည်နှင့် ငွေအရေအတွက်ကို မှတ်သားပြီး ဖလားထဲထည့်၏။ ထို့နောက် ဆေးလိပ်တစ်လိပ် လက်ဆောင်ပြန်သည်။

''ငွေကူပြီးသူများ၊ ထမင်းသုံးဆောင်ရန် ယောက်ျားများ၊ တောင်ဘက် ထမင်းရုံ၊ မိန်းမများ၊ မြောက်ဘက်ထမင်းရုံသို့ ကြွကြပါခင်ဗျား''

အကျွေးအမွေးတာဝန်ခံ ကိုအောင်စိန်သည် မဏ္ဍပ်ထဲသို့ဝင်လာကာ အော်လေသည်။ ထပ်၍ နှစ်ကြိမ်လည်းအော် ထိုင်နေသူများကိုလည်း စာပြီးခြင်း မှိုမရှိမကော ထမင်းရုံထဲသို့ ဖိတ်ခေါ်သွား၏။ ထမင်းစားပြီးနောက် ပြန်ဝင်လာသော လူအနည်းငယ်သာ မဏ္ဍပ်တွင်း၌ ကျန်ခဲ့သည်။

ကလကဥက္ကဋ္ဌ ကိုပြောင်သည် ဖောင်တိန်ကိုချလိုက်ကာ ရေရွတ်၏။



''ထိုင်ကတည်းကရေးရတာ မသက်သာဘူးဟေ့၊ ဟာ– အတော်တဲ့ဟေ့၊ ကျော့မောင် လာစမ်းကွာ''

သူက ပရိသတ်ကြားတွင် တကုန်းကုန်းနှင့် ကွမ်းဆေးလာတက် လိုက်လံချနေသော လူငယ်တစ်ဦးအား လှမ်းခေါ်၏။

''လက်နာလာသဘီကွာ၊ ကူရေးစမ်းပါ''

''ဖောင်တိန် ကိုင်ရတာများ လက်နာတယ်လို့ဗျာ''

''နာပါသကောကွ၊ ညတုန်းကလဲ တညလုံးရေးထားရတာ၊ မင့်တို့က ကိုယ်တွေ့မဟုတ်လို့''

''ခင်ဗျားတို့နေရာမှာ ဝင်ပြီး လုပ်အားပေးချင်ပါသယ်ဗျာ၊ အဖေက ယာထဲမထွက်နိုင်တော့လို့ပါ''

မောင်ကျော့မောင်အား ကိုပြောင်သည် ထပ်မံမချေပနိုင်တော့ပေ။ လူအုပ်တစ်အုပ်သည် ခလေးငိုသံ တညံညံ အော်သံဟစ်သံ တဆူဆူဖြင့်ဝင်လာသောကြောင့် ဖြစ်၏။

''ကြွကြပါ–ကြွကြပါ–ဟောဒီဖက်ကို ငွေကူမယ့်လူများ ကြွကြပါခင်ဗျား''

ကိုပြောင်ရော မယကဥက္ကဋ္ဌ ဦးအေးကြွယ်ရော၊ ကာလသားအတွင်းရေးမှူး ကိုတင်မေတို့ပါ သွက်လက်စွာထ၍ ကြိုဆိုကြသည်။

''ကျော့မောင် မေးလကွာ၊ ရေးလကွာ''

အတွင်းရေးမှူးတစ်ဦးဖြစ်သော ကိုလှချစ်က သတိပေး၏။

''ပဒဲကောရွာက ဘယ်သူပါလဲခင်ဗျာ''

''ဦးရွှေဖောင်လာကွ၊ ဟာ–ဟာ–နေအုံး။ အဲသည် တဆယ်က ငါတယောက်ထဲ မဟုတ်ဘူး။ ဒီ ဦး လကွ၊ အဲ–ဒဲ ငါက နှစ်ကျပ်ကွ၊ မယ်မို့တို့ ဆွေမျိုးတစုက သုံး



ကျပ်ကွ ငသွဲ့တို့လင်မယားက အမတ်၊ ဗိုလ်မှူးမဲ့က သုံးမတ်၊ ဟဲ့ ဟုတ်ရဲ့လား ဗိုလ်မှူးမဲ့က သုံးမတ်ဆို''

ဘရွှေမောင်သည် နောက်ပါးမှ ကပ်ထိုင်နေသော လူတစ်ယောက်ကိုလှည့်မေးရာ ''ကျုပ် ဘယ်သိမတုံး ဘဖောသာဘာ လက်ခံလာသာဘဲ''ဟု ပြန်ဖြေသည်။

''အေး–ဟုတ်သယ်–ဟုတ်သယ်၊ ဗိုလ်မှူးမဲ့က သုံးမတ်၊ ခမောင်ဘအိုက ပြား ၅၀၊ ဟဲ့–သူငယ် ပေါင်းကြည့်ပါအုံး၊ တစ်ဆယ့်စေ့ဘီလား၊ အဲသာတွေက လူမလာဘူး၊ လူကြုံနဲ့ ငွေကူလိုက်သာလယ်''

ငွေစာရင်းမှတ်သူသည် သည်းညည်းခံ၍ ပေါင်းရ၏။ ဘရွှေမောင်သည် လူအမည်နှင့် ငွေစာရင်းကို ထပ်ရွတ်ပြန်ရာသည့်တခါမှ တဆယ်ကျော်သွားသည့်အတွက် ကလသသဉ္စကုဋ္ဌ ကိုကျင်မောင်နှင့် အတွင်းရေးမှူး ကိုတင်မေတို့ပါ ဝင်ရောက် စာရင်းရှင်းပေးရရုံမက ဘနှင့်နောက်ကလူများ စကားများသည့်တွက်လည်း တောင်းပန်ပြန်ဖြေပေးကြရသည်။

ကိုရင်လှမြင့်ကား အဒိုအဲအပြစ်ကို ကြည့်ကာ ဟန်ကလေးနှင့် ပြုံးနေလေ၏။ ကိုရင်ဆိုသည်မှာ လူလို ဟက်ဟက်ပက်ပက်ရယ်မောချွမရ၊ ရယ်မောခွင့်မရှိ၊ သို့သော် ရင်တွင်းကဖြစ်ပေါ်မှုကိုကား ကိုရင်လှမြင့် မချုပ်တည်းမိ။

ဤသာယာသော ဆိုင်းသံ၊ တပြုံးပြုံးတရွှင်ရွှင်ဖြစ်နေသော အမေနှင့် အမေ၊ သင်္ကန်းဝါဝါ ခေါင်းပြောင်ပြောင်ဖြင့် အစီအရီထိုင်နေကြသော မောင်လှဆင့်၊ မောင်ခင်မောင်၊ မောင်ဝင်းမေတို့ကို ငုံ့စောင့်ကြည့်ကာ ကိုရင်လှမြင့် ဝမ်းသာသည်။

''ကွယ်…သမီးက ဘာပြုလို့ ကိုရင့်ကို ဖက်နေရတာတုံး''

အလှူ့ဒါယိကာမ မဖွားခင်သည် သမီးငယ် မိဂဒုံးအား လှမ်းဆွဲ၏။ ခေါင်းတုံးမသည် ကိုရင်ဝင်းမေအား ဖက်ထားသည်။

''ဒကမကြီး၊ ထမင်းဆာတယ်ဗျ''

''ဟော့– ဒီလိုမပြောရဘူးလေ၊ ဆွမ်းဆာသယ် ပြောရသယ်''

ကိုရင်လှဆင့်နှင့် ကိုရင်စော်မောင်တို့သည် ကိုယ့်ဘာသာကိုယ်ပြောပြီး ရယ်မောနေကြလေသည်။

''ရှမှာပေါ့ ကိုရင်ရယ်၊ လူတွေများနေတုန်းမို့ ခဏလေး''

ကိုသာအေးသည် ပြောလက်စ စကားဖြတ်၍ မဏ္ဍပ်အဝင်ဝဖက်သို့ ထသွား၏။ မဖွားခင်လည်း လှည့်ပြန်လှမ်းကြည့်ရာက ထလိုက်သွားသည်။ မဏ္ဍပ်ဝ၌ သားနားသော အဝတ်အစားနှင့် ဤရွာသားများ၏ အသားအရေမျိုးမဟုတ်သော ဖြူဝင်းစိုပြေသည့် လူတစ်ယောက် ရောက်ရှိနေ၏။ မလှမ်းမကမ်းတွင် သူ့ကျစ်ကားကို ရပ်ထားခဲ့၏။

''ကိုကျော်ရင် လာဗျို့…နေမြင့်လိုက်တာဗျာ''

''အမယ်လေး လာမှလာပါအုံးမလားလို့ မျှော်လိုက်ရတာရှင့်၊ လာမယ့်လာတော့ တစ်ယောက်ထဲ''

''အလုပ်တွေက တခုပြီးတခု ပေါ်လာတာနဲ့ဟာ''

ကိုကျော်ရင်သည် အလှူ့ရှင်မောင်နှံအား အလိုက်သင့်ပြန်ဖြေရင်း တနေရာတွင် ဝင်ထိုင်သည်။ သူ၏မျက်လုံးများသည် ငွေဖလားထဲတွင် ထည့်ထားသော ကူငွေများဆီသို့ ဖျပ်ကနဲရောက်ရှိသွား၏။

မဖွားခင်သည် ကိုကျော်ရင်အားပြောသလို ကိုသာအေးအားပြောသလိုနှင့် ပြောသည်။

''အကိုကြီးကို အိမ်ပေါ်မှာစည့်ခံမှ ကောင်းမယ်ထင်တယ်၊ အကိုကြီးလဲ ဆာလှရော့မယ်''

''မဆာသေးပါဘူးဟာယ်၊ ဖြည်းဖြည်းပေါ့''

ယင်းသည့်ကြားမှပင် မဖွားခင်သည် အကျွေးအမွေးတာဝန်ခံ ကိုအောင်စိန်အားလှမ်းခေါ်ကာ မတိုးမကျယ်ပြော၏။

''အကိုကြီးဘို့ ထမင်းကောင်းကောင်း ဟင်းကောင်းကောင်း ဘုန်းကြီးပွဲထဲက ခူးခပ်ပြီး အိမ်ပေါ်ပို့ပေးစမ်းဟာယ်''

''ဘုန်းကြီးတောင် မကပ်ရသေးဘဲနဲ့ ဖြစ်မလားဟဲ့၊ သူများလိုဘဲ ထမင်းရုံထဲ လာစားပေါ့''

''စက်ပိုင်တစ်ယောက်လုံးက ထမင်းရုံထဲ လာစားရမလားဟဲ့ အောင်စိန်ရဲ့''

''ဟော့–ကောတိကာဘဲ ပြောမနေနဲ့၊

ပန်းကန်ခွက်ယောက်က ခလောက်တာမဟုတ်ဘူး။ ကောင်းကောင်းကျွေးချင်ရင် ဘုန်းကြီးတွေ ဘုဉ်းပေးပီးမှကျွေး။ ဒါဘဲ''

မဖွားခင်၏မျက်နှာ ခက်ထန်သွားစေကာမူ ကိုအောင်စိန် သတိမထားမိပေ။ သူသည် ထမင်းရုံများထဲမှ အသင့်ဖြစ်ကြောင်း အချက်ပြလျှင် မကျွပ်ထဲမှလူများကို ဖိတ်ခေါ်နေ၏။

ကိုရင်လှမြင့်သည် မိခင်နှင့် ကိုအောင်စိန်တို့အား လှမ်းကြည့်နေရာက ''ကိုရင်''ဟု အသံအေးကလေးနှင့်ခေါ်ကာ အနားသို့ရောက်လာသော တင်တင်နိုင်ကြောင့် အာရုံပြောင်းသွားသည်။

''တင်တင် ထမင်းစားပီးဘီလား။ အခေါ်ကြီးလဲ မပါပါဘဲလား''

''မမေ တရားနာခါနီးမှ လာလိမ့်မယ် ကိုရင်''

တင်တင်နိုင်က ခေါင်းတုံးမအား ရင်ခွင်ထဲဆွဲသွင်းရင်း ကုလားထိုင်ရှေ့တွင် ပိပိပြားပြားဝင်ထိုင်ရင်း ''သူ့ခေါင်းက ဘာဖြစ်သွားတာလဲ ကိုရင်''ဟု မေး၏။

''ဒို့ ခေါင်းရိတ်တာမြင်လို့ သူလဲ ဝင်ရိတ်တယ်လေ၊ မိန်းကလေးဆိုတာ ကိုရင်မဝတ်ရဘူးပြောတာ မရဘူး''

တင်တင်နိုင် သဘောကျသွားသည်။ ခေါင်းတုံးမ၏ ခေါင်းပြောင်ပြောင်ကိုပွတ်သည်။

''ကိုရင့်ကို ဝမ်းသာစရာသတင်းတခု ပြောရအုံးမယ်''

''ဘာများပါလိမ့် တင်တင်''

ကိုရင်သည် စိတ်ဝင်စားစွာဖြင့် ကြည့်၍မေး၏။ တင်တင်နိုင်၏ မျက်နှာသည် ကြည်ရွှင်သာမဟုတ်၊ လန်း၍နေသည်။ လန်းရုံသာမက ရွှင်၍လည်းနေပြန်၏။ သာမဏေဟူသည် မာတုဂါမကို စေ့စေ့မကြည့်အပ်ဟု ကိုရင်လှမြင့် သတိရကာ ဤအေးချမ်းသောမျက်နှာကို မျက်နှာလွှဲလိုက်ရသည်။

''တင်တင်တို့ မောင်နှမနှစ်ယောက်လုံး လူရည်ချွန် အရွေးခံရတယ် ကိုရင်''

''ဟယ်–ဟုတ်လှချည့်လား တင်တင်ရယ်၊ ဝါဝမ်းသာလိုက်တာဟယ်''

''အဲဒါပြောချင်လို့လာတာ ကိုရင်၊ သွားတော့မယ်နော်''

တင်တင်နိုင်သည် ပြောပြောဆိုဆို ထသွား၏။ ကိုရင်သည် အဝေးအငိုင်ဖြင့် ကျန်ခဲ့သည်။

ကိုပြောင်သည် မောင်ကျော့မောင်၏ ဘေးတွင်ထိုင်လျက် ကိုကျင်မောင်အား တက်ထရက်တိုက်ပုံ တလျှားလျှား၊ ရွှေကြယ်သီးကြီးကြီး၊ တယယ်ယယ်ဖြင့် ချီးမွမ်းနေ၏။ အကြောင်းမှာ ကိုကျင်မောင်၏သားနှင့် သမီး လူရည်ချွန်အရွေးခံရသည့်အတွက်ပင်ဖြစ်သည်။

''ဖေအကတော်တော့ သားသမီးကလဲ တော်တာပေါ့ဗျာ၊ တစ်ယောက်ထဲတောင် မဟုတ်ဘူး၊ နှစ်ယောက်လုံး အရွေးခံရတယ်ဆိုတော့ ထူးပါပေတယ်''

ဦးပြောင်၏အသံသည် ကိုရင်၏ နားအာရုံထဲသို့ ဝင်လာစေကာမူ ကိုရင် အမှတ်မပြုမိ။ မိမိလည်း ဆယ်တန်း။ တင်တင်နိုင်လည်း ဆယ်တန်း။ မိမိလည်း ပန်းထိမ်ကုန်းက ယာသမား။ သူလည်း ပန်းထိမ်ကုန်းက ယာသမား၏ သမီးဖြစ်ပါလျက် လူရည်ချွန် အရွေးခံရအောင် ကြိုးစားသူချင်းတူပါလျက် မိမိအရေးနိမ့်ပုံကို တွေးတောနေမိသည်။

စင်စစ်မှ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း စဉ်းစားနေစရာမလိုပေ။ တင်တင်နိုင်တို့ မောင်နှမသည် ကျောင်းမှ အိမ်သို့ရောက်လျှင် ကိုယ်လက်လှုပ်ရှားကာစားမည်၊ ထို့



နောက် ကျောင်းစာကို ကြည့်ချင်ကြည့်မည်၊ တခြား ဘာတာဝန်မှမရှိ။

မောင်လှမြင့်မှာမူ အိမ်သို့ပြန်ရောက်သည်ဆိုလျှင် ငိုယိုနေသော ညီငယ်များနှင့် ညီမငယ်ကိုတွေ့ရသည်။ သူ့အောက် မောင်လှဆင့် ကျောင်းမှ စောစောပြန်ရောက်နှင့်လျှင်ကား ထမင်းချက်ထားပြီး အငယ်တွေကို ထိန်းသိမ်းပေးသဖြင့် တော်သေး၏။ မောင်လှဆင့် ကျောင်းဆင်းနောက်ကျလျှင် မောင်လှမြင့် ဖတ်ဖတ်မောရလေ၏။ ကလေးတွေကို ချော့၊ ထမင်းအိုးတည်၊ ရေခပ်၊ နွားကျွေးရန်လုပ်၊ ရွာတကာလည်ပြီး ဈေးရောင်းရသော ခေါင်းရွက်ဈေးသည် အမေ့ကို လိုက်ကြို။ အမေရောက်လျှင် အဖေရှိသော ယာထဲသို့လိုက်။ မောင်လှမြင့် ကျောင်းစာအုပ်ကို မကောက်ကိုင်နိုင်သော အချိန်ကား ည ၁၀ နာရီ။

ကျောင်းပိတ်သောရက်များတွင်လည်း တနေကုန် မအားရရုံသာမက ဝါခင်၊ ဆေးဖျန်းရန်ကဲ့သို့သော အဖေတစ်ယောက်တည်းဖြင့် မနိုင်သောကိစ္စများ ပေါ်လာလျှင် မောင်လှမြင့်မှာ ၂–ရက်တန်သည် ၃–ရက်တန်သည် ခွင့်ယူရသေး၏။ သို့စေကာမူ မောင်လှမြင့်သည် သူတကာ၏နောက်မှာ မကျန်အောင် ကြိုးစားသည်။ လူရည်ချွန်လည်း အရွေးခံရချင်သည်။

ကိုရင်လှမြင့် ငိုင်တွေနေစဉ် သံဃာတော်များကို ဆွမ်းကပ်ကြ၏။ ကိုရင် ၄–ပါး စားပွဲတလုံးဖြင့် ဆွမ်းစားကြရ၏။ ဆွမ်းစားပြီး တအောင့်တနားနေပြီးနောက် တရားနာသည်။ ကိုရင်လှမြင့်၏ အာရုံမှာကား ပရိတ်တော်ကို ရင်း။ ဆရာတော်၏ တရားကို ရင်း အမှတ်မပြုနိုင်။ ကျောင်းသားလူရည်ချွန်တို့ ပျော်မွေ့အားဖြည့်ရာ ပေလီဆီသို့သာ ပျံ့ဝဲနေ၏။

(၂)

''တင်တင် လူရည်ချွန်ဖြစ်တာကို ဝမ်းမသာဘူးလား၊ ကိုရင်၊ ဘာလဲ ကိုရင် အရွေးမခံရလို့လား။ ဒီမှာ အရွေးမခံရရင် တက္ကသိုလ်ရောက်တော့ အရွေးခံရမှာပေါ့ ကိုရင်ရဲ့''

တင်တင်နိုင်၏ သွက်လက်ချိုသာသောအသံသည် ကိုရင်လှမြင့်နားထဲတွင် ကျန်ခဲ့သည်။ ကျောင်းပရဝုဏ်ဝိုင်းထဲမှ



၌ အပြုံးလွင့်ရ၏။

''ဘယ်ဖြစ်မလဲ၊ ဒီနှစ် ဆယ်တန်း အောင်အောင်၊ မအောင်အောင် နောက်ဆုံးနှစ်ပါကလား''

ကိုယ့်အကြောင်းကို ကိုယ်သာသိသည်။ နားလည်သည်။ တင်တင်နိုင်သည် တပါးသူကို မိမိနယ်ထင်၍ ''တက္ကသိုလ်ကျရင်''ဟု ပြောသွားခြင်းဖြစ်၏။ တင်တင်နိုင်တို့မှာ သူတကာထက် လုပ်ကွက်ကျယ်သည်။ လုပ်သမျှသည်လည်း သူတကာထက် ဖြစ်ထွန်းအောင်မြင်၏။ မြေဩဇာမျိုးကောင်းမျိုးသန့်နှင့် ပိုးသတ်ဆေးကိုသာ လိုသလောက် သုံးနိုင်သည်မဟုတ် လူကိုလည်း လိုသလောက် ငှားရမ်းသုံးစွဲနိုင်၏။ သည်တော့ တင်တင်နိုင်တို့မောင်နှမအနေ

တစ်နှစ်လျှင် တစ်ပြည်ချက်ရသော ထမင်းအိုးကြီး
နပ်မှန်အောင် လင်ကိုယ်မယား အံကြိတ်၍
ထမ်းထားကြရသည်မှာ ပင်ပန်းလှပြီ။ မောင်လှမြင့်၏
ကျောင်းစရိတ်က တိုးလာသည်တွင် ခါးကုန်းနေကြပြီ။
အဖေ ဘုန်းဘုန်း မလဲခင်၊ အမေ ဘုန်းဘုန်းမကျခင် . . .

ထွက်သွားသော တင်တင်နိုင်တို့မောင်နှမကို မျှော်ကြည့်ရင်း ကိုရင်လှမြင့်၏နှုတ်ခမ်းမှာ ပြုံးယောင်ယောင်ရှိနေ၏။ လူရည်ချွန်မောင်နှမသည် သီးပင်အုပ်ကိုလွန်ကာ ကိုရင့် မြင်ကွင်းမှ ကွယ်သွားချိန်တွင် ကိုရင့်နှုတ်ခမ်းအစုံသည် မပြုံးတော့။

''တက္ကသိုလ်ကျရင် လူရည်ချွန်အရွေးခံရမှာပေါ့တဲ့၊ အို···မဖြစ်နိုင်တာကို ပြောသွားတာဘဲ''

ကိုရင်လှမြင့်သည် နေရှိန်ကြောင့် ကွဲထွက်ကာ လေသုန်သုန်တွင် လှုပ်လာနေသော လဲမှို့ပေါက်ကလေးတွေကို မော်ကြည့်၏။ တိမ်ကင်းသော ကောင်းကင်ပြာထဲ၊ မှို့လဲပေါက်ဖြူလွှလွှတို့ မြူးထူးနေသည်မှာ ညည့် သိက္ခာရှိသော ငွေကြယ်တို့ နေ့အချိန်မှာ ဆော့ကစားကြသည်နှင့် တူဘိသည်။ ထိုမှို့ပေါက်တို့ လေမှာဝဲစဉ်တွင် ပြုံးသော ကိုရင့်နှုတ်ခမ်းသည် လဲမှို့တို့ ချုံနှင့်ငြိချိန်၊ လေပြတ်၍ မြေပြင်သို့ထိုးကျချိန်နှင့် တက္ကသိုလ်၏ဟိုဖက်သို့ရောက်အောင် သွားဦးတော့ဖြစ်သည်။

မောင်လှမြင့်မှာကား မဖြစ်၊ တစ်နှစ်လျှင် တစ်ပြည်ချက်ရသော ထမင်းအိုးကြီး နပ်မှန်အောင် လင်ကိုယ်မယား အံကြိတ်၍ ထမ်းထားကြရသည်မှာ ပင်ပန်းလှပြီ၊ မောင်လှမြင့်၏ ကျောင်းစရိတ်က တိုးလာသည်တွင် ခါးကုန်းနေကြပြီ။ အဖေ ဘုန်းဘုန်း မလဲခင်၊ အမေ ဘုန်းဘုန်းမကျခင် မိမိ ဝင်ကူသင့်ပြီဟု မောင်လှမြင့် နားလည်၏။

ပဲပေါ်ချိန် ဝါပေါ်ချိန်တွင် ပဲခိုင် ဝါခိုင်တွင် စာရေးအလုပ်တော့ ရတန်ရာ၏ဟု မောင်လှမြင့် မျှော်လင့်သည်။ ခိုင်များပိတ်ချိန်တွင် အဖေနှင့် ယာထဲဆင်းမည်၊ ကြက်သွန်ရာသီတွင် ချောင်းထဲဆင်းပြီး ကြက်သွန်လုပ်မည်၊ မိမိမသွားနိုင်သောတက္ကသိုလ်သို့ မိမိ၏ ညီလေး၊ ညီမလေးများကို ဤနည်းဖြင့် သွားနိုင်စေရမည်။ အတွေး၏အဆုံးဝယ် ကိုရင်လှမြင့်၏အာရုံသည် ပြတ်

တ်၊ စိတ်ညှိုးငယ်ခြင်းလည်းပျောက်ကာ မိမိ၏ ပြုမြဲဝတ်ကို သတိရလေသည်။

ကျောင်းတလင်းသည် ပွဲပျူ၏၊ အလုမွှေးထားသော တညင်ကြက်ဖများသည် တလင်းပြင်၌ ပန်းရောင်စုံမှင့်သလို လှုပ်ရှားနေကြ၏။ စောင်းလျားသီးများသည် တလင်းပြင်ပေါ်သို့ ကြွေကျသည်။ ပိန်းနဲရွက်များမှ တလင်းပြင်ကိုဖုံးနေ၏။

ကိုရင်လှမြင့်သည် မတ်တတ် တံမြက်စည်းယူရန် ကျောင်းအောက်သို့ဝင်သည်။ ဆင့်တွင်ထိုးထားသော တံမြက်စည်းကို ကိုရင် မမှီပေ။ ခုတင်ပေါ်တက်၍ တံမြက်စည်းဆီ လက်အလှမ်းတွင် ခေါင်းနှင့်ကပ်နေသော ကြမ်းပြင်ထက်မှ ဗိုဒကာမကြီး အမည်ကို ကြားလိုက်ရသဖြင့် လက်တွန့်သွား၏။

''ဖွားခင်က အသက် လေးဆယ်မပြည့် သေတောင်းကောင်းတော့ အရွယ်တင်တယ် ဘုရား၊ အဲဒါကြောင့် စက်ပိုင်က ကျတာဖြစ်မယ်''

''ကိုရင်ဝါသဝသီရင်တော့ စိတ်ဆင်းရဲရှာမှာဘဲ ဒကာကြီး''

ဒါယကာမှာ ရွာထဲမှ လူတစ်ယောက် ဖြစ်သည်။ အသံရှင်ကို ကိုရင်လှမြင့် မမှတ်မိ။ ရဟန်းတော်မှာမူ ဦးဇင်းကြီး ရေဝတ ဖြစ်၏။

''ကိုရင်လဲ သိပုံမရဘူး၊ သာအေးလဲ သိပုံမရဘူး ဘုရား၊ ဖွားခင်ကလဲ ရွာတကာ လယ်ပီး ဈေးရောင်းနေတော့ အလည်ဘဲ ဘုရား''

''အင်း၊ ဒကာကြီးတို့ လူ့ဘောင်က တယ်ပီရှုပ်သကိုး၊ ရှုပ်ရာကနေပီး တရားပျက်လာကြတော့ လင်ငယ် မယားငယ်နေတာကို ဖက်ရှင်ထွင်ကြတာပဲပါ့ဗျာ''

''ဟာ ကိုယ်တော့်နှယ် မိသားဖသား ဝီဝီ နေထိုင်တဲ့လူတွေမှာ ဒါတွေကို စိတ်မကူးနိုင်ပါဘူး ဘုရား၊ လုပ်ရကိုင်ရတာနဲ့ မအားပါဘူး၊ ဒါမျိုးကို စိတ်ကူးနိုင်တာက သူဌေးတို့ မြို့ပေါ်နေတဲ့လူတို့မှပါဘုရား''

''လင်ခိုးတာ၊ မယားခိုးတာ၊ လင်ငယ်နေတာ၊ မယားငယ်နေတာ ငရဲကြီးမှန်းမသိကြဘူးထင်ပါရဲ့ဗျာ''

''မသိကြလို့ ဖြစ်ပါလိမ့်မယ် ဘုရား။ ဒါပေမဲ့ စက်ပိုင်ကလဲ မဆိုးပါဘူးဘုရား၊ အခု အလှူလုပ်ဖို့အတွက် ငွေနှစ်ထောင် ထုတ်

ပေးတယ်ဆိုတဲ့ ဘုရှု''

''အဲလေ၊ စေတနာကောင်းနဲ့ ပေးတာလား၊ ဘာလား ဘုန်းကြီးမပြောချင်ပါဘူး၊ လေ၊ တော်ပါဘီ မကြားချင်ပါဘူး၊ ဒီကိစ္စကိုသာ ကိုရင်ငါသ၀ မသိအောင် စောင့်စည်းကြပါ၊ သက်နိုးဆည်းသမိုက်မှာ ငြိမ်းငြိမ်းချမ်းချမ်း နေပါစေ''

စကားသံတိတ်ကာ လဖက်ရည်ငှဲ့သံပေါ်လာ၏။ ကိုရင်သည် တံမြက်စည်းကို အသာချွဲ၍ ကျောင်းတလင်းသို့ထွက်လာသည်၊ တံမြက်စည်းကို တချက်နှစ်ချက်ခတ်ပြီးလျှင် ရပ်ထားမိ၏။ ပိန္နဲသီးများသည် မြေ၌ ကပ်၍သီးကြသည်။ သရက်သီးများသည် ပင်ယံထက်၌ လေကစား၍ သီးကြ၏။ အရွက်များမှ လေမှာမျောကြွေကြသည် ချည်းပင်၊ ကိုရင်လှမြင့်၏ရင်ထဲ၌ မကောင်းပေ၊ နာကျင်သလို ခံစက်သလိုရှိသည်။ စိတ်တွင်မူ ရှက်ခြင်းနှင့် ၀မ်းနည်းခြင်းက လွှမ်းမိုးနေဟန်တူ၏။

''အမေ . . . အမေ''

အမေနှင့် ပတ်သက်၍ဖြစ်စေ၊ အဖေနှင့် ပတ်သက်၍ဖြစ်စေ ကိုရင်လှမြင့်သည် မကောင်းသော အတွေးအထင်မဖြစ်မှားအောင် အမြဲကြိုးစားခဲ့သည်။ ယခုမူ အမေ့သတင်းကို ရှက်စရာနားဖြင့် ကြားရပြီမို့ အမှတ်မထင် အမေ့ကို မြင်ခဲ့ခြင်းများက ကိုရင့်ရင်ကို ပိုမိုနာကျင်စေခဲ့၏။

အမေနှင့် ပါစက်ပိုင်ရှင် ကိုကျော်ရင်တို့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကြပြီဆိုသောအခါ သည့်ရွာထဲမှာ ကိုဖိုးမောင်၊ ကိုဖိုးဆောင်ညီနောင်ကို စတင်သတိပြုရပေလိမ့်မည်၊ သူတို့သည် ကိုကျော်ရင်၏ လူယုံများလည်းဖြစ်သည်။ ရွာတိရွာတော မိုက်တီမိုက်ကန်းနိုင်သည်ဟူ၍လည်း ကြားဘူး၏။ ကိုအောင်စိန်ကမူ ''အလကားပါကွာ၊ သူဌေးအားကိုးနဲ့ ကျယ်နေတဲ့ လေအိုးတွေပါ၊ သတ္တိမရှိပါဘူး'' ဟု မှတ်ချက်ချဘူးသည်။

မည်သို့ဆိုစေ ထိုညီအစ်ကိုသည် အိမ်သို့ အဝင်အထွက်များလှ၏။ အမေသည်လည်း ထိုညီနောင်အပေါ်၌ ခင်မင်ကြည်ဖြူရှိသည်။ အဖေကလည်း အေးအေးရိုးရိုးဖြင့် အကူအညီယူစရာရှိလျှင်ယူ၍ ပေးနိုင်လျှင်လည်း အကူအညီပေးခဲ့၏။ မသင်္ကာဟန်ညှုစူဟန်မရှိ၊ သို့ရာတွင် တခါတခါ အမေ၏အပြုံးသည်ရင်း၊ အရယ်အမောသည်ရင်း တပါးယောကျ်ားရှေ့တွင် ရွှင်ပျလွန်းကလက်လွန်းသည်ဟု မောင်လှမြင့်ထင်ဘူး၏။ ထင်သောအထင်ကို ချက်ချင်းဖျောက်ပစ်ခဲ့သည်ချည်း။

တခါကမူ အမေနှင့် ကိုကျော်ရင်ကို မြင်းလှည်းတစီးပေါ်တွင် မြင်လိုက်သလိုလိုရှိဘူး၏။ မောင်လှမြင့်က ''အမေနဲ့တူလိုက်တာ''ဟု တွေးကာရှိသေး၊ တင်တင်နိုင့်မောင် လှထွန်းမြင့်က သူ့စက်ဘီးကို အမြန်နင်းလာပြီး စက်ဘီးချင်းယှဉ်လျှက် ''ဟော့မင့်အမေ ထင်တယ်ကွ''ဟု ပြောသည်။

''ထင်လို့ပါ၊ အမေဆိုရင် ဈေးတောင်းပါမှာပေါ့ကွ''

''ဈေးတောင်းကို တစ်နေရာအပ်ပစ်ခဲ့ရင် မဖြစ်ဘူးလား''

သူ့စကား ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ စကားနိုင်ရချင်လွန်း၍သာ ဖြစ်နိုင်ရာရာကို ရှာပြလိုက်သည်တွင် မောင်လှမြင့်က လှထွန်းမြင့်၏ စက်ဘီးရှေ့တွင် မိမိစက်ဘီးကို ပိတ်ရပ်လိုက်၏။

''မင်း ဒီစကားကို ဆက်မပြောရင် ကောင်းမယ်ဟော့''

ကျောင်းသွားကျောင်းပြန် တရပ်တည်းသားမို့သာ မောင်လှမြင့် သည်းခံလိုက်ရ၏။ ဒေါသကြောင့် မျက်နှာကြီးမဲနေသည်။ တင်တင်နိုင်၏စက်ဘီး အနားရောက်လာပြီး ''ဘာဖြစ်တာလဲ ကိုလှမြင့်''ဟု မေးသော်လည်း မောင်လှမြင့် မဖြေနိုင်၊ ဒေါသကြောင့် ဆို့နေ၏။ လှထွန်းမြင့်က ရှင်းပြမှ တင်တင်နိုင်သည် သူ့မောင်ကို မာန်မဲပြီး မောင်လှမြင့်ကို တောင်းပန်ခဲ့သည်။

''အမေ့ဂုဏ်သိက္ခာကို ထိခိုက်တဲ့စကားမို့သာ ငါစိတ်ဆိုးတာ တင်တင်၊ ဒါမပေမယ့် ရထားပေါ်မှာပါသွားတာဟာ အမေနဲ့တူတယ်လို့တော့ ငါလဲထင်တာဘဲ''

တင်တင်နိုင့်အပေါ်တွင်ကား မောင်လှမြင့် ဟန်မဆောင်ချင်၊ မာန်တွေ ဒေါသတွေကို ပြေလျှော့လိုက်သောအခါ မျက်ရည်လည်လာ၏။ သူက ငိုမလိုလိုဖြစ်သောအခါ တင်တင်နိုင်က မျက်ရည်စို့လာသည်။

''ဒါကို မေ့ပျောက်လိုက်ကြပါစို့ ကိုလှမြင့်ရယ်၊ အလကား စိတ်ဆင်းရဲခံမနေပါနဲ့''

''ငါလဲ ဒီလိုပါဘဲ တင်တင်၊ ဟုတ်ရင်တော်ရဲ့ မဟုတ်ရင် အလကားနေရင်း ငရဲကျိုးနေအုံးမယ်''

မောင်လှမြင့်သည် ဖခင် ကိုသာအေးကိုလည်း ပြန်ပြောမပြပေ။ မသင်္ကာသော အပြုအမူကိုလည်း၊ မပွားခင်အပေါ်၌ မပြုမူချေ။ ဤကိစ္စသည် မှတ်မိမနေသင့်သော ကိစ္စဟု သဘောထားခဲ့သည်။

သို့သော် နောက်သုံးလအကြာတွင် မောင်လှမြင့်တို့သည် မပွားခင်အား ကိုကျော်ရင်၏ ဂျစ်ကားပေါ်မှာ မြင်လိုက်ကြရပြန်၏၊ ကားတွေ တစီစီပေါ်သောမြို့မဟုတ်သည့်



**တခါတခါ အမေ၏အပြုံးသည်၎င်း၊ အရယ်အမောသည်၎င်း တပါးယောက်ျားရှေ့တွင် ရှင်ပျလွန်း ကလက်လွန်းသည်ဟု မောင်လှမြင့်ထင်ဘူး၏။ ထင်သောအထင်ကို ချက်ချင်းဖျောက်ပစ်ခဲ့သည်ချည်း။**

အတွက် ကိုကျော်ရင်၏ ဂျစ်ကားကို သိကြသည်။ ဒရိုင်ဘာ၏ဘေးမှ ထိုင်လျက်ပါသွားသူမှာ မမွှားခင်မှ မမွှားခင်အစစ်ဟု လှထွန်းမြင့်က ထင်သည်။ ထို့ကြောင့် နောက်ဆုံးမှ စက်ဘီးဖြင့်ပါလာသော မောင်လှမြင့်အား လှည့်ကြည့်၏။

''ဘာလှည့်ကြည့်နေတာလဲ လမ်းဘေး ထိုးကျသွားလို့ သေတော်ခေါ်နေအုံးမယ်''

အလယ်မှပါလာသော တင်တင်နိုင်က အားနာသံဖြင့် မာန်သည်။ ဂျစ်ကားသည် သူတို့ပြောဆိုနေဆဲ၌ ရှေ့တဖာလုံခန့်တွင် အိမ် တစ်လုံးရှေ့၌ ရပ်၏။

''တင်တင်ရေ လွယ်အိတ်ယူထားလိုက် စမ်းဟာ''

မောင်လှမြင့်သည် စက်ဘီးကို အားစိုက်နင်းကာ လွယ်အိတ်ကို တင်တင်နိုင်၏ လက် ၂-ချောင်းမှာ တင်ပေးပြီး ဂျစ်ကားဆီ အမြန်ရောက်အောင် ထနင်းလိုက်စဉ် စက်ဘီး ဘီးပေါက်သံကိုသူကြားရ၏။ လှည့်ကြည့်လိုက်သောအခါ တင်တင်နိုင်သည် ဒရီးဒရိုင်ဖြင့် တာဘောင်းသို့ ထိုးကျသွားလေသည်။

''ခြေထောက် ထောက်လိုက် တင်တင်၊ ခြေထောက်''

မောင်လှမြင့်သည် မိမိ၏စက်ဘီးကို ပစ်လှဲကာ တင်တင်နိုင့်ထံ ပြေးလာ၏။ ဒူးထောက်လျက်ကလေး လဲကျနေသော သူငယ်ချင်းကို အသာဆွဲထူ၏။

''ဘယ်နာသွားလဲဟင်၊ ဒူးပွန်းသွားသလား''

သူသည် တင်တင်နိုင်၏ ထဘီကို ဒူးထစ်ရောက်အောင် ဆွဲမပြီး ဒဏ်ရာကိုရှာ၏။

''အစစ်ပေါ့ မပွန်းရင် ခံနိုင်ရိုးလား ကျောက်ခဲချည်းဟာကို''

ပြောပြောဆိုဆိုဖြင့် အိတ်ထဲမှ လက်ကိုင်ပုဝါထုတ်၍ စည်းပေးမည်ပြုလျှင် တင်တင်နိုင်က ကန့်ကွက်သည်။

''ကိုလှမြင့်ဟာနဲ့ မလုပ်ပါနဲ့ တင်တင့်မှာ ပါပါတယ်''

သို့ရာတွင် မောင်လှမြင့်၏ လက်ကိုင်ပုဝါက စည်းပြီးနှောင်ပြီးနေပေပြီ။ ''ကဲ ကောင်းလို့ တင်တင်ရယ် ဘယ်လိုဖြစ်သွားတာလဲ''ဟု မေးရင်း ထရပ်၏။

''လွယ်အိတ်ကို လှမ်းအထိန်းမှာ လက်ကိုင်လည်သွားလို့ ဘရိတ်အုပ်လိုက်တာ၊ ဘီးက ဝင်ပေါက်တာပေါ့''

''ကဲ ငါ့ဘီးကို တင်တင်စီးသွား။ တင်တင့်ဘီးကို ဈေးမြောက်ပက်ကာဆိုင်မှာ အပ်ပစ်ခဲ့မယ်'' မောင်လှမြင့်က တင်တင်နိုင်၏ စက်ဘီးကို တာပေါ်သို့ တွန်းတင်သည်။

''စက်ဘီးပြင်ဆိုင်ကိုရောက်ဖို့ တမိုင်လောက်လိုသေးတဲ့ဟာကို ဘယ်ဖြစ်မလဲ ကိုလှမြင့်ရဲ့''

''ရထားကြီးနဲ့တင်ခဲ့မယ်ဟာ၊ တင်တင်တို့ ပေါင်နမသွားနှင့်''

''ဒီအချိန်မှာ စက်ဘီးရော လူရော တင်နိုင်မယ့်ရထား ဘယ်လာမလဲ ကိုလှမြင့်ရဲ့ ဈေးသွားချိန်ကြီးမှာ''

သူတို့နှစ်ယောက် ငြင်းခုံနေသည်ကို လှထွန်းမြင့် စိတ်မရှည်တော့။ ''ငါ့စက်ဘီး ကို ငါစီးပြီး မမစက်ဘီးကို တွဲယူခဲ့မယ်။ မမက သူနဲ့အတူ စီးပြီးလိုက်သွား''



''ဟယ် မလုပ်ပါနဲ့ မင့်အမနဲ့ငါ့ကို ဝိုင်းနောက်နေကြပါမယ်''

''နောက်နောက်ကွာ၊ ငါမကြား ပြီးတာဘဲ''

''ဟင်း သူကတဲ့ နာအုံ့ထင်နေတယ်'' တင်တင်နိုင်က မဲ့၍ဆို၏။

''နာလို့ပြောတာမဟုတ်ဘူး တင်တင်၊ ဒီမြို့ထဲက အကောင်တွေက ကောင်းတာမဟုတ်ဘူး။ ဒါကြောင့် ပြောနေတာ''

''မလိုပါဘူး ကိုလှမြင့်ရယ်၊ အရေးကြီးတာက ကိုလှမြင့်နဲ့ တင်တင်ရဲ့စိတ်တံတိုင်းကို ကိုယ့်ဘာသာကိုယ် ဖြူမှဖြူတာပါ''

မောင်လှမြင့်မှာ တင်တင်နိုင်နှင့် ဆက်လက် ငြင်းခုံရန် အချိန်မရတော့ပေ။ ထိုနေ့က သူတို့သည် စကားတပြောပြောနှင့် စက်ဘီးနင်းသွားကြကာ ကျောင်းနှင့် ခပ်ဝေးဝေးကတည်းက ဆင်းလျှောက်သဖြင့် အလှောင်အနောက် မခံခဲ့ရပေ။ တင်တင်နိုင်၏ မွေးရနံ့မှာမူ ရေချိုး၍ပင် မပျောက်အောင် မောင်လှမြင့်ထံမှာ စွဲကျန်ခဲ့၏။

ထိုစဉ်က ယင်းမွှေးရနံ့ကို အမှတ်မဲ့ထားခဲ့စေကာမူ ကိုရင်လှမြင့်အဖြစ်အထိ မွှေးနေသည်ကို သတိထားမိသောအခါ ရှင်ငါးသစ နားမလည်၊ အမေ့အကြောင်းကို ချက်ခြင်းသတိရလာတော့မှ ယနံ့ပြယ်လေ၏။ ရနံ့ပြယ်လျှင် ကိုရင့်ရင်မှာ ပူပြင်းသည်။ ရှက်ခြင်း၊ ဝမ်းနည်းခြင်းက ပူလောင်ခြင်းကို ဖြစ်စေ၏။

ကျောင်းပရဝုဏ်အတွင်း၌ ပိန္နဲ၊ သရက်၊ ငှက်ပျော၊ ဇောင်းလျားနှင့် သီးပင်၊ ထန်းပင်၊ အုန်းပင်များ အုပ်ဆိုင်းနေသည့်အတွက် နေပြောက်မထိုး အေးမြသည်။ လှည်းလမ်းဆီမှာမူ ဖုံလုံးကြီးနှင့် သစ်ရွက်ခြောက်တို့ရောသော လေပွေကန့်တော့ကြီးက မွှေနှောက်သောင်းကျန်းနေ၏။ လေပွေ

ငြိမ်ခဲသာအခါ တံလျှပ်သည် တရှိန်ရှိန် တဟပ်ဟပ် ကျန်ခဲ့သည်။ နွားလှည်း။ မြင်း ရထားတစ်စင်းတလေမျှ အသွားအလာမရှိ၊ လူသူ တစ်ဦးတယောက်မျှ အကူးအသန်းမရှိသော ပကတိ မီးလှုပ်ပြင်။

ကိုရင်လှမြင့် ငေးမောနေခိုက်ဝယ် မာတုဂါမတယောက်သည် ဖားလျားကျသော ဆံပင်၊ မဆောက်တည်နိုင်သော ကိုယ်ဖြင့် မီးလှုပ်ပြင်ထဲသို့ ခြေးဝင်လာလေ၏။ ကိုရင်သည် တံမြက်စည်းကို စောင်းလျားပင်မှာ ကပ်ထောင်ထားလိုက်မိသည်။

ကျက်လှလှ ပူလောင်သော မြေပြင်ကို နင်းလျှက် ခါးတဝ်မနိုင်မနင်းဖြင့် ဖိနပ်သော် မှုမပါဘဲ ပြေးလာသူကား ကိုရင့်အဒေါ် ဒွေးလေးငြိမ်းသာ ဖြစ်ပေ၏။ ဒွေးလေးကို မြင်ကာမှဖြင့် တစ်စုံတစ်ခု အရေးတကြီး ဖြစ်လာပြီမှာ ကိုရင်သိသည်။

"ဒွေးလေး ဘယ်သူဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ဆိုတာ နောက်မှမေး။ ကိုရင်တို့ ညီအကိုအားလုံး လူထွက်မှဖြစ်မယ်၊ အိမ်မှာ တစ်ယောက်မှ မရှိဘူး"

"ဗျာ-ဗျာ၊ ဘယ်သူဘာဖြစ်၊ ဘို… နေပါအုံး ဒွေးလေးရဲ့"

မငြိမ်းသာသည် ဆံပင်ပြင်ထုံးရင်း ကျောင်းလှေကားဘောက်သို့သာ ဒေါင်းသီ မောင်းသီ ဦးတည်၏။ ရပ်မနေ၊ လှည့်မကြည့်။

"ထင်းခုတ်ရင်း အဖေပိုးထိလို့လား။ အမေရေးသွားရင်း ကားတိုက်လို့လား။ မြင်းရထားပေါ်က လိမ့်ကျလို့လား။ ဒါမှမဟုတ်"

ကိုရင် ဆက်မတွေးရက်။ ရင်ထဲမှာ ဒိန်းကနဲလာဆောင့်သော အလုံးကြီးသည် လည်ချောင်းဝသို့ အမြောက်းလိုက် ဆန့်တက်လာသည်။ ဒွေးလေးက အကျိုးအကြောင်း မပြောတော့ ပို၍စိတ်ပူ၏။

"ဒွေးလေး-ဒွေးလေး"

မငြိမ်းသာသည် ဆံပင်ထုံးပြီးချိန်၌ ကျောင်းပေါ်သို့ ရောက်သွားသည်။ ကိုရင်သည် ကျောင်းပေါ်သို့ အပြေးတက်၏။ စိတ်ဆောင်နေသဖြင့် ခါးကုန်း နေသည်။ ခါးကုန်းနေသဖြင့် ရှေ့က တန်းလန်းကျနေသော ကောသီ လက်ကဲတော့စကို တက်နင်းမိကာ လဲလေ၏။ တတောင်ဖြင့် လှမ်းထောက်လိုက်နိုင်၍ မျက်နှာမစုတ်၊ လက်မှ ပြဲသွားသည်။

ကိုရင်လှမြင့်သည် သွေးစက်စက်ဖြင့် ဒွေးလေးငြိမ်းသာအပါးသို့ အပြေးရောက်လာ၏။ နားစွင့်ထားသည့်အတွက် သူ့စကားကို တစ်ပိုင်းတစ်စကြားရသည်။

"ခင်ဗျားက ဒါပေါ်မှပေးပါဆိုလို့ ကျုပ်ယူတာဆိုပေမယ့် မဖြစ်ဘူး။ အခုလိုတယ်တဲ့၊ ပိုက်ဆံမရှိရင် အိမ်နဲ့နွားကို ပေးရမယ်ဆိုတော့ မောင်ကြီးလဲ နာသွားတယ်တင်ပါတယ် ဘုရား။ မပေးဘူးရှာတဲ့၊ ကျုပ်တို့ တောင်သူလယ်သမားကို ဘယ်သူမှ ကြွေးမှုနဲ့ တရားမစွဲနိုင်ဘူးတဲ့"

"ဒါဟုတ်သားဘဲ အကာမကြီးရဲ့၊ စက်ပိုင် ကိုကျော်ရင် ရှုံးမှာပေါ့"

ဒွေးလေး၏အလျှောက်ကို ဆရာတော်က ထောက်ခံလိုက်ခြင်းဖြစ်၏။

"ဒါပေတယ်လို့ ဘုရား။ ဘုန်းတော်ကြီးမရဲ့ ယောက်မက သူ မျက်နှာမျက်မခံနိုင်ဘူး။ မင်းမှာကတိ လူမှာသစ္စာမို့ ပေးရမယ် ဘာညာနဲ့ လင်မယားရန်ဖြစ်ကြရာက ဆင်းသွားပါရောဘုရား။ အဲဒီတော့မှ မောင်ကြီးက အေး-ပေးမယ်၊ ဒို့အိမ်နဲ့ နွားတွေဆိုရင် နှစ်ထောင်ပြည့်ရောပေါ့။ ခိုင်းနွားတရှဉ်းနဲ့ လှည်းကိုချန်ပြီး အားလုံးပေးမယ်၊ ငါ နေစရာ လုပ်စီးတဲ့နေ့မှာ လာခဲ့လို့မှာပြီး သူလဲ ညကတည်းက ထွက်သွားတာ အခုထက်ထိ ပြန်မရောက်လာဘူးဘုရား"

"အိမ်မှာ အငယ်ဆုံးခလေး တစ်ယောက်ပဲ ကျန်ခဲ့တာမဟုတ်လား ဒကာမကြီးရဲ့ ကိုရင်တွေထွက်ဖို့လိုသေးလား"

"ခလေးကို တပည့်တော်မ ကြည့်နိုင်ပါတယ်ဘုရား။ နွားတွေ တပြုံတမကြီးနဲ့ ညရေးညတာ၊ အိမ်မှုကိစ္စယာတွေကျတော့ တပည့်တော်မလဲ မတတ်နိုင်လို့ပါဘုရား"

ကိုရင်လှမြင့်သည် ပါးစပ်တပြင်ပြင်နှင့် ဖြစ်နေသည်။ အနည်းဆုံး တလမျှခွင့်ပေးပါ၊ နောင်လည်း သင်္ကန်းဆည်းခွင့် မရမည့်အတူ စသဖြင့် တောင်းပန်ရန်ကြံနေခဲ့သော်လည်း ဒွေးလေး၏ အကြောင်းပြစကားကို ကြားရသည်တွင် ပါးစပ်ပိတ်သွားလေ၏။

မှန်ပေသည်၊ နို့စားနွားမတွေကို ကျောင်းရန်၊ ကျွေးရန်၊ နို့ညှစ်ရန် အခြားနဘိုက်ကလေးတွေ ကျောင်းရန်၊ ကျွေးရန်၊ ယင်းတို့ကို စောင့်ရှောက်ရန်၊ အိမ်ကို စောင့်ရှောက်ရန်နှင့် ငယ်ရွယ်သော ဝါခင်းကိုကြည့်ရန် လိုအပ်သည်။ အိမ်၌ အဖေရော အမေပါ မရှိလျှင် မိမိရှိရမည်။ မိမိသာမက မိမိကို ကူညီမည့်သူ ကျီးစောင့်ကြက်နှင့် လုပ်ရမည့်သူလည်း လိုအပ်သဖြင့် ညီလေးတွေပါ လူထွက်ရပေမည်။

"ကဲ-ကဲ ကိုရင်တွေ လိင်ပြန်ပြီး မင်းတို့ ဒွေးလေးနဲ့ လိုက်သွားကြပေတော့၊ လူဝတ်လဲပြီးရင် ငါးပါးသီလခံကြ"

ဆယ်ပါးသီလ စောင့်ထိန်းရသော သာမဏေက ငါးပါးသီလခံယူခြင်းဖြင့် ဝိဝိ သသ လူဖြစ်ခဲ့ရသည်။ အမေ့ဘို့တစ်လ၊ အဖေ့ဘို့ တစ်လ၊ မိမိဘို့တစ်လ၊ ပေါင်း ၃-လ တိတိ စင်စင်ကြယ်ကြယ်နှင့်



ထင်းခုတ်ရင်း အဖေပိုးထိလို့လား။

အမေရေးသွားရင်း ကားတိုက်လို့လား။

မြင်းရထားပေါ်က လိမ့်ကျလို့လား၊ ဒါမှမဟုတ် . . .

သာမထောဝတ်မည်ဟုသော မောင်လှမြင့်၏ စိတ်ကူးသည် ဤနည်းဖြင့် သဲထဲရေသွန် ဖြစ်သွားရလေ၏။

(၃)

ဥညြတ်၏ ချုပလီသော တွန့်ကြူးသံသည် ယာခင်းများ၏ အနောက်ရှိ၌ မေးတင်နေသော နေနီကြီးအား နှုတ်ဆက်သည့်ထင့်။

ဥညြသံနှင့်အပြိုင် ငါးမြွေသံ နွားအုပ်၏နောက်မှ ကပ်၍ပါလာသည်။ ကိုအောင်စိန့်၏ မြွေသံဖြစ်မည်။ ဟိုအိမ်ဝင် သည်အိမ်ဝင်နှင့် ဘယ်တော့မှ တန်းတန်းမတ်မတ် မြဝင်လေ့မရှိသော ရှေ့ဆုံးက နွားကျားကြီးက ဤ နအုပ်သည် ကိုအောင်စိန့်ဥစ္စာဟု ဖော်ပြလျက်ရှိ၏။

''အမယ်လေး အမယ်လေး ကုန်ပါဘီတော်''

နကျားကြီးသည် အိမ်ဝိုင်းတခုထဲဝင်ကာ ရေအိုးတလုံးကို နှုတ်သီးဖြင့်ထိုး၍ ရေသောက်ရာ နှုတ်သီးချွတ်မရဘဲ အိုးကြီးစွပ်လျက် တန်းလန်းအဖြစ်တွင် အိမ်ရှင်က မောင်းသဖြင့် အိုးတန်းလန်းနှင့်ပြေးရင်း နှမ်းများကို တက်နင်းလေ၏။ နှမ်းတစလယ်ခန့် နွားလေးဖက်၍ ကပ်ပါသွားကာ ဝိုင်းဝ၌ အိုးကျွတ်ကျပြီး ကွဲလေသည်တွင် ''ဟဲ့–အောင်စိန့် သေချင်းဆိုး၊ နင့်အမေ ဒီမှာလုပ်သွားဘီဟဲ့''ဟု ဆက်လက်ကျူရင့်လေ၏။

ကိုအောင်စိန့်သည် ဟုတ်ဘချောင်းကိုင်လျက် ပြေးလာသည်။ နှမ်းလှန်းထားမိသူ မိန်းမကြီးမှာ ဆဲ၍မဆုံး။ ကိုအောင်စိန့်သည် နကျားကြီးကို တုတ်ဖြင့်လှမ်းပစ်ရာက လှည့်၍တောင်းပန်သည်။

''ဟုတ်ပါ့ကော ဟုတ်ပါ့ကော၊ ကျုပ်လဲ သင်းကို စိတ်မချလို့ ပြေးလိုက်လာပါတယ်ဗျာ၊ ကျုပ်တောင်းပန်ပါတယ်ဗျာ၊ မကျေရင်လဲ ကျုပ်ပါးကိုသာ ရိုက်ပါတော့''



''ရိုက်ရုံမဟုတ်ဘူးဟေ့၊ နင်းပီးဖြဲချင်တယ် သိလား''

''လုပ်ပါဗျာ လုပ်ပါ၊ ကြိုက်သလိုသာ လုပ်ပါတော့''

ကိုအောင်စိန့်က မိန်းမကြီး၏ မျက်နှာအောက်သို့ ခေါင်းတယမ်းယမ်းထိုးပေးရာ မိန်းမကြီးက ခေါက်လှတ်၏။

''သွားစမ်း မွေပွေးကိုက်၊ နောက်တစ်ခါဆိုရင်တော့ နင့်အဖေကို လျှော်တွဲပစ်မယ် သိလား''

လျှော်တွဲပစ်မည်ဆိုခြင်းမှာ ထိုဒေသ၌ အမဲသားပေါ်လျှင် တပီသာတွဲ ငါးဆယ်သားတွဲများကို လျှော်ကြိုးဖြင့်တွဲသီရင်းကို ရည်ညွှန်း၏။

''အဲဒီကျရင် ကျုပ်ဖို့လဲ တစ်တွဲချန်ထားပါနော်''

မိန်းမကြီးသည် ဆဲဆဲဆိုဆိုနှင့် ပြုံးလျက် ကျန်ခဲ့သည်။ ကိုအောင်စိန့်သည်လည်း စပ်ဖြီးဖြီးနှင့် ပြေးထွက်ခဲ့လေသည်။

ကိုအောင်စိန့်သည် နွားအုပ်၏နောက် ဖုံလုံးထဲမှတိုးလိုက်လာရာ မိမိအိမ်သို့ ရောက်ရန် နှစ်ဝိုင်းခန့်အလိုတွင် လမ်းဘေး၌ ရပ်စကားပြောနေသော လူတစ်စုကို ဝင်တိုးမိလေ၏။ မောင်ကျော့မောင်၊ ကိုလှချစ်၊ ကိုတင်မေနှင့် ထွန်းလှိုင်တို့ဖြစ်သည်။

''ခင်ဗျားနော်–ခင်ဗျား၊ နအုပ်တခြား လူတခြားနဲ့ ဘာလုပ်နေခဲ့တာလဲ၊ ခင်ဗျား မိန်းမကို အော်တိုင်လိုက်ရမလား'' ထွန်းလှိုင်က ဆီး၍ပြောသည်။

''မလုပ်ပါနဲ့ကွာ၊ ရန်ဖြစ်နေရပါအုံးမယ်၊ နေပါအုံး၊ ကိုသာအေးတစ်ယောက်များ ပြန်ရောက်ပီ ကြားကြဘီလား''

''အခု ဒါဘဲပြောနေကြတာပေါ့ဗျာ၊ လှမြင့်တို့ညီကိုတတွေမှာ တစ်လပြည့်အောင်တောင် ကိုရင်မဝတ်လိုက်ရဘူး။ ခများများ မျက်နှာငယ်ကလေးတွေနဲ့ ထွက်လာကြရဘီ''

မောင်ကျော့မောင်ပြန်ပြောစဉ် ကိုအောင်စိန့်သည် လည်တံကိုဆန့်၍ ''တော–နွားတော လာနေပီ၊ ခြံတခါးဆင်းပိတ်လိုက်စမ်းပါဟေ့''ဟု အော်လိုက်ပြီးနောက် ကိုလှချစ်အား ကြည့်၍မေးသည်။

''မင်းတို့ ကာလက က ဘာမှမပြောတော့ မလုပ်တော့ဘူးလား၊ လှချစ်၊ ဒီလိုဘဲကြည့်နေကြတော့မလား။ ကဲ–ထွန်းလှိုင်ကော ပြောစမ်းပါအုံး''သူက မယက အတွင်းရေးမှူးကိုပါ ဆက်၍မေးပြန်၏။

''မင့် ကိုသာအေးကိုက ငါတို့ မထောက်နိုင်အောင် လုပ်ထားတာကွ၊ အခုကိစ္စမှာ ကိုသာအေးကသာ မပေးဘူး လုပ်ချင်ရာလုပ်ကွာလို့ ပြောစမ်း၊ ဦးကျော်ရင် ဘာမှမတတ်နိုင်ဘူး။ တရားလဲမစွဲနိုင်ဘူး။ ပစ္စည်းကိုလဲ မသိမ်းနိုင်ဘူး၊ အခုတော့''

ကိုလှချစ် ထပ်မံ၍ စကားမဆက်နိုင်မီ ထွန်းလှိုင်က ဝင်ပြောပြန်သည်။

''ဟုတ်တယ် ကိုအောင်စိန့်ရဲ့၊ အခု ဥစ္စာက ခင်ဗျာ ကိုသာအေးက နွားတွေနဲ့ အိမ်ကို ထိုးအပ်တာ၊ ဒီတော့ မယက ကကော သူကြီးသားမှမဟုတ်တာ''

''ခလေးတွေလဲ သနားစရာဖြစ်နေဘီ

အခု ဒါဘဲပြောနေကြတာပေါ့ဗျာ၊
လှမြင့်တို့ညီကိုတတွေမှာ တစ်လပြည့်အောင်တောင်
ကိုရင်မဝတ်လိုက်ရဘူး။ ခများများ
မျက်နှာငယ်ကလေးတွေနဲ့ ထွက်လာကြရဘီ . . .



ဒီကြွေးကိုမဆပ်ရင် မနေဘူးဆိုပြီး ဆင်းသွားတာဟာ ပင်းတာမဟုတ်လို့ ဘာလဲကွ၊ လင်နဲ့ မယားဟာ အေးအတူ ပူအမျှဖြစ်ရမှာပေါ့၊ လင်ကိုလာပြီး အကျပ်ကိုင်ရင် မယားက လင့်ဖက်ကနေပြီး ဓားနဲ့ခုတ်ရမယ်ကွ၊ အခုတော့...

ကွာ၊ အရေးထဲမှာ ဖွားခင်ကတမှောင့်''

ကိုတင်မေက မိမိတို့ဖက်သို့ ရွေ့ရှလာနေသော ဖုံလုံးကြီးကိုမျှော်ကြည့်ရင်း···

''မဖွားခင်က ဘာများတမှောင့်လဲ အောင်စိန်ရာ၊ ကိုသာအေးကို ချေးလို့ သူ့သဘောထားပြီး ထင်ရာသူလုပ်နေခဲ့တာဘဲ၊ အခုလဲ ဦးကျော်ရင်နဲ့ ပင်းတယ်ထင်တာဘဲ''ဟု လေးလေးကြီး ပြောဆဲ။

''ဒီကောင်ပြန်လာရင် ငါ့သူငယ်ချင်းမှာ ခလေး ၅-ယောက်နဲ့ အခြေပျက်အနေပျက် မဖြစ်အောင် တနည်းနည်းနဲ့ လုပ်ကြပါအုံးကွာ''

ဒီလှိုင်းလိပ်သလို လိပ်လာသော ဖုံလုံးကြီးသည် ကိုအောင်စိန်တို့အား ဖုံးလွှမ်းသွားသည်။ ဖုံလုံးထဲတွင် ကိုသာအေး၏ နွားအုပ်ပါ၍ နွားအုပ်၏နောက်တွင် ကိုရင်လူထွက်မောင်လှဆောင့်ပါ၏။ သူသည် တုတ်ကလေးတစ်ချောင်းကိုင်ထား၏။ ကိုအောင်စိန်က ''ရေတိုက်ခဲ့ပြီးဘီလား ငပိချက်ကလေး''ဟု လှမ်းမေးရာ ''ဟုတ်ကဲ့''ဟုဖြေပြီး ရေခပ်ထွက်သော မိန်းမပျိုတစုနှင့်အတိုးတွင် ခေါင်းတုံးပြောင်ပြောင်ကို ရှက်စနိုးမှတ်လျက် နွားအုပ်နောက်မှ ပါသွားလေ၏။

ဖုံလုံးစဲသွားမှ ကိုအောင်စိန်တို့ စကားဆက်ကြပြန်သည်။ ဦးစွာ စကားစသူမှာ ထွန်းလှိုင်ဖြစ်၏။ ''ခင်ဗျားတို့ကသာ မဖွားခင်ဟာ ဦးကျော်ရင်ဘက်က ပင်းတယ်ထင်နေတာ၊ ကျုပ်ကတော့ မျက်မြင်မို့···''

''ဘာမျက်မြင်မို့ မင်းက မယုံရတာလဲ၊ ဒီကြွေးကိုမဆပ်ရင် မနေဘူးဆိုပြီး ဆင်းသွားတာဟာ ပင်းတာမဟုတ်လို့ ဘာလဲကွ၊ လင်နဲ့ မယားဟာ အေးအတူ ပူအမျှဖြစ်ရမှာပေါ့၊ လင်ကိုလာပြီး အကျပ်ကိုင်ရင် မယားက လင့်ဖက်ကနေပြီး ဓားနဲ့ခုတ်ရမယ်ကွ၊ အခုတော့ သူဟာက···''

''ငါပြောတာဘဲ ဆုံးအောင်နားထောင်စမ်းပါအုံးကွာ၊ မဖွားခင် အိမ်ပေါ်က ဆင်းသွားတဲ့နေ့က ရွာထဲမှာ ငါမရှိဘူး၊ ကိုတင်မြတို့ ယာထဲမှာ ရောက်နေတယ်။ ဘောက်ဆောင့် ဘောက်ဆောင့်နဲ့ မဖွားခင် လာနေတာမြင်တော့ ရော-ဒီမိန်းမ ဘာဖြစ်လာပါလိမ့်ပေါ့ကွာ''

''မင့်ကို မမြင်ဘူးလား''

''ဘယ်မြင်မလဲကွ၊ ငါက တဲထဲမှာ အကွယ်ကနေပြီး လှမ်းကြည့်နေတာကို။ ဒါနဲ့ ယာစပ်က ထနောင်းပင်ရိပ်မှာထိုင်ပြီး ချွေးတွေ ဘာတွေသုတ် အမောအပန်းဖြေနေတုန်း ဦးကျော်ရင်ရဲ့ကား ရွာထဲကပြန်လာတာနဲ့ တက်လိုက်သွားတာ ကနေ့ထက်ထိပါဘဲကွာ''

ကိုအောင်စိန်က ''ကောင်းကွာ''ဟု မြည်ကာ တခွန်းဆဲရေးတိုင်းထွာလိုက်ပြီးမှ ''ငါ့သူငယ်ချင်း သာအေးဟာ လက်စသတ်တော့ မြွေပွေးကို ခါးပိုက်ပိုက်ထားရတာပါကလား''ဟု ရေရွတ်သည်။

ထိုအခါ ကိုလှချစ်ကပြော၏။ ''ဖွားခင်ဟာ အပျိုဘဝကတည်းက မငြိမ်တာဘဲကွ၊ ကိုသာအေး မယူနဲ့ ခင်ဗျား စိတ်ဆင်းရဲမယ် ပြောတာ မရဘဲ ရုပ်ကလေးကို မက်တာကိုးကွ၊ လှတိုင်းသာ မက်ရရင် ဝိန်းနဲ့သီးကို မစားဘဲ ကျီးအာသီးချည်း လူတွေစားနေကြမှာပေါ့''

''ကွာ-ဖွားခင် မကောင်းတော့ကော ဦးကျော်ရင်က အလိုတူ အလိုပါ ဖြစ်ရမလား။ ဒီရွာမှာ ဖိုးမောင်နဲ့ ဖိုးဆောင်ကလွဲရင် ကိုသာအေးဟာ ဦးကျော်ရင်ရဲ့ လူရင်းဘဲကွ၊ ကြည့်ပါအုံး၊ တမြန်နှစ်က နှမ်းတွေလှောင်ထားတုန်းကများ ကိုသာအေး ကောင်းလို့ သူ့နှမ်း ၂၀၀-လောက် မဆုံးတာမဟုတ်လား''

''ဒီမယ် ကိုတင်မေ'' ကိုလှချစ်က တည်တည်ဖြင့် ဝင်စလိုက်၏။

''ဦးကျော်ရင်ဟာ ဒီရွာသားမို့ ဒီရွာအပေါ်မှာ အထူးသဖြင့် လူရင်းလူခင်ဖြစ်တဲ့ ကိုသာအေးအပေါ်မှာ စိတ်ကောင်းထားသင့်တယ်လို့ မင်းပြောတာဟာ ဦးကျော်ရင်ကို ပြောနေတာ၊ ဒါပေမယ့် သူဟာ ဦးကျော်ရင် မဟုတ်တော့ဘူးလေ''

''ရှင်းရှင်းပြောစမ်းပါဗျာ''ဟု မောင်ကျော့မောင်က ရွှံ့ရွှံ့မဲ့မဲ့ဖြင့် ပြောသည်။

''ရှင်းပါတယ် ငါ့ညီရာ၊ ဦးကျော်ရင်ဟာ ဘယ်လိုလူလဲဆိုတာကိုမြင်ရင် သူ့ စိတ်ကောင်း မရှိတာကို မင်းတို့အပြစ်ပြောတော့မှာ မဟုတ်ပါဘူးကွာ၊ သူဟာ ဝါစက်ပိုင်ရှင် ငွေရှင်ကြေးရှင်ကွ၊ ငွေရှင်ကြေးရှင်ဟာ ငွေကြေး မျက်နှာကလွဲရင် ဘယ်မိတ်ဆွေ ဘယ်အပေါင်းအသင်းရဲ့မျက်နှာကိုမှ မကြည့်ဘူးဆိုတာ နို့ မေ့လို့မဖြစ်ဘူး''

''ကွာ-သူ့စက်က ဘယ်လောက်များကြီးလို့ သူက ငွေရှင်ကြေးရှင်စိတ် ပေါက်ရတာလဲလို့''

"ဟ–နဲသလားကွ၊ သူ့အတွက် တနေ့ကို တရာလောက် သပိတ်ဝင် အိတ်ဝင်ကျန်တယ်ကွ၊ ဗမာချည်လုပ်တဲ့လူတွေဆီကို ငါတွေ့ နိုးတုတ်ပြီး ရောင်းတယ်ကွ၊ ဂျုတ်တွေဆိုးပြီး ငါကောင်းတွေရောရောပြီး သွန်ပစ်တာဟာ အဲဒါပေါ့ကွ"

ကိုအောင်စိန်က တက်ခေါက်လိုက်သည်။ "ယုတ်မာတဲ့အကောင်ကွာ၊ အချင်းချင်းကိုများ"ဟု မြည်တမ်း၏။

"လာပြန်ဘီလား အချင်းချင်း၊ သူတို့မှာ အချင်းချင်းဆိုတာလဲ မရှိဘူး။ သူနဲ့ စီးပွားဖက်ဖြစ်တဲ့ အလုပ်သမားတွေအပေါ်မှာလဲ ညစ်တာဘဲ၊ လုပ်ခတွေ လှည့်သုံးထားပြီး အစိုးရက စက်ခမပေးသေးဘူးဆိုပြီး



> သူတို့မှာ အချင်းချင်းဆိုတာလဲ မရှိဘူး၊ သူနဲ့ စီးပွားဖက်ဖြစ်တဲ့ အလုပ်သမားတွေအပေါ်မှာလဲ ညစ်တာဘဲ၊ လုပ်ခတွေ လှည့်သုံးထားပြီး အစိုးရက စက်ခမပေးသေးဘူးဆိုပြီး အစိုးရနဲ့ အလုပ်သမား ရန်တိုက်ပေးတယ်ကွာ...

အစိုးရနဲ့ အလုပ်သမား ရန်တိုက်ပေးတယ်ကွာ၊ လူဆိုရင် ဗွေမကာလေးတွေ၊ သမီးကလေးတွေ၊ နှမကလေးတွေပါကလားလို့ သဘောထားရမယ့် စီးပွားဖက်အလုပ်သမကလေးတွေဆိုလဲ ယုတ်မာတာဘဲ၊ ဒီတော့ ပွားခင်ကို သူမရှောင်တာ ဘာများဆန်းသလဲ–ကဲ"

"ဘာတွေ တိုင်ပင်နေကြလဲဗျ"

ဖိုးမောင်သည် နတ် (နှင်တံ) တစ်ချောင်းဖြင့် ဟိုရိုက်သည်ခတ်လုပ်လျက် မျက်နှာချင်းဆိုင် အိမ်ထဲမှ ထွက်လာသည်။

"သာအေးအကြောင်း ပြောနေတာပါကွာ၊ ဘယ်လဲကွ" ထွန်းလှိုင်က အပြေပေးကာ ပြန်မေး၏။

"နပြာမ သာအေးမိနောက်ကို လိုက်ရအုံးမယ်ကွ"

"ပီးတော့ ထန်းတောထဲလဲ ဝင်ရအုံးမယ် ဆိုပါတော့ကွာ ဟဲဟဲ"

ဖိုးမောင်က ဘာမျှပြန်မပြောဘဲ လျှောက်သွားသည်။ ကိုအောင်စိန်တို့ လှည့်ကြည့်လိုက်သည် ဖိုးမောင်ကို လှမ်းကြည့်ရင်း "ဒီကောင်လဲ ငါစာကမာနဲ့ ဦးကျော်ရင်ရဲ့ နို့သက်ခံစို့ နေတာဘဲ"ဟု တစ်ယောက်က ပြော၏။ ယင်းအပြောကို ထောက်ခံသူမရှိ၊ မျက်လုံးများသည် လွယ်အိတ်တစ်လုံးလွယ်လျက် ဖပ်သီဖပ်သီ ပြန်ရောက်လာသော ကိုကျင်မောင်အား လှမ်းကြည့်နေကြသော ကြောင့်ဖြစ်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲဟေ့" ဟု ကိုကျင်မောင်က ခပ်လှမ်းလှမ်းမှမေး၏။

"ငါ့မှာ မင်းတော့ ငွေတွေနဲ့ ဒမြသတ်လို့ သေဘီထင်နေတာ ပြန်ရောက်လာသေးသကိုး"သူနှင့်တွဲဖက်ဖြစ်သော အတွင်းရေးမှူး ကိုတင်ဖေက ငေါ်၏။

"မင့်ဘကြီး ဒမြသတ်ရမှာလားကွ"

သူသည် ၂–ကျပ်သားခန့်ရှိမည့် ရွှေဆွဲကြိုးမှ ငါးရှင်ကြီးတရမ်းရမ်းဖြင့် ပေါက်လိုက်ပြီး "ငွေကိုင်ကကော်၊ ဂိုဒေါင်စာရေးကကပ်နဲ့မို့ ညအိပ်နေရတာပေါ့၊ ငါက အဲဒါတွေမြင်လို့ မလုပ်ချင်တာ၊ အောင်စိန်တို့က လဲ တနှစ်တလေကလေးမှ ပင်လုပ်မပေါ်မရဘူး"ဟု ညည်း၏။ ကိုအောင်စိန်မှာ ဆားပက်ခံရသော ဇီကောင်လို တွန့်သွားသည်။

"မလုပ်ပါနဲ့ မောင်ရာ၊ မင့်နေရာမှာ သာ ငါလုပ်ရရင် စာရင်းမရေးတတ် မမှတ်တတ် တာကတမျိုး မြို့ပေါ်တက်ပီး ငွေမသွင်းတတ် ပစ္စည်းမထုတ်တတ်တာတမျိုး ကဲမလုံလို့ ငွေတွေ သူခိုးခိုးခံရတာတမျိုးနဲ့ ထောင်တသက်ကျတာ မြင်ချင်လို့လားကွာ"

"အေး–အဲဒါတွေမဖြစ်ရင်လဲ မင့်စိတ်မျိုးနဲ့တော့ မန်နေဂျာကို ရိုက်မှာဘဲဖြစ်မလား၊ ငွေကိုင်စာရေး ဂိုဒေါင်စာရေးကို သတ်မှာဘဲဖြစ်မလား၊ တခုခုတော့ သေချာတယ်"

ကိုလှချစ်ပြောအပြီး၌ ကိုတင်ဖေက "ကဲ–ဘာတွေရခဲ့လဲ"ဟု မေး၏။

"သကြားကွ၊ နို့ဆီကွ၊ လဘက်ခြောက်၊ ငါးပိ၊ ဆား၊ တာတာလီနီး ဂိုက်တရာကွ၊ ပီးတော့ အမွှေးဆေးပြော"

"မင့်ပေးကလွှားတဲ့ တာတာလီနီး ဘာလုပ်ဖို့လဲကွ၊ အနားပြောလေ၊ ပုဆိုးကြမ်းလေး ဘာပြုလို့ မထုတ်ခဲ့လဲ"

သူတို့ရပ်နေသော ဗိုင်းအတွင်းမှ ဖိုးသာဌေးက သူတို့အနားရောက်လာပြီး ဆဲလိုက်လေသည်။

"သူတို့ပေးတာဘဲရတယ် ဘာရဲ့၊ ကိုယ်လိုချင်တာ မရဘူး"

"မရ မယူနဲ့ပေါ့ကွ၊ ငါ့လခွေးတဲ့ သကြားတဲ့ ဘာလုပ်ရမှာတုံး၊ နို့ဆီတဲ့ ဘာအသုံးကျလဲ၊ အမွှေးဆေးပြောတဲ့ မင်းတို့လို ရွှေတွဲလွဲ ငွေတွဲလွဲကောင်တွေဘဲ သုံးကြနို့ မသုံးဘူး"

"ဒီလိုဘဲ စုံအောင်ယူရတာပေါ့ ဘာရာ၊ လူမသုံးလဲ ဖုန်းကြီးလှူဘာစ်လဲလှူပေါ့"

"နေပါအုံး စောစောတုန်းက သာအေးအကြောင်း ပြောသံကြားလိုက်လို့ ငါဆင်းလာတာ၊ သာအေး ဘာဖြစ်လဲ"

ဘအိုသည် လူစုတက်စေ့ မျက်နှာများကို အားယူကြည့်နေ၏။

"သာအေး လူ့ချင်ရင်ယူ၊ ငါပေါ်မှ ပေး ဆိုပီး ထုတ်ပေးတဲ့ငွေကို ဦးကျော်ရင်က အတင်း"

"ဒါကို ငါသိပီးပါဘီကွ၊ နောက်ထပ် ပြောနေတာ ရှိပါသေးတယ်"

"ဒါပါဘဲ အဘရဲ့ မိတ်ဆွေတွေအပေါ်မှာတင် ယုတ်တာမဟုတ်ဖူး၊ သူစက်မှာလဲ

အလုပ်သမားတွေအပေါ်မှာ ယုတ်မာတာတဲ့ လို့''

''ဒီကောင် ရွာမှာမရှိဘူးဆိုလဟာ''

''သာအေးလား-ဘ''

''အေးလဟ''

သည်အခါတွင် ကိုကျင်မောင်က ဝင်ပြောဏ်။

''ရွာမှာမရှိဘူး ဘရေ၊ ဒါပေမယ့် သူ့ကို မြို့ထဲမှာ တွေ့ခဲ့တယ်။ ပဒဲကောက သူငယ်ချင်းတွေဆီ စိတ်ပြေလက်ပျောက် ထွက်သွားတာတဲ့၊ ရွာတောင်ဘက်မှာ တဲဆောက်ဖို့ ထန်းရွက်စုနေတယ်တဲ့''

''အေး-အေး ကောင်းပါလေ့ဟယ်၊ ကျော်ရင် လူယုတ်မာအကြောင်းတော့ သူ့ စက်မှာ စက်ဆရာလုပ်နေတဲ့ မေမေး မနေ့က လာလို့ ပြောသွားဘီ၊ အလုပ်သမားတွေက ဒီလူယုတ်မာကို ချလိမ့်မယ်၊ စောင့်သာ ကြည့်နေကြ''

ဘအိုသည် မေးချင်တာမေးပြီး ပြောချင်တာပြောကာ အိမ်ဘက်သို့ ဦးလှည့်သွားလျှင် ကိုအောင်စိန်တယောက်တည်း ကွဲထွက်သွားဏ်။ ကျန်လူများသည် ကိုအောင်စိန်နှင့် ဆန့်ကျင်ဘက်သို့ အရှမပျက်လျှောက်လာကြသည်။

သူတို့လူစု စက်ကွင်းနားရောက်လျှင် အလယ်တံခါးမှဝင်လာသော မောင်လှမြင့်ကို မြင်ကြရဏ်။ မောင်လှမြင့်သည် ပုဆိုး၊ စုတ်တထည်ကို ခေါင်းပေါင်းထားဏ်။ ခါးတွင် ခါးမတိုတချောင်းကို ထိုးထားရာ တစ်လှမ်းလျှောက်တိုင်း ခါးမတိုက ကျွတ်ကျတော့မလို လွှမ်းယမ်းလျက် လိုက်ပါလာသည်။

''ကောင်လေး မင့်အဖေကို မြို့ထဲမှာ တွေ့ခဲ့တယ်ကွ၊ သူ ပဒဲကောမှာ ရှိနေတယ်တဲ့၊ ကိစ္စပြီးရင် ပြန်ခဲ့မယ်၊ ကောင်းကောင်းနေကြလို့ မှာလိုက်တယ်''

မောင်လှမြင့်သည် ခေါင်းပေါ်မှ ညောင်ရွက်စည်ကြီး အုပ်နေသဖြင့် ညောင်ရွက်ကို လက်ဖြင့်ဖယ်ကာ ကိုကျင်မောင်အား ကြည့်ဏ်။ ညောင်ရွက်များကြားမှ မျက်လုံးအစုံသည် ပထမတော့ တွေ့ခြောက်ခြောက်ပင်။ ကိုကျင်မောင်၏ စကားဆုံးသွားသောအခါ ဝင်းလက်လာလေဏ်၊

''ဟုတ်ကဲ့ ဦးလေး''ဆိုသော အသံသည် ရွှင်လန်းခြင်း အားတက်ခြင်းကို



မင့်အမျိုးတွေရှိတဲ့

ဒဟတ်တန်းကို ငါရောက်ခဲ့ဘီ

ဖွားခင်၊

ဒီတော့ မင်းကမှ ရက်စက်ရင်

ငါကလဲ ရက်စက်ရလိမ့်မယ်၊

မင်းသွားချင်တဲ့ နေရာကိုသွား၊

နေချင်တဲ့ နေရာမှာ နေ၊

အေး-ဖြတ်စာတော့ မပေးဘူး

ဆောင်နေလေသည်။

(၄)

ကိုသာအေးသည် ထန်းပေါ်သော ယာသမား သူငယ်ချင်းများထံမှ ထန်းပင်များ ရောက်တောင်းဏ်။

ထန်းပင်များကို လှဲချပြီး အရွက်ကို အမိုးအကာအတွက်ဖယ်ကာ ပိုးပြီးချပ်ရပ်နေအောင် ဖိထားသည်။ ပင်စည်ကိုမူ အိမ်တိုင်ထုပ်လျှောက် ဗိုင်းမြှား စသော လိုအပ်ရာရာအဖြူထည်အတွက် အရွယ်အစားစား ခွဲခြမ်းစိတ်ဖြာဏ်။ ဤသည်များကို ရွှေပေါ်မကိုင်ဘဲ ခါးဖြင့်ဖျဉ်းသည်။

ယင်းသို့ အဆင်သင့်ဖြစ်နေသောနေ့တွင် သူသည် ရွာသို့ပြန်လာကာ ဖွားဖုံ၏ အိမ်ဘေးတွင် အိမ်ဆောက်ဏ်။ အိမ်ဖြစ်ရေးအတွက် တရွာလုံးက ဝိုင်းကူကြသည်။

သက်ကယ်မိုး ထရံကာ ပါးကြမ်းခင်းသော အိမ်သည် တမျိုးနေချင့်စဖွယ်ကောင်းသလို ထန်းလက်ခင်း ထန်းရွက်အမိုးအကာနှင့် ထန်းသားအိမ်သည်လည်း သူ့နည်းနှင့်သူ နှစ်သက်စဖွယ်ကောင်းဏ်။ ထန်းရွက်စိမ်းစိမ်း၏ အေးမြသော ဓာတ်လွှမ်းသောအိမ်၊ ထန်းရွက်နံ့ကလေး မွှေးသင်းသော အိမ်သစ်ကလေးသို့ မောင်လှမြင့်တို့ ရွှေ့ပြောင်းသယ်ပိုးနေစဉ် မဖွားခင်သည် အိမ်ရှေ့သို့ရောက်လာသည်။ သို့ရာတွင် အိမ်သစ်ကလေးမှာ နေထိုင်ရန်မဟုတ်။ သားတွေ သမီးတွေကို ပြန်လည်အုပ်စီးရန် မဟုတ်။ ကိုသာအေးထံမှ ဖြတ်စာတောင်းရန် ရောက်လာခဲ့ခြင်းဖြစ်ဏ်။

ကိုသာအေးသည် ချစ်ဇနီးအား စေ့စေ့ကြည့်သည်။ တောင်းပန်ခြင်း၊ ခယခြင်းမပြု၊ အားရအောင်ကြည့်ပြီးနောက် မျက်နှာလွှဲကာ တခွန်းသာပြောလွှတ်လိုက်လေသည်။

''မင့်အမျိုးတွေရှိတဲ့ ဒဟတ်တန်းကို ငါရောက်ခဲ့ဘီ ဖွားခင်၊ ဒီတော့ မင်းကမှ ရက်စက်ရင် ငါကလဲ ရက်စက်ရလိမ့်မယ်၊ မင်းသွားချင်တဲ့ နေရာကိုသွား။ နေချင်တဲ့ နေရာမှာ နေ၊ အေး-ဖြတ်စာတော့ မပေးဘူး''

သူသည် မဖွားခင်ပြောမည့်စကားကို အချိန်ကုန်ခံ၍ နားထောင်မနေပေ။ ချာကနဲလှည့်ထွက်ကာ လုပ်စရာရှိသည်များကို

ကျော်ရင် ကျုပ်နောက်ကျောကို ခါးနဲ့ထိုးတာ၊
ဖွားခင် ခါးပိုက်ထောင့်ထဲကနေပီး
ကျုပ်ကို ကိုက်တာတော့ ထားလိုက်ပါတော့၊ မပြောတော့ပါဘူး၊
အခု လူကြီးစုံရာရှေ့မှာ ....

ဆက်လုပ်၏။ ထို့ကြောင့် ''သိစေမယ်''ဟု မဖွားခင် ကြုံးဝါးသွားသံကို မကြားလိုက်ပေ။

သည့်ပိုးယှင်စရာများကို အိမ်သစ်ကလေး၌ နေရာချပြီးချိန်တွင် ကိုသာအေးသည် ရွာထဲမှလူကြီးများကို အိမ်ပေါင်းသို့ ဖိတ်ခေါ်လိုက်လေသည်။ ထိုလူကြီးများနှင့်အတူ ဖိုးမောင်၊ ဖိုးခေဘင် ညီအကိုအပြင် ကိုအောင်စိန်၊ ဒေါ်ဖွားကြီး၊ မရွှေဆင့်တို့လည်း ပါဝင်၏။ အားလုံးသည် လာသာလာရပေမင့် မျက်နှာမကောင်းကြ။ အားလုံး၏ ပါးစပ်မှ ထွက်မည့်စကားကို ကြိုတင်သိနေဟန်ဖြင့် ကိုသာအေးက ဦးစွာအုပ်၍ပြောသည်။

''ကျော်ရင် ကျုပ်နောက်ကျောကို ခါးနဲ့ထိုးတာ၊ ဖွားခင် ခါးပိုက်ထောင့်ထဲကနေပီး ကျုပ်ကို ကိုက်တာတော့ ထားလိုက်ပါတော့၊ မပြောတော့ပါဘူး။ အခု လူကြီးစုံရာရှေ့မှာ အိမ်ကို ငါးရာအဖိုးသင့်ပီး အပ်ပါတယ်၊ နမတကောင်ကို သုံးရာထားပြီး လေးကောင်၊ နွားကလေးတကောင်ကို တရာထားပြီး သုံးကောင်၊ အားလုံး နှစ်ထောင်ဖိုး အပ်ပါတယ်၊ ကျော်ရင်ကို လွှဲပေးကြဘို့ပါပဲ''

''သာအေးရာ ပြန်စဉ်းစားပါအုံးကွာ''

''မလိုပါဘူးကွာ၊ ဒါလောက် သစ္စာမဲ့တဲ့ အကောင်နဲ့ ရှင်းရှင်းလင်းလင်း ရှိလေလေ ကောင်းလေလေဘဲ''

ကိုသာအေး၏ မျက်နှာထားမှာ တင်းမာလွန်းသည်၊ ခက်ထန်လွန်းသည်။ သည်အတိုင်းသာဆိုလျှင် ကိုကျော်ရင်နှင့် မျက်နှာချင်းဆိုင်မိပါက သူသည် ကိုကျော်ရင်အား အသေသတ်မည့်ပုံမျိုး ဖြစ်၏။

စင်စစ် မခံမရပ်နိုင်သော စိတ်ကို ချုပ်တည်း၍ ဖွတ်ဖြတ်ခြင်းဟုလည်း ဆိုနိုင်ပေသည်။ မခံမရပ်နိုင်ဖြစ်လောက်အောင် သူက နာကျည်း၏။ မဖွားခင်ကို ကြာရှိခြင်းထက် နှားလှည့်ပါးလှည့်လုပ်ခြင်းကို ပို၍ခံပြင်းသည်။ အဘယ်ကြောင့်ဆိုသော် သူနှင့် ကိုကျော်ရင်သည် သေပေါ်ရှင်ဘက်တမျှ ရင်းနှီးခဲ့သောကြောင့်တည်း။

ကိုကျော်ရင်၏ ဝါစက်သည့် မူလက မြေစိုချောက်ချက်သာဖြစ်၏။ မြေနေရာကို ငှား၍ ကိုယ်တိုင်ပိုင်ရှင် ကိုယ်တိုင်အလုပ်သမားအဖြစ် လုပ်အားပေါ်မှာမှီ၍ ရပ်တည်ခဲ့ရာတွင် လူလိုလျှင် မငှားနိုင်၊ ကိုသာအေးကို လုပ်မှာရသည်။ ကိုသာအေးကလည်း လူသာမက လှည်းရော နွားပါ အချိန်မရွေး သွားရောက်ကူညီခဲ့၏။ ငွေလိုရင် ကိုသာအေးပင် ချေးငှားပေးခဲ့ရဘူးသည်။

တမြန်နှစ်က နှမ်းတွေ တစ်ဆယ်စျေးဖြင့်ဝယ်ပြီး ကိုသာအေး၏အိမ်တွင် လှောင်ထားခဲ့ရာ အသိမ်းအဆည်းမှလွတ်အောင် ကိုသာအေးက မိမိ၏ယာထွက်နှမ်း လုပ်ပစ်ခဲ့ရသည်။ ကိုသာအေး ကယ်သောကြောင့်သော ငွေနှစ်ထောင်မဆိုထားပဲမက တသောင်း



ပင် မြတ်ခဲ့၏။

ငွေတသောင်း နင့်ကနဲ မြတ်သည့်နေ့ကစ၍ ကိုကျော်ရင်သည် ''စက်ရပ်သွားလျှင် အိမ်ရာက လန့်နိုးသောရောဂါ'' ကပ်ငြိခဲ့သည်။ ဂျစ်ကားဝယ်ပြီးချိန်တွင်ကား သူငယ်ချင်း၏မယားကိုပါ ကြာရှိတော့၏။ သည်တော့ ပြတ်ပြတ်တောင်းတောင်းဖြစ်ကာ အသံမကြားချင်သည်အထိနာ၏။

''ငါက သူ့ကို ဘာမှပြန်မလုပ်ပါဘူး။ ဒါပေမယ့် သူမကောင်းမှုက သူ့ကိုပြန်ပြီး အကျိုးပေးပါလိမ့်မယ်၊ မင်းတို့ ဘာမှမပူကြနဲ့''

''သာအေး–မင်းစဉ်းစားကွာ၊ ငါတို့က တော့ မပေးစေချင်ဘူး။ ရှိတော့မှသာ မင်းနိုင်သလောက် ဖွဲ့ဆပ်စေချင်တယ်''ကိုပြောင်က ဖျောင်းဖျသော်ငြား သူနားမဝင်။

''ငါမှာ အိမ်တလုံး အသစ်ဆောက်ပြီးပါပြီကွာ၊ မင့်ကြွေးကို ငါဆပ်မယ်ပေ့ါလို့ ဂတိလဲ ပေးပြီးဘီ''

ထွန်းလှိုင်က ''ဒီလို သစ္စာမရှိတဲ့ လူ အပေါ်မှာ ဂတိတည်ဘို့ မလိုပါဘူး''ပြောစေကာမှ သူကခေါင်းယမ်း၏။

ကိုတင်ဖေက ''ဒီလူကို မင်းနာတာဟာ သူငယ်ချင်းကျော်ရင်အဖြစ်၊ စက်ပိုင်ဦးကျော်ရင်အဖြစ် သဘောထားနေလို့ နာတာပါကွာ၊ အမှန်က သူဟာ သူငယ်ချင်းလဲ မဟုတ်တော့ဘူး။ ကျော်ရင်လဲ မဟုတ်တော့ဘူး။ ဒီလိုလူတိုင်းဟာ အကာန့်အသတ်မရှိ လောဘကြီးတယ်၊ ရက်စက်တယ်၊ ယုတ်မာတယ်၊ ဒါကြောင့် မင်းအညှိုးမခံနဲ့ကွာ၊ ပြန်ချတဲ့အနေနဲ့ လုံးဝမပေးနဲ့''

ငါ့ဘက်မှာ တရွာလုံးရှိတာ သိပါတယ်ကွာ၊ သူယုတ်မာသလို မယုတ်မာချင်လို့ပါဘဲ၊ ကဲ–အဲဒီပစ္စည်းတွေ လက်ခံရှိကြောင်း လက်မှတ်သာထိုးကြပါတော့''

ကိုသာအေးက ဇလာစာရွက်တရွက်ကို ကိုပြောင်၏ရှေ့သို့ ချပေး၏။ ကိုပြောင်က စာရွက်ကို ဦးအေးကြွယ်ရှေ့သို့ တွန်းပို့ပြန်သည်။ ဤနည်းဖြင့် စက္ကူတရွက်သည် သံသရာလည်နေရာ နောက်ဆုံး ကိုဖိုးမောင်၏ရှေ့မှာ ရပ်တန့်သွား၏။

''ကဲ–ဘယ်သူမှမထိုးရင် ငါထိုးမယ်ကွာ၊ ဦးကျော်ရင်ရဲ့ ကိုယ်စားပေါ့ ဟုတ်လား''

သူသည် ကိုသာအေးပြောပြသော

စင်စစ်အားဖြင့် ကိုသာအေးမှာ ဒူးထောက်အညံ့ခံစေကာမူ
အေးချမ်းခြင်းကိုမရရှိပေ။ ကလေးတွေအားလုံးကို ယာထဲခေါ်လာပြီး
ဝါခင်းမှုန်းသောနေ့တွင် သူ့ယာထဲသို့ မြို့မှ ရဲတပ်ကြပ်ကြီး
တယောက်နှင့် ရဲတပ်သားနှစ်ယောက်တို့ ရောက်ရှိလာကာ . . .

ပစ္စည်းများစာရင်းကို ကိုကျော်ရင့်ကိုယ်စား လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးသည်။ ကိုသာအေးက စာရွက်ကိုယူ၍ ပေါ့ပါးစွာ အိမ်ပေါ်မှဆင်းလာခဲ့၏။

"သာအေး ရေလိုက်လွှဲပြီ"ဆိုသော ကိုတင်ဖေ၏ ရေရွတ်သံကိုလည်း သူမကြား။ သူ့လောကမှ လှုယှတ်မောကို ပယ်ဖျက်လိုက်ရသဖြင့် အေးဆေး ဝမ်းသာဖြစ်နေဟန်တူသည်။

အိမ်သစ်ကလေးတွင် မောင်လှမြင့်နှင့် ညီငယ်များသည် ပစ္စည်းပစ္စယများကို နေရာချထားပေးနေ၏။ ခိုင်းနွားကြီးနှစ်ကောင်သည် တင်းကုပ်သစ်ထဲတွင် အမြီးတခတ်ခတ်ဖြင့် အစာစားနေကြသည်။ လှည်းကိုမူ အရိပ်ရသော ခေါင်းရင်း မန်ကျည်းပင်အောက်မှာ ထား၏။

"အဖေ . . . ရေနွေး"

မောင်ခင်မောင်က သတ္တုကရားကို သစ်သားခုံကလေးနှင့်တင်လျက် ဖအေ့ဘေးမှာ ချပေးသည်။

"အေးကွာ သောက်တာပေါ့ မီးဖိုကို အိမ်ပေါ်မှာထားနဲ့ဟေ့၊ အောက်မှာ ကျင်းတူးပြီးချက်ကြ"

သူသည် သားများကို သတိပေးရင်း အိမ်မိုးကို မော့ကြည့်နေ၏။ တကယ်အေးချမ်းသော အိမ်ကလေးပင်။ ထန်းရွက် လတ်လတ်ဆတ်ဆတ်သည် မွှေးသောရနံ့ကို သာမက စိမ်းလန်းအေးမြသော အဆင်းကိုလည်း ပေးသည်။ အမိုးအစိမ်းရောင်၊ အကာအစိမ်းရောင်ဆိုတော့ နေပူထဲကလာသူအတွက် ဒအေးရိပ်သာဖြစ်ချေ၏။ သည်အထဲ ထန်းသားအစွဲနံ့က တမျိုးသင်းသည်။ ကြမ်းခင်းထန်းလက်ပြားက ရိုရိုစိမ်းစိမ်းမို့ ထိုင်သူ လျောင်းသူကို အအေးဓာတ်ပေး၏။

သူတို့သားအဖတတွေသည် ထိုနေ့မှစ၍ ဘဝသစ်ကို တည်ဆောက်ကြသည်။ အငယ်ဆုံး ခေါင်းတုံးမသည် ပူပူဆူဆူမရှိ။ သူ့အထက်ကောင် ဝင်းဖေနှင့်အတူ အိမ်မှာနေ၏။ မောင်ခင်မောင်က ထမင်းချက်၊ နွားစာစပ် တာဝန်ယူ၍ မောင်လှဆင့်က လှည်းငှားသူပေါ်လျှင် လှည်းအငှားလိုက်၏။ လှည်းငှား မလိုက်ရလျှင် အကိုကြီးနှင့် အဖေတို့နှင့်အတူ ယာထဲသို့ဆင်းသည်။ ယာထဲတွင် ဝါခင်းတွေအတွက် ရေလှတ်ပေးသည်မို့ ခရမ်း၊ ကြက်ဟင်းခါးနှင့် ကြက်သွန်မျိုးခင်းမှာ လုပ်စရာတွေပုံနေ၏။ နွားစာအတွက် ရည်ရွယ်သော နှံစားပြောင်းခင်းမှာလည်း ဖိုတ်ခါ သိမ်းကာနီးပြီမို့ စောင့်ရှောက်ရသေးသည်။

ကာလသသအတွင်းရေးမှူး ကိုတင်ဖေ၏ အပြောအရဆိုလျှင် ကိုသာအေးသည် ဒူးထောက် အညံ့ခံသူဖြစ်၏။ ရှိစေတော့၊ စင်စစ်အားဖြင့် ကိုသာအေးမှာ ဒူးထောက်အညံ့ခံစေကာမူ အေးချမ်းခြင်းကို မရရှိပေ။ ကလေးတွေအားလုံးကို ယာထဲခေါ်လာပြီး ဝါခင်းမှုန်းသောနေ့တွင် သူ့ယာထဲသို့ မြို့မှ ရဲတပ်ကြပ်ကြီးတယောက်နှင့် ရဲတပ်သားနှစ်ယောက်တို့ ရောက်ရှိလာကာ သူ့အား ဖမ်းဆီးကြလေ၏။

ကိုသာအေးက ကလေးငယ်နှစ်ယောက်ကိုပါ ယာထဲသို့ခေါ်လာခဲ့ခြင်းမှာ ညမှာပါဆက်ပြီး လရောင်ဖြင့် အလုပ်လုပ်တန်လုပ်ရန် ရည်ရွယ်ထားသည့်အတွက်ဖြစ်သည်။ ကလေးတွေကို အိမ်မှာထားပစ်ခဲ့ပါက သူတို့သည် ချက်ပြုတ်စားသောက်ကြမည်။ သူတို့မှာသာသူတို့ မစားလျှင်လည်း အိမ်နီးနားချင်းတွေက ခေါ်ငင်ပြီးကျွေးမည်။ ဤသည်က အကြောင်းမဟုတ်။

သူတကာ ပါသမားတွေ ဖုံတထောင်းထောင်းဖြင့် အိမ်ပြန်လာ၍မှ ဖအေသော်၎င်း၊ အကိုကြီးသော်၎င်း၊ ပြန်မလာလျှင် တမျှော်မျှော်ဖြစ်ရှာကြရော့မည်။ ဖအေနှင့် အကိုလာမည့်လမ်းဘက်သို့ ငေးမောကာ ထိုင်၍မျှော်နေလျှင် တော်သေး၏။ အဖေတို့ကို သွားကြိုမည်ဟု ခေါင်းတုံးမက ပူဆာလျှင် သူ့အထက်ကောင် မောင်ဝင်းဖေမှာ နဂိုရ်ကမှ ခြေရှည်ရှည်မို့ မောင်နှမနှစ်ယောက် ရွာပြင်သို့ထွက်လာကြလိမ့်မည်။ ယာထဲသို့ တန်းတန်းမတ်မတ်ရောက်လာမည်ဆိုလျှင်ကား အကြောင်းမဟုတ်။ သို့သော် ရွာထိပ် လက်ျာပင်များ၊ တသီတတန်းကြီးပေါက်နေသော နေရာတွင် လက်ျာမှင့်ဖါဖါများကို ကောက်ကြမည်ဆိုပါက စိုးရိမ်ရပြီ။ ခါးပေါက်ပြီး ပြိုကျသည့်အတွက် မပြုမပြင်ပစ်ထားသော ခရေတွင်းပျက်ကြီးသည် လက်ျာပင်များကြား၌ ရှိလေရဲ့။ ရင်ဆို့ရင်တား မရှိသော နှုတ်ခမ်းပြတ်ရေတွင်းထဲသို့ ခေါင်းတုံးမ ချော်ကျပြီဆိုပါက မောင်ဝင်းဖေသည် ပစ်ထားခဲ့လိမ့်မည်မဟုတ်။ မုချဆင်းဆယ်တော့မည်မှာ သေချာသည်။ မောင်နှမနှစ်ယောက် လက်တွဲအသွား၌ တယောက်ယောက် ချော်ကျလျှင်လည်း နှစ်ယောက်လုံးကျမည်မှာမလွဲ။ မကျိုးမပဲ့နှင့် ကျသည့်တိုင်အောင် တွင်းအောက်ခြေ၌ မြွေစသည် ကင်းစသည် မရှိဟု မည်သူပြောနိုင်ပါမည်နည်း။

ရွာအဝင်လှသွားလမ်းနှင့် အတန်လှမ်းသည်မို့ ရေတွင်းထဲက ကလေးနှစ်ယောက်





၏ အော်သံကို လူများကြားရန် မလွယ်ချေ။ ဤလက်ဂုပင်တောကို မဝင်ဘူးဆိုဦးတော့၊ ယာသို့ရောက်ရန်မှာ ရေသွင်းမြောင်း၏ မြောင်းဘောင်ကို ကိုက်နှစ်ရာကျော်ကျော် လျှောက်ရလိမ့်မည်။ နွေခေါင်ခေါင်ပေမင့် ကြိမ်မြက်တို့သည် မြောင်းနှုတ်ခမ်း၌ စိမ်းလန်း သန့်စွမ်းကြ၏။ ရေစီးအရှိန်ကြောင့် မြက်ပင်တို့ ဦးညွှတ်လည်ယမ်းလှုပ်နေလျှင် ခလေးစိတ်ဆိုသည့် အစိုးမရ။ သူ့ကို မြောင်းသည် ထင်ကောင်းထင်ရာ၏။

ဤရေမြောင်းထဲသို့ မကျသည့်တိုင် အောင် သခွပ်ပင်အနီးရှိ 'ဝါတာကွတ်'သို့ ရောက်လျှင် မျက်စိမှုးအောင်လှည့်ရင်း အလည်မှာ အပေါက်ကလေးဖြစ်နေသော ရေဝဲသည် ခလေးတယောက်ယောက်ကို ကား ချောင်းမြှူမည်မှာသေချာသည်။ ရေဝဲတို့ မည်သည် အမှိုက်တွေ၊ ရေမြှုပ်တွေကို အပေါ်မှာတင်လျက် ခလေးတို့ ဘုတ်ဖြင့် ထိုးချင်စရာ အပေါက်ကလေးဖြစ်နေရာ လိမ့်ကျလျှင် ပြန်လမ်းမရှိပြီ။

ဤရေသည် ရေမြောင်းကြီး၏ ဝဲယာတွင် ကပ်နေသော လယ်များ၏ အသက် ဖြစ်သည်။ အနားတွင် ရေမြောင်းကြီးရှိနေပါလျက်က မြင့်လွန်းသောကြောင့် နီးနီးက ရေကိုမသောက်၊ အဝေးကရေကို သောက်ခြင်းဖြစ်၏။ မြောင်း၏ ဝဲဘက်မှရေကို မြောင်း၏ ယာဘက်သို့ပို့ရန်မှာ မြောင်းပေါ်က ပြွန်ကျော်၍ပို့လျှင် ဖို့ သို့မဟုတ် မြောင်းအောက်မှာ ပြွန်မြှုပ်၍ပို့၊ သည်နှစ်လမ်းသာ ရှိသည်။ ဤဝဲကား မြောင်းအောက်က လျှိုဝင်သော ဥမင်မြောင်း။ ပြွန်တပ် မြောင်းတည်း။

ဤဝဲထဲသို့သာ ခေါင်းတုံးမတို့ မောင်နှမ ကျသွားပါက အဆက်မပြတ်လာနေသော ရေ၏တွန်းအားသည်၎င်း၊ ဝဲ၏ စုပ်အားသည်၎င်း ခလေးတို့အား ပြွန်ခေါင်းထဲသို့ ပို့ချေမည်။ ပြွန်၏ ဤဘက်ထိပ်မှ ကျသွားသော ခလေးသည် ပြွန်၏ ဟိုဘက်ထိပ်၌ ပေါ်မည်ဆိုက အလောင်းတော့ရသေး၏။ ပြွန်အလည်တွင် ခွေခေါက်လျက် ဝိတ်ညပ်နေမည်ဆိုပါမူ...

မောကလည်းမော၊ ခလေးတွေကို နောက်ဆံတင်းရဦးမည်ဆိုလျှင် အလုပ်တွင်နိုင်စရာမရှိ။ နွေပေမင့် မြေဩဇာနှင့်၊ ဆေးနှင့် ရေနှင့် ပေါင်းကူးပေးထားသည့်အတွက် ဝါပင်တို့ အတက်ကြမ်းနေရာ တနေ့နောက်ကျလျှင် တနေ့တွက် သိသိသာသာနစ်နာ၏။ ထို့ကြောင့် ခလေးတွေကို ယာထဲသို့ မ,လာခဲ့ခြင်းဖြစ်သည်။

မောင်လှမြင့်သည် အိမ်ထောင် ကသောင်းကနင်းဖြစ်နေချိန်တွင် ဖခင်အား ကျောင်းဆက်နေခွင့်ပြုပါရန် မပူဆာသင့်တော့။ ပူဆာလျှင်လည်း မရမှာသေချာသည့်အပြင် အလိုက်မသိရန်ကော ဟူ၍လည်း အထင်ခံရမည်ဟု နွားမောင်းရင်း တွေးနေမိ၏။ အဖိဘယ်မှာ ရောက်နေပါလိမ့်၊ အမိနှင့်အဖတို့ ဘယ်သောအခါများမှ ပြန်လည်သင့်မြတ်မှာပါလိမ့် စသည်ဖြင့် တမျှော်တသီကြီး တွေးမိသလို၊ သည်အချိန်တွင် တင်တင်နိုင်တယောက်တော့ ပျော်နေမှာပါကလားဟူ၍လည်း မြင်ဖူးသောခေတ်ပုံ၊ ဖတ်ဖူးသော ဆောင်းပါးများကို အခြေတည်လျက် ဧပလီရောက် လူရည်ချွန်ကျောင်းသားတို့၏ ချမ်းမြေ့ပျော်ရွှင်မှုကို ရမ်းရော်မိ၏။

"ဒီယာဟာ ကိုသာအေးရဲ့ ယာလား ဟေ့..."

ကိုသာအေးသည် ခေါင်းတုံးမအား တချက်ငုံ့ကြည့်ကာ မျက်နှာလွှဲလိုက်ရပေသည်။ ရင်ထဲက ဆို့တက်လာသော ဝေဒနာကို ဖြေဖျောက်၍မရ၊ သေနတ်ဖြင့်ပိုင်းပစ်၍ သေလိုလည်းသေစေ၊ ခပ်ရှန်းကန်ပြီး ...

ထန်သောအသံလာရာသို့ မောင်လှမြင့် လှည့်ကြည့်မိသည်။ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ရဲတပ်သားများကိုမြင်ရ၏။ မောင်လှမြင့်မှာ ထိတ်ကနဲဖြစ်သွားကာ "ဟုတ်– ဟုတ်ပါတယ်"ဟု ဖြေသည်။

"ဒီတဲကကော ကိုသာအေးရဲ့တဲဘဲလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဖြင့် ကိုသာအေးဘယ်သွားလဲ"

"အဖေရှိပါတယ် ခင်ဗျာ၊ နွားစာသွားရိတ်နေသလား မသိဘူး"

မောင်လှမြင့်သည် တဆက်တည်း ဖခင်အား အော်ခေါ်၏။ ကိုသာအေးသည် ထံစဉ်ကိုင်လျက် တန်းလန်းဖြင့် ပြောင်းပင်များကြားမှ ခေါင်းပြူကြည့်ရာ ရဲတပ်သားတစ်ယောက်က သေနတ်ဖြင့်ထိုးချိန်သည်။

"ဟေ့လူ မပြေးနဲ့"

ကိုသာအေးမှာ ဘာမှ ဘာခင်း ဘာကိစ္စဟုမသိရဘဲ ပြူးကြောင်ကြောင်နှင့် ထွက်လာစဉ် လက်ထိပ်ခတ်ခံရလေ၏။

"ကျုပ်–ကျုပ် ဘာလုပ်လို့လဲဗျာ"

"ရဲစခန်းကြမှ မေးပါ၊ ကဲ–ကောင်းကောင်း လိုက်ခဲ့"

သို့သော် ကိုသာအေး သွား၍မရ၊ ခြေလှမ်း၍ မဖြစ်ချေ။ မောင်ဝင်းဖေက လက်ကိုဆွဲထားကာ ခေါင်းတုံးမက ဒူးကိုဖက်ထားသည်။

"အဖေ ဘယ်သွားမလို့လဲ၊ သံကြိုးကြီးနဲ့ သူတို့က ဘာဖြစ်လို့ ချည်ထားတာလဲဟင်"

ကိုသာအေးသည် ခေါင်းတုံးမအား တချက်ငုံ့ကြည့်ကာ မျက်နှာလွှဲလိုက်ရပေသည်။ ရင်ထဲက ဆို့တက်လာသော ဝေဒနာကို ဖြေဖျောက်၍မရ၊ သေနတ်ဖြင့်ပိုင်းပစ်၍ သေလိုလည်းသေစေ၊ ခုခံရန်ကောင်းပြီး ထွက်ပြေးချင်သည်။

"ဟေ့ကောင်လေး၊ ခလေးတွေကို ခေါ်ထားစမ်းကွာ"

ရဲတပ်ကြပ်ကြီးက မောင်လှမြင့်အား အမိန့်ပေး၏။ မောင်လှမြင့်မှာ မောင်လှဆင့်အား ရွာထဲသို့ လူကြီးတွေသွားခေါ်ရန် သွန်သင်နေရသဖြင့် မကြား။ တပ်ကြပ်ကြီး ထပ်ငေါက်မှ ပျာပျာသလဲဖြစ်သွား၏။

"ညီမ လာဟေ့"

"ကဲ–လူလေး နွားတွေသိမ်း၊ ခလေးတွေကိုခေါ်ပြီး ပြန်ပေတော့ဟေ့၊ အဖေ ဘာမှ မဟုတ်တာမလုပ်မိတဲ့အတွက် ချက်ချင်းပြန်လွှတ်လာမှာပါကွာ၊ အိမ်မှာ ကောင်းကောင်းနေကြ၊ ကဲ–သမီးလေး ဖယ်ကွယ်"

အဖေ့ မှာစကားမှာ ငိုသံပါလာသောအခါ မောင်ဝင်းဖေသည် ဖခင်၏လက်ကို နှုတ်ဖြင့်ကိုက်၍ ငိုတော့သည်။

"ကျနော်တို့မှာ အမေလဲ မရှိတော့ပါဘူးဗျာ၊ အဖေ့ကို မဖမ်းကြပါနဲ့၊ အဖေ့ကို ဖမ်းသွားရင် ကျွန်တော်တို့ ဘယ်သူနဲ့နေရမလဲဗျ"

ကျနော်တို့မှာ အမေလဲ
မရှိတော့ပါဘူးဗျာ၊ အဖေ့ကို
မဖမ်းကြပါနဲ့၊ အဖေ့ကို
ဖမ်းသွားရင် ကျွန်တော်တို့
ဘယ်သူနဲ့ နေရမလဲဗျ

ကိုသာအေးသည် စိတ်ကိုတင်းလိုက်၏၊ လက်ကို ဆောင့်ရုန်းလိုက်ရာ မောင်ဝင်းဖေ ဖင်ထိုင်လျက်လဲကျသွားသည်။ ခေါင်းတုံးမသည် မောင်လှမြင့်၏လက်ထဲသို့ ယက်ကန်ယက်ကန် ပါသွားလေရာက "အဖေ မုံ့ဝယ်ခဲ့နော်"ဟု မပီကလာပီကလာ မှာကြားနေပေသေး၏။

"အေး–အေး ဝယ်ခဲ့မယ်၊ ကဲ–ကဲ နွားတွေသိမ်းပြီး ပြန်ကြ"

ဆို့နင့်သောအသံသည် ယာစပ်ဆီသို့ ရွေ့သွားစဉ် မောင်ခင်မောင်၏အော်ငိုသံက ယာတောကို လွှမ်းသွားလေသည်။

ယာနီးချင်းများသည် ပြူးတူးပြဲတဲဖြင့် ပြေးလွှားရောက်ရှိလာကြစေကာမူ ရဲတို့၏ တင်းမာသော မျက်နှာထားများကြောင့် မမေးရဲကြ။ ရွာခေါင်းဆောင်များထံ ပြေးသူပြေး၊ ခလေးတွေကို နှစ်သိမ့်သူနှစ်သိမ့်ဖြင့်သာ ဝေးဝိုင်းကျန်ရစ်ခဲ့ကြလေ၏။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆင်ဖြူကျွန်း–အောင်သိန်း**

